
www.burmeseclassic.com

# ရဝန

အပျိုစစ်ပါပဲရှင်



BURMESE CLASSIC .com

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၂၄၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၀၆၀၆၀၂

❐

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် - ဩဂုတ်လ၊ ၂၀၀၆ခုနှစ်၊
အုပ်ရေ - (၅၀၀)

❐

အတွင်းပုံနှိပ်
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ် (၁၂)၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ သရဖီလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

❐

မျက်နှာဖုံးပုံနှိပ်
ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်
၉၆/ခ၊ ၁၁လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

❐

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❐

မျက်နှာဖုံးပန်းချီ
စောမင်းဝေ

❐

တန်ဖိုး
၉၀၀ ကျပ်

BURMESE CLASSIC .com

## အခန်း(၁)

အခန်းကြီးတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသော်လည်း ထိုအခန်းအတွင်း၌ ရှိနေကြသော သုံးဦးသောသူတို့အနက် တစ်ယောက်သောသူမှာ အငြိမ်မနေနိုင်သကဲ့သို့ ခေါက်တုံ့ခေါက်ပြန် လျှောက်၍နေရာက ကုလားထိုင်တစ်လုံးပေါ်တွင် စိတ်ပျက်စွာနှင့် ညှိုးမှိုင်ကာ ထိုင်နေသူတစ်ယောက်ကို လမ်းလျှောက်ရင်း တစ်ချက်တစ်ချက် စိုက်၍ကြည့်သည်ကို တွေ့ရလေ၏။ တစ်ယောက်သောသူသည်ကား ပြတင်းပေါက်ကို ကျောပေးလျက် ရင်မှိုကာ စီးကရက်ကို နှစ်သက်အားရစွာ ရှူရှိုက်ရင်း ထိုသူနှစ်ယောက်ကို အကဲခတ်၍နေလေ၏။

ထိုသို့ သုံးဦးသား မည်သူ့အားမျှစကားမပြောဘဲ တိတ်ဆိတ်စွာနေရာက ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသူသည် ၄င်းထက်အသက်ငယ်ပုံ ရသည့်ထိုင်နေသူအား စိုက်၍ကြည့်ရင်း လမ်းလျှောက်ရပ်လိုက်ပြီးလျှင် "ဘယ့်နှယ့်လဲထွန်းဝေ၊ မင်းစဉ်းစားလို့ရပြီ မဟုတ်လား" ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဝေသည် စိတ်ထဲတွင် ရှုပ်ထွေးပွေနောက်၍နေသည့် အလျောက် အတွေးလွန်၍နေခြင်းကြောင့် မည်သည့်စကားကို ပြောလိုက်လေ ရော့သနည်းဟု မသိလိုက်ဘ

"ဘာ. . ."

ဟု ပြန်၍မေးကာ မော်၍ ကြည့်လေသည်။

"မင်းကို ငါပြောတယ်မဟုတ်လား၊ မြရီကို ဖြတ်လိုက်တော့လို့ ဆိုတာ။ အခုမင့်သဘော ဘယ်လိုလဲ. . . မဖြတ်နိုင်ဘူးလား"

ထွန်းဝေသည် ခေတ္တမျှတွေဝေ၍နေပြီးနောက် "ငါလည်း မြရီကို ဖြတ်ဖို့ အမျိုးမျိုး စဉ်းစားကြည့်တာပဲ၊ ဒါပေမယ့် သူ့ပေါ်မှာ အခုလိုဖြတ်ပစ်ရအောင် ဘာမှအကြောင်းမရှိ၊ အပြစ်မရှိလို့ ဘယ်နည်းနဲ့မှ ငါဖြတ်နိုင်စရာ မရှိဘူး၊ သူ့မှာ ဆင်းရဲတာတစ်ခုပဲရှိတယ်. . ."ဟုပြောလေသည်။

"အဲဒီဆင်းရဲတယ်ဆိုတာလည်း အရေးကြီးဆုံး အကြောင်းတရားပဲ၊ ဒါကြောင့်မင့်ကို ဖြတ်စေချင်တာပဲ၊ ခုကာလမှာ ဂုဏ်ပကာသနဟာ အင်မတန် အရေးကြီးတယ်၊ လက်ထပ်တယ်ဆိုတာ ဂုဏ်ရည်ခြင်းတူမှ တင့်တယ်တာ၊ အခုလို ဆင်းဆင်းရဲရဲ သူတစ်ပါးအလုပ်တိုက်မှာ ကုန်ရောင်းစာရေးမကလေးလုပ်နေရတဲ့ သူကလေးတစ်ယောက်ကို မင့်လိုမိဘအမွေပစ္စည်းတွေ တစ်ယောက်တည်းခံစားရပြီး သူဌေးကလေးလို့အခေါ်ခံရ၊ ဂုဏ်သရေရှိမင်းပွဲသဘင်မှာ ဖိတ်ကြားခံရတဲ့လူတစ်ယောက်က ယူလိုက်မယ်ဆိုရင် ဒီမိန်းမကို ယူပြီးနောက် ဒီလိုပွဲလမ်းသဘင်တွေသွားတဲ့အခါ မင်းအသိမိတ်ဆွေတွေက မတူမတန် သူတစ်ယောက် ပါလာတဲ့အတွက်ကြောင့် မင့်ကို အဘက်တောင်လုပ်မှာ မဟုတ်ဘူး. . ."

"အိုကွာ. . . ဒါတွေကိုငါမလိုချင်ပါဘူး၊ ငါ့မှာ ပိုက်ဆံရှိပြီ၊ ပိုက်ဆံရှိတဲ့အတွက် ဂုဏ်ရော မျက်နှာရောရှိနေပြီ၊ ဒီနောက် ဘာလိုသေးသလဲ၊ အချစ်ပဲ လိုတော့တယ်မဟုတ်လား၊ ဒီအတွက် ငါချစ်တဲ့လူကိုသာ ယူရရင်



ပြီးတာပဲ၊ ငါ့မှာပြည့်စုံတာပဲ၊ ဘယ်သူဘာပြောပြော၊ ဒါတွေဂရုစိုက်နေရင် လောကမှာ စိတ်ချမ်းသာမှု ဘယ်အခါမှရမှာမဟုတ်ဘူး"

"မင့်း မတူမတန်တဲ့လူကို ယူမိလို့ လူတောထဲမတိုးနိုင်ရင်ရော မင်းစိတ်ချမ်းသာမှု ရနိုင်ဦးမှာလား၊ မဟုတ်ဘူးလား ကိုကျော်အေးရာ" ဟု တစ်ဘက်သို့လှမ်း၍ မေးလိုက်ရာ ပြတင်းပေါက်ကို နောက်မှီ၍ စီးကရက်သောက်နေသူသည် စီးကရက်ကို အားရစွာတစ်ချက်မျှ ရှူလိုက်ပြီးနောက် လက်သည်းကြားတွင်ညှပ်၍ ပါးစပ်မှ ဖြုတ်လိုက်ပြီးလျှင်

"ဒီလိုကိစ္စမျိုးမှာ ကျွန်တော်ဘယ်ဘက်မှ မလိုက်ချင်ဘူး၊ ကိုဘလွန်း ပြောတာလည်း မှန်တာပဲ၊ မောင်ထွန်းဝေဘက်ကဆိုရင်လည်း အက်ဒဝပ်ဘုရင်တောင် အချစ်နဲ့ပတ်သက်လာတော့ ကြိုက်တဲ့သူယူပြီး ထီးနန်းတောင် စွန့်သေးတာ၊ အခုလို နုနုထွတ်ထွတ်လေးနဲ့ ပေါင်းသင်းရမှာကို ဘာမှအပြစ်မဆိုချင်ဘူး၊ နောက်ပြီး အက်ဒဝပ်ဘုရင်ဟာ သူကြိုက်တာယူလို့လည်း လူရာမဝင်တဲ့ထဲ မရောက်တဲ့အပြင် သွားလေရာမှာ မျက်နှာတောင် သိပ်ပွင့်နေသေးတယ်၊ ဒါကတော့ ယောက်ျားဂုဏ်ရှိပြီးသား ဆိုရင် မိန်းမလည်း ယောက်ျားကိုမှီပြီး ဂုဏ်ရှိလာတာပဲပေါ့"

ဟုပြောကာ မိမိ၏ပြောစကားကို မိမိကျေနပ်စွာဖြင့် ဆေးလိပ်ကို ပြန်၍တင်လိုက်လေ၏။

ဘလွန်းသည် ကျော်အေး၏စကားကို မကျေနပ်သည့်အလား ခေါင်းကို ရမ်းခါပြလိုက်ပြီးလျှင်. . .

"နို့ဗျာ၊ တင်တင်ဦးဟာကတော့ အပျို နုနုထွတ်ထွတ် မဟုတ်လို့ဘဲ ဖြစ်သတဲ့လားဗျာ၊ အပျိုစစ်လည်းဟုတ်၊ ခေတ်ပညာလည်းတတ်ပြီး သူဌေးသမီးတစ်ဦးလည်းဖြစ်၊ မြရီနဲ့ယှဉ်လိုက်ရင် ခုံဖိနပ်နဲ့ လေဒီရှူးလောက်ကွာနေတာ၊ ဘာငြင်းစရာရှိသလဲလို့"

ဟု ပြန်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျော်အေးသည် ဘလွန်း၏စကားကို စိတ်မဝင်စားသကဲ့သို့ ဘာမှ ပြန်၍မပြောဘဲ လက်ပိုက်၍နေလိုက်လေ၏။ ထွန်းဝေကသာလျှင် ထို စကားမှာ မိမိချေပရန်ဖြစ်သည်ဟု နှလုံးပြုကာ

"ဒါပေမယ့် အရေးကြီးဆုံးဟာက မြရီကအချစ်မှာ သာတာ ကိုးကွ၊ ဒီနေရာမှာ တင်တင်ဦးကိုမပြောနဲ့ ရှင်ဘုရင့် သမီးပဲဖြစ်နေပါစေ၊ ကိုယ်ကချစ်မှ ဖြစ်တာပဲ၊ ကိုယ်မချစ်တာဖြင့် ဘယ်နည်းနဲ့မှ မယူနိုင်ဘူး"

ဟု ဆိုလိုက်လေ၏။

"မင့်ကို မြရီက တကယ်ချစ်နေတယ်များ ထင်နေသလား၊ ဒီလို ဟာမလေးတွေဟာ အမှန်တော့ မင်းတို့လို ပိုက်ဆံရှိတဲ့သူတွေကို ပိုင်းဖို့ လောက် ကြံတာပဲ၊ တကယ်ချစ်လို့မဟုတ်ဘူး၊ နေတာကိုက ညွှန့်ခင်နဲ့ဆိုရင် ကောင်းနိုင်ပါဦးမလား၊ ညွှန့်ခင်ဟာ ပိုက်ဆံရမယ်ဆိုရင် ဘာပဲပေးရပေးရ၊ လူပဲအပ်ရအပ်ရ၊ အရယူလိုက်မယ်ဆိုတဲ့ အစားမှန်း မင်းလည်းသိသားပဲ၊ မြရီ ရော သူ့ခြေရာမနင်းဘူးလို့ ဆိုနိုင်ပါ့မလား"

"ဆိုနိုင်ပါတယ်ကွာ. . . ငါဆိုတယ်၊အတူတူနေပေမယ့် စိတ်ချင်း တူတာမဟုတ်ဘူး၊ ချစ်လို့ အသိအကျွမ်းမို့ တစ်ယောက်တစ်ယောက် အား ကိုးပြီး အတူနေရတာ၊ ညွှန့်ခင်လို လုပ်နေချင်လို့မှ မဟုတ်ဘဲ"

"လူဆိုတာကြာတော့ အတူမြင်အတတ်သင်၊ သမဏေန သမဏော၊ ဂေါနေန ဂေါနော၊ ဒီသဘောကို တတ်တာပဲ"

ဟုပြောပြီး ဘလွန်းသည် "အဟမ်း" ဟု ချောင်းရှင်းလိုက်ပြီး

"ဒီအကြောင်းတွေ ပြောနေရတာ ငါ့အဘို့ ဘာမှ အကြောင်း မထူးဘူး၊ မင်းဘို့ပြောရတာ၊ နောက်ပြီး ငါ့အလိုတိုင်း ဆိုရင်လည်း ငါ ဒီကိစ္စထဲကို ဝင်မရှုပ်ပါဘူး၊ ဒါပေမယ့် ဦးလေးမဆုံးခင်က မင်းညီကို ကြည့်ပြီး စောင့်ရှောက်ပါကွယ်လို့ မှာခဲ့တဲ့အတွက် ငါ့ကတိ အတိုင်း လုပ်ရတာပဲ၊ ဒါကြောင့် မင်းကို ပထမဦးဆုံး စကားနဲ့ အကျိုးသင့် အကြောင်းသင့်



ပြောပြီးပြီ၊ဒီလို ပြောလို့မှမရရင် တစ်နည်းနည်းကြံပြီး မင်းနဲ့ တင်တင်ဦးနဲ့ ယူဖြစ်အောင် လုပ်ရမှာပဲ"

ဟု နောက်ဆုံးစကားဖြင့် ပြောလိုက်ရာ ထွန်းဝေသည် အစ်ကို တစ်ဝမ်းကွဲတော်သူ၏ မျက်နှာကို တစ်ချက်မျှ မော်၍ ကြည့်လိုက်ပြီးနောက် အားကိုးမဲ့သည့်အလား ခေါင်းငုံ့၍ သွားလေ၏။ ကျော်အေးမူကား ဘလွန်းကို သဘောမကျသကဲ့သို့ မျက်ခုံးချီ၍ စိုက်ကြည့်နေမိလေ၏။

ထိုသို့ပြောဆိုနေကြသည့် စကားများကို မြရီသာကြားရပါမူ အသည်းကွဲမည်လား မသိချေ။ ထိုအကြောင်းတို့ကို ဘာမှမသိရှာသော မြရီ မှာ မြကိုမကြာခင် လက်ထပ်ပြီး ယူမည်ဟု ထွန်းဝေပြောသည့် စကားများဖြင့် နှစ်သိမ့်ကြည်နူးလျက်ရှိကာ ပျော်၍မဆုံးနိုင်အောင် ဖြစ်နေလျက် အလုပ်တူ လုပ်ဖက်ဖြစ်သော စာရေးမလေးများ၏ ကြိတ်၍ မနာလိုခြင်းကို ခံနေရ ပေတော့၏။ နဂိုကပင် မြရီမှာ ၎င်းတို့ထက် ရုပ်ရည်ပိုမို ချောမောခြင်း ကြောင့် မနာလို ဖြစ်နေကြရသည့်အထဲတွင် ယခုကဲ့သို့ ဂုဏ်ရှိသူ လူထင် ပေါ် တစ်ယောက်နှင့် ယူတော့မည်ဟု သတင်းကြားရသောအခါ သာ၍ ပင် မနာလိုစိတ် ပွားများမိကြလေတော့၏။

အချို့သော မိန်းကလေးတို့ကမူ "အမယ်၊ ဒါလောက်ပိုက်ဆံ ချမ်းသာနေတဲ့ လူတစ်ယောက်က ဒါကလေးမျိုးကို အတည်ယူဖို့ ကြံပါ့မ လား၊ ယောကျ်ားလေးဆိုတာ သူတို့လိုချင်တာတစ်ခုရရင် ပြေးကြတာပဲ၊ အခုတော့ မရခင် ဒီလိုလေပေါက်မျိုးနဲ့ ညာထားတာ ဖြစ်မပေါ့" ဟု မေးငေါ့ ပြောကြလေ၏။

ထိုမိန်းကလေးတို့ မနာလိုကြသည်ထက် မြရီ၏အချစ်ဆုံးသူငယ် ချင်းညွှန့်ခင်က သာ၍ပင်မနာလိုဘဲ ရှိနေလေ၏။ ညွှန့်ခင်မနာလိုခြင်းမှာ မြရီပေါ်တွင် မုန်း၍လည်းမဟုတ်၊ ထွန်းဝေကို မရ၍လည်း မဟုတ်၊ ကြံလည်းမကြံမိချေ။ သို့ရာတွင် မြရီမှာ မိမိထက်ချောမော၍ သဘော

www.burmeseclassic.com



သကာယ ကောင်းသည့်အလျောက် မိမိထက်ပို၍ လူချစ်လူခင်ခံရခြင်းကို မနာလိုဘဲ ရှိ၍နေလေ၏။ ထိုအထဲတွင် မြရီကိုထွန်းဝေယူတော့မည်မှာ သေချာသလောက် ဖြစ်၍နေသည်ကို ကြားရသောအခါ မနာလိုခြင်းသည် ပို၍ ကြီးမားလာလေ၏။

မြရီသည် ညွန့်ခင်၏သဘောကို ကောင်းစွာသိရှိသူ တစ်ယောက် ဖြစ်ပေ၏။ သို့ရာတွင် ထိုသို့သဘောမကောင်းခြင်းကြောင့် အချင်မပျက်သင့်ဟု ယူဆကာ ညွန့်ခင်ကို ခင်မင်စွာ ပေါင်းသင်းလျက် အတူတကွ နေထိုင်ခြင်း ဖြစ်ပေ၏။

မြရီနှင့်ညွန့်ခင်မှာ တစ်အိမ်တည်း အတူနေကြသော်လည်း အလုပ်မှာ တစ်နေရာဆီဖြစ်လေရာ၊ အလုပ်ဆင်း အလုပ်ပြန် တစ်ယောက်စောတစ်ယောက် နောက်ကျသဖြင့် တစ်ယောက်လျှင်သော့တစ်ချောင်းစီ ကိုင်ကြရလေ၏။

တစ်နေ့တွင် ညွန့်ခင်သည် မြရီထက်-အရင်ဦး၍ အိမ်သို့ရောက်နှင့်နေရာတွင် တံခါးအောက်မှ ထိုး၍သွင်းထားသော စာအိတ်ကြီးတစ်အိတ်ကို တွေ့ရသဖြင့် ကောက်ကာယူ၍ ကြည့်လိုက်ရာ၊ မြရီနာမည်နှင့် စာဖြစ်နေသည်ကို တွေ့ရသောကြောင့် စာတိုက်တံဆိပ်ကို ကြည့်လိုက်ရာတွင် ချာချီစာတိုက် တံဆိပ်ကို တွေ့ရသဖြင့် ထွန်းဝေထံကပင် ဖြစ်သည်ဟု သိရကာ မြရီမလာခင် စာကိုဖောက်၍ ကြည့်လိုသောစိတ်များ ပေါ်ပေါက်လာလေ၏။

ညွန့်ခင်သည် တစ်စုံတစ်ရာကို ပြုလုပ်လိုလျှင် ကြာကြာမဆိုင်းတတ် သည့်အလျောက် အိမ်နောက်ဘေးခန်းထဲသို့ လျှင်မြန်စွာဝင်သွားကာ ဓါတ်ဘူးမှ ရေနွေးငွေ့ဖြင့် ဖွင့်၍ကြည့်လေ၏။ ညွန့်သည် စာကိုကြည့်၍ ဆုံးသည်နှင့်တပြိုင်နက် အံ့အားသင့်သွားသော အမူအရာကို ပြပြီးမှ ကျေနပ်သလိုလို မပွင့်တပွင့်ပြုံးကာ "သူ့ကိုယ်သူတယ်ပြီး အထင်ကြီးနေသည်။ ဒီစာ



ဖတ်ရမှ သူ့အကြောင်းသူသိမည်" ဟု တစ်ကိုယ်တည်းပြောမိပြီးလျှင် စာကိုပြန်၍ထည့်မည်ပြုလိုက်သည်တွင် စာအိတ်ထဲတွင် တစ်စုံတစ်ခု ရှိနေသည်ကို တွေ့ရသဖြင့် ဆွဲထုတ်ကြည့်လိုက်ရာ ငါးရာတန် ချက်လက်မှတ်တစ်ခု ဖြစ်နေသည်ကို တွေ့ရလေ၏။

ညွန့်ခင်မှာ ထိုနာမည်ပြောင်း၍ ငွေခင်ဟုခေါ် ရလောက်အောင် ငွေကိုမြင်လျှင် မက်မောသူတစ်ယောက်ဖြစ်သည့်အတိုင်း မြရီအားပေးသော ချက်လက်မှတ်ကို တွေ့ရသောအခါ ယူလိုသောဆန္ဒပေါ် ပေါက်၍ လာလေ၏။

မြရီနှင့်ညွန့်ခင်မှာ တစ်အိမ်တည်းတွင် နေကြသူများ ဖြစ်ကြလေရာ တစ်ခါတရံ မြရီနာမည်နှင့်လာသော စာမန်နီအော်ဒါစသည်များကို မြရီမရှိလျှင် ညွန့်ခင်ကပင် လက်မှတ်ထိုး၍ ယူနေကြဖြစ်ရာ ညွန့်ခင်သည် မြရီ၏ လက်မှတ်ကို တူအောင်ထိုးတတ်နေသည့်အလျောက် ထိုချက်လက်မှတ်ကို ထုတ်မည်ဆိုလျှင် မခဲယဉ်းသည်ကို စဉ်းစားမိလေ၏။

ထိုအခိုက်တွင် အိမ်ပေါ်သို့တက်လာသောခြေသံများကို ကြားရသဖြင့် မြရီပြန်၍လာသည်ကို သိရှိကာ ချက်လက်မှတ်ကို အတွင်းခံဘော်လီ အင်္ကျီအိတ်ထဲသို့ လျှင်မြန်စွာ လျှိုသွင်းလိုက်ပြီးလျှင် စာကို စာအိတ်ထဲသို့ ပြန်ထည့်၍ စာအိတ်ကိုတံတွေးနှင့် ပိတ်လိုက်ပြီးနောက် စားပွဲပေါ်သို့ တင်ထား လိုက်လေ၏။

မြရီသည် တံခါးကို တွန်းဖွင့်၍ ဝင်လာပြီးလျှင် ညွန့်ခင်ကိုမြင်သည်နှင့်တစ်ပြိုင်နက် ရွှင်ပြသောမျက်နှာဖြင့် ပြုံးရယ်နှုတ်ဆက်ကာ ညွန့်ခင်၏ အဝတ်အစားများကို ကြည့်၍ "ညွန့်လည်း အခုမှရောက်သလား" ဟု မေးလိုက်လေ၏။

ညွန့်ခင်သည် မြရီ၏အမေးကိုမဖြေဘဲ

"ဟောဟိုမှာ မြဖို့ စာတစ်စောင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ လက်ညှိုးထိုး၍ ညွှန်ပြလေ၏။

မြရီသည် ညွှန့်ခင်ညွှန်ပြရာသို့ကြည့်လိုက်ရာ စာကိုမြင်ရသဖြင့် ထွန်းဝေထံမှစာပဲဟု ဝမ်းသာအားရနှင့် လျှင်မြန်စွာ စားပွဲဆီသို့ လျှောက်သွား ပြီးလျှင် စာကို ကောက်ယူ၍ ကြည့်လိုက်ရာ စာအိတ်ပေါ်ရှိ လက်ရေးကို မြင်ရသည်တွင်၊ ထိုလက်ရေးကို တစ်ခါမျှ မမြင်ဘူးသည့်အလျှောက် ထွန်းဝေထံမှ မဟုတ်သည်ကို သိရ၍ များစွာ စိတ်ပျက်သွားလေ၏။သို့ရာတွင်မြရီမှာ ထိုစာအိတ်၏ ထူးခြားခြင်းကြောင့် အတွင်း၌ ပါရှိမည့် စာကို သိလိုဇောနှင့် စိတ်အား ထက်သန်စွာ ဖေါက်ဖွင့်ဖတ်ရှုလိုက်ရာ. . . .

မမြရီ

ဤစာကို ရေးလိုက်ရသည်ကို များစွာ စိတ်မကောင်းဖြစ်ပါသည်။ သို့သော် မပြောမပြီး မတီးမမြည် ဆိုသကဲ့ သို့ ဤသို့မှမရေးလျှင် မဖြစ်နိုင်တော့သည့် အတိုင်း ဖွင့်ဖေါ်၍ ရေးလိုက်ရပါသည်။ မမြရီသည် ကျွန်တော့်၏ညီ မောင်ထွန်းဝေနှင့် အထူးပင် ချစ်ခင်စုံမက်နေကြသည်ကို ကောင်းစွာ သိရှိပါသည်။ ဤကိစ္စမှာ ဤမျှနှင့်ပင် ရပ်ဖို့ရှိပါတော့သည်။ အကြောင်းမှာ မမြရီနှင့် မောင်ထွန်းဝေမှာ ဂုဏ်ရည်ချင်းမတူ အဆင့်အတန်းခြင်းမတူသည့်အတွက် လက်ထပ်ပေါင်းသင်းဖို့ရန်မှာ မဖြစ်နိုင်ပါ၊ ထိုသို့ လက်ထပ်လိုက်လျှင် မောင်ထွန်းဝေမှာ မည်မျှနစ်နာမည်ကို မမြရီ တွေးမိပါလိမ့်မည်။

အထူးသဖြင့် မောင်ထွန်းဝေမှာ စက်သူဌေး ဦးဘသော်၏သမီး တင်တင်ဦးနှင့် လက်ထပ်ပေးစားရန် စေ့စပ်စီစဉ်ပြီးသားဖြစ်ရာ ဤကိစ္စတွင် ရှေ့သို့ဆက်



လက်၍ မမြရီအနှောင့်အယှက် မပေးစေလိုပါ၊ ဤမျှရေးသားလိုက်ခြင်းဖြင့် မမြရီရှေ့သို့ ဆက်လက်ကြံစည်ပါက ကိုယ်သာလျှင် နစ်နာဖွယ် အကြောင်း ရှိနေပါသည်။အကယ်၍မမြရီ၏အချစ်သည် မောင်ထွန်းဝေအပေါ်၌ အထူးစူးစိုက် စွဲလမ်း နေသည်ဟု ဆိုပါလျှင် မိမိ၏ ချစ်သူတစ်ယောက်သည် ဂုဏ်ရည်တူ တစ်ယောက်နှင့် လက်ထပ်ပေါင်းသင်းရခြင်းကို ပို၍ ဝမ်းသာစွာဖြင့် မိမိ၏အချစ်ကို စွန့်လွှတ်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဘလွန်း

ဟူသောစာကို ဖတ်လိုက်ရသောအခါ မြရီစိတ်ထဲတွင် ကမ္ဘာကြီး တိမ်းစောင်း လဲမှောက်သွားသကဲ့သို့ ထင်လိုက်မိ၏။

ညွှန့်ခင်သည် ထိုစာကို ဖတ်ရပြီးဖြစ်၍ အတွင်းကြိတ်ကျေနပ်နေကာ မြရီမှမျက်နှာထား မည်သို့ပြောင်းလဲ ညှိုးငယ်သွားသည်ကို ကြည့်မျှော်အကဲခတ်၍နေလေရာ မြရီသည် မိမိထင်သကဲ့သို့ မျက်နှာညှိုးငယ်၍ မသွားဘဲ ကြည့်ရင်း ကြည့်ရင်းက အောက်နှုတ်ခမ်းလေးကို အပေါ်သွားကလေးများပေါ် အောင် ကိုက်ခဲထားပြီးလျှင် လက်သီးကိုဆုပ်၍ ဒေါသဖြစ်နေသကဲ့သို့ တွေ့ရသောကြောင့် များစွာ အံ့အားသင့်သွားမိလေ၏။

မြရီမှာကား ဒေါသဖြစ်မိသည်ထက် ရှက်နာနာကာ မခံချင်စိတ်များ ပေါ်ပေါက်လာမိကာ ငါ့လိုမိန်းကလေးတစ်ယောက်ကို ပျော်ရပါးရ ရုံလောက် ကြံစည်ပြီး အလိမ္မာစကားနှင့် လှည့်ဖျားလေသလားဟု စိတ်ထဲ၌ အောက်မေ့မိလေ၏။

ထို့နောက် "ဟုတ်မယ် မထင်ပါဘူးလေ၊ ဒီကိစ္စမှာ တစ်ခုခု အမှား

www.burmeseclassic.com

www.burmeseclassic.com



အယွင်းရှိနေပြီ ထင်တယ်။ ကိုထွန်းဝေဟာ ငါ့အပေါ်မှာ တကယ်ကိုချစ်တာ၊ ငါ့ထက်ပိုချစ်တာ ဒီလောကမှာ မရှိဘူးဆိုတာ ငါသိတယ်၊ ငါယုံကြည်တယ်" ဟု တွေးရင်း စိတ်ကိုပြန်တင်းလိုက်သော်လည်း ထိုစာကိုပြန်၍ စဉ်းစားလိုက်သောအခါ ရေးသူမှာ ထွန်းဝေ၏ အစ်ကိုဝမ်းကွဲတော်သူဖြစ်၍ မိမိနှင့်လည်း တစ်စုံတစ်ရာ အညိုးမရှိ။ မိမိကိုလည်း ကြံစည်နေသူမဟုတ်၍ မဟုတ်မမှန် ရေးလိမ့်မည်ဟု ယုံကြည်စရာ အကြောင်းမရှိသည့်ပြင် စာထဲမှာ ထွန်းဝေနှင့် တင်တင်ဦးတို့ စေ့စပ်ကာထားပြီး ဆိုခြင်းကို အထင်အရှား တွေ့နေရသည့်အတွက် ဒေါသစိတ်များ ပြန်၍ပေါ်လာကာ ထွန်းဝေ၏ အပေါ်တွင် စိတ်နာစ ပြု၍လာလေ၏။

မြရီမှာ နုနယ်သော မိန်းမမျိုးတွင် အပါအဝင်ဖြစ်သော်လည်း များစွာသော မိန်းကလေးတို့ကဲ့သို့ စိတ်ပျော့တတ်သူ မဟုတ်သည့်အတိုင်း၊ အလွန်ပင် ဝမ်းနည်းပူဆွေးဖွယ် ကောင်းသော အဖြစ်အပျက်နှင့် ကြုံ၍နေရရာ၌ ဝမ်းနည်းအားငယ်သည့် အရိပ်မှုကိုပင် ညွှန့်ခင်မမြင်စေရအောင် စိတ်ကိုတင်းပြီးလျှင် မြင့်တယ် မြတ်တယ်လို့ ကျမ်းဂန်စာပေထဲက မြှောက်စားထားခြင်းခံရတဲ့ အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျားက ယုတ်ညံ့တယ်ဆိုတဲ့ မိန်းမသားကလေးအပေါ်မှာ ပျော်ရရုံစိတ်မာန်နဲ့ ကြံစည်လှည့်ဖျားပြီး အားရတဲ့အခါကျတော့ ကိုယ်လိုရာကို ဆွဲယူတာ ဒီတစ်သက်တော့ဖြင့် မကျေနိုင်ဘူးဟု တစ်နည်းနည်းအားဖြင့် ထွန်းဝေ၏အပေါ်တွင် လက်စားတုန့်ပြန်ဖို့ရန် စိတ်ပိုင်းဖြတ်လိုက်လေ၏။

မြရီသည် မိမိအပေါ်တွင် စိတ်နာ၍သွားလေပြီ၊ မိမိအား အထင်လွဲလေပြီဆိုသည်ကို မသိရှာသော ထွန်းဝေမှာ မိမိအား မည်သူမည်ဝါက မည်ကဲ့သို့ ပြောကြစေကာမူ မြရီကိုပင် ယူမည်ဟု စိတ်ပိုင်းဖြတ်လျက်၊ ကျေနပ်နှစ်သိမ့်နေစဉ်၊ ၎င်း၏ အစ်ကိုတစ်ဝမ်းကွဲတော်သူ ဘလွန်းမှာမူ မိမိ၏အကြံအောင်မြင်နေသကဲ့သို့ ထွန်းဝေအားကြည့်၍ ပိုပြီးကျေနပ်နေ



လေတော့၏။

"ဟေ့ ဘလွန်း မင်းက ငါ့ကိုကြည့်ပြီး ဘာများ ကျေနပ်နေတာလဲ"

"ကျေနပ်တာမဟုတ်ဘူး၊ မင်းကြည့်ပြီး သိပ်ရယ်ချင်နေတာ"

"ဘာဖြစ်လို့လဲ"

"မင်းအဖြစ်ပေါ့ကွာ၊ မင်းဟာ ဒီအသက် ဒီအရွယ်ရှိနေတာတောင် လူပျိုပေါက် နောက်ပိုးတတ်၊ ရည်းစားထားတတ်ခါစကလေးနဲ့ တူလွန်းလို့"

"မင်းက ငါမှိုင်နေတယ် ထင်လို့လား"

"ဘယ်ဟုတ်မလဲ၊ မင်းက မင်းကို မြရီက တကယ်ပဲ အသည်းစွဲ သိပ်ချစ်နေတယ် ထင်နေတာကို၊ အခု မင်းကို မြရီက ချစ်တာမဟုတ်ဘူး၊ မင့်ငွေကို ချစ်နေတယ်ဆိုတာ သိရလို့ ငါက သိပ်ရယ်ချင်နေတာ"

"ဘာ. . . ဘာပြောတယ်. . . မင့် ဘယ်သူပြောသလဲ"

"ငါကိုယ်တိုင် စုံစမ်းပြီးသိရလို့ ပြောတာပေါ့"

"မင်း ဘယ်လိုစုံစမ်းလို့ သိရတာတုန်း"

"မင်းဟာက အလွန်အမင်း ဖြစ်နေလေတော့ မင်းကို မြရီ တကယ်ချစ်မချစ်သိရအောင် လုပ်မှပဲဆိုပြီး မြရီဆီကို ငါးရာတန်ချက်တစ်ခုပို့ပြီး မင့်ကို ဖြတ်ဖို့ စာရေးကြည့်လိုက်တယ်၊ ဒီနေ့တော့ ဘဏ်တိုက်က ငွေထုတ်သွားတဲ့အကြောင်းကို အကြောင်းကြားလိုက်လို့ စာထဲမှာ ရေးထည့်လိုက်တဲ့အတိုင်း အချစ်ကိုစွန့်ပြီး ငွေယူဖို့ကို လက်ခံလိုက်တာ သိရတာပေါ့ကွ၊ ကိုင်း ဘယ့်နှယ့်တုန်းကွာ၊ ငါ့စကားကို နားထောင်တော့မယ် မဟုတ်လား"

ထွန်းဝေမှာ အံ့အားသင့်ကာ မျက်လုံး မျက်ဆန် ပြူးသွားပြီးလျှင် ပြူန်းကနဲ ထ၍ရပ်ကာ၊ လက်သီးဆုပ်လျက် တစ်ကိုယ်လုံးတောင့်ထားကာ၊ အတန်ကြာနေမိပြီးမှ၊

"ဟေ့ ဘလွန်း မင်းတကယ်ပြောတာလား၊ နောက်နေတာလား"

ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘလွန်းမှာ ရုတ်တရက်သော် ရယ်ချင်မိသော်လည်း မိမိရယ်လိုက်လျှင် မိမိစကားပေါ့သွားမည်ကို တွေးမိသဖြင့်၊ မျက်နှာတည်ကြည်စွာထားကာ၊

"ငါဘာလို့ နောက်နေရမှာလဲကွာ၊ မယုံ မင်းဘာ့ဏ်တိုက်ကို တယ်လီဖုန်းနဲ့ မေးကြည့်ပါလား"

ဟု ပြောလိုက်ရာ၊ ထိုအခါတွင်မှ ထွန်းဝေသည် ဘလွန်း၏စကားကို ပို၍ယုံလာလေ၏။

ထိုသို့ ဘလွန်း၏စကားကို ယုံကြည်မိသော်လည်း မြရီ၏အချစ်ကို ပို၍ ယုံကြည်ထားသည့်အတိုင်း၊ ဘလွန်း၏ စကားနှင့်ပင် တစ်ထစ်ချ မယူဆလိုသည့်အတွက်၊ မြရီထံသို့ ကိုယ်တိုင်သွားရောက် မေးမြန်းမည်ဟု နှလုံးပြုကာ လျှင်မြန်စွာ အဝတ်အစားလဲလေ၏။

ဘလွန်းသည် ထွန်းဝေ၏ ထူးခြားသော အမူအရာကို ရုတ်တရက် နားမလည်နိုင်ဘဲ ငေး၍ကြည့်နေရာက အဝတ်အစားလဲပြီး အခန်းထဲမှ ထွန်းဝေထွက်အလာတွင်

"ဟေ့ ဘယ်လဲ. . ."

ဟု မေးလိုက်ရာ ထွန်းဝေသည် မြရီထံ သွားမေးမလို့ဟု ပြောပြောဆိုဆို ဆင်း၍သွားသဖြင့်၊ ဘလွန်း မှာ တစ်စုံတစ်ရာ ပြောဆိုတားမြစ်ခြင်း မပြုနိုင်တော့ဘဲ ငေး၍ ကျန်ရစ် လေ၏။

ထွန်းဝေသည် မြရီတို့အိမ်သို့ ရောက်၍ တံခါးခေါက်လိုက်ရာတွင် မိမိအား မြရီကိုယ်တိုင် တံခါးဖွင့်ပေးလိမ့်မည်ဟု မျှော်လင့်မိသော်လည်း ဖွင့်ပေးသူမှာ ညွန့်ခင်ဖြစ်နေသည်ကို တွေ့ရသဖြင့်၊ စိတ်ပျက်သွားကာ ခေတ္တမျှ ငိုင်၍ ကြည့်နေမိလေ၏။

ညွန့်ခင်က ပြုံးရယ်ကာ

"ဝင်လေ ဘာငေးနေတာလဲ"



ဟု ပြော လိုက်မှ ထွန်းဝေသည် အခန်းတွင်းသို့ ဝင်ရောက်ပြီးလျှင် ဟိုဟို ဒီဒီ ပြာပြာ သလဲကြည့်ရှုကာ "မြကော"ဟုမေး၍ ညွန့်ခင်က

"မရှိဘူး၊ လူတစ်ယောက်နဲ့ အပြင်ထွက်သွားတယ်"

ဟု ပြန်၍ဖြေသည်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် မူးမိုက်၍ လဲသွားမည်ကဲ့သို့ဖြစ်ကာ ကိုယ်ကို မနည်းထိန်းထားရသကဲ့ သို့ အနီးရှိ စားပွဲကို လက်ကိုင်၍အမှီပြုကာ အားယူထားလိုက်ရလေ၏။

"ဘယ်သူနဲ့လဲ"

"မပြောတတ်ဘူး၊ မော်လမြိုင်က ဆိုလားပဲ၊ အသားဖြူဖြူ လူချပ်ချောချောတစ်ယောက်ပဲ"ဟု ညွန့်ခင်က ဖြေလိုက်ပြီးလျှင် "အခုနေတော့ လက်ထဲမှာလည်း ငွေငါးရာရှိနေ၊ ကိုထွန်းဝေကိုလည်း စိတ်ဖြတ်လိုက်ပြီးပြီဆိုတော့ နောက်တစ်ယောက် အသစ်လဲပြီး အပျော်ကြီး ပျော်နေပြန်တာပေါ့"

ဟု ပြောလေ၏။

ညွန့်ခင်သည် မြရီ မည်သည့်နေရာသို့ မည်သည့်အကြောင်းကြောင့် ထွက်၍သွားသည်ကို ကောင်းစွာ သိလေ၏။ သို့ရာတွင် နဂိုကပင် မြရီအပေါ်၌ မလိုမုန်းထားသော စိတ်ရှိနေသည့် အထဲတွင်၊ မြရီအားပေးလိုက်သော ငွေငါးရာကို တိတ်တဆိတ်ယူ၍ သုံးထားမိသည့် အပြစ်က ရှိနေပြန်ရကား၊ ထိုအပြစ်ကို ဖုံးကွယ်ရန် အလို့ငှာ ရဲတင်းစွာ လိမ်လည်၍ ပြောလိုက်ခြင်းဖြစ်ပေ၏။

ထိုသို့ ပြောပြလိုက်သည့်အတွက် ထွန်းဝေတွင် အလွန်ပင် စိတ်မကောင်းဖြစ်သွားရာက ဒေါသထွက်၍ လာသည်ကို တွေ့မြင်ရသော်လည်း၊ ညွန့်ခင်မှာ ထိုစကားကို ရယ်ရွှင်ဖွယ် စကားကောင်းတစ်ခုကဲ့သို့ ပြောပြီး ရယ်၍နေလေ၏။

"ဘာ. . . ငွေငါးရာရတဲ့အကြောင်း သူပြောပြသလား"

"အို. . . ညွန့်တို့ဟာ တစ်ဝမ်းတည်းဆင်းတဲ့ ညီအစ်မအရင်း

www.burmeseclassic.com

www.burmeseclassic.com



တွေလို တစ်ယောက်ကိုစွ တစ်ယောက် ပြောပြပြီး တိုင်ပင်နေကြတာပဲ၊ မသိဘဲ နေပါ့မလား"

ဟု ဆိုပြီးနောက်၊ ဆိုဖာတစ်လုံးပေါ်တွင် တင်ထားသော အထုပ် တစ်ခုကို ညွှန်ပြကာ

"ဟိုမှာလေ ဒီငွေနဲ့ သူဝယ်လာတဲ့ ရွှေကတ္တီပါလုံချည်၊ အရင် တုန်းက ဒါမျိုးဘယ်ဝတ်နိုင်မလဲ"

ဟု ထပ်၍ ပိအောင် ဖိလိုက်ပြန်၏။

ထွန်းဝေသည် ညွှန့်ခင်ပြသော အထုပ်ကို တစ်ချက်မျှ လှည့်ကြည့် လိုက်ပြီးလျှင်၊ ရင်တွင်း၌ တဖြည်းဖြည်း ဆူပွက်၍ ထွက်လာသော ဒေါသကို ချုပ်တည်း၍ မရနိုင်သဖြင့်၊ ကြာကြာနေလျှင် မိမိ၏အဖြစ်ကို ညွှန့်ခင်တို့၍ သိမြင်သွားတော့မည်ဟု စိုးရိမ်သောကြောင့် ချာကနဲ လှည့်၍ထွက်ခဲ့ရာ၊ ညွှန့်ခင်က မိမိနှင့် စကားပြောရန် ခေတ္တနေဖို့ရန် အတန်တန် တောင်းပန် နေသော်လည်း မရတော့ဘဲ စိတ်ပျက်ဝမ်းနည်းစွာဖြင့် လှေခါးမှ ဆင်း၍ သွားလေ၏။

အကယ်၍သာ ထွန်းဝေသည် ညွှန့်ခင်တောင်းပန်သည့် စကားကို လိုက်လျောကာ ခေတ္တမျှ နေလိုက်မည်ဆိုလျှင်၊ ခဏကြာမှာပင် အိမ်ပေါ်သို့ တက်လာသော မြရီနှင့် တွေ့ရှိရမည်ဖြစ်ကာ၊ မျက်နှာစုံညီ ပြောဆိုရှင်းလင်း မိကြမည် ဖြစ်ပြီး၊ ညွှန့်ခင် လိမ်လည်ထားသမျှ အလုံးစုံ ပေါ်ပေါက်မည်ပင် ဖြစ်ပေ၏။ သို့ရာတွင် ဒေါသဖြင့် မှန်နေပြီဖြစ်၍ ချက်ခြင်းပင် ဆင်းသွား သည့်အတွက် ထွန်းဝေမှာ မြရီနှင့် သီသီကလေး လွဲ၍သွားခဲ့ရပေ၏။

မြရီသည် အိမ်ပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ညွှန့်ခင်က

"မြ ဈေးကိုသွားတာ တယ်ပြီး မြန်ပါကလား"

ဟု ပြုံးရယ်၍ မေးလေ၏။

"ပေါင်ဒါဘူး ဝယ်ရအောင် သွားတာပဲ မကြာဘူးပေါ့"

ဟု ပြောပြီးလျှင်



"မြ သွားနေတုန်း အိမ်ကို ဘယ်သူလာ သေး သလဲ"

ဟု မေးလိုက်လေ၏။

ညွှန့်ခင်မှာ ရုတ်တရက်သော် မျက်နှာပျက်သွားမိပြီးမှ ချက်ခြင်း ဣန္ဒြေဆောင်ကာ "ဘယ်သူမှမလာပါဘူး"ဟု ပြောလေ၏။

မြရီသည် လက်ထဲ၌ ပါလာသော ပေါင်ဒါဘူးကို မှန်တင်ခုံ ဘီရို ပေါ်တွင် သွားရောက်တင်ရင်း အနီးရှိ ဆိုဖာပေါ် ချထားသော အထုပ်တစ်ခု မြင်၍ ကိုင်ကြည့်မည်အပြုတွင် ညွှန့်ခင်သည် မိမိအပြုအမူကို စိတ်မလုံ သည့်အတွက် "ဪ မြကိုပြောမလို့"ဟု ဆိုရင်းက ထွန်းဝေအား ပြောလိုက် မိသည့် စကားများကို စဉ်းစားမိကာ၊ ထိုလုံချည်ကို မြရီအားပေးလိုက်လျှင် မိမိစကားနှင့် ကိုက်ညီမည်ကို သတိပြုမိသဖြင့်

"မြဖို့ လုံချည်တစ်ထည် ညွှန့် ဝယ်လာတယ်"

ဟု ဆိုကာ အနီးသို့ကပ်လာပြီးလျှင် မြရီ၏လက်ထဲမှ အထုပ်ကို ကူညီ၍ဖြေပေးလေ၏။

မြရီသည် လုံချည်ကိုထုတ်၍ ဖြန့်ကြည့်ကာ "လှလိုက်တာနော်"ဟု ဆိုကာ ယခင်က မိမိနှင့် ထွန်းဝေတို့ အတူတူ လှလှပပ ဝတ်စားဆင်ယင် ကာ သွားကြ လာကြသည်များကို သတိရမိကာ လွမ်းလွမ်း ဆွေးဆွေးကြီးပင် ဖြစ်လျက် လုံချည်ကိုကိုင်ပြီး ငိုင်၍နေမိလေတော့၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ထွန်းဝေမှာ မြရီအပေါ်တွင် စိတ်အပျက်ကြီး ပျက်သွားပြီဖြစ်ရကား တင်တင်ဦးနှင့် ယူရန် ဘလွန်း၏ အတန်တန် နားချပြောဆို တိုက်တွန်းနေခြင်းကို နောက်ဆုံးတွင် သဘောတူလိုက်သည့် အားလျော်စွာ မကြာမီသတင်းစာများထဲတွင် မောင်ထွန်းဝေနှင့် တင်တင်ဦးဟူသော အမည်ဖြင့် စေ့စပ်ကြောင်းလမ်းခြင်း မင်္ဂလာသတင်းကို တွေ့ရှိကြရလေ၏။

ထိုသတင်းကို တွေ့ကြရသည်တွင် မြရီအပေါ်တွင် မနာလိုဖြစ်ခဲ့ကြသော ကုန်ရောင်းဘက် စာရေးမကလေးများနှင့် အသိမိန်းကလေးတို့မှာ များစွာ ရွှင်လန်းခြင်းဖြစ်မိကြကာ မြရီအား မကြားတကြား နောက်ပြောင်သရော်ကြလေ၏။ မြရီမှာ မိမိ ချစ်ခဲ့သူတစ်ဦးကို ဆုံးရှုံးရသည့်အတွက် ဝမ်းနည်းစိတ်များ ပေါ်လာရသည့် အထဲတွင် ထိုသို့ နောက်ပြောင်ခြင်းခံရသောအခါ မိမိအား နောက်ပြောင်သော မိန်းကလေးများ အပေါ်တွင် စိတ်မဆိုးမိဘဲ၊ ထွန်းဝေအပေါ်တွင်သာ တိုး၍ စိတ်နာ ဒေါသဖြစ်မိကာ



လက်စားချေလိုသော စိတ်သည် ပြင်းထန်၍ လာလေ၏။

မြရီနှင့် ထွန်းဝေတို့ ကွဲလွဲသွားကြခြင်းကို ဝမ်းမြောက်နေသူ အလွန်ပင် ပေါများနေသော်လည်း၊ ဝမ်းမသာနိုင်သူ တစ်ယောက်ကား ရှိပေသေးတော့၏။ ထိုသူကား ကျော်အေးပင် ဖြစ်လေ၏။ ကျော်အေးမှာ ထွန်းဝေကို တင်တင်ဦးအား ယူရန် ဘလွန်းတိုက်တွန်းစဉ် ကတည်းကပင် များစွာသဘောမကျဘဲ ရှိခဲ့ချေ၏။ ထိုသို့ သဘောမကျခြင်းမှာ ထွန်းဝေနှင့် တင်တင်ဦးတို့ နေရာကျသွားခဲ့ကြလျှင် မြရီကော၍ ကျန်ရစ်မည်ကို စိုးရိမ်ကာ မြရီအတွက် စိတ်မကောင်း ဖြစ်မိခြင်းကြောင့် မဟုတ်ဘဲ၊ ကျော်အေးကိုယ်တိုင်ကပင် တင်တင်ဦးအား ချိန်နေသည့်အတွက် ဖြစ်ပေ၏။

ကျော်အေးမှာ အားလုံးထဲတွင် အသက်အကြီးဆုံး ဖြစ်သော်လည်း သားမယားမရှိသည့် လူပျိုကြီးတစ်ယောက် ဖြစ်သည့်အပြင်၊ ၎င်း၏ဖခင်မှာ ထွန်းဝေရရှိထားသော ပစ္စည်းများ နီးပါးမျှ ကြွယ်ဝချမ်းသာသူ တစ်ဦးဖြစ်ရာ၊ ထွန်းဝေ၏မိဘနှင့် ကျော်အေး၏ မိဘတို့မှာ အလုပ်အတူလုပ်ဘက် ခင်မင်ရင်းနှီးသူများ ဖြစ်ကြသည့်အတိုင်း ၎င်းတို့လည်း ငယ်စဉ်ကပင် သူငယ်ချင်းများ ဖြစ်လာခဲ့ကြလေ၏။

ပစ္စည်း ဥစ္စာရှိသူတို့မှာ မိမိတို့၏ ပစ္စည်းကို တိုးတက်သည်ထက် တိုးတက်အောင် ပြုလုပ်လိုသောဆန္ဒ ရှိကြသည့်အတိုင်း၊ မိမိတို့၏ သားသမီးများ လက်ထပ်ထိမ်းမြားရေး၌မှာပင် ပိုက်ဆံရှိသူတို့၏ သားသမီးများနှင့်သာ ရည်ရွယ်လေ့ ရှိကြရာ၊ ကျော်အေး၏ မိဘများသည်လည်း ကျော်အေးအား တင်တင်ဦးနှင့် ပေးစားရန် ရည်ရွယ်ထားကြလေ၏။ ကျော်အေးကလည်း တင်တင်ဦးအား ရမည်ဆိုလျှင် လိုချင်လှပေ၏။ သို့ရာတွင် တင်တင်ဦး၏ မိဘများသည် ကျော်အေး၏ မိဘများထက် ပို၍ချမ်းသာသူ ထွန်းဝေကိုသာ ပို၍လိုလားကြလေရာ၊ အကယ်၍သာ ထွန်းဝေနှင့် တင်တင်ဦးတို့ ပျက်ကွက်ခဲ့လျှင် မိမိသာလျှင် ဒုတိယဖေးဘရိတ် ဖြစ်တော့မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်နေသော ကျော်အေးမှာ ထိုကဲ့သို့ စေ့စပ်ကြောင်းလမ်းထားခြင်းကို ကြားသိရသည်တွင်၊ များစွာ စိတ်မကောင်းခြင်း ဖြစ်မိပေ၏။

တင်တင်ဦးမှာ ပိုက်ဆံ၏ အရှိန်ကြောင့် အဖိုးထိုက်တန် ဆန်းသစ်သော အဝတ်အစား လက်ဝတ်ပစ္စည်းတို့ဖြင့် မွမ်းမံထားသည့်အတွက် သာမာန်မျှသာရှိသော ရုပ်ရည်မှာ အတော်ပင် ချောသည် လှသည်ဟု ထင်မြင်ရပေ၏။ ခေတ်ကာလ မိန်းကလေးတစ်ယောက် ဖြစ်သည့်ပြင် ခေတ်ပညာ အင်္ဂလိပ်စာကို ကောင်းမွန်စွာ တတ်မြောက်ထားသူ တစ်ယောက် ဖြစ်ပြန်သည့်အတွက် ခေတ်ဆန်၍နေခြင်း၌ ရှေးလူကြီးများ မျက်စိနှင့်ကြည့်လျှင် အစစ အရာရာတွင် အလွန်ပင် အရှက်အကြောက် ကင်းမဲ့သူတစ်ယောက်ဟု ခေါ်ရလောက်အောင် ခေတ်ဆန်သူ တစ်ယောက်ဖြစ်ပေ၏။

ထိုသို့ ခေတ်ဆန်သူတစ်ယောက် ဖြစ်သည့်ပြင် ၎င်း၏ မိဘများကလည်း ခေတ်ကာလ၏ ယဉ်ကျေးခြင်း (ဝါ) အနောက်နိုင်ငံ၏ ယဉ်ကျေးသည်ဆိုအပ်သော အလေ့အထတစ်မျိုးကို များစွာ နှစ်သက်သူများ ဖြစ်လေရာ၊ မိမိတို့၏ သမီးဖြစ်သူအား လွတ်လပ်စွာ သွားခွင့် လာခွင့် ပြုထားကြသည့်အလျောက် တင်တင်ဦးနှင့် ထွန်းဝေတို့ စေ့စပ်ကြောင်းလမ်းပြီး၍ မကြာမီပင် တင်တင်ဦးသည် ထွန်းဝေထံသို့ မကြာခဏ သွားရောက်နေသည်ကို တွေ့ကြရလေ၏။

ထိုအကြောင်းကို မြရီမှာ မကြားချင် မသိချင်ပါဘူးဟု ဆို၍မနေရလောက်အောင် တစ်မျိုးပြီးတစ်မျိုး ကြားနေရလေရာ တစ်ခါတစ်ရံ မိမိ၏ စိတ်ပင် မတင်းနိုင်တော့ဘဲ မချိတင်ကဲ ဖြစ်မိပေတော့၏။ တစ်ခါတစ်ရံ၌လည်း မိမိ၏နေရာတွင် ဝင်၍ လုသူ တင်တင်ဦးအား ဒေါသဖြစ်မိလေ၏။

ထိုသို့ ကြားရသော သတင်းများထက် ထွန်းဝေနှင့် တင်တင်ဦးတို့ စေ့စပ်ကြောင်းလမ်းထားခြင်းကို အကြောင်းပြု၍ ရင်းနှီးသော မိတ်ဆွေအချို့တို့ကို ဖိတ်ခေါ်ပြီးလျှင် လက်ဘက်ရည်ဖြင့် ဧည့်ခံပွဲတစ်ခု ပြုလုပ်မည်ဟု



ကြားသောအခါ မြရီမှာ ဦးနှောက်ပိုင်းတွင် ထူပူရှုပ်ထွေးသွားကာ ရှူးတော့မလောက်ဖြစ်မိပြီးလျှင် ထိုသို့ လက်ဘက်ရည်ဖြင့် ဧည့်ခံပွဲ ပြုလုပ်ခြင်းသည် ၎င်းတို့၏ ပျော်ရွှင်မှုထက် မိမိအား သရော်လို၍ ပြုလုပ်ခြင်းပင် ဖြစ်လိမ့်မည်ဟူသော ယူဆခြင်းကို ပြုမိသည်နှင့်အညီ မိမိသည် မည်သို့ ကြံရပါမည်နည်းဟု ထွန်းဝေအား လက်စားချေမည်ဟူသော အကြံကို မည်သို့ အောင်မြင်အောင် ပြုလုပ်ရပါမည်နည်းဟု အတွေးထုတ်မိလေ၏။

သွားမယ် ငါသွားမယ်၊ သူတို့ တီးပါတီလုပ်တဲ့ညကို သူ့အိမ်ကို ငါကိုယ်တိုင်သွားပြီး လူအများရှေ့မှာ သူ့ကို ငါအရှက်ခွဲမယ်ဟူသော ပိုင်းဖြတ်ချက်သည် မြရီ၏စိတ်ထဲတွင် ရုတ်တရက် ပေါ်ပေါက်၍ လာလေ၏။

သို့အားဖြင့် ထွန်းဝေ၏အိမ် လက်ဘက်ရည်ပွဲ ပြုလုပ်မည့်ညသို့ ရောက်ခဲ့လေ၏။ မြရီသည် မိမိ၏ စိတ်ပိုင်းဖြတ်ချက်အတိုင်း သွားမည်ပြုလုပ်သည့်အချိန်သို့ နီးကပ်လာမှ သွားရန်ကိစ္စကို ချီတုံချတုံ ပြုလုပ်၍နေကာ၊ မိမိမှာ ဖိတ်ကြားခြင်းခံရသူ မဟုတ်၊ ဖိတ်စာလည်းမရှိသဖြင့် ထိုသို့ သွားခဲ့သော် ဝင်ခွင့်ပြုမှ ပြုပါမည်လောဟု သံသယဖြစ်မိလေ၏။ ဝင်ခွင့်ရ၍ ဝင်ခဲ့သည် ရှိပြန်သော် မိမိသွားရမည့် ကိစ္စသည် ထွန်းဝေအဖို့ နစ်နာသည်ထက် မိမိအဖို့ ပို၍နစ်နာနေမည်ကို တွေးမိကာ သွားရန် စိတ်လေးမိလေ၏။

အို. . . . ကိုထွန်းဝေဟာ ငါ့ထက်ပိုပြီး သိတဲ့သူ ဘယ်သူရှိမလဲ၊ ဖိတ်စာမရပေမဲ့ ငါလည်း သူ့မိတ်ဆွေပဲ သွားနိုင် ဝင်နိုင်ခွင့် ရှိတာပေါ့၊ နောက်ပြီး ငါ့မှာ အခုထက်ပိုပြီး နစ်နာနေစရာအကြောင်း မရှိတော့ဘူး၊ ငါသွားလို့ တိုးပြီး နစ်နာစရာအကြောင်း မရှိတော့ဘူးဟု နှလုံးပြုမိကာ၊ မြရီသည် တက္ကစီတစ်စီးကို ခေါ်၍ ထွန်းဝေထံသို့ သွားလေ၏။

ဖိတ်စာမပါလျှင် မည်သူမျှ ဝင်ခွင့်မပြုရန်၊ တံခါးစောင့်အား မှာကြားထားလေရာ မြရီမှာ ထွန်းဝေအိမ်သို့ ရောက်သောအခါ လက်မှတ်မပြ

www.burmeseclassic.com

www.burmeseclassic.com



နိုင်၍ ဝင်ခွင့်မရဘဲ ရှိလေ၏။ ထွန်းဝေနှင့်အသိဟု ပြောရ၍လည်းမရ၊ လက်မှတ် အိမ်မှာ မေ့ကျန်ရစ်ခဲ့သည်ဟု အကြောင်းပြလည်းမရဘဲ တံခါးစောင့်နှင့် စကားအငြင်းအခုံ ဖြစ်နေကာ မြရီမှာ ဝင်ဖို့ရန်အတွက် အခက်အခဲဖြစ်နေစဉ် အိမ်ထဲမှထွက်လာသော ယောကျ်ားတစ်ယောက်၏ သဏ္ဍာန်ကို မြင်ရသဖြင့် ထွန်းဝေပဲဟု မှားစွာ ဝမ်းသာမိလေ၏။

ထိုယောကျ်ားပျိုသည် အနီးသို့ ရောက်ရှိလာသည့် အခါကျမှ အရပ်မြင့်မြင့်၊ ကိုယ်လုံး ကိုယ်ပေါက် ခပ်သွယ်သွယ်၊ မျက်နှာအနေအထား အတော်ပင် ကြည့်ရှုကောင်းသူ တစ်ယောက်ဖြစ်ကာ၊ ထွန်းဝေမဟုတ်သည်ကို သိရှိရသဖြင့် မြရီမှာ ထိုသူအားကြည့်၍ အံ့အားသင့်သွားလေ၏။

ထိုသူက တံခါးစောင့်အနားသို့ ကပ်ပြီးလျှင်

"ဟေ့. . . ညိုမောင် မင်း ဘာလုပ်နေတာလဲ၊ ဒါ ငါ့အသိဆိုတာ မသိဘူးလား"

ဟု မေးလိုက်မှ တံခါးစောင့်လည်း

"မသိလို့ပါ ခင်ဗျာ၊ ဒါ ဦးကျော်အေး အသိလား၊ ကျွန်တော်က ဆရာ အမိန့်ပေးထားတဲ့အတိုင်း ဝတ္တရားရှိသလို လုပ်တာပါပဲ"

ဟု ပြောပြပြီးလျှင်၊ မြရီအား ဝင်ခွင့်ပြုသည့်အနေဖြင့် လမ်းဖယ်၍ပေးလိုက်လေ၏။

ထို့နောက် ကျော်အေးသည် မြရီအား တောင်းပန်သည့် အမူအရာဖြင့်ကြည့်ကာ

"ကြွော် လာပါ ဝင်ပါ၊ ကျွန်တော် ဝင်ခေါ်မလို့ပါပဲ၊ အချိန်မရတာနဲ့ မခေါ်ဖြစ်ဘဲ အခုလိုဖြစ်ရတာ သိပ်ဝမ်းနည်းတာပဲ လာလေ"

ဟု ခေါ်လိုက်မှ မြရီသည် ထိုသူမှာ မိမိ၏အသိလည်းမဟုတ်၊ လူမှားစရာ အကြောင်းလည်း မရှိဘဲလျက်၊ မည်သည့်အတွက် ယခုလို ဖော်ရွေစွာ ခေါ်သည်ကို စဉ်းစား၍ မရသော်လည်း မိမိသည် ထိုအိမ်



အတွင်းသို့ ဝင်ခွင့်မရှိဘဲ ဖွတ်တိုး၍ဝင်ရန် ကြံရွယ်သူတစ်ယောက် ဖြစ်သည်ကို ရိပ်မိ၍သာ ယခု ကဲ့သို့ မိမိအား မျက်နှာဆယ်လိုက်ခြင်း ဖြစ်သည်ကို ကောင်းစွာတွေးမိ လေသည်။ ထိုသူ၌ မည်ကဲ့သို့သော ရည်ရွယ်ချက် ရှိလေရော့သနည်းဟု ရုတ်တရက် စဉ်းစား၍ မရနိုင်သော်လည်း မည်သို့ပင်ဖြစ်စေ၊ မိမိဝင်လိုခြင်း မှာ ဝင်ရလျှင်တော်ပြီဟု နှလုံးပြုကာ ကျော်အေးနှင့် ဘေးချင်းယှဉ်၍ လိုက်ပါသွားလေ၏။

ကျော်အေးမှာ လူကဲခတ်ကောင်းသူ တစ်ယောက် ဖြစ်သည်နှင့်အညီ မြရီထင်မြင်သည့် အတိုင်းပင်၊ မြရီသည် ဝင်ခွင့်မရှိဘဲ၊ ဖွတ်ဝင်လာသူတစ်ယောက်ဖြစ်သည်ကို ရိပ်မိသည့်အလျောက် ထိုသို့ အတင်းဝင်ရန် ကြိုးစားခြင်းမှာ ခိုးရန် ဝှက်ရန် မကောင်းကြံစည်ရန် အကြံတစ်စုံတစ်ခုရှိ၍လာခြင်း ဖြစ်မည်မဟုတ်ဘဲ၊ ထွန်းဝေနှင့် အဆက်အသွယ်ရှိသူ တစ်ယောက်ဖြစ်၍သာလျှင် ရဲတင်းစွာ ဝင်ရောက်ခြင်းဖြစ်နိုင်ရာ ဧကန္တ ထိုမိန်းကလေးသည် ထွန်းဝေနှင့် ချစ်ကြိုက်နေခဲ့သူ ဖြစ်ရမည်ဟု တစ်ထစ်ချ ယူဆလိုက်လေ၏။

ကျော်အေးသည် အိမ်ထဲသို့ ခေါ်၍မသွားဘဲ အိမ်ဘေး ပန်းခြံထဲသို့ လှည့်၍သွားရာ မြရီက "ဘယ်လဲ"ဟု မေးလိုက်မှ. . .

"မမြရီဆိုတာ မဟုတ်လား၊ ကျုပ်သိပါတယ်၊ မမြရီကို မဖိတ်ဘဲ ဖွတ်အတင်းဝင်လာတာ အကြောင်း တစ်စုံတစ်ခု ရှိလို့ရယ်လို့ အောက်မေ့တာ၊ ဒီအကြောင်း သိရအောင် မေးမလို့"

ဟု ပြန်၍ပြောလေ၏။

မြရီမှာ မျက်နှာတစ်ခုလုံး ထူပူနီမြန်း၍ သွားလေ၏။ ကျော်အေး၏ စကားမှာ ဟုတ်မှန်နေရကား၊ မြရီမှာ ငြင်းဖို့မရှိသည့်အလျောက်၊ မည်ကဲ့သို့ ပြန်၍ ပြောရပါမည်နည်းဟု တွေဝေစဉ်းစားနေပြီးမှ

"ရှင် ကျွန်မ အရှက် ကွဲတော့မလိုလို ဖြစ်နေတာကို ဘာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ကယ်ဆယ်ရတာလဲ"

ဟု မေးလိုက်လေ၏။

"မင့်ကို မြင်မြင်ချင်း ချစ်လို့"

ဟူသော အဖြေသည် ရုတ်တရက် စိတ်ထဲ၌ ဖြစ်ပေါ်လာကာ လျင်မြန်စွာ ဖြေလိုက်ချင်သော အဖြေဖြစ်သော်လည်း ကျော်အေးသည် မြရီအား အတန်ကြာ စိုက်ကြည့်စဉ်းစားနေပြီးမှ

"မမြရီအကြောင်းကို ရိပ်မိတဲ့အတွက် ကရုဏာသက်လို့ပါ"

ဟု ဆိုလိုက်လေ၏။

ထို့နောက် ပန်းခြံအတွင်းရှိ ခုံတန်းလျားကလေးပေါ်သို့ နှစ်ယောက်သား ရောက်ရှိ ထိုင်မိကြသောအခါ ကျော်အေးက

"မောင်ထွန်းဝေ နဲ့ တင်တင်ဦးတို့ စေ့စပ်ပြီးပြီဆိုတာ ကြားပြီပေါ့နော်"

ဟု မေးလိုက်ရာ မြရီသည် ခေါင်းကို အသာအယာ ညိတ်ပြလိုက်လေ၏။

"ဒီလိုသိရတော့ စိတ်ထဲ ထိခိုက်မသွားဘူးလား"

"စိတ်နာသွားလောက်အောင် ထိခိုက်သွားတာပဲ ဆိုပါတော့"

ကျော်အေးသည် မြရီ၏အဖြေကို အတော်ကလေး သဘောကျမိကာ၊ ပြုံးစိစိလုပ်၍ နေလိုက်ပြီးနောက်၊ အိမ်တွင်းသို့ လှမ်းကြည့်ကာ

"ဟော . . . ဟိုမှာ မြင်ရဲ့လား၊ တင်တင်ဦးဆိုတာ သူပဲ"

ဟု ပြောဆို ညွှန်ပြသဖြင့်၊ မြရီသည် မိမိတို့ဘက်ရှိ ပြူတင်းပေါက်မှနေ၍ အတွင်းသို့ စူးစိုက်ကြည့်လိုက်ရာ ရယ်မောရွှင်ပြုံးနေသော မျက်နှာနှင့် လူတစ်ယောက်ပြီး တစ်ယောက် နှုတ်ဆက်စကားပြောနေသော တင်တင်ဦးကို မြင်ရလေ၏။

ထိုသို့ မြင်လိုက်ရသည်တွင် မိမိနေရာကို ဖွတ်အတင်းလု၍ ယူသူမှာ သင်းပါတကားဟု သိရှိရခြင်းသည် မြရီ၏ရင်တွင်း၌ ဆို့၍သွားကာ မျက်ရည်များ လည်၍လာလေ၏။

"ဩော် သူတို့တော့ ပျော်ပျော်ကြီးညား၊ ပျော်ပျော်ကြီးသွား၊ ပျော်ပျော်စားနဲ့ ပျော်လို့ ဆုံးကြတော့မှာ မဟုတ်ဘူးနော်"ဟု မြရီ၏စိတ်ထဲ၌ တွေးမိခြင်းသည် ပိတ်ဆို့ ချုပ်တီး၍မရဘဲ ပါးစပ်မှ လေသံတိုးတိုးစွာ ထွက်သွားလေ၏။

ကျော်အေးသည် မြရီ၏စကားကို နားစိုက်၍ထောင်မိကာ မြရီ ဖြစ်ပျက်နေသည့် အမူအရာကို ခေတ္တမျှကြည့်နေပြီးမှ

"အို သူတို့ ညားကြသေးတာမှ မဟုတ်သေးဘဲ မမြရီရယ်၊ စေ့စပ်တယ်ဆိုတာနဲ့ လက်ထပ်တယ် ဆိုတာ တစ်ခြားစီပါ။ ဒီခရီးနှစ်ခု အကြားမှာ အပြောင်းအလဲတွေ အများကြီး ဖြစ်နိုင်သေးတာပဲ၊ စိတ်ကို ဖြေမှပေါ့"

ဟု ပြောလေ၏။

"ကျွန်မ စိတ်ကို ဖြေနေစရာ မလိုပါဘူး၊ အရင်တုန်းက တစ်ယောက်နဲ့ တစ်ယောက် အသည်းစွဲ ချစ်ခဲ့မိကြတော့၊ အခုလို မြင်ရတဲ့အခါ စိတ်ကို ထိသွားမိတာပေါ့။ ဒါပေမဲ့ ဘယ်လိုပဲ အရင်ကချစ်ချစ်၊ အခုတော့ သူ့အပေါ်မှာ စိတ်နာနေပြီဖြစ်တဲ့အတွက် လက်စားချေရမှ ကျွန်မ စိတ်ချမ်းသာမှာပဲ"

"ဘယ်လို လက်စားချေမလို့လဲ"

"အခုလာတာ လက်စားချေရအောင် လာတာပဲ၊ ဒါပေမဲ့ ဘယ်လို လက်စားချေရမယ်ဆိုတာ မစဉ်းစားမိသေးဘူး"

ကျော်အေးသည် အတွင်းကြိတ် ကျေနပ်နေသည့် မျက်နှာဖြင့် မပြုံးတပြုံးလုပ်ကာ မြရီ၏စကားများကို စဉ်းစားတွေးတောနေလေ၏။ အတန်ကြာမှ

"ကျုပ် တစ်ခုပြောမယ်၊ တကယ်လို့ တင်တင်ဦးလက်ထဲက

www.burmeseclassic.com



မောင်ထွန်းဝေ လွတ်ထွက်ပြီး မမြရီကိုယူရင် ကျေနပ်မလား"

ဟု မေးလေ၏။

မြရီသည် အနည်းငယ် စဉ်းစားနေပြီးမှ

"ဒီလိုဆိုရင် ကျေနပ်စရာ ပါပဲ၊ ဒါပေမဲ့ ရှင်နဲ့ကျွန်မဟာ အရင်ကလည်းမသိဘဲ အခုမှ တစ်ယောက်ကို တစ်ယောက် မြင်ဖူးကြတာ၊ ဘာကြောင့် ကျွန်မကို ဒါလောက် ဂရုစိုက်နေ ရတာလဲ"

ဟု မေးလေ၏။

"ကျုပ် ကျေးဇူး ရှိဖို့ကိုလည်း မြင်လို့ပေါ့"

ဟု ပြောလိုက်ပြီး ထို စကားကိုပြောလိုက်သဖြင့် မြရီမှာ အစိပ္ပါယ် မရှင်းလင်းဘဲ အံ့အားသင့်၍ သွားသည်ကို မြင်ရသောကြောင့်

"တခြားတော့ မဟုတ်ပါဘူး၊ အကြောင်းကို ပြောရရင် ကျုပ်ဟာ တင်တင်ဦးအပေါ်မှာ အများကြီး မေတ္တာရှိနေတယ်၊ တကယ်လို့သာ တင်တင်ဦးနဲ့ မောင်ထွန်းဝေတို့ လွဲကြရင်၊ ကျုပ်ပဲ တင်တင်ဦးကို ရနိုင်စရာ ရှိတယ်၊ မမြရီ မောင်ထွန်းဝေကိုလည်း ပြန်ပြီး ရနိုင်မယ် မဟုတ်လား"

ဟု ပြောပြလေ၏။

"ဒါပေမဲ့ ကိုထွန်းဝေဟာ ကျွန်မတို့လို မိန်းကလေးမျိုးကို ပစ်ပယ်မှာပဲ၊ တစ်တန်းတည်း တစ်စားတည်း ဂုဏ်ရည်တူဖြစ်တဲ့ တင်တင်ဦးကိုတော့ သူပစ်ပယ်ပါ့မလား"

ကျော်အေးသည် စီးကရက်တစ်လိပ် ထုတ်၍သောက်ကာ အနည်းငယ်စဉ်းစားနေလိုက်ပြီးလျှင်

"လူမှာ အတန်းအစားရယ်လို့ ခြားနားတဲ့အရာ မရှိပါဘူး၊ အတန်းမြင့်တဲ့လူဆိုလို့ သူ့မှာ နဖူးပေါ်မှာ မျက်စေ့ပေါက်နေတာ မဟုတ်ဘူး၊ လူရဲ့ အပြင်အပဖြစ်တဲ့ အရာတွေရဲ့ ခြားနားခြင်းကိုသာ အတန်းအစားရယ်လို့ ခေါ်နေကြတာပဲ၊ ဥပမာ. . . တင်တင်ဦးမှာ ပိုက်ဆံရှိတယ်၊



ဝတ်နိုင် စားနိုင်တယ်၊ စည်းစိမ်နဲ့ နေနိုင်တယ်၊ ရုပ်ရှင်ကြည့်၊ စာဖတ်ကားစီးဖို့ အချိန်တွေရတယ်၊ မမြရီမှာဆိုရင် ကိုယ့်ဝမ်းစာအတွက် ကိုယ်ရှာပြီး စားရတယ်၊ တကယ်လို့ မမြရီဟာ တင်တင်ဦးလို နေနိုင်မယ်ဆိုရင် လူလူချင်း အတန်းအစားရယ်လို့ ခွဲစရာ ရှိမယ်မဟုတ်ဘူး မဟုတ်လား၊ ဒီတော့ တင်တင်ဦးလို နေနိုင်ထိုင်နိုင်ရင် နဂိုကချစ်ထားတဲ့ အချစ်ခံနဲ့ မောင်ဘွန်းဝေကို ပြန်ပြီး ရနိုင်တာပေါ့"

ဟု ပြောလေ၏။

"ဟုတ်တယ်လေ လူရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို အတန်းအစား မခွဲဘဲ ပိုက်ဆံပစ္စည်း အနည်းအများလိုက်ပြီး အတန်းအစားခွဲနေတာ ကိုထွန်းဝေရဲ့ အတန်းအစားကို ဘယ်နည်းနဲ့ ကျွန်မတူနိုင်ပါ့မလဲ"

ကျော်အေးသည် အလွန်သဘောကျသွားသည့် အမူအရာဖြင့် ဖြီးရယ်ကာ

"ကျုပ်ဟာ ပိုက်ဆံရှိတဲ့ လူတစ်ယောက်ပဲ၊ မမြရီကို တင်တင်ဦး နေရထိုင်ရသလို ကျုပ်စီမံပေးမယ်၊ ဒီလိုနေရရင် ပြီးရော မဟုတ်လား"

ဟု မေးလေ၏။

"အို ဒါပေမဲ့ ရှင်ထားတဲ့အဖြစ်မျိုး၊ ရှင့် မိန်းမမျိုး အပျော်မယားမျိုး အဖြစ်နဲ့တော့ မနေနိုင်ဘူး"

"ဒီလို မဟုတ်ပါဘူး၊ မမြရီကို လက်ဖျားနဲ့မှ မတို့ပါဘူး၊ ဒါပေမဲ့ မမြရီကို မောင်ထွန်းဝေက ကျုပ်နဲ့ မသက်ာ မနာလို မရှုစိမ့်ဖြစ်ပြီး ပြန်ယူချင်လာအောင် နေရမှာပေါ့၊ ဒါမှ တင်တင်ဦးကို စွန့်မှာပဲ"

ထိုသို့ ပြောဆိုနေကြသည့် အခိုက်တွင် ခြံထဲသို့ လျှောက်လာသော ခြေသံများကို ကြားရသဖြင့် နှစ်ယောက်သား လှည့်ကြည့်မိကြရာက၊ ကျော်အေး၏ပါးစပ်မှ "ဟော မောင်ထွန်းဝေ လာနေပြီ"ဟု ဆိုလိုက်လေ၏။ ထွန်းဝေသည် ကျော်အေးအားရှာရန် လိုက်လာရာက အနီးသို့ရောက်သော

www.burmeseclassic.com

www.burmeseclassic.com



အခါ မမြရီကိုပါ တွေ့ရသည်တွင် ကြက်သေသေ၍ ကြည့်နေမိလေ၏။

ထွန်းဝေသည် မြရီအား မမှတ်မိသကဲ့သို့လည်းကောင်း၊ ဂရုမစိုက်သကဲ့သို့လည်းကောင်း ပြုလုပ်ကာ၊ ကျော်အေးဘက်သို့လှည့်၍၊

"ဩော် . . . ကိုကျော်အေး တစ်ယောက်တည်းမှတ်လို့၊ မသိလို့ဗျာ၊ စိတ်မရှိပါနဲ့၊ ကျွန်တော် သွားလိုက်ဦးမယ်"

ဟု ဆိုလေ၏။

"အို . . . ကိစ္စမရှိပါဘူး၊ တစ်ခြားသူမှ မဟုတ်ဘဲ၊ ဒီမှာ မမြရီလေ၊ သူနဲ့ ကျုပ်နဲ့ အရေးကြီးတဲ့ စကားကလေးတစ်ခု ပြောနေကြတယ်၊ ထိုင်ပါ မမြရီနဲ့ စကားပြောနေကြပါဦး၊ ကျုပ်လည်း အိမ်ထဲ ခဏဝင်စရာရှိလို့"

ထိုအခါမှ ထွန်းဝေသည် မြရီအား မြင်သကဲ့သို့ "ဩော်"ဟုဆိုကာ မြရီအား ကြည့်၍ ပြုံးလေ၏။ သို့ရာတွင် မြရီမှာ၊ ဒေါသစိတ်၊ မနာလိုစိတ်များ ဖုံးလွှမ်း၍ နေသောကြောင့် ထွန်းဝေအား မကြည့်နိုင်၊ မမြင်နိုင်ရှိကာ၊ မျက်နှာလွှဲထားပြီးလျှင် ခုံတန်းလျားကလေး၏ လက်ရမ်းကို တင်းကြပ်စွာ ဆုပ်ကိုင်လျက်၊ ငိုချင်စိတ်ကို ချုပ်တီးထားရလေ၏။

"ကဲ ကျုပ်ကို တစ်ဆိတ်ခွင့်ပြုကြပါဦး ဟုတ်လား"

ဟု ကျော်အေးက ပြောပြီးနောက်၊ မြရီဘက်သို့လှည့်ကာ

"ပြန်ချင်ရင် ကျုပ်ကားကို ယူသွား၊ ဒါမှမဟုတ်လို့ ဒီကနဲ့မှ အတူတူ ပြန်ချင်ရင်လည်း လိုက်ပို့ရတာပေါ့"

ဟု ဆိုကာ၊ ၎င်းတို့နှစ်ယောက်ကို မျက်နှာချင်းဆိုင် ဆုံပေးပြီး ထသွား လေ၏။

နှစ်ယောက်သား ကျန်ရစ်ကြသည့်အခါတွင် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ရန် ခက်သကဲ့သို့ ဖြစ်နေကြကာ၊ စကားမပြောဘဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေကြလေ၏။ ထိုသို့နေရခြင်းသည် မြရီ၏ စိတ်ထဲတွင် ဒဏ်ရာဒဏ်ချက် မရှိဘဲ၊ အတွင်းကြိတ်၍နာခြင်းမျိုးကို



ခံစားရလေ၏။ ထွန်းဝေမှာ ဤသို့ကြည့်နေရာက ဒေါသနှင့်တစ်ကွ ရှက်စိတ်များ ပေါ်လာကာ သရော်သည့်လေသံဖြင့်

"မမြရီတို့မှာ တစ်ယောက်ပြောင်း ပြီး နောက်အသစ်တစ်ယောက် ရှာဖို့ တယ်ပြီး လွယ်တာပဲနော်"

ဟု စ၍ ပြောလိုက်လေ၏။

"အို ဒီအလုပ်ဟာ ရှင့်အပူ နှစ်ပြားသားမရှိပါဘူး"

ဟု မြရီက ဆတ်ကနဲ ထိုင်ရာမှထကာ ခပ်မာမာ ပြောလိုက်ရာ ထွန်းဝေ၏စိတ်၌ များစွာ ထိခိုက်၍ သွားလေတော့၏။

ထွန်းဝေမှာ ထိုသို့ အပြောခံလိုက်ရခြင်းအတွက် ရုတ်တရက်ဒေါသများ ထွက်သွားကာ တစ်စုံတစ်ခု ပြောလိုက်၊ ဆိုလိုက်၊ ပြုလုပ်မည် ကြံစည်ပြီးမှ မိမိမှာ အိမ်ရှင်ဖြစ်သည်ကိုလည်းကောင်း၊ အိမ်ထဲ၌ ဧည့်သည်များ ရှိနေကြသည်ကို လည်းကောင်း၊ သတိရမိကာ စိတ်ကို ချုပ်တီးထားရလေသည်။

ထို့နောက်မှ ထွန်းဝေသည် အေးဆေးစွာဖြင့်

"နေပါဦး မမြရီ။ ဒီကို ဘာကိစ္စနဲ့ လာတာလဲ"

ဟု မေးလိုက်လေ၏။

"ကိုထွန်းဝေ အခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်မယ်ဆိုတာ မခံနိုင်လို့ လာတာပဲ၊ ကိုထွန်းဝေကို ကျွန်မပိုင်တယ် မဟုတ်လား၊ ကိုထွန်းဝေကို ကျွန်မ ဘယ်လောက်ချစ်တယ်ဆိုတာ အသိသားနဲ့"

ဟူသော စကားမျိုးကို မြရီသည် ပြောလိုက်ချင်လှပေ၏။ ဆူပွက်လှုပ်ရှားလျက်ရှိသော သွေးသားတို့နှင့်တကွ စိတ်နှလုံးသည် ထိုစကားများကို ပြောဖို့ရန် တိုက်တွန်းလျက် ရှိချေ၏။ သို့ရာတွင် မြရီ၏ ခက်ထန်တင်းမာသော စိတ်နှင့်မာနသည် ထိုစကားများကို ပါးစပ်မှ မထွက်နိုင်အောင် ချုပ်တီး၍ထားကြလေ၏။ ထွန်းဝေသည် ယခင်က မိမိအား မြဲဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လေ့ရှိသော်လည်း ယခုမူ ထိုသို့ မခေါ်တော့ပြီ။ မိမိအား ရက်စက်စွာ နာကျင်စေခဲ့လေပြီ။ မိမိအား မကြင်နာနိုင်တော့ပြီဟု နှလုံးပြုကာ

"ကျွန်မဟာ ကိုထွန်းဝေရဲ့ အသိပဲ၊ ဘာလို့ မလာနိုင်ရမှာလဲ၊ နောက်ပြီး ဒီလိုအခါမှာလာရင် အထက်တန်းစား မနေရှင်တွေနဲ့ တွေ့နိုင်မယ် မဟုတ်လား"

ဟု ပြန်၍ ပြောလိုက်လေ၏။

ထွန်းဝေ၏ မျက်နှာတွင် ရှက်သွေးမွှန်၍ ပူထူသွားကာ လက်သီးများကို တဖြည်းဖြည်းဆုပ်၍ စိတ်ကိုတင်းမိလေ၏။ ယခင်က မိမိသည် ထိုမိန်းကလေးအား အထူးသဖြင့် ယုံကြည်ခဲ့မိ၏။ အခြား မိန်းကလေးများနှင့် တစ်တန်းတည်းမထားဘဲ အမြင့်၌ထား၍ အမွှမ်းတင်ခဲ့၏။ ယခုမူ ၎င်း၏ သဘောကို သိရလေပြီ။ မှားလေစွဟူ၍ နောင်တရမိကာ ဒေါသနှင့် ရှက်စိတ်ကို အနိုင်နိုင်ဖြေပြီးလျှင်

"မမြရီလိုချင်တဲ့ လူကို အမြန်ရအောင် ရှာနိုင်တာသိရလို့ ဝမ်းသာပါတယ်၊ ကိုကျော်အေးဟာ မမြရီနဲ့ အင်မတန်တော်တဲ့ လူတစ်ယောက်ပါပဲ"

ဟု ပြောလိုက်လေ၏။

ထိုအခိုက်တွင် ၎င်းတို့ စကားပြော၍ နေကြရာဖြစ်သော ခုံတန်းလျားနှင့် အနီးဆုံးဘက်ရှိ ပြူတင်းပေါက်တွင် လာ၍ကွယ်သော လူရိပ်ကို မြင်ကြရသဖြင့် နှစ်ယောက်သား တစ်ပြိုင်တည်း လှည့်ကြည့်မိလေ၏။ ထိုသို့ ကြည့်လိုက်ရာတွင် ပြူတင်းပေါက်တွင် ရပ်နေသူမှာ ကိုကျော်အေးဖြစ်ပြီးလျှင် မိမိတို့အား ကြည့်နေသည်ကို တွေ့ကြရလေ၏။

ကျော်အေးသည် ထွန်းဝေနှင့် မြရီတို့ကို စိုက်ကြည့်နေစဉ် မိမိ၏ နောက်မှ တစ်စုံတစ်ယောက် လာ၍ရပ်သည်ကို သိရသောကြောင့် လှည့်လိုက်ရာ တင်တင်ဦး ဖြစ်နေသည်ကို တွေ့ရလေ၏။



"ကိုကျော်အေး ဘာကိုကြည့်နေတာလဲ"

ကျော်အေးသည် မိမိကြည့်နေသူများ၏ အမည်ကို ဖော်၍ပြောချင်လှသည့်ပြင် ၎င်းတို့အားလည်း တင်တင်ဦးမြင်အောင် ပြချင်လေ၏။ သို့ရာတွင် မိမိ၏ ပါးစပ်ကပြော၍ လက်ဖြင့် ညွှန်ပြသည်ထက် တင်တင်ဦး မမြင်ချင် မြင်ချင်အောင် ပို၍ ဖြစ်စေလိုသည့်အတွက် ဖုံးကွယ်သည့်အနေမျိုးဖြင့် "အို ဘာမှမဟုတ်ပါဘူး"ဟု ဆိုကာ ပြူတင်းပေါက် ဘဲခါးနှစ်ဘက်ကို ဆွဲ၍ ပိတ်မည်လုပ်လိုက်လေ၏။

ထိုသို့ ပြုလုပ်လိုက်ရာတွင်၊ တင်တင်ဦးသည် ကျော်အေး မျှော်လင့်သည့်အတိုင်း ပို၍ မြင်ချင်စိတ်ပေါ်လာကာ

"နေပါဦး ကြည့်စမ်းပါရစေ၊ ခြံထဲမှာ လူနှစ်ယောက်မြင်တယ်"

ဟု ဆိုကာ၊ ကျော်အေး၏လက်ကို ဆွဲဖယ်ကာ ရှေ့သို့တိုးကပ်၍ ပြူတင်းပေါက်ကို ဖွင့်ကြည့်လိုက်ရာ ကျော်အေးသည် နောက်ကို အသာဆုတ်ပြီးလျှင် မိမိအကြံအောင်ပြီဟု ကျေနပ်စွာပြုံးလျက် ရှောင်၍ထွက်သွားလေ၏။

ကျော်အေး၏ စိတ်ထဲ၌ ထွန်းဝေနှင့် မြရီတို့ကို တင်တင်ဦးမြင်ရလျှင် ဒေါသဖြစ်ကာ၊ ထွန်းဝေအား မုန်းတီးရွံရှာ၍ သွားလိမ့်မည်ဟု ထင်မိလေ၏။ သို့ရာတွင် တင်တင်ဦးသည် ၎င်းတို့အား မြင်ရသည့်အခါ ထွန်းဝေအပေါ်တွင် မမုန်းဘဲ မိမိ၏လက်ထဲက အစာကို အတင်းဝင်၍လုသူ မြရီအပေါ်၌သာ မခံမရပ်နိုင်အောင် ဒေါသဖြစ်ကာ ခြံထဲသို့ဆင်း၍ လိုက်သွားလေ၏။

ထွန်းဝေမှာ မိမိနှင့် မြရီအား တင်တင်ဦး လက်ပူးလက်ကြပ် တွေ့နေပြီကို သိရ၍ မျက်နှာ မည်ကဲ့သို့ထားရမည် မသိသကဲ့သို့ ဖြစ်နေလေတော့၏။ သို့ရာတွင် တင်တင်ဦးသည် ထွန်းဝေအား တစ်စုံတစ်ရာ ပြောဆိုဆူပွက်ခြင်းမရှိ။ ဤအချိန် ဤအခါတွင် မိမိ၌ ထိုသို့ ပြုလုပ်နိုင်သော အခွင့်

www.burmeseclassic.com

www.burmeseclassic.com



အရေးကို မရသေးဟု သိရှိသည့်အလျှောက် "သူ ဘယ်သူလဲ"ဟု၍သာ မေးလိုက်လေ၏။

"မြရီ. . ."

ဟု ထွန်းဝေသည် နာမည်ကိုသာ ဖြေလိုက်သော်လည်း ထိုစကား သုံးလုံးနှင့်ပင် တင်တင်ဦးသည် ၎င်းတို့အကြောင်းကို ရိပ်မိသွား လေ၏။

"မမြရီ ဒီကို ဘယ်သူ ဝင်ခွင့်ပြုလို့ လာသလဲ"

မမြရီမှာ မျက်နှာတစ်ခုလုံး နီမြန်း၍ သွားလေ၏။ ထို့နောက်မှ မျက်နှာကိုမော့၍ တင်းတင်းထားကာ. . .

"ဘာ ဘယ်သူ့အခွင့်ရှိမှ ဝင်ရမှာလဲ၊ ကျွန်မလည်း ရှင်ဝင်နိုင်ခွင့် ရှိသလောက် အခွင့်အရေးရှိတာပဲ"

ဟု ပြန်၍ ဖြေလိုက်လေ၏။

မြရီပြောလိုက်သော စကားများသည် တင်တင်ဦး၏ စိတ်ထဲ၌ မိမိအား စော်ကားပြောဆိုသည်ဟု နှလုံးပြုမိကာ ဒေါသဖြစ်လျက်၊ သေချာ သပ်ရပ်စွာ ဆွဲနှုတ်ပြုပြင်ထားသော မျက်ခုံးကလေးများသည် ချီတက်၍ သွားလေ၏။ ထို့နောက်မှ အရေးမစိုက်လောက်သော မိန်းကလေး တစ်ယောက်ကဲ့သို့ ပြုမူလိုသောစိတ်သည် ပေါ်ပေါက်၍လာကာ သရော် သောလေသံဖြင့် ရယ်မောပြီးလျှင်

"သြော်. . . ဘယ်လို အခွင့်အရေးများ ရထားလို့ပါလိမ့်၊ မသိရ ဘူးလား"

ဟု ဆိုလိုက်လေ၏။

"သိချင်နေတာ ပြောလိုက်ရဦးမယ်၊ ကိုထွန်းဝေနဲ့ ကျွန်မနဲ့ဟာ အရင်ကတည်းက သမီးရည်းစားဖြစ်ပြီး အချစ်ကြီးချစ်နေကြတယ်၊ ကိုထွန်း ဝေအပေါ်မှာ ကျွန်မဟာ တခြားလူတစ်ယောက်ကို အချစ်ဆုံးချစ်နိုင်မဲ့ အချစ်မျိုးထက်ပိုပြီး ချစ်တယ်၊ သူကလည်း ကျွန်မကို ချစ်တာပဲ၊ ကျွန်မကို



ယူပါ့မယ်လို့တောင် ကတိပေးပြီးပြီ"

ဟု ပြောင်ပြောင်ကြီး ဖွင့်၍ပြောလိုက် လေ၏။

ထိုစကားကို ကြားရလျှင် ထွန်းဝေမှာ မျက်လုံး မျက်ဆံပြူး၍နေ ကာ မြရီတစ်လှည့်၊ တင်တင်ဦးတစ်လှည့် ကြည့်မိပြီးလျှင် တင်တင်ဦး၏ နှုတ်ဖျားမှ မည်သို့သော စကားများ ထွက်လာမည်နည်းဟု တုန်ရီစွာ စောင့် စား နားထောင်နေ၍လေ၏။

သုံးဦးသားတို့မှာ အသက်မျှ မရှူနိုင်လောက်အောင် ငြိမ်၍နေကြ လေ၏။ မြရီ၏ရင်ထဲတွင် မောင်းထောင်းသကဲ့သို့ တဒုန်းဒုန်းဖြစ်၍ နေလေ ၏။ မိမိပြောလိုက်သည့် စကားများသည် လွန်၍ သွားလေပြီလား။ ဤစကား မျိုးကို ပြောလိုက်ခြင်းအားဖြင့် မိမိသည် ထွန်းဝေအပေါ်တွင် အနိုင်မရဘဲ မိမိ၏ အရှုံးပေးရခြင်းကို ဖော်ပြရာ ရောက်လေရော့သလောဟု တွေးတောမိ စဉ်မှာပင် တင်တင်ဦး၏ ရယ်သံကို ကြားလိုက်ရပြန်ရာ ထိုသို့ သရော်ရှုတ်ချ သော ရယ်သံသည် မြရီ၏ သွေးသားကိုအေး၍ သွားစေသကဲ့သို့ ရှိလေ၏။

"မမြရီ ယောကျ်ားမှန်ရင် ဘယ်သူမှ အပျော်အပါး မကင်းနိုင်ဘူး၊ ဒါဟာ ဓမ္မတာကြီးဖြစ်နေလို့ ကိုထွန်းဝေကို အပြစ်မတင်ပါဘူး၊ ကိုယ့်ကို တကယ်မချစ်ဘဲ ချစ်တယ်ထင်ပြီး အရှက်စွန့်တဲ့ မိန်းကလေးမျိုးကိုသာ သ နားမိတာပဲ"

တင်တင်ဦးသည်ကား ထွန်းဝေကို မည်သည့် အကြောင်းကြောင့်မျှ လက်လွှတ်ခံနိုင်မည် မဟုတ်ရကား ထွန်းဝေကို ဘယ်အခါမျှ အပြစ်ဆိုမည် မဟုတ်ချေ။ မြရီကိုသာ ရှက်ကြောက်လောက်အောင် ပြောမည်မှာ အကင်း ပါးသော မိန်းမပျိုတို့ ပြုလုပ်မြနည်းလမ်းပင် ဖြစ်ပေ၏။

မြရီသည် တင်တင်ဦးကို စကားပြန်၍ချေရန် စိတ်ကူးမိ သော်လည်း ထိုသို့ ပြောဆိုရန် အချိန်မရလိုက်ချေ။ အကြောင်းမူကား တင်တင်ဦးသည် မိမိ အားရလောက်အောင်ပြောပြီး စကားအနိုင်ယူကာ

www.burmeseclassic.com

www.burmeseclassic.com



"လာ. . . ကိုထွန်းဝေ အိမ်ထဲသွားမယ်"

ဟု ပြောပြောဆိုဆို ထွန်းဝေကို အတင်းခေါ်၍ သွားလေရာ မြရီမှာ ကြိတ်မနိုင်ခဲမရ ဖြစ်လျက် ကျန်ရစ်ရာက မိမိအား ဤကဲ့သို့ အပြောခံရခြင်းနှင့် မိမိစိတ်၌ ထွန်းဝေကို မပစ်နိုင်သေးဘဲ ရှိသည်ကို ထွန်းဝေ သိသွားအောင် ပြောလိုက်မိခြင်းအတွက် ဝမ်းနည်းမဆုံး ယူကြုံး မရဖြစ်မိကာ မျက်နှာကို လက်ဝါးနှင့်အုပ်လျက် အရုပ်ကြိုးပြတ် သကဲ့သို့ ခုံတန်းလျားပေါ်၌ ပစ်၍ထိုင်မိရင်း ရှိုက်ကြီးတငင် ငိုမိလေတော့၏။

မြရီမှာ ဝမ်းနည်းခြင်းဖြင့် လောကကြီးကို မေ့လျော့၍ နေမိလေရာ ပခုံးကို အသာအယာ လက်နှင့်ပုတ်ခြင်း ခံရသည်ကို တွေ့ထိရမှ မော့၍ ကြည့်လိုက်ရာ၊ ကျော်အေးကို မြင်ရ၍ မျက်ရည်များကို လျှင်မြန်စွာ ဖျောက်ဖျက် ပွတ်သပ်လိုက်ရလေ၏။

"မြ ဘာဖြစ်နေသလဲ ဘာဝမ်းနည်းလို့ ငိုတာလဲ"

မြရီမှာ အဖြေခက်စွာ အတန်ကြာ တွေဝေ၍နေပြီးမှ

"ကျွန်မ ဒီမှာ ကြာကြာနေလို့ မဖြစ်တော့ဘူး၊ ကျွန်မ ကိုထွန်းဝေကို ဘယ်လိုပဲ မုန်းပြီဆိုပေမဲ့ သူတို့နှစ်ယောက် ပျော်နေတာကို မမြင်နိုင်ဘူး၊ ကျွန်မ ပြန် ချင်ပြီ"

ဟု ပြောပြလေ၏။

"အို- ပြန်ချင်တယ်ဆိုရင် အဆင်သင့်ပါပဲ၊ ကားနဲ့ လိုက်ပို့ပါ့မယ်"

ဟု ကျော်အေးက ပြောပြီးနောက်

"အဲဒီလို သူတို့နှစ်ယောက် ပျော်ပျော်ကြီးနေတာကို မမြင်နိုင်ရင် ဒီကပြောတဲ့အကြံကို မြန်မြန် ဖြစ်မြောက်အောင် လုပ်ကြဖို့ ရှိတာပဲ၊ သဘောတူရဲ့ မဟုတ်လား"

ဟု မေးလိုက်ရာ၊ မြရီမှာ ခေါင်းညိတ်လိုက်ခြင်းကို တွေ့လိုက်ရသည်တွင် ကျော်အေးမှာ များစွာ ဝမ်း မြောက်လျက် မြရီ၏ လက်တစ်ဘက် ဆွဲမြောက်ကာ ထရန်ထူပေးလိုက်လေ၏။



မကြာမီ ထွန်းဝေ၏ အိမ်ဝင်းထဲမှ သစ်လွင်တောင့်တင်းသော ကားကြီးတစ်စီးသည် ထိန်လင်းစွာ မီးစုံဖွင့်လျက် ကွေ့ထွက်၍ သွားလေ၏။ ကားပေါ်၌ မြရီသည် ထွန်းဝေ၏အိမ်အား ဤတစ်ကြိမ် နောက်ဆုံးရောက်ရှိခြင်းပဲဟု နှလုံးပြုကာ နောက်သို့ လှည့်ကြည့်ရင်း ပါသွားလေ၏။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

မထင်ရှားသော ကုန်ရောင်းစာရေးမကလေး ဘဝမှနေ၍ ကြီးမား ခန့်ညားသော တိုက်ကြီးပေါ်တွင် စည်းစိမ်ခံကာ နေထိုင်နိုင်သည့် အခြေ အနေသို့ ရောက်ရှိလိမ့်မည်ဟု ဘယ်အခါကမျှ စိတ်မကူးမိသော မြရီမှာ ကျော်အေး၏ ပြုစု ပျိုးထောင်ခြင်းအားဖြင့် ကြီးသောစည်းစိမ်ကို ခံစားရရှိ ရသည်တွင် မိမိကိုယ်ကို မိမိ မယုံကြည်အောင် ဖြစ်မိကာ အိပ်မက်များ မက်နေရှာသလားဟု အောက်မေ့မိပြီးလျှင် စားပွဲ၊ ကုလားထိုင်၊ ဘီရိုကြီး များ၊ သားမွေးကော်ဇောကြီးများကို ကိုယ်ထိလက်ရောက် ထိကိုင်စမ်းသပ် မိလေ၏။

လွန်ခဲ့သည့် ရက်အနည်းငယ်ခန့် အတွင်းကမူ ညွန့်ခင်နှင့်အတူ တူ ကျဉ်းမြောင်းသော အခန်းလေးတစ်ခု၌ နေခဲ့ရရာ ဤကဲ့သို့ လျင်မြန်စွာ ပြောင်းလဲလာရာတွင် ကုသိုလ်ကံ၏ ဆန်းပြားပုံကို တွေး၍အံ့ဩမိလေ၏။



မြရီ ဘယ်အခါကမှ ဝတ်ရ စားရလိမ့်မည်ဟု မမျှော်လင့်ခဲ့သော အဝတ်အစားများကို ဝတ်ရ၊ ကြီးကျယ်ခန့်ညားသော ဟိုတယ်ကြီးများတွင် စားရ၊ ရုပ်ရှင် ပွဲလန်းသဘင်များကို အခန့်စားကြီးကြည့်ရနှင့် ပျော်ရွှင်ဝတ် စားမှုကို တောင့်တသော မိန်းမပျိုကလေးတို့၏ လိုလားချက်ကို ပြည့်ဝစုံလင် စွာ ရရှိနေပြီဖြစ်ရာ၊ ၎င်း၏ဘဝတွင် ပူပင်စရာ မရှိတော့ပြီဟု ယူဆရန်ရှိ သော်လည်း မကြာခဏ ၎င်း၏စိတ်ထဲတွင် ပူပင်စိုးရိမ်မကင်းခြင်းသည် တစ်ခါတစ်ရံ ပေါ်ပေါက်၍ လာလေ၏။

မြရီ၏ စိုးရိမ်ခြင်းမှာ ကျော်အေး၏ စိတ်ရင်းသဘောကို မသက်သာ ခြင်း ဖြစ်ပေ၏။ သို့ရာတွင်

'ဟင်. . . သူ့ဟာသူ အလိုဆန္ဒတစ်ခု ပြည့်ဝအောင် ငါ့ကို ဒီလိုထားတာပဲ၊ ငါ သူ့ကို စိတ်မချစရာ ဘာရှိသလဲ၊ သူ့ အလိုဆန္ဒပြည့်ရင် ငါလည်း လိုလားချက် အောင်မြင်မှာပဲ၊ သူ ငါ့အပေါ်မှာတော့ဖြင့် မတော် မတရားလုပ်မယ် မထင်ပါဘူး'

ဟု စိတ်ကို ဖြေရလေ၏။

ထိုအခိုက်တွင် တံခါးခေါက်သံကြားရသဖြင့် ဝင်ခဲ့လေဟု ခွင့်ပြု လိုက်ရာ ဖွင့်ထားသောတံခါးကို တွန်းဖွင့်၍ ဝင်လာသော ညွန့်ခင်ကို မြင် ရလေ၏။

ညွန့်ခင်သည် ပြုံးရယ်ကာ

"ဘယ့်နှယ့်လဲ သူဌေးကတော် တော်တော်ပဲ ပျော်ရဲ့လား"

ဟု သရော်သလိုလို မေးလိုက်လေ၏။

"အို ညွန့်ကလည်း ဘယ့်နှာပြောနေတာလဲ၊ မနောက်ပါနဲ့ ကျွန်မ တို့ ရိုးရိုးပါ"

"ဟဲဟဲ ဒီလိုပြောလို့ ဘယ်သူက ယုံမလဲ မြရယ်၊ ပိုက်ဆံရှိတဲ့ လူတစ်ယောက်က အခုလို အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ထားတာ၊ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့မှ မရိုးနိုင်ဘူး၊ တကယ်လို့ အမှန်ပဲ ရိုးတယ်ဆိုပါဦးတော့၊ ဘယ်သူက ယုံမတဲ့လဲလို့၊ ဖြူန်းကနဲ ချမ်းသာသွားတယ်၊ ချမ်းသာလောက်အောင် ပေးကမ်း ထောက်ပံ့လိုက်တယ်ဆိုကာ ရှေးက ပုံတွေထဲမှာသာ ရှိတယ်၊ ခုကာလမှာ ဒါမျိုးတွေ မကြားကြရတော့ဘူး"

မြရီမှာ ညွန့်ခင်နှင့် စကားအခြေအတင် ပြော၍ မနေလိုတော့ သဖြင့်

"ရေချိုးလိုက်ဦးမယ်"

ဟုပြောကာ၊ အိမ်ခန်းထဲသို့ ဝင်သွားမည်အပြုတွင် ညွန့်ခင်က

"ဒါထက် ကိုထွန်းဝေရဲ့ကာစင် ကိုတလွန်းကိုကော တွေ့ သေးသလား"

ဟု လှမ်း၍ မေးလိုက်လေ၏။

မြရီသည် အခန်းဝတွင်ရပ်ကာ

"အို ကျွန်မသူ့ကို ဂရုစိုက်နေတာမှ မဟုတ်ဘဲနဲ့"

ဟု ပြန်၍ ပြောလိုက်ရာ၊ ထိုစကားကို ကြားရသည်တွင် ညွန့်ခင်မှာ တစ်နည်းအားဖြင့် စိတ်ထဲ၌ ကျေနပ်ပျော်ရွှင်သွားလေ၏။ အကြောင်းမူကား ဘလွန်း၏ ငွေငါးရာကို မိမိယူ၍ သုံးထားသည်ဖြစ်ရာ၊ အကယ်၍ မြရီနှင့် ဘလွန်း တွေ့မိကြလျှင် ထိုအကြောင်း ပေါ်ပေါက်သွားမည် ဖြစ်ရကား ယခုကဲ့သို့ မတွေ့ခြင်းသည် စိတ်အေးဖို့ပင် ဖြစ်တော့၏။

"အခုနေအခါတော့ မြတို့မှာ ပိုက်ဆံရှိတဲ့လူတွေ ဂုဏ်ရှိတဲ့လူတွေ ဝိုင်းနေလေတော့ ကိုထွန်းဝေနဲ့ သူ့အစ်ကိုလောက်ကို ဘာဂရုစိုက်တော့မှာလဲ"

ဟု ပြောလိုက်သော်လည်း မြရီသည် ဘာမှပြန်၍မပြောဘဲ အတွင်းသို့ ဝင်သွားလေရာ ညွန့်ခင်သည် ဒေါလျက်ကြည့်၍ ကျန်ရစ်ရာက အခန်းကြီးကို လှည့်ပတ်ကြည့်ရင်း မြရီကဲ့သို့ စည်းစိမ်နှင့်နေကာ တုပြိုင်ရအောင် မည်သည့်နည်းနှင့် ငွေရအောင် လုပ်ရပါမည်နည်းဟု အကြံထုတ်၍ နေမိလေ၏။



မြရီသည် ကြွေအင်တုံကြီးထဲတွင် သီချင်းတအေးအေးနှင့် ရေချိုးနေရာက အခန်းဆီသို့ လျှောက်လာသည့် ခြေသံနှင့် တံခါးဖွင့်သံကြားရ၍

"ဘယ်သူတုန်း. . . ညွန့်လား"

ဟု မေးလိုက်သော်လည်း အဖြေမရသဖြင့် အင်တုံထဲမှ လျှင်မြန်စွာ ထကာ၊ ကိုယ်ကို မျက်နှာသုတ်ပုဝါနှင့် ရစ်ပတ်ပြီး တံခါးဆီသို့ ကပ်လာရာတွင် တံခါးကိုဖွင့်၍ ဝင်လာသော ကျော်အေးကို တွေ့ရသည်တွင် မျက်လုံးပြူး၍ သွားလေ၏။

"ကိုကျော်အေး. . . ရှင် ဘယ့်နှယ့်လုပ်တာလဲ"

"မြကိုတွေ့ချင်လို့ လာတာပဲလေ"

"တွေ့ချင်ရင် စောင့်နေပါလား၊ ရေချိုးခန်းထဲကို ဝင်ပြီး လိုက်လာရသလား"

ဟု မေးလိုက်သည်တွင် ကျော်အေးသည် ပမာမခန့် ပြုံး၍နေလေ၏။

"မြရဲ့ လှပတဲ့မျက်နှာလေးကို ကြည့်ချင်လွန်းလို့ ဝင်လာတာ မလာရဘူးလား မြရယ်"

"အို ကိုကျော်အေး ဘယ့်နှယ့်ပြောတာလဲ၊ ကိုကျော်အေး စကားဟာ မရိုးဘူး၊ အစက ပြောတုန်းက တစ်မျိုး၊ အခုတစ်မျိုး၊ ဘယ်လိုလုပ်တာလဲ"

"ဟိုတုန်းက တစ်မျိုးပြောခဲ့ပေမဲ့ အခု ကျုပ်စိတ်ဟာ ဟိုတုန်းက စိတ်လို မဟုတ်ဘဲ ဟိုစိတ်တွေ ပြောင်းသွားပြီ"

ဟု စကားမှ မဆုံးမီ. . .

"သွားပါ၊ ကျွန်မ အခန်းထဲက သွားပါ"

ဟု မြရီက ပြောလိုက်လေ၏။

"ဟဲဟဲ ဘယ်သူ့အခန်း၊ ဒါ မြ အခန်းလား၊ ဒီအိမ်ကြီးအဝင်တုန်းက ကျုပ်က အကုန်အကျခံပြီး မထားရတဲ့အတိုင်း ပြောလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ကျွန်မကို အခြားမိန်းကလေးတွေလို မှတ်လို့လား၊ မရဘူး၊ ရှင် သွားရင်သွား၊ မသွားရင် ကျွန်မ တစ်ခါတည်း ဒီအိမ်က ထွက်သွားတော့မယ်၊ ရှင်ပေးထားတဲ့ ကတိလည်း ဖျက်လိုက်တော့မယ်"

ထိုအခါမှ ကျော်အေးသည် နောက်ပြောင်လိုက်ခြင်း ဖြစ်သကဲ့သို့သော အမူအရာမျိုးဖြင့်

"မြဟာ အတော်စိတ်ခိုင်တဲ့ မိန်းကလေးပဲ၊ မြစိတ် သိချင်လို့ စမ်းကြည့်တာပါ၊ ဟား ဟား ဟား ဟား"

ဟု ရယ်မောကာ အပြင်သို့ ထွက်သွားလေ၏။

မြရီသည် အံ့အားသင့်ကာ ထိတ်လန့်လျက် နေရစ်ရာက ပြန်၍ ကမန်းကတန်း ရေချိုးပြီးလျှင်၊ အဝတ်အစားလဲသည့် အခန်းသို့ ကူးသွားလေ၏။ ထိုအခန်းသို့ ရောက်ကာမှ မြရီမှာ မိမိကိုယ်ကို စိတ်ချလက်ချရှိပြီး ကျကျနန ဖြီးလိမ်းကာ ပြင်ဆင်နိုင်လေတော့၏။ ထိုအခိုက်မှာပင် ကျိုကန့်တံခါးကို တွန်း၍ဝင်လာသော အသံကို ကြားရပြန်သဖြင့် ရင်လျားထားသော ကိုယ်ပေါ်သို့ မျက်နှာသုတ်ပုဝါ လွှမ်းခြုံလိုက်ပြီးလျှင် ကြောက်လည်း ကြောက် ဒေါသလည်းဖြစ်သော အမူအရာဖြင့် ထိုင်ရာမှ ရုတ်တရက်ထ၍ ရပ်ကာ ဝင်လာသူကို စောင့်ကြည့်နေလေ၏။

ဝင်လာသူမှာ ကျော်အေးမဟုတ်ဘဲ၊ ညွန့်ခင်ဖြစ်နေသည်ကို တွေ့ရမှ မြရီမှာ အနည်းငယ် စိတ်သက်သာရာ ရသွားလေ၏။

ညွန့်ခင်သည် ပြုံးလျက် အနားသို့ကပ်လာပြီးလျှင်

"အစကတည်းက ညွန့်ထင်မိသားပဲ၊ ကိုယ်ကျိုး တစ်စုံတစ်ရာ မမြင်ဘဲ မိန်းမပျိုကလေး တစ်ယောက်ကို ဒါလောက် ခမ်းခမ်းနားနား ပြုစုထားတာ အရှုးသော်လည်း ဖြစ်ရမယ်၊ တံတားကလေးပြန်သော်လည်း ဖြစ်ရမယ် မဟုတ်လား၊ ကိုကျော်အေးကြည့်ရတာ အရူးနဲ့ နည်းနည်း မှတူတဲ့အချက် မရှိလေတော့ ဧကန္တတော့ ဧကန္တပဲ ဆိုတဲ့အထဲ ရောက်နေ



တာကို မသင်္ကာသလိုလို ရှိရတဲ့အထဲမှာ ရေချိုးခန်းထဲတောင် ဝင်သွားတာကို မြင်ရတော့မှ သေချာတော့တာပဲ"

ဟု ဆိုလိုက်ရာ၊ မြရီမှာ မျက်နှာပျက် သွားလေ၏။

"မဟုတ်ပါဘူး ညွန့်ရယ်၊ ညွန့်ကို ဒီအကြောင်းတွေ ပြောသင့်သလောက် ပြောပြပြီးပြီ မဟုတ်လား၊ အကုန် ဖွင့်မပြောသင့်လို့သာ ချန်ထားတာပါ၊ မြတို့ သဘောရိုးရိုးဆိုတာ အမှန်ပါ"

ညွန့်ခင်သည် မြရီစကားကို ဟုတ်သည်ဟု လက်မခံလိုသော်လည်း ထိုစကားကို အခြေအတင်ပြောနေ၍ အကျိုးမများမည်ကို တွေးမိကာ စကားလမ်းလွှဲလိုက်၍

"မေးစမ်းပါရစေဦး၊ မြ သိပ်ပြီး ဖြီးလိမ်းနေတာ ဘယ် သွားစရာ ရှိလို့လဲ"

ဟု မေးလိုက်လေ၏။

"ကိုကျော်အေးက အခုညနေ သူ့မိတ်ဆွေတစ်ယောက်ရဲ့ လက်ဘက်ရည်ပွဲကို သွားမယ်လို့ လာခေါ်တာပါ"

"မြ တော့ဖြင့် သိပ်နေရာကျနေတာပဲနော်၊ အခုမှပဲ ပိုက်ဆံရှိတဲ့ လူတွေ အထက်တန်းစားတွေ အသိဖြစ်ပြီး ပေါင်းသင်းနေရတာပဲ"

ဟု ညွန့်ခင်သည် တကယ်အားကျသည့် လေသံဖြင့် ပြောဆိုကာ

"ညွန့်ကိုလည်း ကိုကျော်အေးနဲ့ အသိဖွဲ့မပေးနိုင်ဘူးလား"

ဟု ဆိုလိုက်လေ၏။

ထိုသို့ ညွန့်ခင်၏ တောင်းပန်ချက်အရ မြရီသည် ဖြီးလိမ်းပြီးစီးသည့်အခါတွင် ညွန့်ခင်နှင့်အတူ အပြင်သို့ ထွက်ခဲ့ပြီးလျှင် ညွန့်ခင်နှင့် ကိုကျော်အေးတို့ကို အသိဖွဲ့ပေးလိုက်ရာ ညွန့်ခင်မှာ နှုတ်သွက်လျှာပါးသူဖြစ်သည့်အတိုင်း ရှေးက အသိအကျွမ်းဟောင်းများကဲ့သို့ ရင်းနှီးသွားကြပြီးလျှင် ညွန့်ခင်ကိုပါ ကျော်အေးက လက်ဘက်ရည်ပွဲသို့ လိုက်ပါရန် ခေါ်

www.burmeseclassic.com

www.burmeseclassic.com



သည့် အခြေအနေသို့ ရောက်ရှိခဲ့လေ၏။

လက်ဘက်ရည်ပွဲမှာ အသိမိတ်ဆွေ အနည်းငယ်မျှကို ခေါ်ဝေါ်ဧည့်ခံသည့်ပွဲမျှသာ ဖြစ်သော်လည်း၊ မင်းစိုးရာဇာများ၊ ဓနရှင်များ၊ ၎င်းတို့ သားသမီးများ၊ အသိများ ပါဝင်ရကား၊ အတော်အတန် စည်ကားသည်ကို တွေ့ကြရလေ၏။ မြရီမှာ ထိုလက်ဘက်ရည်ပွဲတွင် ထွန်းဝေကိုလည်းကောင်း၊ တင်တင်ဦးကို လည်းကောင်း တွေ့ရှိနေရသဖြင့် မည်သို့ မျက်နှာထားရပါမည်နည်းဟု အကြံရခက် အနေရခက်နေလေ၏။

တင်တင်ဦး၊ ထွန်းဝေ၊ ကျော်အေး အစရှိသူတို့မှာကား ထိုလက်ဘက်ရည်ပွဲမျိုးကို လည်းကောင်း၊ ထိုကဲ့သို့ အဖြစ်အပျက် အနေမျိုးကို တွေ့ဖူးမြင်ဖူးလှပြီဖြစ်၍ မျက်နှာထားများစွာ မခက်လှသည်ကို တွေ့ရပုံမှု မက ထွန်းဝေသည် တင်တင်ဦးနှင့် ယှဉ်တွဲသွားလာနေသည့် အပြင် မြရီအနားသို့ပင် ကပ်လာကာ

"အခု ကိုကျော်အေးနဲ့ မမြရီတို့ တော်တော်ကို နေရာကျနေတယ် မှတ်တယ်၊ သိပ်ဖက်မိကြတာပဲ"

ဟု ဆိုလေ၏။

"အို ဘယ့်နှယ့်ပြောလိုက်တာလဲ ကိုထွန်းဝေ၊ အသိအကျွမ်းမို့ အတူတူ သွားလာနေကြတာပေါ့"

"ဒါထက် မမြရီကို တိုက်ကြီးတစ်လုံး ငှားပြီးပေးထားတာ အသိအကျွမ်း ရိုးရိုးတော့ မကဘူးထင်တယ်"

မြရီမှာ ဒေါသလည်းထွက်၊ အနေရခက်၊ အဖြေရခက် ဖြစ်နေလေရာ၊ ကျော်အေးက

"အို မောင်ထွန်းဝေ တစ်လွဲမထင်နဲ့လေ၊ မမြရီကို ကျုပ် ဘယ်လိုမှ ပြုစုထားရတာလည်း မဟုတ်ပါဘူး၊ မကြာခင်က မန္တလေးမှာရှိတဲ့ သူ့ဦးလေး တစ်ယောက်ဆုံးပြီး အမွေတွေရလိုက်လို့ ကျုပ်ကလည်း မမြရီမှာ ပိုက်ဆံ



ရှိနေပြီ၊ လူတောထဲ ဝင်နိုင်အောင် အခုလို ခန့်ခန့်ထည်ထည် နေပြီး ဓနရှင်တွေနဲ့ ပေါင်းသင်းနေဖို့ အကြံပေးလို့ အခုလိုနေတာပါ"

ဟု ဝင်၍ ပြောဆို ဖြေရှင်းပြီးလျှင်

"မောင်ထွန်းဝေ စကားလွန်သွားတာ တောင်း ပန်ဖို့ ကောင်းတယ်"

ဟု ဆိုလိုက်လေ၏။

ထွန်းဝေသည် ကျော်အေး၏ စကားကို အဟုတ်ဟု ယူဆကာ တောင်းပန်မည်အပြုတွင် တင်တင်ဦးက

"ဒီစကားတွေကို ကိုကိုယုံသလား၊ တင်တင်တော့ မယုံပါဘူး"

ဟု ပြောလိုက်လေ၏။

"ကိုကိုတော့ ယုံတာပဲ"

ဟု ထွန်းဝေက ပြောပြီးလျှင်

"မမြရီ ကိုထွန်း ဝေ ပြောမိတဲ့စကားကို တောင်းပန်ပါတယ်"

ဟု ပြောဆိုကာ တောင်းပန်လေ၏။ ဤသို့ ထွန်းဝေက မြရီအား တောင်းပန်သည်ကိုလည်း တင်တင်ဦးမှာ မကျေနပ်ပေ။

□

ကျော်အေးမှာကား မြရီအား ပထမတွင် မိမိ၏ အကြံအောင်ရုံမျှသာဟု သဘောထား၍ ကြံခဲ့သော်လည်း ယခုအခါတွင် ထွန်းဝေနှင့် တင်တင်ဦးတို့မှာ လက်ထပ်ရန် သေချာသည်ထက် သေချာနေပြီဖြစ်၍ မိမိမှာ ဖွတ်မရ ဓါးမအဆုံး မခံလိုသည့်အတွက် မြရီအားပင် မရမနေ ကြိုးစားတော့မည်ဟု စိတ်ပိုင်းဖြတ်၍ ထားလိုက်လေ၏။

မြရီကား ထွန်းဝေကို အသည်းစွဲချစ်၏။ ထွန်းဝေလည်း မြရီနည်းတူ ချစ်၏။ ထွန်းဝေ၏စိတ်၌ကား မြရီထံသို့ လာလို၏။ စိတ်စွဲတိုင်း မြရီထံသို့လာရန် အဝတ်အစားများလဲ၍ မြရီရှိရာသို့ ထွက်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်. . . ဒေါက်"ဟူသော တံခါးခေါက်သံကို မြရီသည် ဇာထိုးနေရာမှ ကြားလိုက်ရသောအခါ ကျော်အေးဟုပင် ထင်မှတ်၍

"ဖွင့်ထား တယ်၊ ဝင်ခဲ့လေ ကိုကျော်အေး"

ဟု ထိုင်ရာမှ ထပြောလိုက်လေ၏။

မြရီကား အံ့အားသင့်၍ နေလေပြီ။ ဝင်လာသူမှာကား မိမိထင်သည့်အတိုင်း ကျော်အေးမဟုတ်ဘဲ ထွန်းဝေဖြစ်၍နေခြင်းကြောင့်ပင် ဖြစ်လေ၏။

ထွန်းဝေသည် မြရီအနားသို့ ကပ်လာကာ

"မြ ကိုကျော်အေး တစ်ယောက်ကော"

ဟု မေးလိုက်လေ၏။

မြရီမှာ ထွန်းဝေ၏ မမျှော်လင့်သော မေးခွန်းကို ကြားလိုက်ရသည်တွင် မျက်နှာမျာ ပျက်ကာသွားလေ၏။

"ကိုထွန်းဝေ ရှင် မြကို ဘယ်လို မေးလိုက်တာလဲ၊ ဒီအိမ်မှာ မြတစ်ယောက်တည်း နေတာ၊ မြဟာ ကိုကျော်အေးနဲ့ ဘယ်လိုမှ မသက်ဆိုင်ဘူး၊ ကိုကျော်အေးလည်း လာတဲ့အခါ လာတယ်၊ နောင်လည်း သက်ဆိုင်လိမ့်မယ် မဟုတ်ဘူး"

ထွန်းဝေသည် မြရီက ရှင်းလင်းပြောလိုက်သည့် စကားကို ကြားလိုက်ရသည့်အခါ မျက်နှာမှာ ပြုံး၍လာလေ၏။

"မြ ဒါဖြင့် ကိုထွန်းဝေအပေါ် မေတ္တာပျက်သွားပြီလား"

"မပျက်ဘူး မပျက်ဘူး ဘယ်တော့မှ မပျက်ဘူး"

ဟု ပြောလိုက်လျှင် . . . .

ထွန်းဝေမှာ ဝမ်းသာအားရစွာဖြင့် မြရီအား ပွေ့ဖက်မွေ့ရမ်းကာထားလိုက်လေ၏။

အတန်ကြာ နှစ်ဦးသား အချစ်ပင်လယ်ကြောတွင် နစ်မျောကြရာ



မှ မြရီက သတိရကာ ထွန်းဝေ၏ရင်ခွင်ထဲမှ မော်၍

"မြကို တကယ်ပဲ ယူမှာလား၊ သို့မဟုတ် မြကို လှည့်စားတာလား၊ တင်တင်ဦးကိုရော ဘယ့်နှယ့်လုပ်မလဲ"

ထွန်းဝေသည် မြရီ၏ပါးကို ဖြည်းဖြည်းမွှေးရင်း

"ယူမယ်. . . ယူမယ်. . . တင်တင်ဦးကို လက်ထပ်မယ်ဆိုတာ ဖျက်သိမ်းလိုက်ရုံပေါ့၊ တိတ်စမ်းပါ မြရယ်၊ နောက်ထပ် စိတ်ညစ်စရာတွေ ပြောမနေပါနဲ့၊ မကြာခင် မြကိုပဲ လက်ထပ်ယူပါ့မယ်"

ဟု ကတိပေး၍ ပြောနေစဉ်ပင် နောက်မှ ခြေသံကြား၍ နှစ်ဦးသား လှည့်ကြည့်လိုက်ရာ၊ မြင်းဖြူစီးပြီး ဒေါသနှင့် ကြည့်နေသော ကျော်အေးကို မြင်ရလေ၏။

"ဟားဟား. . . ဟားဟား သိပ်တော်တဲ့ မိန်းမ"

ဟု ကျော်အေး၏ ပြောသံကို မြရီကြားလိုက်ရသောအခါ ထွန်းဝေ၏ ရင်ခွင်ထဲမှ လူးလဲထကာ

"ဘာ သိပ်တော်တဲ့ မိန်းမလဲ၊ ရှင်နဲ့ ဘာဆိုင်လို့လဲ၊ မူးမူးရူးရူးနဲ့ ရှင် အခု ထွက်သွားပါ"

ဟု ဒေါနှင့်ပြောလိုက်လျှင် ကျော်အေးသည် မြရီကို ဂရုမစိုက်ထားဘဲ ထွန်းဝေဘက်သို့ လှည့်၍ "မောင်ထွန်းဝေ ဘယ့်နှယ့်လုပ်တာလဲ၊ မင်း မကြာခင် တင်တင်ဦးနဲ့ လက်ထပ်တော့မဲ့ဟာပဲ၊ ဘာပြုလို့ ဒီလာရှုပ်ရတာလဲ"

ထွန်းဝေသည် ဘာမျှပြန်မပြောတော့ဘဲ မြရီအား လွှတ်လိုက်လေ၏။

ကျော်အေးသည် မိမိ ပစ်လိုက်သောမြားသည် ထွန်းဝေ၏ အသည်းသို့ ခိုက်သွားသည်ကို သိရပြီး သူ ပို၍လေးနက်စေရန် ထပ်မံ၍

"ကြည့်လေ. . . မင်းရောက်လာတော့ တစ်မျိုး၊ ငါကိုတော့ တစ်ဖုံ

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရှေးပညာရှိများက 'ဣတ္ထိယာ မိန်းမတို့သည် နဒီ မြစ်ကဲ့သို့ ဝက်ကောက်ကွေ့တတ်၏' ဟု ဆိုတာကို စဉ်းစား မောင်ထွန်းဝေ"

ဟု ပြောလိုက်သောအခါ၊ ထွန်းဝေမှာ ဘာမျှပြန်မပြောဘဲ အခန်းထဲမှ ထွက်သွားလျှင် မြရီမှာ မျောက် မီးခဲ ကိုင်မိသလို

"ကိုထွန်းဝေ . . ကိုထွန်းဝေ မြကို အထင်လွဲသွားပြီလား"

ဟု အော်ပြောသော်လည်း ထွန်းဝေမှာ ထွက်သွားမြဲ ထွက်သွားလေ၏။

ကျော်အေးမှာ ထွက်သွားသော ထွန်းဝေကို ကြည့်နေရာမှ တစ်ဖန် မြရီဘက်သို့လှည့်၍

"ကဲ မမြရီ အခု ထွန်းဝေလည်း သွားပြီ၊ ဒီတော့ ကိုကျော်အေးကိုပဲ ချစ်ပါတော့နော်၊ ကိုကျော်အေးကလည်း အခုလိုပြောလိုက်ရခြင်းမှာ မမြရီကို အလွန့်အလွန် ချစ်လွန်းလို့ပါ၊ နောက်ပြီး ထွန်းဝေက မြကို ဘယ်လိုပဲ ချစ်ချစ် တင်တင်ဦးနဲ့ လက်ထပ်တော့မှာက မြေကြီးလက်ဝါးနှင့်ပုတ် လွဲရင်သာ လွဲမယ်၊ တင်တင်ဦးနှင့်ကတော့ လွဲမှာမဟုတ်ဘူး"

မြရီမှာ အနည်းငယ်တွေဝေနေပြီးမှ ခေါင်းကို အနည်းငယ် ညိတ်ပြီး

"ကောင်းပြီ၊ ကျွန်မ ကိုကျော်အေး ပြောစကားတွေကို နားထောင်မယ်၊ ကိုကျော်အေးလည်း မြပြောတာကို နားထောင်မလား"

ကျော်အေးမှာ မြရီပါးစပ်မှ မမျှော်လင့်သော စကားကို ကြားလိုက်ရသည့်အတွက် ဝမ်းသာကာ

"ဘာပဲဖြစ်ဖြစ်၊ မြ ပြောတာ နားထောင်မယ်"

ဟု ပြန်၍ ပြောလိုက်လေ၏။

"ကဲ ဒါဖြင့် မြကို လက်ထပ်ပြီး ထင်ထင်ပေါ်ပေါ် သားမယား အဖြစ်နဲ့ ထားမလားပြော၊ ထားမယ်ဆိုရင် ကိုကျော်အေး အလိုကိုလိုက်မယ်"

ဟု ပြောလိုက်လေ၏။



ကျော်အေးမှာ မြရီ၏စကားကို ကြားရသောအခါတွင် အဖြေ မပေးတတ်သကဲ့သို့ ငေးတိငေးမော စိုက်၍ ကြည့်နေမိလေ၏။

"ပြောလေ ပြောပါ၊ ရှင်တကယ်ချစ်ရင်လည်း လက်ထပ်ယူမယ်လို့ ဆိုတာ ဘာအပြောခက်စရာ ရှိသလဲ၊ အခုလို ရှင်လုပ်နေတာ အဖြေရခက် နေလို့ မဟုတ်လား"

"ဟုတ်ပါဘူး . . . ဟို . . . အင်"

စသည်ဖြင့် ကျော်အေးသည် အ,ထစ်ထစ်ကြီး လုပ်၍ နေလေ၏။

"တော်ပြီ ကိုကျော်အေး တော်ပြီ၊ ရှင်တို့ယောကျ်ားတွေဟာ အတူတူနဲ့ အနူနူချည်းပဲ၊ ကျွန်မတို့လို ဥစ္စာပစ္စည်း မပြည့်စုံတဲ့ မိန်းကလေးကို မြင်ရင် မကောင်းတဲ့ ဟာကလေးတစ်ယောက်လို့ ထင်ချင်လည်း ထင်တတ်တယ်၊ ဒါမှမဟုတ်ရင်လည်း အပျော်ထားဖို့လောက်ပဲ ကြံကြတာချည်းပဲ"

"မဟုတ်ပါဘူး မမြရီရယ်၊ အထင်မလွဲပါနဲ့၊ လူချင်းတူပေမဲ့ အချစ်ခြင်း ခြားပါသေးတယ်"

ဟု ပြောပြောဆိုဆို မြရီ၏ လက်မောင်းကလေး တစ်ဘက်ကို လှမ်း၍ဆွဲလိုက်ရာ မြရီသည် ရုန်းကန်ဖယ်ရှားရင်း

"လွှတ် . . . ရှင် . . လွှတ် ကျွန်မ ရှင့်ကို မချစ်ဘူး၊ မုန်းတယ်၊ ရှင့်မျက်နှာကို မကြည့်ချင် ဘူး"

ဟုဆိုကာ ကျော်အေး၏ရင်ဘတ်ကို လက်သီးဆုပ်နှစ်ဘက်နှင့် ထုနှက်လေ၏။

ကျော်အေးသည် ပါးစပ်အပြဲသားနှင့် တဟဲဟဲ ရယ်မောကာ

"မမြရီ စဉ်းစား စဉ်းစား၊ ဒီည တစ်ညလုံး စဉ်းစားလိုက်ဦး၊ မနက်ကျတော့မှ ဒီ ညမှာ ရှုပ်နေတဲ့ ဦးနှောက်ဟာ ရှင်းပြီးတော့ အလင်းကို မြင်ရလိမ့်မယ်"

ဟု ဆိုပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



"ကဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်အောင် အိပ်ပေဦးတော့၊ မနက်ကျမှပဲ ဒီစကား ဆက်ကြသေးတာပေါ့"

ဟု ပြောကာ အခန်းတွင်းမှ ခပ်ယိုင် ယိုင် ထွက်သွားရာ မြရီသည် ကျော်အေး မူးမူးရူးရူးနှင့် ထပ်၍ဝင်လာဦးမည် လားဟု စောင့်စားနေစဉ် မှာပင် နှေးကန်လေးလံသော ခြေလှမ်းများဖြင့် လှေကားမှ ဒုန်းကနဲ ဒုန်းကနဲ ဆောင့်နင်း၍ ဆင်းသွားသံကို ကြားရလေ၏။

ထိုည၌ မြရီမှာ အိပ်၍ မပျော်တော့ချေ။ ထွန်းဝေ၏ အကြောင်း၊ ကျော်အေးတို့၏ အကြောင်းတို့ကို ပြောင်းကာပြန်ကာ အဖန်ဖန်တွေးမိလျက်၊ မိမိ၏ဖြစ်အင်ကို ဆွေးမိကာ အိပ်ရာတွင် လူးလွန့်ရင်းဖြင့် မနက်လင်းခဲ့ရလေ၏။

ထိုသို့ အလင်းသို့ ရောက်ရာတွင် မြရီ၏ ဦးနှောက်တွင်းဝယ် အလင်းရောင် ပေါ်ပေါက်ကာ အကြံတစ်ခုကို ရရှိလေ၏။ မြရီသည် မိမိအား ကျော်အေး အနှောင့်အယှက် ပေးနေသည်ကို တွေ့ရပြီဖြစ်ရာ၊ ရှေ့သို့ တစ်နေ့တစ်ရက် ဆက်လက်ကြာရှည်စွာ ကျော်အေး၏ စောင်မကြည့်ရှု ထားခြင်းကို ခံယူနေက မိမိ ဒုက္ခများရချေတော့မည်ဟု တွေးမိလေ၏။ သို့ဖြစ်ရကား မိမိ၌ အခြားနည်းအားဖြင့် လွတ်ကင်းနိုင်ရန် လမ်းမရှိတော့ပြီ၊ ရှေးကကဲ့သို့ပင် ကုန်တိုက်စာရေးမ အလုပ်ကို ပြန်၍ရှာမှဖြစ်တော့မည်၊ အလုပ်ရှိခဲ့လျှင် အလုပ်၌ အချိန်ကုန်ကာ မိမိ၏နှလုံး၌ ဖြစ်ပေါ်သော အချစ်ဝေဒနာကို မေ့လျော့ သက်သာရာ ရချေတော့မည်ဟု စဉ်းစားမိလေ၏။

သို့ဖြစ်၍ မြရီသည် အိပ်ရာမှ လျှင်မြန်စွာထ၍ ရေမိုးချိုး အဝတ်အစားလဲပြီးလျှင် ထိုအိမ်ကြီးသို့ ရောက်စဉ်က မိမိ၌ပါလာသော အဝတ်အစားများကိုသာ သေတ္တာတွင် ထည့်လေ၏။ ထို့နောက် ကျော်အေးအား စာတစ်စောင်ရေးကာ ကျော်အေး ဝယ်ပေးသည့် လှပသော အဝတ်အစားတို့မှာ ယခုအခါ မိမိအဖို့ မလိုတော့ပြီဖြစ်၍ ထားခဲ့ကြောင်းနှင့်တကွ၊



မိမိလည်း မနေလိုတော့ပြီဖြစ်သည့် အကြောင်းများကို ဖော်ပြပြီးလျှင် ထိုစာကို ကျော်အေးဝင်လာလျှင် မြင်လောက်သည့်နေရာတွင် ထောင်ထားလိုက်လေ၏။

မြရီသည် သားရေအိတ်ကိုဆွဲကာ အိမ်ထဲမှ ထွက်တော့မည် ပြုပြီးမှ တံခါးဘောင်ကိုမှီကာ အခန်းတွင်းသို့ နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်မိလေ၏။ လှပသော အိမ်ထောင်ပရိဘောဂများ၊ပိုးဖဲ၊ ကတ္တီပါတို့ဖြင့် ပြုလုပ်ဖုံးလွှမ်းဆွဲချိတ်ထားအပ်သော ကူရှင်၊ မှီအုံး၊ အခန်းဆီး၊ လိုက်ကာ စသည်များတို့သည် အိမ်ရှေ့ပြူတင်းမှ တိုးဝင်လာသော နေရောင်ခြည်အောက်တွင် ရွှေရောင် ငွေရောင်ကဲ့သို့ ဝင်းပြောင်လျက်ရှိကာ၊ မြရီအား မသွားရန် တားမြစ်နေကြသကဲ့သို့ ရှိပေ၏။ မြရီသည် ယခင်က ထိုပစ္စည်းများကို အလွန်မက်မောခဲ့၏။ တောင့်တခဲ့မိ၏။ ယခုမူ ထိုပစ္စည်းတို့၏ အနှစ်အရသာဘာမျှမရှိခြင်းတို့ကို တွေ့မြင်ရပြီး ဖြစ်တော့၏။ အချစ်ကင်းမဲ့လျက် ရွှေပုံပေါ်တွင် စံစားနေရခြင်းသည် အဘယ်မှာ စိတ်ချမ်းသာနိုင်ဖွယ်ရာ ရှိပါအံ့နည်း။ ဤပစ္စည်းတို့ကို မက်မောနေကာ မိမိ၏အချစ်ကို ရောင်းမစားလိုပြီဟု စိတ်ပိုင်းဖြတ်ကာ တစ်ခါတည်း မျက်နှာလွှဲပြီး ဆင်းခဲ့လေတော့၏။

မြရီသည် ရှေးဦးစွာ ဘယ်အရပ်သို့ သွားရမည်ကို မသိချေ။ ဤအခြေအနေနှင့် နေခဲ့ပြီးမှ ညွန့်ခင်ထံ ပြန်၍သွားရလျှင် ရှက်စရာကောင်းလှပေသည်။ ရှက်စရာစင်စစ် မဟုတ်စေကာမူလည်း လှောင်ပြောင်ခံရခြင်းနှင့် ကင်းမည်မဟုတ်ဟု တွေးကာ မသွားလိုဘဲ ရှိချေ၏။ ထို့နောက်မှ မိမိ၌ ညွန့်ခင်ထက် ပို၍ခင်မင်သော အပေါင်းအဖော်လည်း မရှိတော့ပြီ။ ရှေးကတည်းက တစ်ယောက်ဒုက္ခ တစ်ယောက်ခံ၍ အတူနေခဲ့ကြပြီ။ ယခုလည်း မိမိဒုက္ခကို ကြည့်၍နေနိုင်မည် မဟုတ်၊ မည်သူ မည်သို့ပင် ပြောစေကာမူ အရေးမစိုက်လောက်ဟု စိတ်ပိုင်းဖြတ်ကာ ညွန့်ခင်ထံသို့ လာခဲ့လေ၏။

ညွန့်ခင်မှာ စာစော အလုပ်ဆင်းရသူ တစ်ယောက်ဖြစ်၍ မြရီ

www.burmeseclassic.com

www.burmeseclassic.com



သည် ၎င်းအား တွေ့ရမည်ပင် မမျှော်လင့်ဘဲ လာခဲ့ရာ ညွန့်ခင်ကို ပက်ပင်းပါ တွေ့ရသောအခါ အံ့အားသင့်သွားလေ၏။ ညွန့်ခင်လည်း မြရီအား ထူးထူးခြားခြား တွေ့ရသဖြင့် မြရီကဲ့သို့ပင် အံ့အားသင့်၍ နေမိရာက

"မြ စောစောစီးစီး ဘာများ အကြောင်းထူးလာတာလဲ"

ဟု မေးလိုက်လေ၏။

မြရီသည် တိုက်ရိုက်အဖြေမပေးသေးဘဲ

"ညွန့် ခါတိုင်း အလုပ် စောစောဆင်းတယ်၊ ဒီနေ့ နောက်ကျလှချည့်လား"

ဟု ပြန်၍ မေးလိုက်လေ၏။

"ညွန့် အလုပ်က ထွက်လိုက်ပြီ"

"ဟင် ဘာပြုလို့လဲ"

ဟု မြရီသည် အံ့ဩစွာ မေးလိုက်လေ၏။

ညွန့်ခင်သည် ချက်ခြင်းမဖြေဘဲ တွေ၍နေလေ၏။ အကြောင်းမူကား ညွန့်ခင်မှာ မြရီကို အကြောင်းပြု၍ ပိုက်ဆံရှိသူနှင့် ပေါင်းသင်းရကာ ငွေရပေါက် ရလမ်းများကို မြင်၍နေလေရာ၊ ဆင်းဆင်းရဲရဲ လုပ်ရသော စာရေးမအလုပ်ကို မလုပ်လိုတော့ဘဲ အေးအေးနှင့် နေလိုပြီဖြစ်ရာ အလုပ်ထွက်လိုက်ခြင်း အကြောင်းရင်းကို ဖော်ပြရန် ခက်၍နေလေတော့၏။

"ဩော်. . . ညွန့်တို့ အမျိုးတစ်ယောက်က ညွန့်ကို ငွေများထောက်ပံ့ထားတယ်၊ ညွန့်လည်း အခုအလုပ်ကို ငြီးငွေ့ပြီး ဒီ့ထက်ကောင်းတာ ရှာနေတာပဲ၊ ဒါပေမဲ့ မြတို့လို အကောင်းမျိုးတော့ မဟုတ်ပါဘူး"

"မြ အလုပ်ဟာ ဘာကောင်းသလဲ၊ အခုမှ အနှစ်သာရ မရှိတာကို သိပြီ၊ အခု ဒါကြောင့် အရင်ကလို အလုပ်ရှာတော့မလို့၊ ဟိုစည်းစိမ်ကို စွန့်လာခဲ့တယ်"

"ဘာ. . . မြ ဟိုအိမ်မှာ မနေတော့ဘူး ဟုတ်လား၊ ဘာပြုလို့လဲ"



မြရီသည် ဖြစ်ပျက်သမျှ အကြောင်းများကို အကုန်အစင် ပြန်၍ပြောလိုက်ရာ ညွန့်ခင်သည် အာရုံစူးစိုက် နားထောင်နေရာက မြရီ၏စကားဆုံးသည်နှင့် တစ်ပြိုင်နက် အတွင်းကြိတ် ကျေနပ်စွာ ပြုံးပြီးလျှင်

"ဝမ်းသာလိုက်တာ မြရယ်၊ အတူတူပြန်ပြီး နေကြရဦးတော့မှာပေါ့"

ဟု ဆိုကာ မြရီကို ချစ်ခင်ဟန်ဖြင့် ပွေ့ဖက်လိုက်ပြီးနောက် လက်ထဲမှ သားရေအိတ်ကို အိမ်တွင်းသို့ ဆွဲယူသွားလေ၏။

ညွန့်ခင်မှာ တင်တင်ဦးထံမှ ငွေရမည်ဟု မျှော်လင့်ချက်ဖြင့် အလုပ်မှ ထွက်နေခဲ့ပေ၏။ မြရီကို အကြောင်းပြု၍ စားလမ်းပွင့်နေခဲ့၏။ သို့ရာတွင် မြရီသည် ကျော်အေးအိမ်မှ ဆင်းလာသည်ကို သိလျှင်သိခြင်း ရုတ်တရက်သော် ဝမ်းမြောက်သွားမိရာက မြရီသည် ကျော်အေးနှင့် အတူမနေတော့ပြီဖြစ်လျှင် မိမိသည် မြရီကို အမှီပြု၍ ပိုက်ဆံရှိသူတို့နှင့် ပေါင်းသင်းဆက်ဆံနိုင်သော အခွင့်အရေး ပျက်ပြားဆုံးရှုံးခဲ့ပြီကို တွေးမိကာ စိတ်မောမိလေတော့၏။

မြရီသည် ယခင်နေရာဟောင်းကို ပြန်လည်ရောက်ရှိကာ ညွန့်ခင်နှင့် အတူနေသည့် အချိန်မှစ၍ ယခင်အလုပ်ကိုရရန် ပြန်၍သွားလေ၏။ သို့ရာတွင် မိမိနေရာတွင် လူစားရောက်နေပြီဖြစ်၍ နေရာလွတ်မရှိဟု တိုက်ရှင်၏ ဝမ်းနည်းစွာ ပြောလိုက်သည့် စကားကိုသာ ကြားခဲ့ရလေ၏။အကယ်၍ နေရာလွတ်ရှိသည့်တိုင်အောင်လည်း ဤတိုက်တွင် လုပ်ရသည့် အလုပ်ထက် ပိုမို၍ ကျေးဇူးခံစားခွင့်ရသော နေရာတစ်ခုကို မြင်ကာ အလုပ်မှထွက်သွားပြီးနောက် နေရာမကျ၍ အလုပ်ကို ပြန်ဝင်လိုသူ တစ်ယောက်ကို မည်သည့်တိုက်ရှင်ကမှ လက်ခံလိုမည် မဟုတ်ပေ။

မြရီမှာ နေရာဟောင်းတွင် အလုပ်မရနိုင်ဘဲရှိလျှင် အခြားနေရာများတွင် အလုပ်ရနိုင်ရန်မှာ ခဲယဉ်းလှပေ၏။ သို့အားဖြင့် တနင်္ဂနွေနှစ်ပတ်မျှ ကြာမြင့်ခဲ့ရာ ဘယ်နေရာမှ အလုပ်မရ၊ လက်ရှိပိုက်ဆံလည်း ကုန်လုပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ တစ်နေ့၌ အလုပ်ရှာရန်အထွက်တွင် လက်၌ ဘတ်စ်ကားခမျှသာ ရှိသည်ကို တွေ့ရလေ၏။

မြရီသည် ကားစောင့်နေခိုက်တွင် သတင်းစာရောင်းသူ တစ်ယောက်သည် သတင်းစာတစ်စောင်ကို လာ၍ပေးရာ မဝယ်လိုသော်လည်း ကားစောင့်ရင်း အပျင်းပြေ လှန်လှောကြည့်ရှုမည် ဟူသောစိတ်ဖြင့် သတင်းစာတစ်စောင်ကို ဆွဲယူခါဖြန့်၍ ဖွင့်လိုက်ရာ၊ ထိုသို့ ဖြန့်ဖွင့်မိသည့် စာမျက်နှာမှာပင် မမျှော်လင့်သော သတင်းတစ်ခုကို တွေ့မြင်ရသဖြင့် မြရီမှာ မျက်လုံးများ ကျွတ်ထွက်၍ ကျလုမတတ် ပြူးကျယ်၍သွားလေ၏။

မြရီသည် မိမိ တွေ့မြင်ဖတ်ရှုရသော အရာမှာ အမှန်ပင် ဟုတ်မှ ဟုတ်ပါလေစ၊ မိမိမျက်စေ့ လှည့်စားခြင်းကြောင့် ထင်မြင်မိခြင်းပေလောဟု မျက်စေ့ကို ပွတ်သပ်ပြီး ထပ်မံ၍ကြည့်လိုက်ရာ မိမိမူလက မြင်သည့်အတိုင်း ပင် မပြောင်းလဲ ရှိနေသည်ကို တွေ့ရ၍ ရင်ထဲ၌ ထိတ်ကနဲဖြစ်သွားလေ၏။

**ထိမ်းမြား မင်္ဂလာသတင်း. . . .** ဟူသော ခေါင်းစဉ်အောက်တွင် **မောင်ထွန်းဝေနှင့် တင်တင်ဦး. . . .** ဟူသော နာမည်နှစ်လုံးကို ဖတ်ရှုလိုက်ရရုံမျှနှင့် သွက်သွက်ခါ တုန်လှုပ်သွားသော နှလုံးသွေးများသည် စာအစီအစဉ်ကို ဖတ်ရှုရ၍ မည်သူမည်ဝါ ကောန်ဖြစ်သည်ကို သိရပြီးသည့်နောက် မနက်ဖြန်တွင် လက်ထပ်တော့မည်ဟု ဖတ်ရှုသိရသောအခါ အတိုင်းမသိ လှုပ်ရှားပြီးလျှင် မူးဝေ၍ လဲသွားတော့မည်ကဲ့သို့ပင် ဖြစ်မိပေ၏။

ထွန်းဝေသည် မိမိအား ချစ်ခဲ့၏။ လက်ထပ်မည်ဟုလည်း ကတိပေးခဲ့၏။ ဤကဲ့သို့သော အခြေအနေကို ဆိုက်ရောက်ခဲ့ပြီးမှ အခြားသူတစ်ယောက်နှင့် လက်ထပ်တော့မည်ဟု သိရှိရသောအခါတွင် ထိပေါက်သည်ဟု သိရပြီးမှ ထိလက်မှတ်ပျောက်၍ သွားသူကဲ့သို့ မမြရီမှာ စိတ်ထဲတွင် အောင့်သက်သက်ကြီး ဖြစ်သွားလေ၏။



မဖြစ်ရဘူး၊ မဖြစ်ရဘူး ကိုထွန်းဝေ ငါ့ကိုယူမယ်လို့ ကတိထားပြီးမှ တင်တင်ဦးနဲ့ မညားစေရဘူးဟူသော စိတ်များသည် မြရီ၏ ရင်ထဲ၌ ဖြစ်ပေါ်လာကာ ယခင်က စိတ်နာခဲ့ခြင်းများ လက်စားချေရန် ကြိုးစားခဲ့ခြင်းများကို လုံးလုံး မေ့လျော့ မိခဲ့လေတော့၏။

မြရီမှာ စိတ်နှလုံးတွေ ထိုင်းမှိုင်းညစ်နေပြီဖြစ်ရာ အချစ်စိတ်တွင် နစ်မွန်း မေ့လျော့နေရကား၊ မည်သည့်နည်းအားဖြင့် အိမ်သို့ ပြန်ရောက်လာခဲ့သည်ကို ပြန်၍ တွေးမရနိုင်အောင် ရှိလေ၏။ သို့ရာတွင် အိမ်သို့ ရောက်သောအခါ၌ မာနစိတ်ကလေးများ ဝင်ရောက်၍လာကာ မသွားဘူး၊ အောက်ကျခံလို့၊ ငါ သူ့ဆီသွားပြီး မပြောဘူး၊ သူ့လို ကတိမတည် သစ္စာမတည်တဲ့လူမျိုးကို မရလို့လဲ ငါဘာပူစရာ ရှိသလဲ၊ သူလိုလူက ငါ့ကို ချစ်တယ်၊ ယူမယ်လို့ဆိုရင် သူ့လို လူတိုင်းလောက်ကို ဘယ်အခါမဆို ငါရနိုင်တယ်၊ သူ့ထက်သာတာ ငါရှာမယ်ဟု စိတ်ကိုတင်းလိုက်လေ၏။

သို့သော် မြရီမှာ ထွန်းဝေကိုသာ ချစ်ရာ ထွန်းဝေကလွဲလျှင် အခြားသူများကို မချစ်နိုင်ဘဲ ရှိသည့်အတွက်၊ တင်းလိုက်သော စိတ်များသည် ချက်ခြင်းပင် ပျော့ပြောင်း၍ သွားလေတော့၏။ အချစ်သည်ကား လူ၏စိတ်နှလုံးကို အမျိုးမျိုးဖောက်ပြန်အောင် ဖန်တီးနိုင်လေ၏။

သွားမယ်၊ ငါအခုသွားပြီး သူ့ကိုတားမယ်၊ ငါ့ကို ယူမယ်လို့ ကတိပေးထားရင် သူများနဲ့သူနဲ့ မပေါင်းစေရဘူး ဟူသော စိတ်သည် မြရီ၌ ဖြစ်ပေါ်လာကာ ထွန်းဝေထံသွားရန် ပြင်ဆင်လေ၏။

ထိုသို့ ပြင်ဆင်ပြီးမှ မိမိမှာ အချိန်နှောင်း၍ နေလေပြီ။ ကျော်အေးအား စွန့်ခွာခဲ့ပြီး အလုပ်အကိုင်ရှာနေသော ရက်အနည်းငယ် အတွင်းမှာပင် ထွန်းဝေသည် တင်တင်ဦးအား ယူတော့မည်ဟု စိတ်ပိုင်းဖြတ်ကာ မင်္ဂလာဆောင်ရန်ကိုပင် ရက်ကန့်သတ်ခဲ့ပြီး ဖြစ်လေရာ ယခု မိမိလိုက်၍သွားသော်လည်း ပြုပြင်၍ရတော့မည် မဟုတ်ဟု စိတ်လျှော့လိုက်မိပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့အားဖြင့် ထွန်းဝေထံ သွားဖို့ မသွားဖို့ အရေးကို ချီတုံချတုံ ပြုလုပ်နေခြင်းဖြင့် ညဘက်သို့ ကူးလာခဲ့လေရာ၊ မနက်ဖြန်သို့ရောက်လျှင် မိမိ အလွန်ချစ်ခဲ့သူတစ်ယောက် သူတစ်ပါးလက်သို့ ရောက်သွားချေတော့မည်ဟု နှမျောစိုးရိမ်ခြင်း၊ တစ်နည်းနည်းဖြင့် ပိတ်ပင်ရန် အချိန်အနည်းငယ်သာ ကျန်တော့ခြင်းတို့သည် မြရီ၏စိတ်ကို ဆွ၍ပေးသကဲ့သို့ရှိကာ နောက်ဆုံးတွင် ထွန်းဝေထံသို့သွားရန် စိတ်ပိုင်းဖြတ်လိုက်လေ၏။

ထွန်းဝေ၏အိမ်ရှေ့သို့ ရောက်သောအခါ အိမ်အတွင်း၌ မီးထိန်ထိန်လင်းလျက် ရယ်သံ မောသံတို့ဖြင့် ဆူညံပျော်ရွှင်စွာ ရှိနေသည်ကို တွေ့ရသောအခါ မြရီမှာ ရင်ထဲတွင် ဆို့၍သွားမိလေတော့၏။ ဟယ် ဘာပဲဖြစ်ဖြစ်၊ ဘယ်သူတွေပဲ ရှိရှိ၊ ငါသွားမယ်၊ ငါပြောမယ်ဟု တင်းလိုက်သောစိတ်သည် မြရီအား အိမ်ဝသို့ လျှင်မြန်စွာ ပို့လိုက်လေ၏။

ထိုညသည်ကား မနက်ဖြန် လက်ထပ်တော့မည် ဖြစ်သဖြင့် ထွန်းဝေတို့အဖို့ လူပျိုဘဝတွင် နောက်ဆုံးညဖြစ်ရကား လူပျိုဘဝဖြင့် နောက်ဆုံးရွှင်ပျော်သော လူပျိုနေ့ ဖြစ်လေရာ၊ မိတ်ဆွေသင်္ဂဟတို့ကို ခေါ်ငင်ဖိတ်ကြား၍ စားသောက်ပျော်ရွှင်လျက် ရှိကြလေ၏။

တံခါးဝတွင် မြရီမှာ ယခင်က တွေ့ခဲ့ဖူးသော တံခါးစောင့်နှင့် တွေ့၍နေပြန်ကာ မဝင်ရန် တားဆီးခြင်း ခံရပြန်လေ၏။

"ရှင်တို့ဆရာနဲ့ မတွေ့ရင်မဖြစ်တဲ့ သိပ်အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေလို့ပါ။ ကျွန်မကို ဝင်ခွင့်မပြုနိုင်ရင်လည်း သူ့ဆီကို သွားပြီး ပြောပြပါ" ဟု ဆိုလိုက်ရာ တံခါးစောင့်လည်း မြရီအား အရေးပြုလိုသောစိတ်များ ပေါ်ပေါက်လာကာ ထွန်းဝေထံသို့ ဝင်၍ပြောလေ၏။

ထွန်းဝေသည် မြရီဟူသော အမည်ကို ကြားရလျှင် တစ်ကိုယ်လုံး တုန်ရီသွားပြီးမှ တံခါးစောင့်အား

"သွားခေါ်ချေ။ ငါစာဖတ်ခန်းထဲမှာ စောင့်နေမယ်၊ နောက်ဘက်က လှည့်ခေါ်ခဲ့"



ဟု ပြောပြီးနောက် မိတ်ဆွေများအား နှုတ်ဆက်ကာ စာဖတ်ခန်းထဲသို့ သွားရောက်ပြီး ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လိုက်ပြီးနောက် ဘာများ အရေးကြီးလို့ပါလိမ့်မလဲဟု တအုံနွေးနွေး တွေး၍ နေမိလေ၏။

ထိုအခိုက်တွင် မြရီသည် သွေးသား မရှိသကဲ့သို့ ဖြူဖတ်ဖြူရော်ဖြစ်နေသော မျက်နှာနှင့် မရဲတရဲ ဝင်ရောက်လာသည်ကို တွေ့ရလေရာ ထွန်းဝေမှာ ရုတ်တရက်သော် မျက်နှာမထားတတ်အောင် ဖြစ်နေရာက၊ မနည်း ဣန္ဒြေဆယ်လိုက်ပြီးလျှင် မှိုင်တွေနေခြင်းကို ဖျောက်လျက် ပြုံးရွှင်သော မျက်နှာဖြင့်၊ ထိုင်ရာမှထ၍ မြရီလာနေသည်ကို ဆီး၍တွေ့ကာ မနက်ဖြန် လက်ထပ်တော့မှာမို့ ဝမ်းသာတဲ့စကားနဲ့ ကွန်ကရက်ကျူလိတ် လုပ်ရအောင်လာတာလားဟု ပြုံးပြုံးလုပ်လျက် မေးလိုက်လေ၏။

မြရီ၏မျက်နှာတွင်ကား ပြုံးရယ်ခြင်း အလျှဉ်းမရှိဘဲ

"ကိုကို. . . ကိုကို ဘယ့်နှယ့်လုပ်တာလဲ၊ မြကို လက်ထပ်ယူပါမယ်လို့ ကတိပေးပြီးမှ တင်တင်ဦးကို ယူလို့ဖြစ်ပါ့မလား၊ မြ ဘယ်လိုနေရမှာလဲ"

ဟု ရှေးရှေး ချစ်ကြစဉ်အခါက ခေါ်ဝေါ်သုံးနှုန်းသည့် စကားဖြင့် ပြောလေ၏။

ထိုသို့ ပြောလိုက်ရာတွင် ထွန်းဝေ၏ မျက်နှာအမူအရာသည် ပြောင်းလဲ၍ သွားကာ၊ မြရီအား ဒေါသဖြစ်သကဲ့သို့ ပြူးကျယ်သော မျက်လုံးများဖြင့် စိုက်၍ကြည့်နေပြီးလျှင်

"မမြရီ ကျုပ်ဆီက နှုတ်ပိတ်ခ ငွေလိုချင်လို့ လာပြီး အနှောင့်အယှက် ပေးနေတာလား"

ဟု ခပ်ဆတ်ဆတ် မေးလိုက်လေ၏။

မြမှာ ထိုစကားကိုကြားရ၍ အံ့အားသင့်သွားပြီးလျှင် ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



စကားကိုပင် ပြန်၍မပြောနိုင်အောင် ရှိနေပြီးမှ

"မြကို ငွေမက်တဲ့အစားထဲက အောက်မေ့လို့လား၊ ကိုကို့ကို မြချစ်တယ်ဆိုတာ ကိုကို့ငွေကို မျှော်လင့်ပြီး ချစ်တယ် မှတ်နေသလား၊ မြ ဒီတစ်သက်မှာ ငတ်ပြီး သေချင်သေပါစေ၊ ဒီလို သဘောမျိုးနဲ့တော့ဖြင့် ကိုကို့ငွေကို မယူဘူးမှတ်ပါ"

ဟု ပြန်၍ပြော လိုက်လေ၏။

"အပြောကလေးတော့ဖြင့် ကောင်းပါရဲ့ မမြရီရယ်၊ ဒါပေမဲ့ ကျုပ်ကို လှည့်စားပြီး အသည်းနာအောင် မမြရီလုပ်သွားတာကို ကျုပ် တစ်သက်တော့ဖြင့် မမေ့နိုင်တော့ဘူး၊ ကျုပ် မမြရီကို တကယ်ချစ်ခဲ့တာပဲ၊ သစ္စာတည်လိမ့်မယ်လို့လည်း ယုံကြည်မိခဲ့တာပဲ၊ ဒါပေမဲ့. . . ."

မြရီသည် ထွန်းဝေ၏စကားကို ဆုံးအောင်မှ နားမထောင်ရှိပင် ဦးနှောက်အတွင်းဝယ် လေမုန်တိုင်း ဝင်၍ အမွှေခံရသကဲ့သို့ မူးနောက်ထွေမှိုင်း၍သွားကာ၊ လက်များကို ကို့ယို့ကားယား ဆန့်တန်းလျက် ကိုယ်ကို မဟန်နိုင် မထိန်းနိုင်လောက်အောင် ဖြစ်ရာက မူးမေ့ပျော့ခွေ၍ လဲကျသွားရာ ထွန်းဝေသည် မြေသို့မကျအောင် ဆွဲ၍ထူထားလိုက်ရလေ၏။

"မြ. . . မြ. . . မမြရီ ဘယ်လိုဖြစ်တာလဲ"

ဟု စိုးရိမ်ကြီးစွာဖြင့် မေးသော်လည်း စကားပြန်မရသောကြောင့် ထွန်းဝေမှာ မျက်လုံး မျက်ဆံပြူးကာ အနီးရှိစာအုပ်နှင့် ယပ်ခတ်၍ ပေးနေရာက တစ်စုံတစ်ယောက် ဝင်ရောက်လာပြီး မြင်၍ သွားမည်ကို စိုးရိမ်နေစဉ်မှာပင် မိမိတို့ အခန်းဆီသို့ လျှောက်လာသော ခြေသံများကို ကြားရ၍ ကြောက်လန့် အံ့အားသင့်ကာ တံခါးဆီသို့ မျှော်စိုက်၍ ကြည့်နေလိုက်မိလေတော့၏။

အိမ်တွင်းသို့ ဝင်၍လာသူမှာ ထွန်းဝေ၏ လူယုံတော်အစေခံကြီး ဖြစ်ပေ၏။ ထွန်းဝေသည် မိမိလက်ထဲတွင် မြရီကို ပွေ့ထားလျက်၊ အခက်ကြုံ



နေသည့် အခြေအနေကို အစေခံကြီး အမြင်ခံရသည့်အတွက် မျက်နှာထားခက်၍နေသကဲ့သို့ အစေခံကြီးလည်း မမျှော်လင့်သော အဖြစ်မျိုးကို ကြုံတွေ့ရသည့်အတွက် အံ့အားသင့်လျက် ရုတ်တရက် စကားမထွက်နိုင်ဘဲ ရှိလေ၏။

အတန်ကြာမှ

"နောက်ထပ်ဧည့်သည်တွေ ရောက်လာပြန်ပြီ ဆရာ"

ဟု ပြောလိုက်နိုင်လေ၏။

ထွန်းဝေမှာ မည်သို့ပြုလုပ်ရမည်ကို မစဉ်းစားတတ်သကဲ့သို့ ဟိုဟိုဒီဒီ ကြောင်စိစိလုပ်၍ ကြည့်မိလေ၏။ ထွန်းဝေမှာ မြရီအား ဤကဲ့သို့ ပြစ်၍မထားနိုင်ဘဲ ရှိလေ၏။ သို့ရာတွင် ဤအခန်းထဲသို့ ဧည့်သည်များ ဝင်၍လိုက်လာကာ ယခုကဲ့သို့ ဖြစ်ပျက်နေသည်ကို အမြင်မခံနိုင်ဘဲ ရှိလေ၏။ တဖန် မြရီ သတိရ၍လာပြန်ကလည်း မိမိတို့မှာ အထူးအရေးကြီးစွာ ပြောစရာမရှိ၊ တစ်ယောက်နှင့် တစ်ယောက် ပို၍စိတ်နာစရာ ဖြစ်လောက်သည့် စကားမျိုးကိုသာ ပြောစရာရှိတော့သည်ဟု အောက်မေ့ကာ ယခုအနေက ရှောင်၍သွားလျှင် အေးတော့မည်ဟု နှလုံးပြုပြီးလျှင် အစေခံဖြစ်သူအား

"ဟော့ ဒေါ်စုကြီးကို သွားပြီး အခေါ်ခိုင်းလိုက်စမ်း"

ဟု ထမင်းချက်မိန်းမကြီး အား အခေါ်ခိုင်းလိုက်ပြီးလျှင်

"သူ့ကို သတိရအောင် လုပ်ပေးပြီးတာနဲ့ ကားနဲ့ ပြန်ပို့"

ဟုမှာကာ ထိုအခန်းထဲမှ ထွက်သွားလေ၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ထွန်းဝေကို မြရီနှင့်ပြတ်အောင် လုပ်ပေး၍ ထွန်းဝေနှင့် လက်ထပ်ဖြစ်လျှင် တင်တင်ဦးထံမှ ငွေရတော့မည်ဟု မျှော်လင့်နေသော ညွန့်ခင်မှာ ထွန်းဝေနှင့် တင်တင်ဦးတို့ လက်ထပ်တော့မည်ဟူသော သတင်းကို သိရကတည်းက ဝမ်းသာ၍မဆုံးဘဲ ရှိနေလေတော့၏။

လက်ထပ်မည့်နေ့သို့ ရောက်သောအခါ ညွန့်ခင်သည် အစောကြီး အိပ်ရာမှထကာ ထိုနေ့သည် နောက်ဆုံးနေ့ဖြစ်၍ မြရီ၏အနှောင့်အယှက်မရှိတော့ပြီ။ လက်ထပ်ဖို့ကိစ္စမှာ သေချာပြီ။ သို့ဖြစ်၍ တင်တင်ဦးထံမှ ယနေ့ငွေရတော့မည်။ ချက်လက်မှတ် ပို့လိုက်မည်လား၊ မန်နီအော်ဒါဖြင့် ပို့လိုက်မည်လားဟု တွေးတောကာ စာပို့ကုလားကိုသာ စောင့်မျှော်နေခဲ့လေ၏။

သို့ရာတွင် စာပို့ကုလားများ ရောက်လာ၍သွားပြီး မိမိဖို့ ဘာစာမျှ မပါဘဲရှိသည်ကို သိရသည့်အခါ ညွန့်ခင်မှာ များစွာ ဒေါသဖြစ်မိလေ၏။



ငွေရဖို့မှာ ယနေ့ကား နောက်ဆုံးဖြစ်ပေ၏။ လက်ထပ်ပြီးသည့်နောက်တွင် တင်တင်ဦးမှာ ချစ်သူကို ရရှိသွားပြီဖြစ်၍ မိမိအား ငွေမပေးဘဲနေက နေနိုင်သည့်အခြေအနေသို့ ရောက်ရှိလေတော့မည်။ မိမိတို့ကိစ္စမှာ နှစ်ယောက်ချင်းဖြစ်၍ သက်သေမရှိသို့ ဖြစ်ရကား ယခု အချိန်ရှိခိုက် တောင်းမှပဲဟု နှလုံးပြုကာ ညွန့်ခင်သည် တင်တင်ဦးအိမ်သို့ လိုက်သွားလေ၏။

တင်တင်ဦးအိမ်သို့ ရောက်ရာတွင် အစေခံတစ်ယောက်နှင့်တွေ့၍ ညွန့်ခင်က တင်တင်ဦးနှင့် တွေ့လိုကြောင်း ပြောပြရာ၊ အစေခံလုပ်သူသည် ညွန့်ခင်အား အဝင်မခံဘဲ

"နေပါဦး အိမ်ပေါ်တက်ပြီး မေးလိုက်ပါရစေဦး၊ နာမည် ဘယ်လိုခေါ်သူတဲ့လဲ"

ဟု မေးမြန်းပြီးနောက် ညွန့်ခင်၏ အမည်ကိုသိရပြီး အိမ်ပေါ်သို့ တက်သွားလေ၏။

မကြာမီ ထိုအစေခံ ပြန်၍ရောက်လာပြီးလျှင်

"မမက ဘယ်သူနဲ့မှ မတွေ့ချင်ဘူးလို့ ပြောတယ်"

ဟု ပြောရာ ညွန့်ခင်မှာ လွန်စွာ ဒေါသဖြစ်သွားလေ၏။

"နင့် သခင်မကို သွားပြောချေ၊ အခုတွေ့ချင်တွေ့လို့ မတွေ့ရင် ဒုက္ခဖြစ်ကုန်ကြလိမ့်မယ်လို့ ပြောလိုက်၊ ငါ့ကိုများ အထက်စီးလေသံနဲ့ ဒီလိုပြောလို့ ရမလား၊ ကြည့်နေပါ၊ ငါ့အကြောင်း သိသွားမယ်"

အစေခံလုပ်သူသည် အိမ်ပေါ်သို့ပြန်တက်၍ ထိုစကားကို ပြောပြလေ၏။ သို့ရာတွင် ညွန့်ခင်ပြောသလို စကားအတိုင်းမဟုတ်ဘဲ ယဉ်ကျေးသောစကားဖြင့် လည်သလို ကြည့်၍ပြောလေ၏။ သို့သော် အစိပ္ပါယ်မှာကား အတူတူပင် ဖြစ်ပေတော့၏။

တင်တင်ဦး၏ မျက်နှာမှာ နီမြန်း၍သွားလေ၏။ ထိုသို့ အပြောခံရသည့်အတွက် အစေခံအား ညွန့်ခင်ကို အိမ်ထဲမှကန်ထုတ်ရန် လွှတ်ကာန

www.burmeseclassic.com



ပြောလိုက်တော့မည် လုပ်ပြီးမှ မိမိတို့မှာ လက်ထပ်၍မပြီးသေး၊ လက်မထပ်မီ ညွန့်ခင် တစ်စုံတစ်ရာ လုပ်မည်ဆိုက လုပ်နိုင်သေးသည်။ သို့ဖြစ်၍ ပရိယာယ်သုံးမှ ဖြစ်တော့မည်ဟု တွေးမိကာ စာရွက်တစ်ရွက်ပေါ်တွင် . . .

"ရှင်လိုချင်တာကို ညနေ ၃-နာရီ အပို့ခိုင်းလိုက်မည်"

ဟု ရေးပြီး လျှင် အစေခံ၏ လက်ထဲသို့ အပ်လိုက်လေ၏။

အစေခံ ထွက်သွားသောအခါ တင်တင်ဦးသည် မိမိ၏အကြံကို ကြိတ်၍ပြုံးမိလေသည်။ မိမိတို့သည် ယနေ့ ၂-နာရီအချိန်တွင် လက်ထပ်၍ ပြီးကြတော့မည်။ ထိုအချိန်က ကျော်လွန်လျှင် ညွန့်ခင်၏ အနှောင့်အယှက်ကို ပူစရာမရှိတော့ပြီဟု တွေး၍ ကျေနပ်နေလေ၏။ ညွန့်ခင်သည် ထိုစာကို ရသောအခါ များစွာ ကျေနပ်ပုံမရပေ။ သို့ရာတွင် တင်တင်ဦးသည် လက်ထပ်ရန် အချိန်နီးနေ၍၊ အခြားလုပ်စရာ ကိစ္စတွေလည်း ရှိကောင်းရှိနေပေလိမ့်မည်၊ သူ့စကားကို သူ တည်ကောင်းတည်လိမ့်မည်ဟု နှလုံးပြုကာ လှည့်၍ ထွက်ခဲ့ရလေတော့၏။

❒

ညွန့်ခင်မှာ အရေးတကြီး ငွေလိုသည်ဖြစ်၍ တင်တင်ဦးထံမှ ငွေကို ရသည့်တိုင်အောင် ညနေ ၃-နာရီအထိ မစောင့်ဆိုင်းနိုင်၊ ထိုအတောအတွင်း တစ်နေရာကရအောင် လုပ်မှဖြစ်မည်ဟု နှလုံးပြုကာ၊ တင်တင်ဦးအိမ်မှ အပြန်တွင် ဘလွန်း၏ထံသို့ ဝင်လေ၏။

ဘလွန်းမှာ မြရီနှင့် ထွန်းဝေတို့ ပြတ်စဲကြလျှင် မိမိတို့ ကြံစည်လိုလားချက် ထွန်းဝေ၏ဖခင်အား ကတိပေးထားချက်တို့ ပြည့်ဝအောင်မြင်မည်ဖြစ်၍ ထိုကိစ္စတွင် ညွန့်ခင်သည် အချက်အချာ ဖြစ်နေခြင်းကို သိရ

www.burmeseclassic.com



သည့်အလျောက်၊ ထွန်းဝေနှင့် တင်တင်ဦးတို့ လက်ထပ်မပြီးမချင်း ညွန့်ခင်အား ချော့မော့အလိုလိုက်၍ အကြိုက်ကိုပေးပြီးလျှင် အေးချမ်းအောင် ပြုလုပ်၍ ထားရလေရာ၊ ညွန့်ခင်အဖို့ ဘလွန်းသည် လိုချင်သည့် အဝတ်အစားကို လွယ်လင့်တကူ ချ၍ရနိုင်သည့် ပဒေသာပင်ကြီးသဖွယ် ဖြစ်၍နေလေတော့၏။

"ကိုဘလွန်း ကျွန်မ အဝတ်အစားတွေ ဟောင်းကုန်ပြီ၊ စျေးသုံးဖို့လည်း ပိုက်ဆံမရှိဘူး၊ ငွေ ငါးဆယ်လောက်တော့. . ."

ဘလွန်းသည် အသက်မရှူနိုင်ဘဲ ငေးစိုက်၍ ကြည့်နေမိရာက

"နေပါဦး ညွန့်ရယ်၊ သုံးလေးရက်လောက် ဆိုင်းပါဦး"

ဟု ပြောရရှာလေ၏၊

"မနေနိုင်ဘူး ဆရာ၊ ကျွန်မစနစ်က ယနေ့ အကြွေးမပေး ဆိုတာမျိုးလို ရက်အဆိုင်းမခံနိုင်ဘူး၊ နို့ပြီး ဒီနေ့ ကိုထွန်းဝေတို့ မင်္ဂလာဆောင်ကိုလည်း သွားချင်သေးတယ်၊ ဒါမှမရရင်တော့ မင်္ဂလာဆောင်ကျရင် . . ."

ဘလွန်းမှာ စကားအဆုံး မစောင့်နိုင်တော့ဘဲ

"ဒီလိုတော့ မလုပ် လိုက်ပါနဲ့ ညွန့်ရယ်၊ မနေ့ညက ထွန်းဝေရဲ့ လူပျိုနေ့ဆိုပြီး မူးကြ ရူးကြတာ ခေါင်းကိုက်လွန်းလို့ပါ၊ မနက်ဖြန်တော့ ဆက်ဆက်. . ."

ဟု ပြောရာ တွင်၊ ညွန့်ခင်သည် ဘလွန်းအား ပခုံးမှနေ၍ လည်ပင်းကိုဖက်ကာ၊ နမ်း တော့ ရှုံ့တော့မည့် အမူအရာမျိုးဖြင့်

"လာပါ၊ အပြင်ထွက်ပြီး လေရှူလိုက်ရရင် ခေါင်းကိုက်တာ ပျောက်သွားမှာပေါ့"

ဟု ပြော၍ ညှုလိုက်ရာ တဟဲဟဲ ရယ်လျက် ညွန့်ခင် ဆွဲငင်သည့်ဘက်သို့ လိုက်ပါသွားရရှာလေတော့၏။

ထိုအချိန်တွင် မြရီရင်တွင်း၌ ဆို့၍နေရာ ကြာလျှင် အသက်ရှူ

www.burmeseclassic.com



နိုင်တော့မည် မဟုတ်သကဲ့သို့ ဖြစ်နေလေတော့၏။ နာရီ၏ လက်တံများသည် ၂-နာရီထိုးမည့်ဘက်သို့ တဖြည်းဖြည်း တိုးရွေ့၍ လာကြလေ၏။ မြရီမှာ နောက် ၃-နာရီခန့်ကြာလျှင် မိမိ အလွန်အချစ်ဆုံးဖြစ်သူ တစ်ယောက်ကို ဆုံးရှုံးရတော့မည်ဟု တွေး၍ မချိတော့ဘဲ ရှိလေ၏။

၁၂-နာရီအချိန်သို့ ရောက်လာခဲ့လေ၏။ နောက် ၂-နာရီသာ ကျန်တော့သည်ကို သိရသော မြရီမှာ မျက်ရည်တွေ စီးကျလာလေ၏။ ထိုအခိုက်တွင် ကုမ်းကုမ္ပဏီမှ ဒရဝမ်တစ်ယောက် ရောက်ရှိ၍လာကာ၊ ပါဆယ်ထုပ်ကလေး တစ်ခုကို ပေးသွားလေ၏။ မြရီသည် အထုပ်ကလေးကို ဖြေ၍ ကြည့်လိုက်ရာ၊ လှပသော လက်စွပ်တစ်ကွင်းနှင့်တကွ၊ ထွန်းဝေ၏ လက်ရေးနှင့်ရေးထားသော ကဒ်ပြားလေးတစ်ခုကို တွေ့ရလေ၏။

**ချစ်၍မဆုံး တပြုံးပြုံးနေခဲ့ကြသည့်**
**နေ့ရက်များကို သတိရရန်. . . .**
**'ဝေ'**

မြရီသည် ထွန်းဝေနှင့် တင်တင့်ဦးတို့ လက်ထပ်မည့် ဟောင်းဟောကြီးရှေ့တွင် ဝိုင်းအုံ၍ ကြည့်နေကြသော လူထုကြီးထဲတွင် ရောက်ရှိနေလေ၏။ ထိုသို့ ကြည့်နေစဉ် "ဟော. . . လာပြီ လာပြီ"ဟု ပြောလိုက်သော အသံများကိုကြား၍ အားလုံး ဝိုင်းဝန်း လှည့်ကြည့်သည့်ဘက်သို့ ကြည့်လိုက်ရာ လှပစွာ ဝတ်စားလျက်၊ ကားနှင့်ဝင်လာသော တင်တင်ဦးကို မြင်ရသည်တွင် ကားပေါ်သို့ အတင်းပြေးတက်၍ ကုတ်ဖဲ့ဆုပ်ဆွဲ ပစ်ချင်မိလေတော့၏။

မြရီသည် အပြင်ကကြည့်၍ မနေနိုင်တော့ပြီး၍ လူထုကြီးကြားမှ အတင်းတိုးဝှေ့ ဝင်ရောက်ကာ၊ ကျောက်ဖြူသားတို့ဖြင့် ခင်းကျင်းထားအပ်သော လှေခါးကြီးပေါ်သို့ ပြေးအတက်တွင်၊ တစ်ဦးတစ်ယောက်က



မ်း၍ဆွဲထားသည်ကို တွေ့ရသဖြင့်၊ ဆတ်ကနဲ လှည့်၍ကြည့်လိုက်ရာ၊ မ်ပြီ"ဆိုပြီး ရယ်နေသော ကျော်အေးကို တွေ့ရလေ၏။

မြရီသည် မိမိ၏လက်ကို ဆွဲ၍ ရုတ်လိုက်သော်လည်း ကျော်အေးသည် တင်းကြပ်စွာ ဆုပ်ကိုင်ထားသဖြင့်၊ ရုန်း၍မရဘဲ ရှိသည်ကို တွေ့ရလေ၏။

"ဟဲ. . . ဟဲ မမြရီ၊ ဒီတစ်ခါတော့ ရှောင်ပြီးပြေးလို့ မလွတ်တော့ဘူး"

ဟု ဆိုကာ ကျော်အေးသည် အားရစွာ ထပ်မံ၍ ရယ်ပြီးလျှင်၊

"အခုလည်း အရင်ကလို အတင်းဝင်ဦးမလို့လား၊ ဒါပေမဲ့ ဒီတစ်ခါတော့ စိတ်မချမ်းသာစရာဘဲ တွေ့ရမှာပဲ"

ဟု ဆိုလိုက်ရာ၊ မြရီမှာ ထိုစကားကို ကြားရသည်တွင် စိတ်ညှိုးငယ်၍သွားကာ၊ ရုန်းကန်သော စိတ်များသည် ပျော့၍သွားလေ၏။

မြရီ၏ မျက်နှာတွင် အသည်းနှလုံး၌ ထိခိုက်နာကျင်သည့် ဝေဒနာစားနေရသည်ကို ဖော်ပြလျက်ရှိလေ၏။ နှုတ်ခမ်းကလေးများမှာလည်း ပို၍နီရဲကာ တုန်လှုပ်လျက် ရှိလေ၏။ သို့ရာတွင် ကျော်အေး၏ စိတ်ထဲ၌ထိုသို့ မြင်ရသည်မှာပင် သာ၍ လှပနေသကဲ့သို့ ထင်မြင်မိလေ၏။ မြရီ၌ည်မျှကြီးမားသော အချစ်၏ဒုက္ခဝေဒနာ ခံစားနေရရှာမည်ကိုလည်း တွေး၍ သနားမိလေ၏။ ကျော်အေးသည် မိန်းမများအပေါ်တွင် သနားကရုဏာတင်းသူ တစ်ယောက်ဖြစ်လေရာ၊ ထိုသို့ မြရီအပေါ်၌ သနားစိတ် ဖြစ်ပေါ်ခြင်းမျိုးမှာ၊ မြရီအဖို့၌ အလွန် စိတ်ကျဉ်းကြပ်စရာ ဖြစ်နေလေ၏။

"လာ မမြရီ၊ ဒီမှာနေလို့ အလကားပဲ၊ ပိုပြီး စိတ်မချမ်းသာ ဖြစ်ရရုံအပြင် ဘာမှ ထူးမှာမ[illegible]ဘူး၊ လာ ကျုပ်နဲ့လိုက်ခဲ့၊ ရက်စတောရင့် သွားပြီးနဲ့စားရအောင်"ဟု ဆိုကာ မပြုံးတပြုံးလုပ်လျက်၊ "ကျုပ်ကို လန့်ပြီး မနေနဲ့၊ ဒီတစ်ခါ ဣန္ဒြေစောင့်ပါတယ်"ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြရီမှာ ကျော်အေး၏ စိတ်တန်ခိုးဖြင့် ညှို့ငင်ထားခြင်း ခံရသကဲ့သို့ ရှိနေကာ ခေါင်းညိတ်လိုက်မိသည့်အလျောက် မကြာမီ သပ်ရပ်ခမ်းနားစွာ ခင်းကျင်းထားသော ဟိုတယ်အခန်းတစ်ခုထဲသို့ ရောက်ရှိနေသည်ကို သိရလေ၏။

ထိုအခါ မြရီသည် တစ်စုံတစ်ခု တွေးမိသကဲ့သို့

"ကိုကျော်အေး ရှင် ဒီလာနေတာ ဟိုမှာ လက်ထပ်ပြီးရောပေါ့"

ဟု ပြောလေ၏။

"အို. . . ဂရုစိုက်လို့ မမြရီရယ်၊ အခု မမြရီကို တွေ့ပြီမဟုတ်လား၊ ကျုပ် ဒီကမ္ဘာကြီးမှာ ဘာမှပူစရာ ဂရုစိုက်စရာ မရှိတော့ဘူး"

ဟု ဆိုပြီးလျှင်

"မမြရီ ဘာပြုလို့ ဟိုအိမ်က ထွက်ပြေးရသလဲ၊ ဒါလောက်ပဲ ကြောက်သလား ကျုပ်ကို"

ဟု မေးလိုက်လေ၏။

မြရီ၏ ပါးကလေးမှာ နီမြန်းလာလေ၏။ နူန်းခွေပျော့ကျနေသော စိတ်များသည် ထကြွလာကာ မာနစိတ်၊ မဟုတ်မခံစိတ်ရှိသည့် ယခင်မြရီ ပြန်၍ ဖြစ်လာလေ၏။

"ကျွန်မ ရှင့်ကို ကြောက်လို့မဟုတ်ဘူး၊ ဒါပေမဲ့ ကျွန်မ ဟိုလိုနေရတာတွေကို ငြီးငွေ့လွန်းလို့ ထွက်လာတာပဲ၊ ကိုထွန်းဝေကိုလည်း ကျွန်မ ကြံစည်သလို လက်စားမချေချင်တော့ဘူး၊ မေတ္တာစစ် တန်ခိုးပြန်ပြီး တိုက်ယူချင်လို့ပဲ"

"တကယ်ပဲ မမြရီ ဒီလိုစည်းစိမ်တွေ မခံစားချင်ဘူးလား"

"ဟင့်အင်း ဒါတွေ အလကားပဲ၊ အပ်ရိကာ စိတ်ချမ်းသာမှုတွေဆိုတာ သိရပြီ၊ လောကမှာ အချစ်နဲ့ ကင်းမဲ့ရင် အလကားပဲ"

မြရီသည် ထက်မြက် သွက်လက်စွာ ပြောလိုက်သော်လည်း အသံ



မှာ ကပ်နေလျက် ငိုသံပါ၍လာသဖြင့်၊ မျက်ရည်ကျလျှင် ကျော်အေး မမြင်စေရအောင် တစ်ဘက်သို့ မျက်နှာလွှဲလိုက်လေ၏။

"ဒါပေမဲ့ မမြရီရဲ့အချစ် ဆုံးခဲ့ပြီမဟုတ်လား၊ အခုအချိန်မှာဆိုရင် မောင်ထွန်းဝေနဲ့ တင်တင်ဦးတို့ လက်ထပ်ပြီးလို့ လင်မယားအဖြစ် ရောက်ကုန်ကြပြီ၊ ဆုံးရှုံးပြီးတဲ့ဟာကို မျှော်လင့်နေလို့ အလကားပဲ၊ ကိုယ့်ကိုယ်ကို ဘဝသစ်ထူပြီး အချစ်သစ်ရှာဖို့ပဲ လိုတော့တယ်"

မြရီသည် တွေဝေငေးစိုက်၍ နေလေ၏။ ထိုအခိုက်တွင် ကျော်အေး၏ လက်များသည် စားပွဲပေါ်တွင် လက်ချောင်းချင်း ပူးယှက်၍ တင်ထားသော မြရီ၏လက်ကို ဆုပ်ကိုင်လိုက်ရာ၊ မြရီသည် တွန့်ရုတ်လိုက်သော်လည်း ကျော်အေးက ပို၍တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်၏။

"မမြရီ၊ ကျုပ်ပြောစရာရှိလို့ ကောင်းကောင်း နားထောင်စမ်းပါနော်၊ဟုတ်လား၊ ကျုပ်ဟာလေ. . . ဟိုအိမ်က မမြရီထွက်ပြေးတာ သိရတာနဲ့ တစ်ပြိုင်နက် သိပ်ပြီး ဒေါသဖြစ်သွားမိတာပဲ၊ စိတ်ဟာလည်း တိုနေပြီး ၃-၄ ရက်ဟာ ဘယ်သူနဲ့မှ စကားမပြောချင်အောင် ဖြစ်နေတယ်၊ ပထမဦးဆုံး မမြရီကို လိုက်ပြီးရှာမလို့ ကြံတာတောင် ဒေါသစိတ်ရောရှက်စိတ်ရောမွှန်ပြီး မရှာတော့ဘူး၊ ဒီလိုနဲ့ ရက်နည်းနည်းကြာလာတော့ ကျုပ်ဟာ အခုလိုဖြစ်နေတာ ဒေါသကြောင့်သာ မဟုတ်ဘဲ ချစ်နေလို့ဆိုတာကို စဉ်းစားမိတော့တာပဲ"ဟု ပြောရာက၊ ကျော်အေး၏လေသံမှာ ပျော့ပြောင်း၍လာကာ "အဲဒီနောက်မှာ မြကိုလိုက်ပြီး ရှာမဲ့ဆဲဆဲ ဦးလေးတစ်ယောက် မမာလို့ မန္တလေးကို လိုက်သွားရတယ်၊ အခု ကျုပ် သူဌေးဖြစ်နေပြီ၊ ဦးလေးဆုံးလို့ အမွေရတော့မယ်၊ မြ. . . မြကို ကျုပ်သိပ်ချစ်တယ်၊ လိုချင်တယ်၊ မြ လိုချင်တယ်ဆိုသမျှကို ပေးပါ့မယ်" ဟု ပြောပြလေ၏။

"ဟုတ်လား၊ ကျွန်မကိုတော့ လက်ထပ်မယူနိုင်ဘူးပေါ့ ဟုတ်လား"

ကျော်အေးသည် တွေဝေနေပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



"မြကို လက်ထပ်ယူရင် အဆင့်အတန်းချင်း မတူဘူးလို့ လူတကာ ပြောမှာကိုတော့ မခံနိုင်ဘူး၊ ယူပြီး မှ လူသိလို့ ကိစ္စမရှိဘူး၊ လက်ထပ်ယူယူ သဘောတူယူယူ အတူတူပဲ မဟုတ်လား မြရယ်၊ မြအတွက် ငွေ ၃၀၀၀- အကုန်ခံပါ့မယ်၊ မြသဘောရှိ လုပ်ချင်တာလုပ်ပစ်၊ ကျေနပ်တယ်"

ဟု ပြောလေ၏။

"အို. . . ဒီငွေလည်း မလိုချင်ဘူး၊ ဒီလိုလည်း မယူချင်ဘူး၊ ဒီလိုယူပြီးနောက်မှ ခလေးစရိတ် တောင်းရတဲ့ဘဝမျိုး၊ ရုံးမှာ အပျော်မယား ဖြစ်အောင် ရှေ့နေတွေ ပြောတာမျိုး မခံနိုင်ဘူး"

"မမြရီ သေသေချာချာ စဉ်းစားပါ၊ လက်ထပ်တယ်ဆိုတာ ပကာသနတွေပါ၊ လက်ထပ်ပြီး ပျက်ကြတာတွေလည်း အများကြီးပဲ"

"ဒီစကားတွေ ကျွန်မလည်း ပြောတတ်ပါတယ်၊ ဘာမှ စဉ်းစားစရာ မလိုဘူး၊ တကယ်လို့ ကျွန်မမှာ ငွေသုံးထောင် အရေးတကြီးလိုပြီး တစ်ခြားဘယ်နေရာကမှ ရှာမရနိုင်ဘူးဆိုရင်တော့ စဉ်းစားဖြစ်ကောင်း စဉ်းစားမိလိမ့်မယ်"

ဟု ဆိုကာ စားပွဲမှ ထလိုက်လေ၏။

"ဘယ်လဲ မမြရီ"

"ပြန်တော့မယ်၊ ဒီနေ့တော့ ကျွန်မစိတ်ထဲမှာ တွေးပြီး မချမ်းသာ ဖြစ်နေပြီ၊ မျက်စေ့ထဲမှာ ကိုထွန်းဝေနဲ့ ဟိုတစ်ယောက် ပျော်မြူးနေကြတာကိုပဲ မြင်မြင်နေတယ်၊ နေလို့မရဘူး၊ အိမ်ပြန်ချင်ပြီ"

"အို. . . ဒီလိုဆိုရင် ကျုပ်လိုက်ပို့မှာပေါ့"

ဟု ဆိုကာ ကော်အေး လည်း ထိုင်ရာမှထကာ၊ နှစ်ယောက်သား အခန်းထဲမှ ထွက်သွားကြလေ၏။

□



ထိုညကား လဆာလေးသည် ကြည်လင်စွာ သာယာလျက် ရှိလေ၏။ ချာချီလမ်းရှိ ကျယ်ဝန်းသော အိမ်ကြီးတစ်ဆောင်၏ အိမ်ရှေ့လသာခန်းတွင် ထိုင်လျက်ရှိကြသော ညားခါစ ဇနီးမောင်နှံတို့သည် အရှေ့ဘက်ရှိ သစ်တိုပင်ကြီး၏ အရွက်များအကြားမှ ထိုးထွင်းထွန်းလင်းသော မှုံမွှားသော လရောင်အောက်တွင် ပျော်ရွှင်ကြည်နူးလျက် ရှိကြလေ၏။

"ကိုကို ကိုကို့စိတ်ထဲမှာ ဘယ့်နှယ့်နေသလဲ၊ သိပ်ပျော်တာပဲလား"

ထွန်းဝေသည် စောစောက ပျော်ရွှင်လျက်ရှိရာ တင်တင်ဦးက ထိုသို့ မေးလိုက်သည့်အခါမှ မြရီကို ပြေး၍သတိရမိပြီးလျှင် ယခင်အခါက အဖြစ်အပျက်များကို တွေးမိကာ၊ ယမန်နေ့ညက မြရီအား ပွေ့ပိုက်ထားရသည့် အတွေ့ကို ယခုပင် တွေ့ထိနေရသကဲ့သို့ အောက်မေ့မိလေ၏။ ထို့နောက်မှ

'ဟယ်. . . . ငါ ဒါတွေတွေးဖို့ မတော်ပါဘူး၊ တင်တင်ဦးရှိနေပြီ၊ လင့်ဝတ်ငါးပါးနဲ့ ညီညွတ်စွာ ပေါင်းပါ့မယ်ဆိုတဲ့ ကတိကို လူကြီးစုံရာရှေ့မှာ ထားခဲ့ပြီးပြီ'

ဟု နှလုံးပြုကာ မြရီအား တွေးမိသောစိတ်ကို ဖျောက်ဖျက်လိုက်ရလေ၏။

"တင်တင်. . . တင်တင်ဟာ မိန်းမထဲမှာတော့ ရှားပါပေတယ်၊ မမြရီ နဲ့ ဖြစ်တာတွေ ကြားရ မြင်ရတာတောင် မနာလိုဝန်တို မရှိဘဲ သဘောထား ကြီးပါပေတယ်၊ ဒီလို မိန်းမျိုးကိုရတာ မပျော်ဘဲ နေပါ့မလား၊ သိပ်ပျော်တာပေါ့၊ တင်တင်ဟာ ကိုကို့အပေါ်မှာ ဘယ်အခါမှ ကောက်ကျစ်စဉ်းလဲ မလုပ်ဘူးဆိုတာ ယုံကြည်ပါတယ်၊ ဒီလိုလုပ်ရင်လည်း ကိုကို ဘယ်လိုလုပ်မယ်ဆိုတာ အရင်ပြောဖူးတာ မှတ်မိတယ် မဟုတ်လား"

တင်တင်ဦးမှာ ကျောချမ်းသကဲ့သို့ တုန်၍သွားပြီး

"အို အချစ်ရယ်၊ ဘာတွေလျှောက်တွေးပြီး ပြောနေတာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



တင်တင် ကိုကို့ကို အသက်နဲ့လဲ ပြီးချစ်တာ၊ မတော်တာ လုပ်ပါ့မလား”

ဟု ပြောလေ၏။

ထိုအခိုက်တွင် ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ အစေခံတစ်ယောက်သည် အနားသို့လာရန် မရဲတရဲ ရပ်၍နေသည်ကို တွေ့ရလေ၏။

“ဘာလဲ၊ အနားလာစမ်း”

ဟု တင်တင်ဦးက ခေါ်လိုက်လေ၏။

“ဟို . . မမကို တွေ့ချင်လို့တဲ့၊မိန်းကလေးတစ်ယောက် လာပါတယ်”

“နာမည် ဘယ်သူတဲ့လဲ”

“မေးလို့လည်း မရပါဘူး၊ တွေ့ချင်တယ်လို့ ပြောနေတာပဲ”

ထွန်းဝေသည် တွေလျက်၊ ဘယ်သူများပါလိမ့်ဟု စဉ်းစားနေလေ၏။ တင်တင်ဦးမှာမူ စိတ်ချောက်ချားလျက်ရှိကာ

“ဘယ်သူဖြစ်ဖြစ်၊ မတွေ့ ချင်ဘူး၊ ဒီအချိန်မှာ ဧည့်သည်လက်ခံတဲ့အချိန်မဟုတ်ဘူး ပြောလိုက်”

ဟု ဆိုလေ၏။

ထိုအခိုက် “မတွေ့ချင်ပေမဲ့ မရဘူးရှင့်”ဟူသော အသံကို ကြားလိုက်ရသည်တွင် တင်တင်ဦးမှာ မျက်နှာတွင် ဖြူဖတ်ဖြူရော် ဖြစ်သွားလေ၏။ အသံလာရာသို့ ကြည့်လိုက်ရာ အစေခံ၏နောက်တွင် ရပ်နေသော ညွန့်ခင်ကို တွေ့ရလေ၏။

“အရင်တစ်ခါသာ လိမ်လို့ရမယ်၊ ဒီတစ်ခါတော့ လိမ်လို့မရဘူး၊ လိမ်မရအောင် ညာပြီး ထုတ်မပစ်နိုင်အောင် ရှင်တို့အစေခံနောက်က လိုက်ပြီး လာခဲ့တာပဲ”

ဟု ပြောပြောဆိုဆို အစေခံကိုကျော်၍ ရှေ့လျှောက်လာလေ၏။

ထွန်းဝေမှာ စဉ်းစား၍မရနိုင်ဘဲရှိကာ အံ့သြသောမျက်နှာဖြင့်



“ဘာလဲ ဘယ့်နှယ့်လဲ ဘယ်လိုဖြစ်ကြတာလဲ”ဟု မေးလိုက်လေ၏။

ညွန့်ခင်သည် တင်တင်ဦးအား သရော်သော မျက်နှာမျိုးဖြင့် မေးငေါ့ညွှန်ပြကာ “သူ့ကိုပဲ မေးကြည့်တော့လေ”ဟု ဆိုပြီးလျှင် စိတ်မပါသော ရယ်ခြင်းဖြင့် တမင်လုပ်၍ ရယ်ပြီးနောက် “သူ့ဆီက ကျွန်မ ငွေငါးရာထက်မနည်း ရစရာရှိတယ်၊ ဒီငွေကို ပေးပါ့မယ်လို့ သူ ကတိပေးထားပြီး အခုတော့ သူလိမ်မလို့ ကြံနေတယ်၊ အစက မြအပေါ်မှာ ကိုထွန်းဝေ အထင်သေးအောင် ကျွန်မလုပ်ပေးမယ်ဆိုရင် ဒီငွေ ပေးပါ့မယ်လို့ သူကတိပေးထားပြီးသား၊ ကျွန်မလည်း သူ့စကားအတိုင်း ကိုထွန်းဝေအထင်လွဲအောင် မြကို ကိုကျော်ဒွေးနဲ့ တိတ်တိတ်ပုန်းထားတဲ့ အနေမျိုးရောက်အောင် လုပ်ပေးတယ်၊ အခု သူ့အလိုပြည့်လို့ ကျွန်မကို တစ်ပတ်ရိုက်ဖို့ ကြံတယ်၊ ဘာရမလဲ” ဟု ပြောပြလေ၏။

ထွန်းဝေမှာ ဦးနှောက်ထဲတွင် ရှုပ်ထွေးပွေနှောက်၍ သွားရကား ညွန့်ခင်ပြောသော စကားကို ကြားလိုက်ရလျက်နှင့်ပင်၊ မည်သည့်စကားများ ပြောသွားသည်ကို မကြားမိသကဲ့သို့ ငေးမှိုင်ကာ ငိုင်တိုင်တိုင်ကြီး ဖြစ်နေလေ၏။ တင်တင်ဦးမှာလည်း ကြက်သေ,သေ၍နေကာ ရုတ်တရက် မည်သို့မျှ ပြန်၍မပြောနိုင်ဘဲ ရှိလေရာ ခဏမျှ ငြိမ်သက်၍ နေကြလေ၏။

ထို့နောက်မှ တင်တင်ဦး၏ မျက်နှာတွင် အလိမ်ပေါ်သူ၏ အရှက်မျိုးနှင့် ဒေါသရောင် လွှမ်းမိုးလာပြီးလျှင်

“ရှင် ဘာတွေ လာပြောနေသလဲ၊ ရှင်ရူးနေသလား သွားပါ”

ဟု ဆိုလိုက်လေ၏။

“ဟဲ ဟဲ ရယ် ရယ်ချင်သေးတော့တယ်၊ သူကပဲ တစ်ပြန်ကြီး ရူးနေသလားတဲ့၊ ရှင်သာ ကျွန်မကို လိမ်လို့ရမယ်ထင်တာ ရူးလို့ထင်တာ၊ လိမ်လို့များဖြင့် ဘယ်အခါမှ မရဘူးမှတ်လိုက်ပါ၊ ရှင်လိမ်သမျှကို ရှင့်ယောကျ်ားအကုန်သိအောင် ဖော်မယ်၊ ရှင်တို့ ညားကာစ ပထမညမှာ ပျော်ကြမယ်

www.burmeseclassic.com

www.burmeseclassic.com



ကြဲသမျှ စိတ်ညစ်ကုန်ကြရမယ်"

ထွန်းဝေသည် ယခုမှ သတိရလာပြန်သကဲ့သို့

"နေပါဦး၊ မေးတာ ကို ပြောကြစမ်းပါဦး၊ ဘယ်လို ဖြစ်ကြတာလဲ"

ဟု ကြုံး(?)မေးလိုက်ပြန်လေ၏။

"အို. . . ဘာမှမဟုတ်ပါဘူး၊ အလကားပါ ဒီမိန်းမရှူးလို့ လာပြ... တွေ့ဂရာတွေ စွပ်စွပ်စွဲစွဲ ပြောနေတာပါ၊ နားမထောင်စမ်းပါနဲ့"

"ဘာရှင့်. . . ရှင်ဒီလိုပြောတိုင်း ဖြစ်မလား" ဟု ဆိုပြီးလျှ... ညွန့်ခင်သည် ထွန်းဝေဘက်သို့ လှည့်ကာ၊ "ဒီလိုရှင့်. . မြကို ရှင့်စိတ်ထဲမှာ... မိန်းမပျက်ကလေးတစ်ယောက်၊ ရှင့်အပေါ်မှာ ဖောက်ပြန်တဲ့သူ တစ်... ယောက်ဖြစ်တယ်လို့ အထင်ရှိအောင် လုပ်ပေးရင် ကျွန်မကို ငွေငါးရာ... ပေးမယ်လို့ ကတိပေးထားတယ်၊ နောက် ကိုကျော်အေးနဲ့ မြကို လူအမျာ... တစ်မျိုးတစ်မည် ထင်အောင် လုပ်ပေးဖို့ ပြောတယ်"

"ကိုကို သူ့စကားကို နားမထောင်စမ်းပါနဲ့၊ အလကား စကားတွေ... ပါ"

ထွန်းဝေမှာ ညွန့်ခင်၏ စကားအားလုံး နားထဲသို့ ဝင်သွားပြီဖြစ်... လေ၏။ ထိုသို့ နားဝင်ကာ မိမိကိုရလို၍ တင်တင်ဦးသည် မိမိတို့အချစ်... ပရိယာယ်ဖြင့် ခွဲလေပြီဟု တွေးမိလျက်၊ ချက်ခြင်း ဒေါသမီး တောက်လော... လာကာ တင်တင်ဦးအား နီရဲသော မျက်လုံးကြီးများဖြင့် စိုက်၍ကြည့်ပြီးလျှ... လက်သီးကိုဆုပ်၍ အံကြိတ်လျက်

"ဟင် တင်တင်ဦး ဒါ မင်းအကြံတွေ ပေါ့လေ၊ ဒီအတိုင်းမှန်ရ... အကိုက်ပဲ၊ ဟိုတုန်းက ပြောပြီးမဟုတ်လား၊ ငါ့ကို ကောက်ကျစ်မယ်... လိမ်မယ်ဆိုရင် သတ်ပစ်မယ်လို့ပြောတာ မှတ်မိသေးရဲ့လား၊ အခု မင်... လုပ်တာ. . ."

ဆိုရာက ထွန်းဝေမှာ ဆက်၍မပြောနိုင်တော့ဘဲ၊ ဦးနှောက်ထဲတွင်...



မူးနောက်သွားသကဲ့သို့ရှိကာ မျက်စိမှိတ်လျက်၊ ဦး ခေါင်းကိုမော့၊ မျက်နှာကို လက်ဝါးနှင့်အုပ်ရင်း

"ပြော်. . . မိန်းမ. . . မိန်းမ အားလုံး ဒါမျိုးချည်းပါကလား၊ ဘယ်မိန်းမမှ မကောင်းဘူး"

ဟု ညည်း တွားလိုက်လေ၏။

"သူတော့ဖြင့် မကောင်းတာ အမှန်ပဲ"

ဟု ညွန့်ခင်က ပြောပြပြီး နောက် တင်တင်ဦးဘက်သို့ လှည့်ကာ

"ကျွန်မသာ ကြားကဝင်မရှုပ်ပေးရင် ကိုထွန်းဝေကို ရပ့်မလား၊ ကိုထွန်းဝေလည်း ရှင့်ကို ယူမှာမဟုတ်ဘူး၊ မြကိုပဲ ယူမှာ၊ အခု ရှင်လိုချင်တဲ့လူကို ရပြီးလို့ ငြမ်းကြီးကို ဖျက်တော့မယ်ပေါ့လေ၊ ဒါပေမဲ့ ကြည့်နေပါ၊ ရှင် သူ့ကိုရပေမဲ့ ရေရှည်အဖို့ ရှင့်ဘဝဟာ ပျော်စရာရှိမှာ မဟုတ်ဘူး၊ ရှင့်အကြောင်းကို ရှင့်ယောက်ျားရှေ့မှာ ဖော်ပြီး ပြောလိုက် ရတဲ့အတွက် ရှင့်ငွေမရပေမဲ့ ကျွန်မ ကျေနပ်ပြီ၊ ဒီအကြောင်းတွေ သိရက်နဲ့ မှ ရှင့်ယောက်ျား ရှင့်ကို ကြည်ဖြူနေရင်ဖြင့် အံ့ဩစရာပဲ"

ဟု ဆိုပြီးလျှင်၊ ညွန့်ခင်သည် ဆောင့်အောင့်၍ ခြေနင်းကာ... အိမ်ပေါ်မှ ပြန်၍ ဆင်းသွားလေ၏။

ညွန့်ခင် ထွက်၍သွားပြီးနောက် ထွန်းဝေသည် ဒေါသမီး တောက်လောင်လျက်ပင်ရှိကာ၊ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာက၊ ဝရန်တာသို့ ထွက်၍ တင်တင်ဦးအား ကျောပေးလျက် လမ်းဘက်သို့ ကြည့်ကာ ဆုပ်ထားသော လက်နှစ်ဘက်ကို ကျောနောက်တွင် ပစ်လျက်ထားပြီးလျှင် တဟီးဟီးနှင့် ဒေါသကို ဖိနှိပ်၍ မရနိုင်ဘဲ ရှိလေ၏။

"ကိုကို ဟိုကောင်မပြောတာတွေ တကယ်ပဲ ယုံနေသလား"

ထွန်းဝေသည် နောက်သို့ လှည့်မကြည့်ဘဲ

"မယုံဘူးလို့ မပြောနိုင်ဘူး၊ ယုံမယ်ဆို ယုံစရာပဲ၊ သူပြောသလို...

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာတွေလည်း တွေ့နေရသား ပဲ"

ဟု ဆိုပြီးလျှင်

"လက်ထပ်တဲ့ညဦးမှာ ဒီလိုဖြစ်ရတာ မကောင်းလိုက်တာ"

ဟု ပြောလေ၏။

"ဒီလို မိန်းမပေါ့ တစ်ယောက်ရဲ့စကားကို တင်တင်ရဲ့ စကားထက် ပိုပြီး အရေးစိုက်နေရသလား၊ မြရီဆိုတာလည်း ကောင်းတာမဟုတ်ဘူး၊ မျက်စိနှစ်လုံး ခေါင်းတစ်ခုရှိတဲ့လူတိုင်း မြရီ ဘယ်အစားဆိုတာ သိနိုင်တယ်"

ထွန်းဝေသည် ဆတ်ကနဲ နောက်သို့လှည့်ပြီးလျှင်

"မမြရီကို ဒီလို မပြောပါနဲ့၊ သူ့ကို ငါချစ်တယ်၊ ယူမယ်လို့လည်း ကြံတယ်"

ဟု ပြောလိုက်လေ၏။

"သူ့ အယုတ်တမာမ ထိလို့ နာသလား၊ ဒီ အယုတ်တမာမ လက်ထဲက လွတ်အောင် သူများလုပ်ပေးတာကို ဝမ်းမသာဘူးပေါ့လေ၊ သူ့ကိုသာ ကိုကိုယူရင် ကိုကို ဘယ်အခြေ ဘယ်ဘဝ ရောက်မယ်ဆိုတာ တွေးရဲ့လား"

"ဒါဖြင့် ညွှန့်ခင်ပြောတဲ့အတိုင်း မင်းလုပ်တာ အမှန်ပဲလို့ ဝန်ခံရာ ရောက်တာပေါ့ ဟုတ်လား၊ ငါ့ကို မကောင်းကြံတာပေါ့"

ဟု ကြောက် မက်ဖွယ်ကောင်းသော အသံကြီးဖြင့် မေးလိုက်လေ၏။

တင်တင်ဦးသည် ကြောက်ရွံ့တုန်လှုပ်ကာ ခပ်ကုပ်ကုပ် နောက်ဆုတ်လိုက်လေ၏။ ထွန်းဝေ၏ ခက်ထန်တင်းမာသော မျက်နှာကြီးသည် တစ်စုံတစ်ရာ ပြုလုပ်တော့မည် အထိမ်းအမှတ် ပြနေသကဲ့သို့ ထင်မြင်မိလေ၏။

"ဒါပေမဲ့ ကိုကိုရယ်၊ တင်တင်တို့ လက်ထပ်ပြီးကြပြီ မဟုတ်လား၊ အရင်က ပြီးတာ ပြီးပါစေတော့၊ လက်ထပ်စဉ်မှာ ကိုကို တင်တင့်ကို ချစ်ပါ့မယ်၊ ပြုစုပါ့မယ်ဆိုပြီး လူကြီးစုံရာရှေ့မှာ ပြောခဲ့တဲ့. . "



"ဘာ ကိုယ့်လင်အပေါ်မှာ အကောက်ကြံတဲ့ မိန်းမကို ချစ်နိုင်ပါ့မလား၊ မင့် ငွေကို လိုချင်သလောက် ပေးမယ်၊ အချစ်ကလွဲရင် ဘာမဆို ပေးမယ်၊ မင့်ကိုတော့ဖြင့် မချစ်နိုင်၊ မယူနိုင်တော့ဘူး"

ဟု ဆိုကာ၊ ထွန်းဝေသည် အိမ်ပေါ်မှ ဆင်း၍ သွားတော့မည့် အမူအရာဖြင့်၊ ဒေါသကြီးစွာ လျှောက်၍လာရာ တင်တင်ဦးသည် ချက်ခြင်းပင် မျက်ရည်များ ယိုစီး၍ ကျလာပြီးလျှင်

"ကိုကို. . . ကိုကို ဘယ်ကိုလဲ ကိုကိုရဲ့၊ မသွားပါနဲ့၊ တင်တင့်ကို ပစ်ခဲ့တော့မှာလား ကိုကိုရဲ့"

ဟု ဆို၍ အတင်းပြေး၍ ဖက်ကာ

"ကိုကို့ကို ချစ်လွန်းလို့ လိုချင်လို့ ဒီလိုလုပ်မိတာ၊ ကိုကို မချစ်တော့ဘူးလား ကိုကိုရဲ့"

ဟု ဆို၍ ထွန်းဝေ၏ရင်ခွင်ကို ခေါင်းနှင့် ပွတ်လိုက်လေ၏။

"ခွေးတိရစ္ဆာန်မ သွား. . . ငါ့ကို ဒီလို မျက်ရည်ခံထိုးလို့ မရဘူး၊ ဖယ်. . . မဖယ်ဘူးလား. . "

ဟု ထွန်းဝေက ပြောရာတွင် တင်တင်ဦးသည် ဖွတ်အတင်းအကြပ် တိုး၍ဖက်ထားရာ၊ "သွားလေရှော့လဟယ်"ဟု ပြောပြောဆိုဆို ထွန်းဝေသည် မိမိလက်ကို ဆွဲရမ်းလိုက်ပြီး တင်တင်ဦးအား ခြေနှင့် တွန်းကန်လိုက်ရာ၊ တင်တင်ဦးသည် ချာလယ်ချာလယ်နှင့် လွင့်သွားရာက ကြမ်းပေါ်သို့ မျက်နှာနှင့် ကျသွားလေ၏။

ထိုသို့ မြင်လိုက်ရသည့် အခါမှ ထွန်းဝေသည် 'ဟယ်. . 'ဟု အသံထွက်ကာ သနားစိတ် ပေါ်လာပြီးလျှင်

"တင်တင်. . တင်တင် ဘယ်နာသွား သလဲ"

ဟု ပြောပြောဆိုဆို ပြေး၍ထူရာ၊ မလှုပ်မရှား ပျော့ခွေကြီး ဖြစ်လျက်၊ ပါးစပ်မှ သွေးများထွက်နေသည်ကို တွေ့ရသဖြင့်၊ မျက်လုံးပြူးကာ

www.burmeseclassic.com

www.burmeseclassic.com



မွှန်ထူ၍ သွားပြီးလျှင် ထိုသို့ ပွေ့ပိုက်ထားရင်းဖြင့် နဖူးမှ ဇောချွေးများ ယိုစီး၍ ကျလာလေ၏။

ညွန့်ခင်သည် တင်တင်ဦးထံမှ ငွေငါးရာကို မရသော်လည်း ထွန်းဝေ၏ရှေ့တွင် တင်တင်ဦး၏ အကြောင်းကို ပြောခဲ့ရခြင်းဖြင့်ပင် ကျေနပ်၍ နေခဲ့လေရာ၊ နောက်နေ့နံနက် သတင်းစာထဲ၌ မင်္ဂလာညဦးတွင် သတို့သမီး သေဆုံးသွားခြင်း ဟူသော သတင်းကို ဖတ်လိုက်ရသောအခါ အလွန်အမင်း ကျေနပ်ခြင်းဖြစ်လျက်၊ အသံများထွက်အောင် ရယ်မိလေ၏။

မြရီမူကား ထိုသတင်းကို တွေ့လိုက်ရသည်တွင် ထွန်းဝေအတွက် လွန်စွာ စိတ်မကောင်းဖြစ်မိလျက်

"ဟုတ်ပါ့မလား ညွန့်ရယ်၊ ဟုတ်မယ် မထင်ပါဘူး"

ဟု ညွန့်ခင်အား လှမ်း၍ ပြောလိုက်လေ၏။

ညွန့်ခင်သည် "ကြည့်လေ"ဟု ဆိုကာ လက်ထဲက သတင်းစာကို စားပွဲပေါ်မှ ဖြတ်ကျော်၍ ပစ်ပေးလိုက်ရင်း

"သတင်းစာထဲမှာ အထင်အရှားကြီး ပါနေတာ၊ မဟုတ်ဘဲ ထည့်ပါ့မလား"

ဟု ဆိုလေ၏။

"ဒီလိုဆိုရင် ကိုထွန်းဝေ ခက်တော့တာပေါ့"

"ဘယ်လို ခက်တာတုန်း"

"ဪ မင်္ဂလာဆောင်တဲ့ည အပျော်ဆုံး မဖြစ်ဘဲ၊ စိတ်အညစ်ဆုံး ဖြစ်ရတယ်ဆိုတာ လောကမှာ မကောင်းဆုံးပေါ့"

ညွန့်ခင်သည် ကောက်ကျစ်စဉ်းလဲသော ပြုံးခြင်းဖြင့် ပြုံးကာ

"ဒါ လောက်နဲ့တင် မပြီးသေးဘူး၊ ပိုပြီး ဒုက္ခရောက်ရဦးမယ်၊ အမှုဟာ ပေါ်ပေါ်ဆဆကလေး မှတ်လို့လား"

ဟု ဆိုလေ၏။



"နို့ သတင်းစာထဲမှာတော့ မတော်တဆဖြစ်တာလို့ အထင်အရှား ပါနေပါကလား"

"ဒါကတော့ သတင်းစာထဲ ပါသလောက် ပြောတာကိုး၊ ပုလိပ်က လည်း အခုအခါတော့ ဒါလောက်ပဲသိပြီး ဒီလိုဖြစ်တာ အမှန်ပဲလို့ ယုံနေတာပေါ့၊ ဒါပေမဲ့. . ."

ဟု ဆို၍ ညွန့်ခင်သည် မြရီ၏ စိတ်အာရုံ ပို၍ ညွတ်လာအောင် ဆွဲသည့်အနေဖြင့် ခေတ္တနားလိုက်ပြီးမှ

"တစ်ချို့ အချက်အလက်တွေ ပေါ်လာတဲ့အခါ ပုလိပ်တွေ အခု ထင်နေတာဟာ တစ်မျိုးပြောင်းသွားမှာ ပဲ၊ မပေါ်ဘူးလို့ ဆိုနိုင်မလား"

ဟု အတွင်းသိနေသည့်အလား ပြောပြလိုက် လေ၏။

"ညွန့်ပြောပုံက ဒီအကြောင်းတွေကို ညွန့်အကုန်သိသလို ကျနေ ပါကလား"

"ဆိုနေစရာ မလိုပါဘူး၊ လူသတ်မှုမှ အစစ်ပဲ၊ ညွန့်သိသမျှ ပုလိပ် ကို ပြောပြလိုက်ရင် ကိုထွန်းဝေ အခုနေ လက်ထိပ်ခတ်ခံနေရပြီ"

မြရီမှာ ရှူးနောက်ချင်သလို ဖြစ်မိကာ

"ဆိုပါဦး၊ ညွန့်က ဘယ်လို သိထားလို့တုန်း"

ဟု မေးလိုက်လေ၏။

"မနေ့ညက သူတို့ လင်မယားနှစ်ယောက်နဲ့ ညွန့်တွေ့ခဲ့တယ်၊ သွားတုန်းကတော့ တင်တင်ဦးနဲ့ ညွန့်နဲ့ နှစ်ယောက်တည်းဆိုင်တဲ့ ကိစ္စ တစ်ခုအတွက် သွားတာပဲ၊ ကိစ္စကတော့ တင်တင်ဦးဆီက ငွေရစရာကိစ္စ ပဲ၊ ဒီကိစ္စကို ကိုထွန်းဝေရှိနေပေမဲ့ မနေနိုင်ဘူး၊ သူ့ရှေ့မှာပဲ ဖွင့်ပြောလိုက် ရတာပေါ့၊ ဒါကိုသိရတော့ ကိုထွန်းဝေ ဒေါသထွက်သွားပြီး ဒါအမှန်ပဲလား၊ ဒီအတိုင်းမှန်ရင် သတ်ပစ်မယ်လို့ ပြောတာကို ညွန့်နားနဲ့ဆတ်ဆတ် ကြား ခဲ့ရတယ်၊ ကဲ. . . ဒီထက်ခိုင်လုံတဲ့ သက်သေရှိမလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ မြရီ၏ မျက်နှာတွင် သွေးမရှိသကဲ့သို့ ဖြစ်လာလေ၏။

ညွန့်ခင်သည် မြရီ၏ စိုးရိမ်ပူပန်ခြင်းကို ပိုမိုလေးနက်အောင် မျက်လုံး မျက်ဆန်ပြူးပြကာ၊ မိမိ၏စကားကို ဆက်လက်၍

"ဒီအတိုင်း ကိုထွန်းဝေ လုပ်မလုပ်တော့ မသိဘူး၊ ဒါပေမဲ့ ဒီစကား ပုလိပ်ကြားရင် ကိုထွန်းဝေ လည်ပင်းကို ကြိုးတပ်ပြီးသား ဖြစ်နေမှာပဲ၊ ညွန့်ထွက်လာပြီး သူတို့ရန်ဖြစ်၊ ကိုထွန်းဝေက တစ်ခုခုနဲ့ရိုက်၊ ပွဲချင်းပြီးသေ၊ ဒီလိုလည်း ဖြစ်နိုင်တာပဲ မဟုတ်လား"

ဟု ပြောလိုက်လေ၏။

မြရီသည် တုန်လှုပ်ချောက်ချားသော အမူအရာဖြင့် လေကို လက်စမ်း၍ ဆုပ်ကိုင်ရှာဖွေသကဲ့သို့ ကြောင်တောင်တောင် ဖြစ်သွားရာက

"ကိုထွန်းဝေ ဒီလိုပြောပေမဲ့ ဒီစကားကိုတော့ ပုလိပ်မသိပါစေနဲ့ ညွန့်ရယ်"

ဟု တောင်းပန်ရှာလေ၏။

ညွန့်ခင်က ဟက်ဟက်ပက်ပက် ရယ်ကာ

"အို. . . မြ ဘယ့်နဲ့ ပြောတာလဲ၊ ပုလိပ်ကို သတင်းပေးရင် ဆုငွေ အကြီးအကျယ်ရမဲ့ ကိစ္စကို၊ မြက တားရသလား မြရယ်"

ဟု ဆိုလေ၏။

"ဒီလိုဆိုရင် ညွန့်ငွေရလို့မှ တစ်ခုနဲ့ ကိုထွန်းဝေရဲ့ဘဝ ဆုံးရတော့မှာလား ညွန့်ရယ်"

ဟု မြရီက ပြန်ပြောလေ၏။ မြရီ၏ မျက်နှာမှာ ဖျော့ရော် နေလျက်၊ အလွန်ထိတ်လန့်သော အမူအရာများ ပေါ်ပေါက်လျက်ရှိပြီး လျှင် ညွန့်ခင်၏ ကြင်နာကင်းမဲ့လျက်၊ ကိုယ့်ဖို့သာ သိတတ်ခြင်းကို ပထမ ဆုံးအကြိမ် တွေ့ရှိမြင်သိရသည့် အနေဖြင့် ညွန့်ခင်၏ မျက်နှာကို စိုက်၍ ကြည့်နေလေ၏။



"အို. . . . ညွန့်နဲ့ ဘာဆိုင်လို့ ကိုထွန်းဝေအတွက် ငဲ့ကွက်နေရမှာလဲ၊ မြနဲ့ရော ဆိုင်မှမဆိုင်တော့ဘဲ၊ မြကို မချစ်လို့တောင် စွန့်ခဲ့ပြီ မဟုတ်လား"

"တောင်းပန်လို့ မရတော့ဘူးလား ညွန့်ရယ်၊ ညွန့်လိုချင်တာ ပြောပါ"

"ညွန့် ငွေလိုချင်လို့ ဒီအကြံ ကြံတာပဲ၊ ပုလိပ်ဆီက မရလို့ တစ်ခြားနည်းက ရမယ်ဆိုလည်း ပြီးတာပါပဲ၊ မြ ဒီလိုပြောတာ မြပေးနိုင်လို့လား"

မြရီသည် ဘာမျှမပြောဘဲ တွေဝေ၍နေရာက၊ ပြူတင်းပေါက်ဆီသို့ သွား၍ရပ်ကာ လမ်းပေါ်သို့ စိုက်ကြည့်နေလေ၏။ သို့ရာတွင် မြရီ၏ မျက်စိထဲ၌ လမ်းပေါ်၌ သွားလာလှုပ်ရှားနေသည့် အရာဝတ္ထုတို့ကို မမြင်ရဘဲ ထွန်းဝေကို ပုလိပ်တို့ လက်ထိတ်ခတ် ခေါ်သွားပုံ၊ ဂါတ်တဲ၌ ရိုက်နှက်စစ်ဆေးပုံ၊ ထောင်ထဲ၌ နှိပ်စက်ညှင်းဆဲ ခံရပုံ၊ ရုံးမင်း၏ ကြောက်မက်ဖွယ် စီရင်ချက်ချပုံတို့ကို တရေးရေး ထင်မြင်ပြီး ကြိုးစင်ရှိရာသို့ သွားနေသော အခါ ရှေ့သို့ ဆက်လက် မတွေးဝံ့တော့ဘဲ မျက်နှာကို လက်မောင်းနှင့် အုပ်ကာ အိမ်တွင်းသို့ ဝင်ပြေးခဲ့လေ၏။

မြရီ၏စိတ်ထဲ၌ ထွန်းဝေ ဘဝဆုံးတော့မည်ကို တွေးမိကာ၊ ထွန်းဝေအပေါ်၌ နှစ်နှစ်ကာကာ ချစ်ခဲ့သည့် အချစ်သည် ထွန်းဝေ ထိုသို့ဖြစ်သွားရမည်ကို မခံနိုင်၊ တစ်နည်းနည်းအားဖြင့် ဖြစ်တော့မည်ဟူ စိတ်နှလုံး ပြုမိလေ၏။

မြရီသည် အတန်ကြာ တွေဝေပြီးမှ

"ညွန့် ဘယ်လောက်ရရင် ကျေနပ်မလဲ"

ဟု မေးလိုက်လေ၏။

ညွန့်ခင်သည် မြရီကိုကြည့်၍ စဉ်းစားနေပေ၏။ မြရီ၌ ထိုမျှငွေ ဘယ်အခါမျှ မရှိနိုင်မည်ကို သိ၏။ သို့သော် တစ်စုံတစ်ခုသော နည်းအား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရှာလှျှင်ရနိုင်မည်ဟု တွေးကာ "တစ်ထောင်ရမှ ဖြစ်နိုင်မည်"ဟု ဆိုလိုက်လေ၏။

"တစ်ထောင်. . . များလှချည့်လား ညွန့်ရယ်"

"မြနဲ့ ညွန့်တို့မှာ ဆိုရင်တော့ များတာပေါ့၊ ပိုက်ဆံရှိတဲ့လူမှာ ဒီလောက်ငွေလောက်ဟာ ဆေးလိပ်ဖိုးပဲ ရှိတယ်၊ ကိုထွန်းဝေအသက်ကို တစ်ထောင်လောက်မှ မတန်ဘူး ထင်ရင်လည်း ကြိုးပေးခံရတာ နှမြောစရာ မရှိပေဘူးပေါ့"

မြရီသည် ထိုမျှငွေကို အဘယ်မှာ ရနိုင်ပါမည်နည်းဟု တွေး၍မရနိုင်ဘဲ ရှိလေ၏။ ထိုအခိုက်မှာပင် မြက သဘောတူတယ်ဆိုတာနဲ့ တစ်ပြိုင်နက် ငွေသုံးထောင် ထုတ်ပေးမယ်ဟု ပြောလိုက်သော ကျော်အေး၏ စကားများကို ကြားယောင်ယောင် ဖြစ်ပေါ်လာကာ ထိုငွေလက်ခံလျှင် မိမိကိုယ်ကို အပ်လိုက်ရတော့မည်ဟု တွေး၍ ကြက်သီးထမိလေ၏။ သို့ဖြစ်ရကား မြရီမှာ မိမိကိုယ်ကို အနစ်နာခံမည်လော၊ ထွန်းဝေကိုသာ အဆုံးခံမည်လောဟု ဝေခွဲစရာ ဖြစ်လာလေ၏။

"ကဲ ဒီကိစ္စကို မြ မနိုင်ရင်လည်း ကြာကြာ စဉ်းစားမနေနဲ့တော့၊ ညွန့်တော့ ငွေအရေးကြီးနေပြီ၊ ပုလိပ်ဆီ သွားတော့မယ်"

ဟု ညွန့်ခင်က အကြပ်ကိုင်လိုက်ရာ. . .

"ညွန့်. . . နေပါဦး၊ ညွန့် မသွားပါနဲ့ဦး"ဟု မြရီသည် ရုတ်တရက် လှမ်း၍ တားလိုက်လေ၏။ မြရီမှာ ထွန်းဝေကို ကရုဏာစောသည့် ဇောနှင့် တားလိုက်မိရာ ထိုသို့ တားလိုက်မိပြီးမှ မှားပြီ-ငါမှားပြီ ငါမချစ်တဲ့လူ လက်ထဲကို ငါ့ ကိုယ်ကလေး အပ်လိုက်ရတော့မှာပါကလားဟု တွေးမိကာ၊ ယူကြုံးမရ ဝမ်းနည်းမိခြင်းဖြင့် တွေဝေ၍ နေလေတော့၏။

"ဘာလဲ မြရဲ့၊ ဒီငွေကို မြက ပေးမလို့လား"

မြရီသည် ဇွတ်နှစ်၍ ပြုလုပ်လိုက်လိုသောစိတ် ပေါ်လာကာ ဟယ်



တတ်နိုင်ပါဘူး၊ ဖြစ်ချင်ရာ ဖြစ်စေတော့ဟု နှလုံးပြုကာ ခေါင်းညိတ်လိုက်လေ၏။

"ဒီလိုဆိုရင်လည်း ပုလိပ်ဆီ မသွားတော့ဘူး၊ ဒါပေမဲ့ ကြာကြာတော့ မစောင့်နိုင်ဘူး၊ အလွန်ဆုံး မနက်ဖြန်အထိပဲ စောင့်နိုင်မယ် ဘယ့်နှဲ့လဲ"

မြရီသည် ညွန့်ခင်၏ ရက်စက်သည့် သဘောရှိသည်ကို ယခုဒိဌ သိရလေတော့၏။ သို့ရာတွင် ညွန့်ခင်၏ ရက်စက်ခြင်း၊ ကျေးဇူးမဲ့ခြင်းကို တွေး၍မနေနိုင်တော့ပေ။ ထွန်းဝေ၏ လွတ်မြောက်ရေးသာလျှင် အရေးကြီးနေသည့်အတွက် "ကောင်းပြီလေ၊ စောင့်နိုင်သလောက်ပေါ့"ဟု ဆိုကာ ငွေအတွက် ရှာဖွေရန် ထွက်ဖို့ ပြင်ဆင်လေ၏။

ညွန့်ခင်သည် မြရီအား အံ့ဩစွာ စိုက်၍ကြည့်နေပြီးမှ ဘာပဲဖြစ်ဖြစ် ဘယ်သူ့ဆီကပဲ ဖြစ်ဖြစ်၊ ငါလိုချင်တာရရင် ပြီးတာပဲ ဟူသော အတွေးဖြင့် ကျေနပ်စွာ ပြုံးလိုက်မိလေ၏။

မြရီသည် ကျော်အေးထံသို့ သွားရောက်ရာ လမ်းတစ်လျှောက်လုံးတွင် အကြိမ်ပေါင်းများစွာ သေချင်မိလေတော့၏။ စိတ်၏ ညှိုးငယ်ခြင်း၊ ဝမ်းနည်းပူဆွေးခြင်း၊ မိမိဘဝကို ရောင်းစားလိုက်ရတော့မည်ဟု ကိုယ့်လိပ်ပြာ ကိုယ်ရှက်ခြင်းတည်းဟူသော စိတ်ဒုက္ခ ဝေဒနာများကို ပြင်းပြစွာ ခံစားရရှာလေ၏။ သို့သော် ထိုစိတ်များ ပေါ်ပေါက်မိတိုင်း ဟယ်. . . ဘာပဲဖြစ်ဖြစ်၊ ငါ ဘယ်ဘဝ ဘယ်အခြေအနေပဲ ရောက်ရောက် ကိုထွန်းဝေကိုတော့ ကယ်ရမှာပဲ၊ ငါ့အချစ်ကိုတော့ အဆုံးမခံနိုင်ဘူးဟု သိန္နိဋ္ဌာန်ပြုမိလေ၏။

ကျော်အေး၏ အိမ်ပေါ်သို့ ရောက်သောအခါ တံခါးကို ခေါက်လိုက်တော့မည် ပြုပြီးမှ မိမိ၏ဘဝကို နှမြောသော စိတ်များသည် ရုတ်တရက် ပေါ်ပေါက်လာသဖြင့် လက်ရုံ့သွားပြီး ခေတ္တမျှရပ်၍ စဉ်းစားမိလေ၏။

ထို့နောက်မှ ဘာပဲဖြစ်ဖြစ် ဟူသော စိတ်သည် ပေါ်လာပြန်၍ တံခါးကို

www.burmeseclassic.com

www.burmeseclassic.com



ခေါက်လိုက်လေ၏။

ကျော်အေးသည် မြရီကို မြင်သည်နှင့်တစ်ပြိုင်နက် ပြုံးပြုံးကြီးဖြစ်သွားလေကာ

"ဘယ်လဲရီ စဉ်းစားပြီးရလို့ အမေးတောင် မစောင့်နိုင်တော့ဘဲ ပြေးလာသလား"

ဟု မေးလိုက်ရာ၊ မြရီမှာ ကျော်အေးသည် မိမိ၏ စိတ်ကူးကိုပင် သိနှင့်နေပြီလောဟု အံ့သြ၍သွားလေ၏။

မြရီ၏ မျက်နှာကလေးမှာ သေးငယ်၍ သွားသကဲ့သို့ ရှိပြီးလျှင် ခေါင်းငုံ့၍ငိုက်စိုက်ချလိုက်လေ၏။ ရင်တွင်း၌လည်း တဖိုဖိုနှင့်ရှိကာ အသက်ရှူမမှန်ဘဲ နေ့တစ်လှည့် မြန်တစ်ခါ ဖြစ်မိလေတော့၏။

"ထိုင်ဦးလေ. . . ဘာကိစ္စ အရင်လိုနေလို့လဲ"

မြရီသည် နူးညံ့ပျောင်းအိသော ကုလားထိုင်ကြီး တစ်လုံးပေါ်တွင် ဝင်၍ထိုင်ကာ၊ ခေါင်းကိုသာ အတွင်ငုံ့လျက် လက်ထဲရှိ လက်ကိုင်ပုဝါကလေးကို ဆုပ်ချေရန် ကြိုးစားသကဲ့သို့ ဆွဲကာလိမ်ကာ လုပ်နေလေ၏။

ထို့နောက် မိနစ်အနည်းခန့်ကြာမှ ခေါင်းကိုမော့၍ ကျော်အေးအား ကြည့်ကာ "ကိုကျော်အေး. . . ကိုကျော်အေး အရင်ပြောတဲ့ စကားအတိုင်း ကျွန်မ လိုက်နာပါတော့မယ်"ဟု ပြောလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် မျက်ရည်များ ယိုစီး၍ ကျလာလေ၏။

ကျော်အေးမှာ မိမိ ကြားလိုက်သည့် စကားကို မယုံကြည်နိုင်သကဲ့သို့ အံ့အားသင့်စွာ ငေးစိုက်၍ ကြည့်နေမိပြီးမှ နှစ်သက်ကျေနပ်ခြင်း ပြင်းလှသော ရယ်ခြင်းဖြင့်၊ တဟားဟား ရယ်မောကာ

"ဒါတွေကြောင့် မြကို သိပ်ချစ်တာ"

ဟု ပြောပြောဆိုဆို မြရီကို အတင်း ပွေ့ဖက်လိုက်တော့မည် လုပ်လိုက်ရာ၊ မြရီသည် လက်တစ်ဘက်ဖြင့် ၎င်း၏ပခုံးကို ကာကွယ်၍ အခြား



လက်ဖြင့် ကျော်အေးအား ဆီး၍တားလိုက်ရင်း

"အို ကိုကျော်အေး ဘယ့် နှယ့်လုပ်တာလဲ ဒီလိုမရမ်းပါနဲ့"

ဟု ဆိုလိုက်မှ ကျော်အေးလည်း ကိုယ်ရှိန် တန့်၍သွားလေ၏။

"ချစ်လွန်းလို့ပါ မြရယ်၊ စိတ်မဆိုးပါနဲ့၊ မိန်းကလေးတွေ တွေ့ဖူးတဲ့အထဲ မြလောက်ချစ်တာ တစ်ယောက်မှ မတွေ့ခဲ့သေးပါဘူး"

မြရီသည် ကျော်အေး၏ စကားများကို တစ်လုံးမျှ နားမဝင် စိတ်မဝင်စားဘဲ တွေတွေလုပ်နေရာက "ကိုကျော်အေး ကျွန်မကို ငွေသုံးထောင်ပေးမယ်ဆိုတာ ဘယ့်နှယ့်လဲ၊ ကျွန်မ အခုလိုချင်တယ်"ဟု ပြောလိုက်လေ၏။

ကျော်အေးသည် အံ့အားသင့်စွာ နောက်သို့ပင် ဆုတ်လိုက်မိလျက်၊ မြရီကို အတန်ကြာစွာ စိုက်၍ ကြည့်နေပြီးမှ

"မြဟာ ဉစ္စာသိုက်တူး နေတာကိုး၊ အခုမှပဲ သိရတော့တယ်"

ဟု ဆိုလိုက်လေ၏။

"ကျွန်မ ဒီလို အစားထဲက မဟုတ်ပါဘူး"

"နို့ ဘာပြုလို့လဲ မယုံလို့လား"

မြရီသည် အနည်းငယ် တွေနေပြီးမှ

"မယုံလို့လည်း မဟုတ်ပါဘူး၊ ငွေရထားနှင့်တော့ သေချာတာပေါ့၊ ကျွန်မ မလိမ်ပါဘူး၊ မုချပါ၊ ဒီငွေပေး လိုက်ရင် ဘယ်အခါမဆို ကိုကျော်အေး အလိုရှိတဲ့အချိန်မှာ ကျွန်မဟာ ကိုကျော်အေး ပိုင်ပြီးသားပါပဲ"

ဟု ပြောရင်း မျက်ရည်များ လည်၍လာသဖြင့် ခေါင်းကို ငုံ့လိုက်လေ၏။

ကျော်အေးသည် ဆိတ်ငြိမ်စွာ စဉ်းစားနေလေ၏။ မြရီ၏ စကားသံအရ ငွေကို အရပိုင်းရအောင် ကြံစည်ခြင်းမဟုတ်ဟု တွေးမိပေ၏။ ထိုငွေကို ငြင်းလိုက်လျှင် မိမိသည် တစ်သက်လုံး မြရီ၏ အနားသို့ ကပ်ရမည် မဟုတ်သည်ကိုလည်း တွေးမိလေ၏။

"ဒါဖြင့်ရင်လည်း တနင်္ဂနွေတစ်ပတ်လောက် စောင့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"မစောင့်နိုင်ဘူး၊ အခု လိုချင်နေတာ၊ အခုရမှဖြစ်မယ်"

ကျော်အေးသည် မြရီ၌ အလွန် အရေးကြီးလှသည့် ကိစ္စကြောင့်သာ ဤသို့လာခြင်းဖြစ်သည်ဟု တွေးမိပြီး မည်သည့်ကိစ္စ ဟူသည်ကိုကား မေးမြန်းရန် အကြောင်းမရှိသည့်အတိုင်း "ငွေသုံးထောင်စလုံး ရမှလား"ဟု မေးလိုက်လေ၏။

"အရေးတကြီး တစ်ထောင်လိုတာပဲ၊ ဒီ ငွေတစ်ထောင်ပေးလိုက်ရင် ကိုကျော်အေး ကျွန်မကို ခေါ်လိုရာ ခေါ်သွားနိုင်ပြီ၊ ဒါပေမဲ့ ကျန်တဲ့ ငွေနှစ်ထောင် အကုန်ရမှ ကျွန်မ တစ်ကိုယ်လုံးကို ပိုင်မှာ"

"အင်း . . . ဒီလိုဆိုရင်လည်း အခု ငွေတစ်ထောင် ချက်လက်မှတ်ရေးပြီး ပေးလိုက်မယ်၊ ငွေနှစ်ထောင်အတွက် မနက်ဖြန် ပဲခူးသွားပြီး ယူရဦးမယ်၊ ပဲခူးကို အတူတူ လိုက်ခဲ့ရလိမ့်မယ်"

မြရီသည် ဘာမျှ ပြန်မပြောဘဲ ဆိတ်ငြိမ်စွာ နေလိုက်ခြင်းဖြင့် ကန့်ကွက်စရာ မရှိခြင်းကို ပြလိုက်လေ၏။

ကျော်အေးသည် ချက်လက်မှတ်ကို ရေးပြီးလျှင်

"မလိမ်နဲ့နော်၊ ဟုတ်လား၊ မြရဲ့ ကတိ တည်မတည် မနက်ဖြန် အစမ်းသဘောနဲ့ ပဲခူးကို ခေါ်သွားမယ်၊ ဆက်ဆက်စောင့်နေ"

ဟု ပြောလေ၏။

မြရီသည် ချက်လက်မှတ်ကို လှမ်း၍ယူရင်း

"စိတ်ချပါ၊ ဘာပဲဖြစ် ဖြစ် ကတိအတိုင်းတည် လိုက်နာပါ့မယ်"

ဟု ပြောပြီးလျှင် ချက်လက်မှတ်ကို လက်ဆွဲ သားရေအိတ်ကလေးထဲ၌ သေချာစွာ ထည့်ပြီးနောက်၊ မိမိဘဝကိုဖြင့် တစ်ဝက်ပေးအပ် လိုက်ရပြီဟု ရှည်လျားစွာ သက်ပြင်းချလိုက်ပြီးလျှင် လေးလံသောစိတ်ဖြင့် ပြန်ထွက်ဆင်းခဲ့လေ၏။

□ □ □

## အခန်း(၅)

ထွန်းဝေမှာ မိမိချစ်၍မဆုံးနိုင်သော ရည်းစားအား ဆုံးခဲ့ရလေပြီဟု မသိရှာချေ။ ၎င်း၏စိတ်၌ လက်ထပ်ပြီးခါစ ကြည့်၍မဝသေးသော ဇနီးသည် သေဆုံးသွားခြင်းကို တအုံနွေးနွေးတွေး၍ စိတ်မကောင်းဖြစ်လျက်၊ အချိန်ရှိသရွေ့ ငေးမှိုင်နေမိသည့် အထဲမှာပင် မိမိ၏ အစ်ကိုတစ်ဝမ်းကွဲတော်သူ ဘလွန်းမှာ ရုတ်တရက် အဆုတ်ရောင်သော ရောဂါရရှိ၍၊ အသည်းအသန် ဖြစ်နေသည်ဟု သတင်းကြားရ၍၊ ပူပန်စရာတစ်ခု ပေါ်ပေါက်လာကာ ဘလွန်းထံ အမြန်လိုက်သွားရလေ၏။

ထွန်းဝေသည် ဘလွန်းကို တွေ့သောအခါ အတော်ပင် ရောဂါကျွမ်းလျက် ရှိနေပြီကို ဆရာဝန်ထံမှ သိရလေ၏။

ဘလွန်းသည် ထွန်းဝေရောက်လာပြီဟု သိရ၍ မှိန်းနေရာက မျက်စိဖွင့်ကြည့်လိုက်ရာ၊ ထွန်းဝေ၏ မျက်နှာကို မြင်ရသည်နှင့် တစ်ပြိုင်နက် တစ်စုံတစ်ခုသော ပူပင်သောကကြီးတစ်ခု လျော့ကျ ပပျောက်သွားသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအတော် ကြည်ဖျသွားပြီးလျှင် ထွန်းဝေအား အနီးသို့ကပ်ရန် လက်ပြ၍ ခေါ်လိုက်လေ၏။

"ထွန်းဝေ မင်းလာတာ အဆင်သင့်ပဲ၊ ငါ့တော့လည်း ဒီရောဂါနဲ့ သေမယ် ထင်တာပဲ၊ ဟို မင်းတို့ လက်မထပ်ခင် လူပျိုနေ့ပေးတဲ့ညက သိပ်သောက်လိုက်တာတွေဟာ အရင်ကရှိနေတဲ့ ရောဂါဟောင်းကို ပိုကြွအောင် လုပ်ပေးသလိုလို ဖြစ်သွားတာပဲ"

ဟု ပြော၍ အနားယူလိုက်ပြီးမှ

"ငါ မင်းကို ပြောစရာ တစ်ခုရှိတယ်၊ ဒီစကား မင့်ကို ငါမပြောဘဲ သေသွား ရင် အသေဖြောင့်မှာ မဟုတ်ဘူး၊ မြရီနဲ့ ပက်သက်ပြီး ငါလိမ်ခဲ့တဲ့ အကြောင်း ပဲ"

ဟု ပြောလိုက်ရာ. . . .

ထွန်းဝေမှာ အံ့အားသင့်သွားကာ မျက်လုံးပြူး၍ စူးစိုက်ကြည့်လျက်၊ မျက်နှာ ကြုံ့၍သွားကာ၊ "မမြရီ အကြောင်းလား"ဟု မေးလိုက်လေ၏။ ထွန်းဝေ၏အသံမှာ နာနေလျက် ကွဲအက်လျက် ရှိပေ၏။

ဘလွန်းသည် မျက်လုံးကိုမှေးမှိတ် ခေါင်းအသာညိတ်လိုက်ပြီးလျှင်

"မင်းတော့ မှတ်မိမှာပေါ့၊ မင်းကို စွန့်ပစ်ဖို့ ငွေငါးရာကို မမြရီကိုယ်တိုင် လက်ခံလိုက်တယ် ဆိုတဲ့အကြောင်း ငါပြောတာ မှတ်မိတယ် မဟုတ်လား၊ အဲဒါဟာ မဟုတ်ဘူး၊ အမှန်အားဖြင့် မင်းကို ငါပြောသလို သူ့ဆီကို မင်းကိုယ်စား ငါက စာရေးလိုက်တာ မဟုတ်ဘူး၊ ငါ့အရေးနဲ့ ငါရေး၊ ငွေလည်း ငါ့အပေးနဲ့ ငါပေးလိုက်တာပဲ၊ ဒါပေမဲ့ ဒီစာဟာ မမြရီလက်ထဲ ရောက်သွားပေမဲ့ ဒီငွေဟာ သူ့လက်ထဲ မရောက်ဘူး၊ သူနဲ့အတူတူနေတဲ့ ညွှန့်ခင်လက်ထဲကို ရောက်သွားတယ်၊ ဒါကိုလည်း နောက်မှ သိရတာပဲ၊ ဒါပေမဲ့ မင်းသူ့အပေါ်မှာ စိတ်ပျက်အောင် ဖုံးထားတယ်၊ ညွှန့်ခင်ကိုလည်း



ဒီအကြောင်း မပေါ်အောင် အမျိုးမျိုး နှုတ်ပိတ်ထားရတယ်၊ မင့်ကိုငါ မမြရီအပေါ် အထင်လွဲအောင် လုပ်သလို မမြရီလည်း မင်းအပေါ်မှာ အထင်လွဲသွားတာပဲ၊ ဒါပေမဲ့ မင့်ကိုတော့ သူတကယ်ချစ်တယ်ဆိုတာ. . . ."

ဟု ပြော၍မှ မဆုံးမီ. . .

"ဒါဖြင့် အခုဖြစ်သမျှတွေဟာ မင်းအကြံတွေချည်းပဲပေါ့လေ"

ဟု ထွန်းဝေက မေးလိုက်လေ၏။ ထွန်းဝေမှာ မြရီအပေါ်၌ အထင်သေးခဲ့ပြီး၊ တင်တင်ဦးအပေါ်၌ တစ်ဖန် အထင်သေးခဲ့ပြန်ရာက၊ ညွှန့်ခင်အကြောင်းကိုပါ သိရပြန်၍ လောကတွင် မည်သည့်မိန်းမမှ မကောင်းပါတကား ဟု အောက်မေ့မိလေ၏။

ဘလွန်းလည်း ထွန်းဝေ၏ ပြူးကြောင်စွာ စိုက်ကြည့်နေသော မျက်လုံးဒဏ်ကို မခံနိုင်သကဲ့သို့ လွှဲ၍ကြည့်လိုက်ပြီးလျှင်

"ငါ့ညီ ငါ မင်း အပေါ်မှာ တမင်သက်သက် မကောင်းကြံစည်ချင်လို့ လုပ်တာ မဟုတ်ရပါဘူးကွယ်၊ မင်းကောင်းဖို့ ဆွေမျိုးဂုဏ်မပျက်ဖို့ ငါ့ကတိမပျက်ဖို့အတွက် လုပ်ရတာပါပဲ"

ဟု ပြောရာလေ၏။

သို့ရာတွင် ထွန်းဝေသည် ဘလွန်း၏စကားကို နားစိုက်၍ ထောင်မနေတော့ဘဲ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် ခြေသံပြင်းပြင်းဖြင့် လျှောက်ရင်း ဒေါသဖြစ်လျက် ရှိလေ၏။ ၎င်း၏ မျက်လုံးများမှာ နီရဲ၍နေပြီးလျှင် လက်ဖျားများမှာ တုန်လျက်ရှိလေတော့၏။ အကယ်၍သာ မိမိ၏ အစ်ကိုတော်သူ ဘလွန်းသည် ယခုကဲ့သို့ မမာမကျန်း ဖြစ်၍မနေခဲ့လျှင် ထိုတုန်ရီသော လက်များဖြင့် ဖျစ်ညှစ်၍ သတ်ပစ်မည်ပင် ဖြစ်ပေ၏။

မိမိ၏ဘဝ မိမိ၏ ချမ်းသာသုခကို ပျက်ပြားအောင် လုပ်သူမှာ ဘလွန်းပါတကားဟု တွေးမိ၍ တဖျဉ်းဖျဉ်း ဒေါသထွက်နေမိလေ၏။ မိမိ အလွန်ချစ်ခဲ့သူ ယခုလည်း ချစ်လျက်ပင်ရှိသူ မြရီအား မိမိတို့ ပျော်ရွှင်

www.burmeseclassic.com

www.burmeseclassic.com



နေဆဲတွင် မိမိ၏ရင်ခွင်ထဲမှ ဆွဲခွာ ထုတ်ပစ်လိုက်သည့် အရာမှာ ဘလွန်း၏ လီဆယ်ပြောသော စကားများပင် ဖြစ်တော့၏ဟု တွေးရှိကာ မိမိတို့နှစ်ဦးမှာ အပြစ်ကင်းမဲ့လျက် ယခုကဲ့သို့ ဖြစ်ရခြင်းကို မခံမရပ်နိုင်အောင် ဖြစ်မိလေ၏။

ထိုသို့ တွေးတောကာ ဒေါသဖြစ်နေရာက ထွန်းဝေ၏ တစ်ကိုယ်လုံးမှာ တောင့်တင်းလာပြီးလျှင် ကျောက်တိုင် ကျောက်တုံးကြီးကဲ့သို့ မလှုပ်မရှား ရပ်၍သွားလေ၏။ ထွန်းဝေ၏ စိတ်ထဲတွင် ထိုအကျိုးအကြောင်းများကို မြရီအား သွား၍ပြောပြရလျှင် နောက်မကျနိုင်သေးဟု ထင်မြင်မိကာ ထိုသို့ တွေးမိသည့်အတိုင်း မဆိုင်းမတွသွားရန် ပြင်လေ၏။

"ဟော့ ထွန်းဝေ ဘယ်လဲ"

"မြ ဆီကို"ဟု ထွန်းဝေက တိုတိုပြန်၍ ဖြေလိုက်ပြီးလျှင် "အားလုံး သူ့ကို ရှင်းပြလိုက်မယ်၊ ဒီလိုပြောလို့ သူ့ငါ့အပေါ်မှာ စိတ်ကျေပြီဆိုရင် ဘယ်ဆွေဂုဏ် မျိုးဂုဏ်ကိုမှ မထောက်နိုင်တော့ဘူး၊ သူ့ကို ငါအတည်ယူတော့မယ်"ဟု ပြောပြောဆိုဆို ဆင်းခဲ့လေ၏။

သို့ရာတွင် ထွန်းဝေမှာ အလာကောင်းသော်လည်း အခါနှောင်းလေပြီ ဆိုသကဲ့သို့ ရှိချေတော့၏။ မြရီသည် ထွန်းဝေအား ရာဇဝတ်မှု မသတ်ရောက်အောင် ညွန့်ခင်အား နှုတ်ပိတ်ရန်အတွက် မိမိကိုယ်ကို ကျော်အေး၏လက်သို့ အပ်ခဲ့လိုက်လေပြီ ဖြစ်ရကား ကျော်အေးလက်ထဲမှ ရနိုင်ရန် ခဲယဉ်းသော အခြေအနေသို့ ဆိုက်ရောက်နေခဲ့လေပြီ ဖြစ်ပေ၏။

ထွန်းဝေ ထွက်လာသော အချိန်တွင် မြရီသည် ကျော်အေးနှင့် အတူတူ ပဲခူးသို့လိုက်ရန် အဝတ်အစားများကို ဆင်ပြင်လျက် ရှိနေလေ၏။ မြရီမှာ ကျော်အေးအား ပေးခဲ့သော ကတိကို မဖျက်လိုချေ။ သို့ရာတွင် မိမိကိုယ်ကို ကျော်အေးအား တစ်ဝက်အပ်လိုက်ရပြီဟု တွေးမိခြင်းသည် ကြီးစွာသော စိတ်ဆင်းရဲခြင်းကို ဖြစ်မိလေ၏။ သို့သော် တစ်ခုသော အတွေး



သည် မြရီအား စိတ်ကို သက်သာရာ ရစေလေသေး၏။ ၎င်းမှာ ညွန့်ခင်သည် ငွေကိုယူ၍ နှုတ်စောင့်ရန် ကတိပြုခဲ့လေပြီ။ ထွန်းဝေအား မိမိကယ်လိုက်၍ ချမ်းသာရာရလေပြီ ဟူသောအတွေးပင် ဖြစ်လေ၏။

မြရီသည် ထွန်းဝေ၏အကြောင်းကို မတွေးမိရန် အတန်တန် ကြိုးစားရှာသေး၏။ သို့ရာတွင် မတွေးဘဲ မနေနိုင်အောင် ဖြစ်မိလေတော့၏။ အချိန်ရှိသရွေ့ နီးကြားနေသရွေ့ ထွန်းဝေကိုသာလျှင် တွေး၍နေမိပေ၏။ ဘယ်ရောက်နေပါလိမ့်။ တင်တင်ဦး ဆုံးသွားသည့်အတွက် စိတ်တွေ ဘယ်လို ဖြစ်သွားရှာပါလိမ့်ဟု မိမိကိုယ်ကို မိမိ မေးမိလေ၏။ မြရီ၏ စိတ်ထဲတွင် တင်တင်ဦးအား ထွန်းဝေ မသတ်တန်ရာဟု ယုံကြည်ခဲ့မိ၏။ သို့ရာတွင် ပုလိပ်အား ညွန့်ခင် တိုင်ကြားလိုက်ချေက ထွန်းဝေမှာ ပိုက်ဆံရှိသူ ဖြစ်သည့်အတိုင်း ပုလိပ်က အမျိုးမျိုး ညှဉ်းချေတော့မည်။ အပြစ်မရှိ၍ အညှဉ်းမခံခဲ့လျှင် ဝယ်သောအမှု ကြီးအောင် လုပ်ကြချေတော့မည်ဟု တွေးတောထင်မြင်မိပေ၏။

ယခုလည်း မြရီသည် ထွန်းဝေကိုသာတွေးလျက် နေမိလေ၏။ မြရီမှာ တစ်ခေါင်းလုံး ကိုက်ခဲ အသည်းတစ်ခုလုံး နာကျင်၍ နေလေတော့၏။

ထိုအခိုက်တွင် တံခါးခေါက်သံ ကြားရသဖြင့် ကျော်အေး လာလေပြီဟု အလွန် စိတ်ညစ်ညူး၍သွားကာ၊ တံခါးဆီသို့ မလှမ်းချင်လှမ်းချင် လှမ်း၍သွားကာ ဖွင့်၍ပေးလိုက်ရာ. . . .

"မြ"ဟု ဝမ်းသာအားရခေါ်လျက်၊ ရွှင်ပျသော မျက်နှာနှင့် ကြည့်နေသော ထွန်းဝေကိုမြင်ရ၍ အံ့အားသင့်သွားပြီးမှ "ကိုကို"ဟု ထူးလိုက်လေ၏။

ထွန်းဝေသည် မြရီ၏ လက်ကလေးနှစ်ဘက်ကို ဆုပ်ကိုင်ကာ

"မြ ကိုကိုမှားပြီ၊ အခုမှ မှားတာကို ဖွင့်ပြောလို့ သိရှိပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ကြားကရှုပ်လို့ အထင်လွဲ ကြရတာပဲ မြရယ်၊ အို အဲဒီတုန်းကများ ကိုကိုဟာ အသည်းကွဲသွားသလား အောက်မေ့ရတယ်၊ မြကို ကိုကိုဘယ်လောက် ချစ်ခဲ့သလဲ၊ အခုလည်း အချစ် မပျက်သေးပါဘူး၊ မြမှာ အပြစ်မရှိဘူးဆိုတာ သိရလို့ သာချစ်သေးတယ်"

ဟု စကာဆုံးအောင် မပြောနိုင်ဘဲ ရှိလေ၏။

"ကိုကို ကိုကို"ဟု ဆိုကာ မြရီမှာ ဝမ်းသာ ဝမ်းနည်းဖြစ်လျက် ရှေ့သို့ မဆက်တတ်အောင် ဖြစ်မိလေ၏။ မြရီ၏ စိတ်ထဲတွင်ကား

'ကိုကို မြကို ဖက်ထားပါ ကိုကိုရဲ့၊ ဘယ်မှ မသွားပါရစေနဲ့တော့၊ ချစ်ပါနော်၊ ဘယ် အခါမှ မပစ်ပါနဲ့၊ ကိုကိုကလွဲပြီး အခြားလူလက်ထဲ ရောက်နေတာ မချိဘူး ကိုကို'

ဟု ပြောလိုက်ချင်မိပေ၏။ သို့ရာတွင် ထိုစကားကို မထွက်နိုင် ရှာတော့ပေ။ ထွန်းဝေမှာ အလာနောက်ကျခဲ့လေပြီ။ မိမိကိုယ်ကို ကျော်အေး အား အပ်ခဲ့မိပြီ၊ ထိုအကြောင်းကို ထွန်းဝေအား ပြောပြရလျှင် မချိရုံပင် ရှိတော့မည်၊ မိမိတစ်ယောက်တည်း ထိုဒုက္ခကို ကြိတ်၍ခံတော့မည်ဟု နှလုံးပြုရာက မျက်ရည်များ တွေတွေကျစီး၍ လာလေ၏။

"မြ ဘာပြုလို့လဲ အခုကြားရတာ ဝမ်းမသာဘူးလား"

"ဝမ်းသာပါတယ် ကိုကိုရယ်၊ မြ အပေါ်မှာ အထင်မလွဲဘူးဆိုတာ သိရလို့ သိပ်ပြီး ဝမ်းသာတာပဲ၊ ဒါပေမဲ့ . . ."

ဟု ဆို၍ မြရီသည် စကားကို ရပ်ကာ၊ ရှေ့သို့ဆက်ရန် စကားကို ခေတ္တမျှစဉ်းစားနေပြီးမှ

"ကိုကို နောက်ကျနေပြီ ကိုကို၊ မြ လူတစ်ယောက်နဲ့ လက်ထပ် တော့မယ်၊ အခုပဲ ပဲခူးကို သွားမလို့"

ဟု ပြောပြလိုက်ရာ၊ ထွန်းဝေမျက်လုံးမှာ မီးများပွင့်ထွက်သွား သကဲ့သို့ မှုးမိုက်သွားကာ၊ မျက်လုံးကို စုံမှိတ်ပြီး ကိုယ်ကို မနည်းဟန့်တား



လိုက်ရလေ၏။

"ဘယ်သူနဲ့လဲဟင် မြ၊ ဘယ်သူနဲ့ လက်ထပ်မှာလဲ"

"မပြောပါရစေနဲ့ ကိုကိုရယ်၊ နောက်တော့ သိရမှာပေါ့"

ထွန်းဝေသည် ဝမ်းနည်းပက်လက်ဖြစ်ကာ တွေဝေ၍နေပြီးမှ

"မစောင့်နိုင်ဘဲကို မြရယ်၊ မြ အပြစ်လည်း မဟုတ်ဘူးလေ၊ ကိုကို အလာ နောက်ကျလို့ ဖြစ်တာပဲ'

ဟု ညည်းတွားရှာလေ၏။

မြရီသည် ထွန်းဝေအား စကားပြန်၍ မပြောတော့ချေ။ ပြော၍ လည်း ဖြစ်ပြီးသောကိစ္စမှာ ပြင်၍ ရနိုင်တော့မည်မဟုတ် သိရှိလေ၏။ သို့ ဖြစ်ရကား မထူးတော့သည့် အတူတူ ထွန်းဝေအား ပြန်၍ သွားစေလိုပေ၏။ အကယ်၍ ကျော်အေးရောက်လာပြီး တွေ့သွားလျှင် အထင်လွဲဦးမည်ကို လည်း စိုးရိမ်မိပေသေး၏။

"မြရယ် ကိုကို မြကို ဘယ်လောက်ချစ်တယ်ဆိုတာ သိတယ် မဟုတ်လား"

"သိပါတယ် ကိုကိုရယ်၊ မြလည်း ချစ်တာပါပဲ၊ အခုတော့ ဒီစကား တွေကြားရလို့ မထူးတော့ပါဘူး၊ လက်ထပ်ခါနီးလာပြီး စိတ်ညစ်ရတော့မှာ ပဲ ရှိတာပါပဲ၊ မြ စိတ်မညစ်ပါရစေနဲ့တော့ ကိုကိုရယ်"

"သြော် မြ ကိုကို့ကို နှင်နေတာလား၊ မနေစေလိုလည်း သွားပါ့ မယ် မြရယ် . . ."

ဟု ပြောလိုက်ရာ မြရီမှာ ဝမ်းသာရတော့မလိုလို ရှိသွားလေ၏၊ သို့ရာတွင် ထွန်းဝေမှာ ချစ်သူကို မခွဲနိုင်ရှာသေးဘဲ တွေ၍ ရပ်နေ လေတော့၏။

ထိုအခိုက်တွင် တံခါး လာ၍ခေါက်သံ ကြားရလေရာ ဤအကြိမ် မူကား ကျော်အေး အမှန်ဖြစ်သည်ဟု သိလျက် မြရီသည် စိုးရိမ်မကင်းသော

www.burmeseclassic.com

www.burmeseclassic.com



အမူအရာဖြင့် တံခါးကို သွားရောက်ဖွင့်လိုက်လေ၏။

ကျော်အေးသည် ဝမ်းသာအားရရှိလှစွာသော အမူအရာဖြင့် အခန်းတွင်းသို့ ဝင်လာရာက၊ မြရီတစ်ယောက်တည်း မဟုတ်ဘဲ ထွန်းဝေပါ ရှိနေသည်ကို တွေ့ရ၍ မျက်နှာပျက်သွားကာ စိုက်ကြည့်နေမိလေ၏။ ထွန်းဝေသည်လည်း ကျော်အေးအား အံ့အားသင့်စွာ စိုက်ကြည့်မိလေရာ ထိုနှစ်ဦးသောသူတို့၏ မျက်လုံးများမှာ အတန်ကြာစွာ လွဲဖယ်၍ မရနိုင်သကဲ့သို့ ရှိနေ လေ၏။ မြရီမှာ စိုးရိမ်ကြောက်ရွံ့ခြင်းဖြင့် တစ်ကိုယ်လုံး တောင့်တင်းစွာ စားပွဲတစ်လုံးတွင် တင်ပါးမှီ၍ စားပွဲပေါ်တွင် လက်နောက်ပစ်၍ထောက်ရင်း တစ်ယောက်မှ တစ်ယောက်သို့ ပြန်လှန်ကာ ကြည့်နေမိလေ၏။

ထို့နောက်မှ ကျော်အေးသည် ကောက်ကျစ်သော အကြံရှိသည့် ပြုံးခြင်းမျိုးဖြင့် ထွန်းဝေအားကြည့်၍ပြုံးကာ "အလို. . မောင်ထွန်းဝေလည်း ရောက်နေသကိုး၊ ဘာအကြောင်း ထူးလို့ပါလိမ့်၊ ကျုပ်တို့သတင်းကြားရလို့ ဝမ်းသာစကားပြောရအောင် လာသလား"ဟု မေးလိုက်လေ၏။

ထွန်းဝေသည် ကျော်အေး၏ အမေးကိုလည်း မဖြေ၊ ပြန်၍လည်း မပြုံးဘဲ မြရီ၏ဘက်သို့လှည့်ကာ

"မြနဲ့လက်ထပ်မဲ့ သတို့သားဟာ သူပဲလား"

ဟု မေးလိုက်လေ၏။

မြရီမှာ မျက်နှာတွင်ရှိသမျှ အသွေးအရောင် ပျောက်ကုန်ခန်းသွားပြီး မျက်နှာကို အောက်သို့ချကာ "ဟုတ်. . . ဟုတ်ပါတယ်"ဟု ခပ်ထစ်ထစ် ပြောလိုက်လေ၏။

ထိုအဖြေကို ကြားရသည်နှင့်တစ်ပြိုင်နက် ထွန်းဝေသည် ဒေါသထွက်သော အမူအရာဖြင့် ကျော်အေးဘက်သို့ လျှင်မြန်စွာ လှည့်ကြည့်လိုက်ပြီးလျှင်



"ခင်ဗျားသူ့ကို အတည်ပေါင်းသင်းမလို့လား"

ဟု မေးလိုက်လေ၏။

ထိုသို့ အမေးခံရခြင်းသည် ကျော်အေးအား ဒေါသစိတ် ပေါ်ပေါက်စေလေသော်လည်း ထိုဒေါသ အရိပ်အရောင်များကို မျက်လုံးတွင်သာ ကြည့်မြင်နိုင်၍ ပါးစပ်ကမူ ပို၍ပြုံးရယ်လိုက်သည်ကို တွေ့ရလေ၏။

"မောင်ထွန်းဝေက ဘယ်လိုဆိုင်လို့ ကျုပ်ကို ဒီလိုမေးတာလဲ"

"ခင်ဗျားဟာ သူ့ကို အတည်ယူမဲ့လူစားမျိုး မဟုတ်ဘူးဆိုတာ ကျုပ်ယူဆပြီးသားမို့ မေးတာပဲ၊ တကယ်လို့ ခင်ဗျားအတည်ယူမယ်ဆိုရင် တစ်မြို့တစ်ရွာမှာသွားပြီး လက်ထပ်ဖို့မလိုဘူး၊ ဒီမှာပဲ ပြီးနိုင်တယ်"

"အို. . . ကျုပ် အတည်ယူမယ် မယူဘူးဆိုတာ မောင်ထွန်းဝေ အပူမဟုတ်ဘူး ထင်တယ်၊ မမြရီကသာ ပူစရာရှိတယ်၊ ဒါပေမဲ့ ဘယ်လိုပဲ ယူယူ မမြရီသဘောတူရင် ပြီးတာပဲ"

ထွန်းဝေသည် လက်သီးများကို ဆုပ်လိုက်မိကာ ကျော်အေးအား တစ်ခါတည်းပြေး၍ အုပ်လိုက်ချင်စိတ် ပေါ်လာပြီးလျှင်

"ဒါဖြင့် ခင်ဗျား အတည်ယူမယ် မကြံဘူးလို့ ဆိုလိုတာပေါ့လေ"

ဟု မေးလိုက်လေ၏။

ကျော်အေးသည် ပမာမခန့်သော အမူအရာဖြင့် မျက်ခုံးများကို ချီ၍ ပခုံးကိုကြွကာ လက်ဝါးနှစ်ဘက်ကို လှန်၍ပြလိုက်ပြီးလျှင်

"မပြောတတ်ဘူးလေ၊ မောင်ထွန်းဝေ သိတဲ့အတိုင်း အရင်ကတုန်းကတော့ ဘယ်မိန်းကလေးမှ အတည်မယူခဲ့ဘူး၊ သူ့ကျမှတော့ဖြင့် မပြောတတ်ဘူး"

ဟု ဆိုလေ၏။

"မြ သူပြောတာ ကြားသလား၊ မြကို အတည်ယူဖို့ မကြံဘူးဆိုတာ တွေးမိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



မြရီသည် ဘာမျှပြန်မပြောချေ။ မိမိ၏ ထားရှိသည့်ကတိအရ မည်သို့မျှ မပြောနိုင်သော အခြေအနေသို့ ဆိုက်ရောက်နေရှာလေ၏။

"ကြားပါတယ်လေ. . . ကျုပ်ပြောတာ သူကြားပါတယ်"

ဟု ကျော်အေးက မြရီအစားပြောကာ ဆက်လက်၍

"သူ ဘာမှကန့်ကွက်စရာ မရှိလို့ ငြိမ်နေတာပဲ မဟုတ်လား၊ မောင်ထွန်းဝေက ကြားကနေပြီး ပူပန် နေဖို့ မလိုပါဘူး၊ ကျုပ် သူ့ကို အတည် မယူဘူးဆိုတာလည်း သိတာပဲ၊ ဒါပေမဲ့ စိစဉ်ချက်ကလေး တစ်ခုရှိလို့. . ."

ဟု အဆုံးမသတ်သော စကားကို ပြောလေ၏။

ထိုအခိုက် ခေတ္တမျှ ငြိမ်သက်တိတ်ဆိတ် သွားလေ၏။ ယောကျ်ား နှစ်ယောက်စလုံး မြရီအား စိုက်၍ကြည့်နေကြလေ၏။ ကျော်အေး၏ မျက်လုံးထဲတွင် ပိုင်စိုးပိုင်နင်းရှိသူ၏ ကျေနပ်သော ရွှင်လန်းခြင်းကို ပြသလျက် ထွန်းဝေ၏ မျက်လုံးထဲတွင်မူ တဖြည်းဖြည်း ကြီးမားသော စိတ်ပျက်သွားခြင်းနှင့် တောင်းပန်သကဲ့သို့သော အမူအရာကို ပြနေလေ၏။

ထို့နောက် ကျော်အေးသည် လှိုက်လှဲစိတ်ပါခြင်းမရှိသော ရယ်ခြင်းဖြင့် အသံထွက်အောင် ရယ်လိုက်ပြီးလျှင်

"မြ ပြောလိုက်လေ၊ သူ နား လည်အောင် ရှင်းပြီးပြောပြလိုက်ပါ။ ကျုပ်ဟာ သူတော်ကောင်း မဟုတ်ဘူး ဆိုတာ ပြောင်ပြောင်ပဲ ဖွင့်ပြောလိုက်ပြီ မဟုတ်လား၊ ဒါပေမဲ့ မြ အခုလို ကြည့်နေပုံနဲ့ဆိုတော့ ကျုပ်ဟာ ရိုးရိုးမကောင်းရုံ မဟုတ်သေးဘဲ လှော်ဖျား ကလေးတွင်ဆိုပြီး လက်ထပ်ယူတယ်ဆိုတဲ့ လိမ်လုံးတွေနဲ့ မိန်းမပျိုကလေးတွေကို သွေးဆောင်ဖျားယောင်းတဲ့ အစားမျိုးဖြစ်တယ်လို့ အထင်ခံရမှာကိုတော့ မခံချင်သေးဘူး၊ ကျုပ်တို့ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လို နားလည်ထားကြတယ်ဆိုတာ မြ သိတယ်မဟုတ်လား ပြောပြလိုက်ပါလား"

"မြ သူပြောတာ ဟုတ်ကဲ့လား၊ လိမ်တာတွေ မဟုတ်လား"



မြရီသည် ခေါင်းကလေး အသာအယာရမ်းခါ၍ ပြလိုက်၏။ ထို့နောက်မှ မနည်းအားအင်ထုတ်ကာ အရဲစွန့်၍ကြည့်ရသည့် အကြည့်မျိုးဖြင့် ထွန်းဝေအား မျက်လုံးချင်း စိုက်၍ကြည့်ပြီး

"မဟုတ်ဘူး ကိုထွန်းဝေ၊ ကိုကို အဲ ကိုထွန်းဝေကို စောစောက ယူမယ်ပြောတာ ကိုကျော်အေး မြကို အတည်မယူဘူးဆိုတာ အစကတည်းက သိတယ်၊ သူကလည်း ရှင်းရှင်းပြောတာပဲ"

ဟု ပြောလေ၏။

ထွန်းဝေသည် မျက်လုံးပြူးသွားကာ

"နို. . . ဘာပြုလို့ သဘောတူ သလဲ"

ဟု ပြောလေ၏။

မြရီသည် အဖြေရခက်နေပြီးမှ

"ကျွန်မ သဘောပဲ၊ ကျွန်မစိတ်ထဲ မှာ စိတ်ချမ်းသာရာရချင်လို့ပဲ"

ဟု အဓိပ္ပါယ်နှစ်မျိုးရရှိသော အဖြေကို ဖြေလိုက်လေ၏။ ထိုသို့ ဖြေလိုက်ပြီးနောက် မြရီသည် ကျော်အေး စိုက်ကြည့်နေသော မျက်လုံး ဒဏ်ကို မခံနိုင်သည့်အလား ချာကနဲ တစ်ဘက်သို့ မျက်နှာလွှဲလိုက်လေ၏။

ထွန်းဝေမှာ လက်သီးကိုဆုပ်၊ လက်နှစ်ဘက် တောင့်၍ဆန့်ကာ တစ်ကိုယ်လုံး တောင့်တင်း၍လာပြီးလျှင် မြရီကို စိုက်၍ကြည့်နေရာက ရှုံးခဲ့ပြီဟူသောစိတ် ပေါ်ပေါက်လာကာ တဖြည်းဖြည်း ပျော့ခွေ၍သွားပြီးလျှင်

"မမြရီမျှော်လင့်သလို ပျော်နိုင်ပါစေလို့ ဆုတောင်းပါတယ်"

ဟု ဆိုပြီးလျှင် ခေါင်းကို ငိုက်စိုက်ချလျက် လှည့်ထွက်သွားရာ မြရီသည် ရုတ်တရက် သတိလစ်ပြီး လိုက်ဆွဲလိုက်မည်ပြုပြီးမှ ချက်ခြင်းပင် ကျော်အေးအား သတိရမိသဖြင့် မချိတင်ကဲဖြစ်လျက် စိုက်ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

များမကြာမီ ကားကလေးတစ်စီးသည် ပြည်လမ်းမကြီးအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လျှောက် မောင်းနှင်၍လာသည်ကို တွေ့ကြရလေ၏။

မြရီသည် ကျော်အေး၏ဘေးတွင် ယှဉ်၍ထိုင်ကာ လမ်းဝဲယာရှိ ရှုခင်းများကို ကြည့်ရှုရင်း တွေဝေစဉ်းစား၍ လိုက်ပါလာလေ၏။ တစ်ခါက မိမိနှင့် ထွန်းဝေတို့သည်လည်း အကယ်၍ လက်ထပ်ဖြစ်ကြလျှင် ညားခါစ လင်မယားဘဝ၌ ယခုကဲ့သို့ပင် ကားကလေးတစ်စီးနှင့် ခရီးစဉ်ထွက်၍ လည်ပတ်ရန် အကြံကြီး ကြံခဲ့ကြသည်ကို စဉ်းစားမိလေ၏။ ထိုအခါက ယင်းသို့ စိတ်ကူးနှင့်ရှုးခဲ့ကြသည်မှာ လွန်စွာမှ စိတ်၏ သုခချမ်းသာရှိကြသည်ကို ယခုတိုင် မမေ့နိုင်ရှိပေ၏။ သို့ရာတွင် လူကြံ ကံဖန်ဆိုသကဲ့သို့ ကြံစည်စဉ်က ထွန်းဝေနှင့် အတူတူသွားကြရန်ဖြစ်ရာ ယခုမူ ကျော်အေးနှင့်တွဲ၍ သွားရအောင် ကံကဖန်သည်ကို တွေးမိပြီး ကြက်သီးထသကဲ့သို့ တုန်ရီ၍ သွားလေ၏။

BURMESE CLASSIC .com

ယခုမူ ကျော်အေးနှင့် တွဲရုံမျှသာ ရှိသေးသည်။ ရှေ့တွင်မူ မည်သို့ ဖြစ်မည်ကို မတွေးရဲအောင်ပင် ဖြစ်ပေ၏။ ယခုအထိမူကား ကျော်အေးသည် မိမိကို လက်ဖျားနှင့်မှ မထိသေးချေ။ ပဲခူးသို့ရောက်သည့်တိုင်အောင် မည်သို့မျှ လုပ်နိုင်မည်မဟုတ်ဟု စဉ်းစားမိခြင်းသည် မြရီအား စိတ်သက်သာရာ ရစေလေသော်လည်း ပဲခူးသို့ ရောက်ပြီးသည့် နောက်တွင်မူကား ကျော်အေးသည် ၎င်း၏ကတိအတိုင်း မလိုက်နာခဲ့လျှင် မည်သို့ကာကွယ်ရပါမည်နည်းဟု တွေး၍မရဘဲ ရှိလေ၏။

ကျော်အေးသည် မိမိအား ပဲခူးသို့ခေါ်လာခြင်းမှာ ကျန်ငွေနှစ်ထောင် ယူရအောင်ဟု ပြော၍လာခြင်း ဖြစ်လေ၏။ ထိုငွေနှစ်ထောင်ကို ကတိအတိုင်း အမှန်ပေးလိုက်လျှင် မိမိသည် မချစ်မနှစ်သက်ဘဲလျက် မိမိကိုယ်ကို ကျော်အေးအား အပ်လိုက်ရချေတော့မည်။ အကယ်၍ ယခု ကျော်အေးခေါ်လာခြင်းသည် ထိုငွေနှစ်ထောင်ကို ပေးလို၍မဟုတ်၊ ထိုငွေပေးမည်ဟု လှည့်စား၍ ခေါ်လာခြင်းဖြစ်ပြီး မိမိအား တစ်နေရာရာတွင် တင်၍ထား



ကာ ငွေကိုမပေးဘဲ အနိုင်အထက် သားမယားအဖြစ်ပြုကျင့်ရန် ခေါ်လာခြင်း ဖြစ်ပါမူကလည်း မိမိမှာ မခုခံနိုင်သည့်အဆုံး၌ မိမိကိုယ်ကို ကျော်အေး၏လက်သို့ အပ်ရတော့မည်ဖြစ်လေရာ၊ ယခု မိမိလိုက်လာခြင်းသည် တစ်နည်းမဟုတ် တစ်နည်းအားဖြင့် မိမိ၏ ကိုယ်ကိုအပ်ရန် လိုက်လာခြင်းဖြစ်ပါ၏တကားဟုတွေး၍ ဝမ်းနည်းစပြုလာလေ၏။

ထိုသို့ လမ်းဘေးနှစ်ဘက်ကိုကြည့်၍ တွေဝေပြီးလိုက်လာရာက ချာလည်လည်၍ ကျန်ရစ်ခဲ့သော သစ်ပင်ကြီးများနှင့် လမ်းတစ်လျှောက်လုံး ရှေ့တွင်ရှိနေသော သစ်ပင်များကို ကြည့်မိရာတွင် ထိုအပင်များမှ အကိုင်းအခက်တို့သည် မိမိအား လက်ညှိုးထိုးကာ ဟော. . . ဟိုမှာဟော့ ကိုယ့်ကိုယ်ကို ရောင်းစားတဲ့မိန်းမဟု ဟစ်အော်ညွှန်ပြကာ သရော်နေသကဲ့သို့ ထင်မြင်မိကာ တွေးရင်းရှက်လာကာ ငို၍သာပစ်ချင်မိလေ၏။

ကျော်အေးသည် တွေဝေ၍လိုက်လာသော မြရီ၏ ပူပုံပန်းမျက်နှာကလေးတွင် လေတိုက်၍ တလူလူလွင့်နေသည့် ဆံနွယ်စကလေးများ ရှိသည့်အတွက် လွန်စွာလှပ နှစ်သက်စဖွယ်ရှိသည်ကို ကျေနပ်စွာ ကြည့်ရှုနေမိပြီးလျှင် မိမိ၏ လက်ဝဲဘက်လက်ဖြင့် မြရီ၏ လက်တစ်ဘက်ကို ဆွဲ၍ ဆုပ်ကိုင်လိုက်ကာ

“မြကို အခုလိုမြင်ရတာ တယ်ပြီးလှတာပဲ၊ မဂ္ဂဇင်းစာအုပ်အဖုံးမှာပါတဲ့ အရုပ်ကလေးတွေလို သိပ်ပြီး ချစ်စရာကောင်းတာပဲ ဟဲ ဟဲ ကိုယ့်ကို့မွှေးစမ်း”

ဟု ဆို၍ ပါးကိုထိုးအပ်လိုက်သော်လည်း မြရီမှာ တုတ်တုတ်မျှ မလှုပ်သည့်အတွက် ကိုင်ထားသော မြရီ၏လက်ကလေးကို မြှောက်၍ နမ်းလိုက်လေ၏။

မြရီမှာ တစ်မျက်နှာလုံး ရှက်သွေးဖြာ၍ သွားလေ၏။ သို့ရာတွင် မိမိကို ကျော်အေးသည် တစ်ဝက်ပိုင်၍နေပြီဖြစ်ရကား မလှုပ်သာ မငြင်း

www.burmeseclassic.com

www.burmeseclassic.com



သာသည့်ပြင် တစ်စုံတစ်ရာ ပြုလုပ်လိုက်ချေက ကားမှောက်သွားမည်ကို စိုးသဖြင့် ငြိမ်၍လိုက်လာရလေ၏။

ကားကလေးသည် ပြည်လမ်းမှ ပဲခူးလမ်းထဲသို့ ဝင်ရောက်လာကာ မှန်မှန်ကြီးခုတ်မောင်းလျက် ရှိနေလေ၏။ လမ်းဝဲယာ တစ်ဘက် တစ်ချက်ရှိ လယ်ကွင်းများထဲတွင် ကောက်စိုက်နေကြသူတို့ တေးသံ ရယ်သံတို့မှာ မြရီအား လှောင်ပြောင် သရော်နေသကဲ့သို့ ရှိပေ၏။ ရှေ့ဆီသို့ရောက်သောအခါ ဆံပင်ကိုဖားလျားချလျက် ဦးခေါင်းတွင် ပန်းခွေကလေးစွပ်ကာ ပျော်ရွှင်စွာကလျက် လယ်ကွင်းထဲမှ လမ်းပေါ်သို့ လှမ်းတက်လာသော ကောက်စိုက်မအပျိုကလေးနှင့် ၎င်း၏နောက်မှ လက်ခုပ်တီး၍ လိုက်ပါလာသော ရွှံ့တုံးရွှံ့ခဲတို့ ပေကျံနေသည့် တောသားလူပျိုတစ်ယောက်ကို မြင်ရသောအခါ မြရီမှာ ၎င်းတို့အား မနာလိုနိုင်ဘဲရှိလျက် မိမိ၏ကုသိုလ်ဆိုးလေခြင်းဟု အောက်မေ့မိလေ၏။

ကျော်အေးသည် လမ်းတစ်လျှောက်လုံး မိမိတွေ့သမျှ မြင်သမျှတို့ကို ပြောဆိုပြသကာ မောင်းနှင်လာခဲ့လေ၏။ မြရီမူကား မည်သို့မျှပြန်၍ မပြောဘဲ စူးစိုက်ကြည့်၍သာလျှင် တွေးတောရင်း လိုက်ပါလာလေ၏။

“မြ စောစောက မောင်ထွန်းဝေနဲ့ တွေ့လိုက်ရတဲ့အတွက် စိတ်တွေ ဘယောက်ဘယက် ဖြစ်နေလို့လား”

မြရီသည် မည်သို့မျှ ပြန်၍မပြောချေ။ ကျော်အေးပြောလိုက်သည့် စကားများသည် မိမိ၏ ဝေဒနာဟောင်းကို ပြန်၍ထကြွစေသကဲ့သို့ ရှိစေလေသည်ဖြစ်ရကား မိမိ၏စိတ်၌ဖြစ်ခြင်းကို ကျော်အေးမရိပ်မိစေလိုသကဲ့သို့ မျက်နှာကို မသိမသာလွှဲ၍ နေလိုက်လေ၏။ သို့ရာတွင် ကျော်အေးသည် မြရီ၏စိတ်ကို ရိပ်မိသည့်အလျောက် မြရီကိုကြည့်၍ ရယ်လိုက်လေ၏။

“မြ ဘာမှမပြောပေမဲ့လည်း မျက်နှာမြင်ရုံနဲ့ သိပါတယ်၊ ဩော် မြဟာ ဒီဝေဒနာဟောင်း မပျောက်နိုင်သေးဘဲကိုး၊ ဒါကိုပျောက်အောင်လုပ်



ဖို့ ဒီက တာဝန်ကျနေတာပေါ့လေ၊ ပဲခူးကျရင်တော့ ကိုကို့ကို မြ ချစ်လာမှာပါပဲ”

မြရီသည် ကျော်အေးအားကြည့်လိုက်ကာ

“ဒါ ကျွန်မတို့ သဘောတူတဲ့ စကားထဲမှာ ပါသလား”

ဟု မေးလိုက်လေ၏။

မြရီ၏စကားသည် ကျော်အေးအား အံ့ဩသင့်၍ သွားစေ၏။ သို့သော် ကျော်အေးသည် အပြုံးမပျက် ဆက်၍ပြုံးကာ

“အို- ဟိုစကားတွေကို မေ့လိုက်ကြပါစို့ မြရယ်၊ မြကို မောင်ထွန်းဝေအပေါ်မှာ ချစ်ခဲ့တဲ့စိတ်တွေ ပျောက်အောင် လုပ်ရတော့မှာပဲ၊ အခု ကိုကိုဟာ အရင်နဲ့မတူဘူး၊ မြအပေါ် မှာ တကယ်ချစ်တဲ့စိတ်တွေ ပေါ်လာလို့လား မသိဘူး၊ မြနဲ့ မောင်ထွန်းဝေ အရင်ကချစ်ခဲ့တယ် ဆိုတာကိုပဲ စိတ်ထဲမှာ မခံချင်သလိုလို၊ မနာလိုသလိုလို ဖြစ်နေမိတာပဲ၊ မြကို တကယ်ချစ်တယ်ဆိုတာ သိရတာ ဝမ်းမသာဘူးလား”

ဟု မေးရာက ကျော်အေး၏လက်ဝဲလက်သည် မြရီ၏ ကိုယ်ပေါ်သို့ လှမ်းဖက်လိုက်လေ၏။

မြရီမှာ ကျော်အေး ပွေ့ဖက်လိုက်ခြင်းကို ငြင်းရန် အရေးမစိုက်နိုင်သေးဘဲ ရှေ့တွင်မြင်ရသော အရာကိုကြည့်ကာ မျက်လုံးပြူးသွားပြီးလျှင်

“ကိုကျော်အေး အဆင်းကြီး အဆင်းကြီး သတိထားနော်”

ဟု ပြောလိုက်လေ၏။

“ဟဲ. . . . ဟဲ. . . . ဒါတွေရိုးနေပြီ မြရယ်”

ဟု ဆိုကာ ကျော်အေးသည် မြရီ၏ကိုယ်ကို တအားပွေ့၍ မိမိဘက်သို့ဆွဲပြီးလျှင် မြရီ၏ ပါးဆီသို့ မိမိ၏ မျက်နှာကြီးကို အတင်းထိုးလိုက်ရာ မြရီသည် ဘာမျှမစဉ်းစားနိုင်၊ မမြင်နိုင်ဘဲ တတောင်တစ်ဘက်နှင့် အတင်းတွက်လိုက်ရာ ‘ကျွီ’ ဟူသော ကြောက်မက်ဖွယ်ကောင်းသည့်

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားသံကြီးကို ကြားလိုက်ရ ပြီးနောက် ချောက်ထဲသို့ ကားဆွဲ၍ သွားသည်ကို မြင်ရသည်နှင့် တစ်ပြိုင်နက် မြရီမှာ မကြည့်ရဲတော့ဘဲ မျက်လုံးကို စုံမှိတ်လိုက်လေ၏။

ကားကြီးမှာ အရှိန်ပြင်းစွာ ချောက်ဘက်သို့ ဆွဲ၍သွားပြီး အနိမ့်သို့ ထိုးစိုက်သွားကာ ဖုံတထောင်းထောင်းထ၍ သွားလေတော့၏။

ထိုသို့ တထောင်းထောင်းထလျက်ရှိသော ဖုံများအကြားမှ ချက်ခြင်းပင် မီးတောက်မီးလျှံများ ထွက်ပေါ်လာလေ၏။ ဖုံလုံးများ လွင့်စင်ပပျောက်၍ သွားသည့်အခါတွင် မီးလောင်၍နေသော ကားအောက်မှ အတင်းတိုးဝှေ့၍ထွက်လာသော ကျော်အေးကို တွေ့ရပေ၏။

ကျော်အေးမှာ မော်တော်ကားလက်ကိုင်နှင့် ဆောင့်မိပြီးလျှင် ဦးခေါင်းတွင် မှန်များကွဲရှထိခိုက်မိသဖြင့် နဖူးတွင် အသားဟက်တက်ကွဲလျက် ဖြူဖွေးသွားရာက တဖြည်းဖြည်းနီလာကာ သွေးများဖြာစီး၍ ကျလာလေ၏။ သို့ရာတွင် ကျော်အေးမှာ သွေးပူနေသဖြင့် မိမိ ဒဏ်ရာပြင်းစွာရသည်ကိုပင် သတိမပြုမိသေးဘဲ ဦးခေါင်းထဲတွင် မူးနောက်နောက် ဝေတေတေဖြစ်နေရာက ကားထဲ၌ မြရီရှိမရှိကို ကြည့်လေ၏။ သို့ကြည့်ရာတွင် မမြင်ရမှ ဟိုဟိုဒီဒီကြည့်လိုက်ရာ ကားထိုးစိုက်၍အကျတွင် တံခါးပွင့်ပြီး လွင့်စင်သွားကာ ပုံလျက်လဲပြီးနေသော မြရီကို မနီးမဝေးတွင် မြင်ရလေ၏။

ကျော်အေးသည် မြရီကို မြင်သည်နှင့်တစ်ပြိုင်နက် အနီးသို့ လျှင်မြန်စွာပြေးသွားပြီး ဆွဲထူကြည့်လိုက်ရာ သတိမရဘဲ မေ့မျောနေသည်ကို တွေ့ရသဖြင့် ပွေ့ထူ၍ လမ်းပေါ်သို့တင်မည်ဟု ပွေ့လိုက်သည်တွင် မြရီကိုယ်ပေါ်သို့ တစ်ပေါက်တစ်ပေါက် စီးယိုကျသော သွေးစက်များကို တွေ့ရမှ မိမိ၏ဒဏ်ရာရသည်ကို သိရှိပြီးလျှင် နဖူးကို လက်တစ်ဘက်နှင့် ကိုင်၍ စမ်းလိုက်ရာ သွေးများမှာ လက်ဖြင့်ဖိပိတ်၍မရနိုင်အောင် လက်ကြားမှ ယိုစီး၍ကျလာသည်ကို တွေ့ရလေ၏။



ထိုသို့ သွေးများကို မြင်လိုက်ရမှ ကျော်အေးမှာ သွေးပျက်သကဲ့သို့ ဖြစ်သွားကာ ရှေးကထက်ပို၍ မူးဝေဝေကြီး ဖြစ်လာပြီးလျှင် နှာခေါင်းထဲတွင် စိမ်းရွှေရွှေအနံ့ဆိုးကြီး ရနေသကဲ့သို့ ဖြစ်သွားလေ၏။ သို့ဖြစ်သည့်တိုင်အောင် ကျော်အေးသည် သတိကိုထိန်းနိုင်သေးကာ မြရီအား ပွေ့ပြီးလမ်းပေါ်သို့ လှမ်း၍တက်လိုက်ရာ နှစ်လှမ်း သုံးလှမ်းမျှ လှမ်းမိလျှင်ပင် တုန်တုန်ချိချိကြီး ဖြစ်သွားကာ မြရီကိုပိုက်ရင်း သတိမေ့ပြီး ပုံလျက်သားကျသွားလေ၏။

မြရီမှာ ကံအားလျော်စွာ ကားပေါ်မှ လွင့်စင်၍သွားခြင်းကြောင့် အနည်းငယ် မွန်းပဲ့သွားရုံမှတစ်ပါး အထိအခိုက် အကြီးအကျယ်မရရှိဘဲ သတိမေ့ရုံသာလျှင် မေ့၍နေလေတော့၏။ သတိရ၍လာသည့်အခါတွင် မြရီမှာ မိမိသည် ထူးခြားသောနေရာတစ်ခုသို့ ရောက်ရှိနေပြီကိုသိရကာ လဲလျောင်းနေရာက ရုတ်တရက်ထ၍ ကြည့်လိုက်ရာ ဆေးရုံတစ်ခုသို့ ရောက်ရှိနေသည်ကို သိရလေ၏။

မြရီမှာ မိမိ မည်သို့ဖြစ်၍ မည်သည့်အရပ်သို့ ရောက်လာသည်ကို စဉ်းစား၍မရသကဲ့သို့ ထိုင်ရင်း ဝေတေတေကြီး လုပ်၍ကြည့်နေရင်းက ကားမှောက်သွားခြင်းကို တဖြည်းဖြည်း စဉ်းစားမိလာလေ၏။

ထိုသို့ မြရီ ထိုင်နေသည်ကို တွေ့ရသဖြင့် ဆေးရုံသူနာပြု မိန်းမတစ်ယောက် မြရီထံသို့ လျှင်မြန်စွာလျှောက်လာကာ

"သတိရလာတုန်း မထိုင်လိုက်နဲ့ဦး၊ နည်းနည်းမှိန်းနေဦး"

ဟု ပြောလေ၏။

"အို ကိစ္စမရှိပါဘူး၊ ကျွန်မ ဘာမှမဖြစ်ပါဘူး"

ဟု ပြောပြီးလျှင် မြရီသည် မထိုင်ဘဲနေကာ

"ကျွန်မကို ဒီ ဘယ်သူခေါ်လာသလဲ၊ အခု ဘယ်ရောက်နေတာလဲ"

ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပဲခူးဆေးရုံ ရောက်နေတယ်၊ မနေ့ညက ရန်ကုန်ကလာတဲ့ ဘတ်စ်ကားတစ်စီးက လမ်းမှာ ကားမှောက်တာတွေ့လို့ တင်ပြီးပို့လိုက်တာပဲ"

"ဩော် တစ်ညတောင် ကြာသွားပြီလား၊ နို့ ကျွန်မနဲ့ အတူတူ ပါလာတဲ့လူကော ဘယ်မှာလဲ"

"ယောကျ်ားခန်းမှာ ရှိတယ်၊ သူ အခုထက်ထိ သတိမရသေးဘူး၊ သူ့ဒဏ်ရာ အတော်ကြီးတယ်၊ နည်းနည်းစိုးရိမ်ရတယ်"

"ဟုတ်လား"ဟု ဆိုကာ မြရီသည် ကုတင်ပေါ်မှဆင်းကာ သွားကြည့်မည်ပြုလုပ်ရာ၊ ဆရာမကလေးက

"အို ဘယ်လဲ ဟိုကိုမသွားရဘူး၊ အခု ကြည့်ခွင့်မရဘူး"

ဟု ပြောလိုက်မှ မြရီသည် ပြန်၍ထိုင်လိုက်လေ၏။

မကြာမီ ဆရာဝန်များရောက်လာကာ မြရီအား မေးမြန်းစုံစမ်းကာ ရေးမှတ်သင့်သည်များကို ရေးယူသွားကြလေ၏။ ဆရာဝန်များ ပြန်သွားသောအခါ မြရီသည် မိမိအဖြစ်အပျက်ကိုတွေးပြီး ဝမ်းနည်းသလိုလိုကြီး ဖြစ်နေမိလေ၏။ မိမိ မချစ်မနှစ်သက်နိုင်သူ ကျော်အေးမှာ သေလောက်အောင် ဒဏ်ရာရရှိသွားသည်ဟု သိရခြင်းသည် မြရီ၏စိတ်ထဲ၌ တစ်ခဏချင်းသော် ဝမ်းသာချင်သလိုလို ဖြစ်မိသော်လည်း မိမိ တွန်းဖယ်လိုက်သည့်အတွက် ဖြစ်ရရှာလေသည်ဟု တွေး၍ သနားမိလေ၏။

ညနေချိန်တွင် ကျော်အေးအား ကြည့်ခွင့်ရသဖြင့် မြရီသည် ကျော်အေး၏အခန်းသို့ သွားရောက်ကြည့်ရှုရာ ကျော်အေးမှာ စောစောကပင် သတိရလာသည်ကို သိရလေ၏။

"ကိုကျော်အေး သတိရလာပြီလား"ဟု မြရီကမေးပြီလျှင် "မနေ့က ဖြစ်ရတာ ကျွန်မ သိပ်စိတ်မကောင်းပါဘူး"ဟု ပြောလေ၏။

"အို စိတ်မကောင်းမဖြစ်ပါနဲ့ ကျုပ်အပြစ်ပါပဲ"



ဟု ပြောပြီးလျှင် ကျော်အေးသည် အနီး၌ လူရှင်းမရှင်းကို ကြည့်လိုက်ပြီးမှ

"မြ ကျုပ်ပြောစရာ တစ်ခုရှိတယ်၊ ကောင်းကောင်း နားထောင်ပါနော် ဟုတ်လား၊ ဆရာဝန်တွေ ကပြောတယ်၊ ကျုပ်ဒဏ်ရာက အင်မတန်ကြီးတယ်၊ စိတ်မချရဘူးလို့ ပြောတယ်၊ သေမှာပဲလို့ ပြောတာနဲ့ အတူတူပဲ"

ဟု ဆို၍ ရပ်နားလိုက်လေ၏။

အနည်းငယ်ကြာမှ ဆက်လက်ပြီး

"ကျုပ်တော့ မသေချင်သေးတာ အမှန်ပဲ၊ မြနဲ့ အတူတူ ပျော်ပျော်ကြီး လည်ချင်သေးတယ်၊ ကျုပ် ဒီဘဝမှာ ပျော်လို့ မဝသေးဘူး၊ ဒါထက် အင်မတန့် အင်မတန် ပျော်ရတော့မဲ့ အခါကို ရောက်ခါမှ အခုလို ဖြစ်ရတာ သိပ်ဝမ်းနည်းတာပဲ"

ဟု ပြောလေ၏။

"မြ. . . မြကိုတော့ ဒီဘဝမှာ ကျုပ်ဘယ်နည်းနဲ့မှ ပေါင်းသင်းနိုင်တော့မယ် မထင်ဘူး၊ ဒါထက် အရေးကြီးတာတစ်ခုက ကျုပ်သေသွားရင် မန္တလေးမှာ မကြာခင်ကဆုံးသွားတဲ့ ကျုပ်ဦးလေးအမွေတွေကို ဆက်ခံရမယ့်လူ မရှိတော့ဘူး၊ ကျုပ်နဲ့ ညီအစ်ကို နှစ်ဝမ်းကွဲတော်တဲ့ လူတစ်ယောက်ယူတော့မှာပဲ၊ သူ ယူတာတော့ မခံနိုင်ဘူး၊ ဒီတော့ ဒီအမွေတွေကို သူများလက်ထဲ မရောက်စေရအောင် ကျုပ်ကို မြ လက်ထပ်စေချင်တာပဲ၊ သေခါနီးမှာ အခုလို ပြောလိုက်ရတာဟာ တော်တော့်ကို ဆန်းကြယ်တာပဲ"

မြရီသည် မိမိကြားရသည့် စကားများကို မယုံကြည်သကဲ့သို့ တွေဝေပြီး ကြည့်နေမိလေ၏။ အတန်ကြာမှ

"နို့ ကိုကျော်အေး ကျွန်မကို ငွေနှစ်ထောင် အရင်ပေးစရာ ရှိသေးတယ် မဟုတ်လား၊ ဒီငွေပေးပြီးတဲ့နောက် ကျွန်မကတိအတိုင်း ဘာမှ ငြင်းစရာ မရှိဘူးပေါ့"ဟု ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ၊ အခုဟာက မြကို ကျုပ် ကာမပိုင်လင်ယောကျ်ားအဖြစ် ဒီစည်းစိမ်ခံချင်လို့ ပြောနေတာမဟုတ်ဘူး၊ ကျုပ်သေရတော့မှာပဲ၊ ဒီစည်းစိမ်တွေ မတောင့်တတော့ပါဘူး၊ အခုလို မြကို လက်ထပ်တာဟာ နှစ်ယောင်မကဘဲ ကျုပ်ရစရာရှိတဲ့ အမွေပစ္စည်းတွေကို ရစေချင်လို့ပါပဲ၊ ကျုပ်ဟာ မြအပေါ်မှာ မတရားပြုခဲ့တာ နောင်တရပြီး မြကို အပြစ်ချေတဲ့ သဘောနဲ့ ပြုစုခဲ့ချင်လို့ပါ"

မြရီသည် ဘာမျှပြန်မပြောဘဲ တွေ၍သာ စဉ်းစားနေလေ၏။

"သဘောတူလိုက်ပါ မြရယ်၊ မြအပေါ်မှာ တစ်စုံတစ်ရာ တစ်စွန်းတစ်စ ဘာမှဖြစ်စရာလည်း မရှိပါဘူး၊ ကျုပ်သေတော့မှာပဲ၊ သေခါနီး လူတစ်ယောက်ရဲ့ နောက်ဆုံးတောင့်တတဲ့ အလိုကိုလိုက်ပါ မြရယ်၊ မငြင်းပါနဲ့တော့"

မြရီသည် တစ်ခေါင်းလုံးတွင် ကြပ်စည်းထားသော ကျော်အေး၏ မျက်နှာကိုကြည့်၍ သနားလာပြီးလျှင် ၎င်း၏စကားများကိုလည်း ဟုတ်မှန်ပေသည်ဟု ယူဆကာ နောက်ဆုံးတွင် သဘောတူသည့် အထိမ်းအမှတ်ဖြင့် ခေါင်းညိတ်လိုက်လေ၏။

နောက်တစ်နေ့တွင် ပဲခူးဆေးရုံကြီး၌ မြန်မာပြည်တွင် မကြုံကြိုက်ဘူးသော လက်ထပ်မင်္ဂလာပွဲတစ်ခုကို တွေ့ကြလေ၏။ သတို့သားနှင့် သတို့သမီးတို့မှာ တောင်ရှည်ပုဆိုး၊ ထိုင်မသိမ်းအင်္ကျီ စသည်တို့ကို ဝတ်ဆင်ထားခြင်းမရှိဘဲ နှစ်ယောက်စလုံးပင် ဆေးရုံအဝတ်အစားများ ဝတ်စားထားကြလေ၏။ သတို့သားကျော်အေးမှာ ခေါင်းပေါင်းဟုဆိုလျှင် ဆေးရုံပတ်တီးများ တစ်ခေါင်းလုံး ရစ်ပတ်ထားသည်မျှသာ ရှိလေ၏။

သတို့သားနှင့် သတို့သမီးတို့ကို လက်ထပ်ပေးသူမှာ ရာဇဝတ်တရားသူကြီးဖြစ်၍ အသိသက်သေများမှာ ဆရာဝန်များနှင့် သူနာပြုဆရာမများသာလျှင် ဖြစ်ကြလေ၏။



ကျော်အေးသည် အိပ်ရာမှမထနိုင်ဘဲ လဲလျောင်း၍နေရာက မိမိ၏ ကုတင်ဘေးတွင် ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေသော မြရီ၏ လက်တစ်ဘက်ကို ဆွဲကိုင်ထားရင်း တရားသူကြီး၏စကားများကို ကြည်နူးရွှင်လန်းသော စိတ်များဖြင့် နားစိုက်ထောင်လျက် ရှိလေ၏။ မြရီကား မိမိ၏ လက်ကို ကျော်အေး ဆွဲကိုင်ထားခြင်းကို ရှက်ကြောက်သကဲ့သို့ လည်းကောင်း၊ မနှစ်မြို့သကဲ့သို့ လည်းကောင်း၊ တရားသူကြီး ပြောဆိုမေးမြန်းနေသည့် စကားများကိုပင် နားစိုက်၍ထောင်နေလေ၏။

တရားသူကြီးသည် မိမိပြောလိုသည့် စကားများကို ပြောဆိုမေးမြန်းပြီး၍ ကျော်အေးနှင့် မြရီတို့က ဤသို့လက်ထပ်ခြင်းသည် မိမိတို့ နှစ်ဦးသဘောတူဖြစ်ကြောင်းကို ဝန်ခံလိုက်ကြပြီးနောက် တရားသူကြီးကပေးသည့် စာတစ်ရွက်ပေါ်တွင် နှစ်ယောက်သား လက်မှတ်ရေးထိုးလိုက်ကြပြီးသည်နှင့်တစ်ပြိုင်နက် ဤအချိန်မှစ၍ ၎င်းတို့နှစ်ယောက်သည် လင်မယားအဖြစ်သို့ ရောက်ရှိပြီဟု တရားသူကြီးကပြောလိုက်ရာ ထိုစကား ကို ကြားရသည်တွင် မြရီမှာ တစ်ကြောလုံး စိမ့်ကနဲ ချမ်းအေးတုန်လှုပ်သွားလေ၏။

ထို့နောက် တရားသူကြီးနှင့် ဆရာဝန် ဆရာမများတို့သည် လက်ထပ်ပြီးစ ဇနီးမောင်နှံကို ရယ်စရာ မောစရာစကားများကို ပြော၍နေကြပြီးမှ အသီးသီး ထွက်ခွာသွားသည့်အခါကျမှ စိတ်သက်သာရာရသလို ရှိသွားသော်လည်း ကျော်အေးအား လက်ထပ်လိုက်ပြီးပြီဟု သိရသောစိတ်သည် မိမိ၌ တစ်စုံတစ်ရာ ကြီးစွာသော ဆုံးရှုံးခြင်းကြီးတစ်ခုကို ဆုံးရှုံးခဲ့လိုက်ရသကဲ့သို့ ဝမ်းနည်းပက်လက် အောင့်သက်သက်ကြီး ဖြစ်နေမိလေတော့၏။

ကျော်အေးသည် မြရီ၏ လက်ကလေးတစ်ဘက်ကို ဆွဲယူဆုပ်ကိုင်ပြီး မြရီဘက်သို့လှည့်ကာ ရွှင်ပြုံးသောမျက်နှာနှင့်

www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ အခုလို တွေ့ကြုံရတဲ့ အဖြစ်တွေဟာ ဆန်းတာပဲနော်၊ ဒါပေမဲ့လည်း ကျုပ်သေရတော့မယ် မဟုတ်သေးရင် အခုလို ဖြစ်ရတွေ့ရဖို့ ခဲယဉ်းသားပဲ၊ မြစိတ်ထဲမှာ ဘယ်နဲ့နေသလဲ"

ဟု မေးလိုက်လေ၏။

မြရီသည် တွေဝေ၍နေပြီးမှ

"ဆန်းတာပဲ၊ သိပ်ဆန်းတာပဲ၊ ကျွန်မ အပျိုဖြစ်စဉ်က လက်ထပ်ရင် သူများနဲ့မတူအောင် ဖြစ်ရမယ်ဟဲ့လို့ စိတ်ကူး မိသေးတယ်၊ အခု ကျွန်မ စိတ်ကူးတဲ့သဘောမျိုး မဟုတ်သော်လည်း သူများ နဲ့ မတူတဲ့ လက်ထပ်တာမျိုးကိုတော့ လက်ထပ်ရတာပဲ၊ နောက်ပြီး ကျွန်မ တကယ်တန်း မချစ်တဲ့သူကို အခုလို လက်ထပ်လိုက်ရပြန်တာလည်း သာပြီး ဆန်းကြယ်တာပဲ"

ဟု ပြောလိုက်လေ၏။ ကျော်အေး၏မျက်နှာမှာ အနည်းငယ် မသက်မသာ ဖြစ်သွားပြီးလျှင်

"မြ အခုအချေထိအောင် ကျုပ်အပေါ်မှာ နည်းနည်းမှ မေတ္တာ မရှိနိုင်သေးဘူးလား"

ဟု အောက်ကျို့သောမျက်နှာနှင့် မေးလိုက်လေ၏။

"လက်ထပ်တာတစ်ခြား၊ ချစ်တာတစ်ခြားပဲ၊ ကျွန်မ ချစ်လို့ လက်ထပ်တာ မဟုတ်တဲ့အပြင် လက်ထပ်တိုင်းလည်း မချစ်ကြတာတွေ အရှိသားကပဲ"

"သြော်. . . မြဟာ အခုထက်ထိ ကျုပ်ကို မချစ်နိုင်သေးတာထက် အခုထက်ထိ မောင်ထွန်းဝေကိုလည်း မပြတ်နိုင်သေးဘူးပေါ့နော်"

"အို. . ဒီစကားကို မပြောပါနဲ့"

ဟု မြရီ ပြောလိုက်သည့် စကားမှာ အတော်ပင် အားအင်ဖြစ်ညစ်၍ ထွက်လိုက်ရသကဲ့သို့ ရှိပေ၏။ မြရီမှာ ထွန်းဝေအား မရနိုင်တော့ပြီဟု တစ်ထစ်ချ ယုံကြည်ခဲ့လေ၏။ ထိုသို့ ယုံကြည်မိသည့်တိုင်အောင် ထွန်းဝေ



အပေါ်တွင် ထားရှိသော မေတ္တာကို ဖျက်၍မရနိုင်သည်မှာ အမှန်ပင် ဖြစ်လေရာ ထိုအမေးကို ကျော်အေး မေးလိုက်ခြင်းသည် မြရီ၏ အသည်းကို အပ်နှင့်ဆွ၍ပေးသကဲ့သို့ ဖြစ်စေလေတော့၏။

ကျော်အေးသည် မြရီ၏မျက်နှာကို စိုက်၍ကြည့်နေရာက မကောင်းကြံစည်သော အမူအရာမျိုးဖြင့် မခန့်ပြုံးပြုံးကာ

"အင်း. . . ကျုပ် ဘာပဲဖြစ်ဖြစ်၊ မြနဲ့ မောင်ထွန်းဝေတို့ အဖို့တော့ မျှော်လင့်ချက် မရှိတော့ဘူးလို့သာ မှတ်လိုက်ပေတော့"

ဟု ဆိုကာ ခေတ္တရပ်နား နေလိုက်ပြီးမှ

"ကျုပ်သေလို့ ရှိရင် ကျုပ်အတွက် ရထိုက်တဲ့အမွေတွေကို မြ တစ်ယောက်တည်းသာ ခံစား စံစားရမှာပဲ၊ တကယ်လို့ မြ မောင်ထွန်းဝေကို ယူလိုက်ရင် ဒီအမွေတွေကို မခံစားရအောင် တစ်နည်းနည်းနဲ့ ကျုပ်လုပ်ပစ်မှာပဲ"ဟု ပြောလိုက်လေ၏။

မြရီသည် ကျော်အေးစကားကို ကြားရခြင်း၌ ဝမ်းမသာ ဝမ်းမနည်းသကဲ့သို့ တွေတွေကြီး လုပ်၍နေလေ၏။

ခပ်လှမ်းလှမ်းမှ အရိပ်အကဲကြည့်နေကြသော သူနာပြုဆရာမ နှစ်ယောက်တို့သည် မြရီအား သနားကရုဏာရှိကာ မြရီနှင့် ကျော်အေးတို့၏အကြောင်းကို မသိရှာကြသည့်အတိုင်း

"ဒီ သမီးရည်းစားနှစ်ယောက်ဟာ သိပ်သနားစရာ ကောင်းတာပဲနော်၊ ကောင်မလေးကို သာပြီးသနားဖို့ ကောင်းသေးတယ်၊ ကိုယ်ချစ်တဲ့လူကို လက်ထပ်ရပါလျက်နဲ့ မပေါင်းရရှာဘူး"

ဟု တီးတိုးပြောမိကြလေ၏။

ထိုသို့ပြောနေကြရာက မြရီသည် ကျော်အေးအနားမှထ၍ မိမိတို့ဆီသို့လာသည်ကို တွေ့ရ၍ စကားစ ဖြတ်လိုက်ကြလေ၏။

"ဒီကနေ့ ကျွန်မ ဆေးရုံကဆင်းရမယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒီကနေ့ ဆင်းနိုင်ခွင့်ရှိပြီ၊ ဒါပေမဲ့ ဒီကဆင်းရင် ဘယ်မှာနေမလဲ"

ဟု ဆရာမကလေးတစ်ယောက်က မေးလိုက်လေ၏။

မြရီသည် ကျော်အေး၏ အသိများထံ၌ မနေလို။ မိမိ၌လည်း အသိမရှိသဖြင့် တွေဝေ၍နေလေ၏။

"အသိမရှိရင်လည်း ကျွန်တော်တို့ဆီနေပါလား၊ လူမမာနဲ့လည်း နီးနီးနားနားရှိပြီး မကြာခဏလာကြည့်နိုင်တာပေါ့၊ အရေးရှိလည်း ချက်ခြင်းသိရတာပေါ့"

ဟု ပြောလိုက်သည့်အတိုင်း မြရီက သဘောတူလိုက်လေ၏။

သို့အားဖြင့် မြရီသည် ဆေးရုံဆရာမကလေး၏အိမ်တွင် တည်းခိုကာ နံနက်တိုင်း ညနေတိုင်း ဆေးရုံသို့လာ၍ကြည့်လေရာ ၂-ရက် ၃-ရက်ခန့် ကြာသောအခါတွင် ကျော်အေးမှာ မသေနိုင်တော့ပြီ။ ရောဂါ ထူးထူးခြားခြား သက်သာလာပြီဟု ဆရာဝန်များထံမှသိရကာ ဟိုက် ဒီတစ်ခါဖြင့် ခက်ပြီဟု ထူပူ၍သွားလေတော့၏။

ကျော်အေးမှာမူ အထူးဝမ်းမြောက်လျက်ရှိကာ

"မိန်းမရေ. . . မိန်းမ. . . ကျုပ်တော့ မသေရတော့ဘူးတဲ့၊ နဖူးစာက ပေါင်းရအောင် ဖန်လာတော့တာပဲ၊ သေမင်းတော့ အလျှော့ပေးသွားရပြီ"

ဟု ပြောလိုက်ရာတွင် မြရီမှာ ဘာမှပြန်၍မပြောနိုင်ဘဲ ခေါင်းကိုသာငုံ့ကာ မျက်ရည်များ လည်လာလေ၏။

ထိုညတွင် အိပ်၍မပျော်နိုင်တော့ချေ။ မှန်ထဲတွင် မိမိရုပ်ကိုကြည့်လိုက်သောအခါ ဖြူဖတ်ဖြူရော်နှင့် ပါးရိုးနားရိုးများကျနေသည်ကို တွေ့ရလေ၏။ မိမိမှာ ကျော်အေးမယားအဖြစ်မှ မလွတ်နိုင်တော့ပြီ။ တရားသူကြီး၏ရှေ့တွင် သဘောတူလက်မှတ် ရေးထိုးခဲ့ပြီးပြီဖြစ်၍ မည်သို့မျှ မငြင်းနိုင်တော့ပြီ။ ကျော်အေး ကျန်းမာ၍လာသောအခါ သူ့မယားအဖြစ်ဖြင့် သူ့



အလိုသို့ လိုက်ရချေတော့မည်ဟု တွေးမိကာ တစ်နာရီထက် တစ်နာရီသည် သာလျှင် ကျော်အေး၏ ကျန်းမာဖို့ရန်ဘက်သို့ တိုးရွေ့နီးကပ်၍လာသည့်အတွင်း မြရီမှာ တွေ့ကြုံရတော့မည့် ဒုက္ခကြီးကို တစ်နာရီထက် တစ်နာရီ တိုး၍ ကြောက်ရွံ့တုန်လှုပ်မိလျက် လူတစ်ယောက်၏အသက်ကို မကောင်းသော ဆုတောင်းခြင်းဖြင့်သာလျှင် သေပါစေဟု ဆုတောင်းလိုက်ချင်မိလောက်အောင် ဖြစ်ရရှာလေတော့သတည်း။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

လူ့ပြည်လောက ဖြစ်ရသည့် ဘ၀တွင် မိမိတို့ရသမျှနှင့် တင်းတိမ် ရောင့်ရဲနိုင်သူမှာ မရှိသလောက်ပင် ရှားပါးလှပေ၏။ မရှိသူသည် ရှိရန် တောင့်တ၍ မရသူတို့မှာ ရရန်ကိုသာ အာရုံပြုကြပြီးလျှင် ရသူတို့မှာလည်း ပို၍ရအောင် ကြိုးစားကြလေတော့၏။ ညွန့်ခင်မှာ ရလေ လိုလေ အိုတစ္ဆေ ဆိုသကဲ့သို့ မြရီထံမှ မိမိရရှိထားသော ငွေတစ်ထောင်နှင့် မတင်းတိမ်ဘဲ ရှိချေတော့၏။

မြရီထံမှရရှိလိုက်သော ငွေတစ်ထောင်သည် ညွန့်ခင်အား အမြဲ နေသော အခန်းကျဉ်းကလေးမှ စပါတ်လမ်းအောက်ပိုင်းရှိ ကျယ်ဝန်းသပ် ရပ်သော အခန်းကြီးသို့ရောက်စေလျက်၊ အိမ်ထောင်ပစ္စည်းအဖိုးတန်များ ဖြင့် တင့်တင့်တယ်တယ်ကြီး ဖြစ်၍နေစေလေ၏။ ညွန့်ခင်သည် မိမိရလိုက် သော ငွေတစ်ထောင်မှာ အခါခပ်သိမ်းသုံး၍မကုန်နိုင်သည့် အနေမျိုးဖြင့် မိမိယခုနေထိုင်သည့် အခြေအနေနှင့်လိုက်အောင် ဖောဖောကြီးသုံး၍နေခဲ့



ရာ မကြာမီပင် ထိုငွေတစ်ထောင်သည် ကုန်ခန်းလုသည့် အခြေအနေသို့ ရောက်လာသည်ကို သိရခြင်းအားဖြင့် မျက်လုံးပြူး၍သွားကာ နောက်ထပ် ရလမ်းကို ကြည့်ပြန်လေ၏။

ညွန့်ခင်သည် မိမိ၏ ပဒေသာပင်ကြီးဖြစ်သော ဘလွန်းကို ရှေးဦး စွာ တွေးမိလေ၏။ ဘလွန်းထံသို့ မရောက်သည်မှာ အတော်ကြီးကို ကြာခဲ့ ပြီဖြစ်ရာ ယခုသွား၍ညစ်လျှင် ဇကန်မလွဲရမည်ကို ယုံကြည်မိပေ၏။ သို့ရာ တွင် ညွန့်ခင်သည် ဘလွန်းထံမှ များများစားစားရဖို့ရန်ကို အားမကိုးချေ။ ယင်းသို့ များများစားစား မရနိုင်စေကာမူ ရသမျှအမြတ်ချည်းပဲဟု ညွန့်ခင် ၏စိတ်တွင် နှလုံးပြုထားမိပေ၏။

ညွန့်ခင်သည် အဝတ်အစားကို သေချာစွာရွေးချယ်၍ ဝတ်ဆင် လိုက်ရာ အဖိုးလည်းတန် အသွေးလည်းကျ အဆင်အပြင်လည်း လှသည့် အားလျော်စွာ နဂိုအကြည့်အားဖြင့် မရိုင်းလှသော ညွန့်ခင်မှာ အတော်ပင် အလှတွေပေါ်လွင်၍ လာလေတော့၏။ ထိုသို့ ဝတ်ဆင်ထားသည်ကို မြင် ရခြင်းအားဖြင့် စိတ်ထားသဘောထား ဖြူစင်၍ ချစ်ခင်ဖွယ်ကောင်းလှပေ သည်ဟု ညွန့်ခင်၏ အတွင်းစိတ်များမှာ ထိုအဝတ်အစားတို့ဖြင့် ကာကွယ် ရန်မှာလည်း ညွန့်ခင်၏ စီးပွားရေးအတွက် အထောက်အပံ့ အကူအညီတစ် ခုပင် ဖြစ်ပေ၏။

ဘလွန်းမှာ အဆုတ်ရောင်သောရောဂါ သက်သာ၍သွားကာ နလံ ထစပြစ်လေရာ၊ မိမိထံသို့ ညွန့်ခင်ရောက်၍လာသည်ကို မြင်ရသည့်အခါ တွင် ပြန်၍ ဖျားချင် နာချင်သလိုလို ဖြစ်သွားမိလေ၏။

ညွန့်ခင်သည် အခန်းထဲသို့ ဝင်လာကာ အဝတ်အစား တွေးတွေး နွေးနွေးဝတ်လျက် မြက်ဖြင့်ရက်လုပ်ထားသည့် ရှေ့ထိုးဖိနပ်ကိုစီးကာ ကုလားထိုင်ပေါ်တွင် ထိုင်နေသော ဘလွန်း၏အနီးသို့ ပြုံးရွှင်စွာကပ်ရောက် ပြီးလျှင် "ဟဲလို. . . ကိုကို"ဟု နှုတ်ဆက်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘလွန်းသည် မနှစ်မြို့သောမျက်နှာဖြင့် ကြည့်လိုက်ပြီးမှ

"ဘယ့်နှယ့်လဲ မညွန့်ခင်၊ လှူတကာလိုက်ပြီး သွေးစုပ်ရတာ လူစေ့လို့ ဒီကို တစ်ပတ်ပြန်ပြီး ရောက်လာတာလား"

ဟု မေးလိုက်လေ၏။

ညွန့်ခင်မှာ ထိုသို့ အမေးခံလိုက်ရသည့်အတွက် နည်းနည်းမှ မျက်နှာမပျက်ဘဲ ပြုံးပြုံးရယ်ရယ်နှင့်ပင် ဘလွန်းနှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင် တစ်လုံးပေါ်၌ထိုင်ကာ ခြေချိတ်၍တင်ပြီး ဒူးကို လက်နှစ်ဘက်ဖြင့် ယှက်၍ ဆုပ်နေလိုက်ပြီးနောက် "စိတ်တိုလှချည့်လား ဆရာကြီးရဲ့"ဟု ဆိုလေ၏။

ဘလွန်းသည် မည်သို့မျှပြန်မပြောဘဲ စိုက်၍သာ ကြည့်နေလိုက်လေ၏။

"ဟဲ. . ဟဲ လှလို့ကြည့်နေတယ် မှတ်တယ်၊ ဒီ့ထက်လှလာအောင် ဝယ်ပေးပါဦး၊ အရင်ဝယ်ပေးတာတွေ ကုန်ပြီ"ဟု ဆိုပြီးလျှင် "မနေ့တုန်းက လေ ညွန့်လေ ဗိုလ်ချုပ်ဈေးကို ရောက်ခဲ့တယ်သိလား၊ အို လှလိုက်တာလေ မပြောပါနဲ့တော့ စိန်ကတ္တီပါလုံချည်ကလေးဟာ အရင်ဟာမျိုးမဟုတ်ဘူး၊ နောက်ပေါ်လာတာ၊ အို မပြောပါနဲ့တော့"

ဟု သွက်သွက်ကြီးပြောသွားစဉ် . . . .

"အင်း. . . မညွန့်ခင်လည်း မပြောပါနဲ့တော့"ဟု ဘလွန်းက စကားဖြတ်၍ ဟန့်တားလိုက်ပြီး "အရင်တုန်းကသာ ရနိုင်မယ်၊ အခု မရနိုင်ဘူး"ဟု ပြောလိုက်လေ၏။

ညွန့်ခင်မှာ မိမိရောက်ရောက်ခြင်း ဘလွန်း ဘုပြောလိုက်သော်လည်း ကြန္တေဆည်နိုင်သေးရာ ယခုတစ်ကြိမ် ထပ်၍ပြောလိုက်သည့်အခါတွင် ကြန္တေမဆည်နိုင်တော့ဘဲ ရင်ထဲမှ ဆူ၍တက်လာသည့်ဒေါသကို ထွက်မသွားအောင် မနည်းကြိုးစား ပိတ်ပင်ထားရသကဲ့သို့ အောက်နှုတ်ခမ်း



တလေးကို ကိုက်၍ထားမိလေ၏။ ညွန့်ခင်သည် ဒေါသထွက်၍ မိမိလိုလားချက်ကို ရနိုင်မည်မဟုတ်ဟု ကောင်းစွာစဉ်းစားမိသူ ဖြစ်ပေ၏။

"တကယ့်ကိုပြောတာပါ ကိုကိုရယ်၊ ကြည့်လို့ကို မဝနိုင်ဘူး"

"မဝနိုင်ရင် ပြန်ပြီးစိုက်ကြည့်နေချေပါလား၊ တစ်ပြားမှမကုန်ဘူး"

ညွန့်ခင်သည် နှုတ်ခမ်းစူ၍သွားပြီးမှ "မနောက်နေပါနဲ့ ကိုကိုရယ်၊ ဒီက အတည်ပြောနေတာပါ"ဟု ပြောလေ၏။

ထိုအခါမှ ဘလွန်းသည် ညွန့်ခင်အပေါ်တွင် အောင်မြင်နိုမ်နင်းနိုင်သော စိတ်တန်ခိုးသတ္တိများကို ရရှိလာသကဲ့သို့

"ကျုပ်အတည်ပြောနေ တာပဲ၊ ဟောဒီမယ်၊ ရှင်းရှင်း ပြောလိုက်မယ်၊ နားထောင်၊ မညွန့်ခင်ကို အရင်တလော ပေးလိုက် ကမ်းလိုက်တာဟာ ကျုပ် ဒီတစ်သက်မဟုတ်ဘူး၊ နောက်ဘဝ အဆက်ဆက်အတွက်ပါ နောက်ဆုံးပေးခြင်းပဲ မှတ်လိုက်ပေတော့၊ နောက်ထပ်ပြီး မရတော့ဘူး"

ဟု ပြောလိုက်လေ၏။

ထိုသို့ ပြောလိုက်သည့်အခါကျမှ ညွန့်ခင်၏ ပါးနှစ်ဘက်တွင် နီရဲ၍တက်လာကာ ဒေါသထွက်သည့် အရိပ်အယောင်များ ပေါ်လာလေ၏။

"ရှင် ဒီလိုပြောသလား ဟုတ်လား၊ ရှင် မြဆီကို ဘယ်လိုရေးလိုက်တယ်ဆိုတာကို ကျွန်မ ကိုထွန်းဝေကိုပြောပြမှာ မပူဘူးပေါ့လေ"

"ဟား ဟား ပြောလိုက်၊ ပြောလိုက်၊ အပြောတောင် နောက်ကျနေသေးတယ်၊ ကျုပ်ကိုယ်တိုင် ဖွင့်ပြောလိုက်ပြီးပြီ"ဟု ဆိုပြီးနောက် "အရင်တုန်းကသာ တင်တင်ဦးနဲ့ ထွန်းဝေ လက်မထပ်ရသေးခင်မို့ အစစ အရာရာ ပိုးရိမ်နေခဲ့ရတာ၊ အခုတော့ ဘာမှ စိုးရိမ်စရာမရှိတော့ဘူး"ဟု ပြောပြလိုက်လေ၏။

ညွန့်ခင်မှာ ဘာမျှပြန်၍မပြောနိုင်ဘဲ "အို"ဟု စကားတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



တည်းသာလျှင် ပါးစပ်မှ လွတ်ကနဲထွက်သွားကာ ကြောင်ပြီးငေးစိုက်ကြည့်နေမိလေ၏။ စိတ်ထဲတွင် ဒေါသလည်းဖြစ်၊ ရှက်လည်းရှက်သလို ဖြစ်နေလေတော့၏။

ဘလွန်းသည် ထိုသို့ ညွှန့်ခင်ဖြစ်ပျက်နေပုံကိုမြင်ရ၍ ကျေနပ်ဝမ်းသာမိပြီးလျှင် သရော်သောအပြုံးဖြင့် ပြုံး၍ကြည့်နေပြီးမှ. . . .

"ကဲ. . . ရလည်းမရတော့ဘူး မဟုတ်လား၊ ပြန်ချင်ရင် ဟောဟိုမှာ လှေခါးရှိတယ်"

ဟု လက်ညှိုးညွှန်၍ ပြောလိုက်လေ၏။

ညွှန့်ခင်မှာ အလွန်အမင်း ဒေါသဖြစ်သော်လည်း ယခုအကြိမ်မူ ဘလွန်းအား လုံးလုံး အလျှော့ပေးလိုက်ရကာ နှုတ်မှုပင်မဆက်နိုင်ဘဲ ဆောင့်အောင့်လျက် အိမ်ပေါ်မှ ဆင်း၍သွားလေ၏။ ညွှန့်ခင်မှာ ဒေါသဖြင့် မွန်ထူ၍လာရာ လမ်းတွင် လူများကိုပင် မမြင်နိုင်တော့ဘဲ ဝင်၍ပင်တိုးဝေ့မိလေ၏။ ထို့နောက် အတန်ငယ် ဆက်လက်၍ လျှောက်လာမိသည့်အခါကျမှ ဒေါသအနည်းငယ် ပြေ၍လာပြီးလျှင်

"အို . . သင်းဆီကမရလို့ ဘာဖြစ်မှာလဲ၊ ရရင်လည်း အဝတ်အစားလောက် ရမှာပဲ၊ ငါလိုချင်နေတာ က ငွေလိုချင်နေတာ၊ သူ့ဆီမှာ ငွေမရနိုင်ဘဲ၊ ငါသွားမိတာတောင် မှားသေးတယ်"

ဟု တွေးကာ၊ အခြားတစ်နေရာမှ ငွေရှာဖို့ရန် စိတ်ကူးမိလေ၏။

ညွှန့်ခင်မှာ မိမိညှင်းစရာ တင်တင်ဦးလည်း သေခဲ့ပြီ။ ကျော်အေးလည်းမရှိ မြရီလည်း ကျော်အေးနောက်သို့ ပါ၍သွားပြီဖြစ်ရကား ထွန်းဝေမှတစ်ပါး အခြားကြည့်၍ မမြင်နိုင်အောင်ရှိလေ၏။ ထွန်းဝေအား ညှင်းဖို့ရန်မှာ ထွန်းဝေအစား မြရီထံမှ ငွေတမ်ယောင်ယူလိုက်ပြီဖြစ်ရာ ရုတ်တရက်သော် ထွန်းဝေထံသွား၍ မတောင်းလိုသကဲ့သို့ ဖြစ်မိလေ၏။ သို့ရာတွင် ထိုသို့ စဉ်းစားဆင်ခြင်သည့်စိတ်သည် ညွှန့်ခင်၏ နှလုံးထဲတွင် ကြာရှည်



မမြဲချေ။ ငွေကို လောဘမသတ်နိုင်သူမှာ တော်မတော်မစဉ်းစားနိုင်သည့်အလျှောက် ညွှန့်ခင်သည် ထွန်းဝေထံသွားရန် စိတ်ပိုင်းဖြတ်လိုက်လေ၏။

❑

ထွန်းဝေသည်ကား မယားလည်းဆုံး၊ ရည်းစားကိုလည်း ဆုံးခဲ့လေရာ စိတ်၏ ထောင်းဖိညှင်းဆဲခြင်းဖြင့် ထမင်းဟင်းကို အချိန်မှန်စားသောက်ရန် သတိမရဘဲ မြရီကိုတွေးမိတိုင်း စိတ်ညစ်ခြင်းမှပြေစေတော့ဟု အရက်နှင့် ဖြေဖျော်နေခဲ့သဖြင့် လူမှာ တစ်နေ့တစ်ခြား သေွးသားလျှော့ပါးလာကာ ပါးသွယ်နားသွယ်ကျလျက် ယခင်က ပြည့်တင်းနုနယ်ခဲ့သော မျက်နှာမှာ ပိန်ခွက်ရှုံ့တွစပြု၍ လာလေတော့၏။

ညွှန့်ခင်သည် ထွန်းဝေထံသို့ ရောက်သွားသည့်အခါတွင် အရက်သောက်၍နေခိုက်နှင့် ကြုံကြိုက်နေသောကြောင့် ပြန်ခဲ့တော့မည်ပြုပြီးမှ အလုပ်ဟာ အလုပ်၊ ငွေဟာ ငွေ၊ ဘာမျှသူတစ်ပါးကို အားနာထောက်ညှာစရာမရှိဟု နှလုံးပြုကာ ရဲရဲတင်းတင်းတွေ့ဆုံလေ၏။

"မညွှန့်ခင် ဘာအကြောင်းထူး ပြောစရာရှိလို့လဲ"

"မြအကြောင်း ပြောချင်လို့ပါပဲ"

မြ. . . ဟူသောစကားကို ကြားရလျှင် ထွန်းဝေသည် သောက်တော့မည့်ဆဲဆဲဖြစ်သော ဖန်ခွက်ကို လက်တွင်တန်းလန်း ကိုင်ထားမိလျက် ပါးစပ်အဟောင်းသားနှင့် ငေးစိုက်၍ကြည့်နေပြီးမှ "မြ အကြောင်းလား"ဟု မေးလိုက်လေ၏။

"ဟုတ်တယ် တော်တော်အရေးကြီးတဲ့ အကြောင်းပဲ၊ မြ ပဲခူးကို ကိုကျော်အေးနဲ့ လိုက်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဝေကား ကိုယ်ကိုနောက်သို့လှန်၍ ကုလားထိုင်ကိုမှီလိုက်ကာ ဟက်ဟက်ပက်ပက်ရယ်ပြီးလျှင်

"ဘာများထူးသလဲမှတ်တယ်၊ ဒါကို မသိဘူးမှတ်လို့လား"

ဟု ဆိုလိုက်လေ၏။

ညွန့်ခင်မှာ စ၍ချီကတည်းက လွဲနေပြီဟုသိလျက် မျက်နှာပျက်သွားလေ၏။ သို့ရာတွင် ညွန့်ခင်သည် ထိုအကြောင်းကိုပြော၍ ငွေညှင်းရအောင် လာခြင်းမဟုတ်၊ ထိုအကြောင်းမှ အစချီ၍ လိုရင်းသို့ဆွဲပြီး ငွေညှင်းရန်လာခြင်းဖြစ်သဖြင့် ချက်ခြင်းပင် မျက်နှာဆည်လိုက်လေ၏။

"ဒီအကြောင်းသက်သက် မဟုတ်ပါဘူး၊ ဒီထက်အရေးကြီးတာ ပြောစရာရှိလို့ပါ၊ ကိုထွန်းဝေနဲ့ပက်သက်ပြီး စိတ်မချမ်းသာစရာ အကြောင်းတစ်ခုရှိလို့ပါ"

"အို အခုနေအခါ စိတ်မချမ်းသာစရာ ဘာမှမကြားချင်ဘူး၊ အထူးသဖြင့် ကိုယ်ရေးနဲ့ဆိုင်တာ ဘာမှမကြားချင်ဘူး"

"ဒါပေမဲ့ မကြားချင်လို့ မဖြစ်ဘူး၊ မကြားချင်ရင် ကိုထွန်းဝေကို လူသတ်မှုနဲ့ အဖမ်းခံရရုံပဲရှိမယ်"

ထွန်းဝေသည် မျက်လုံးပြူးသွားကာ "ဘာပြောတယ်မညွန့်ခင် စိတ်မှကောင်းသေးရဲ့လား"ဟု မေးလိုက်လေ၏။

"မရူးဘူး မရူးလို့လာပြီးပြောတာပဲ၊ ကိုထွန်းဝေကို လူသတ်မှုနဲ့ အဖမ်းခံရတဲ့ အခါကျတော့မှ ရူးမရူးသိရရောပေါ့"

"ဘာ. . . လူသတ်မှု"ဟု ထွန်းဝေသည် ကွဲအက်သောအသံကြီးနှင့် ပြောလိုက်ပြီးလျှင် "မညွန့်ခင်က ကျုပ်ကို မဟုတ်တန်းတရား စွပ်စွဲနေတာလား"ဟု မေးလိုက်လေ၏။

"ကျွန်မစွပ်စွဲတာ မဟုတ်ဘူး၊ ကိုယ်တိုင်သိလို့ ပြောတာ၊ လက်ထပ်တဲ့ညတုန်းက တင်တင်ဦးကို ကိုထွန်းဝေကြိမ်းဝါးတာကို နားနဲ့ဆတ်ဆတ်



ကြားလိုက်ရတယ် သိလား၊ ကိုထွန်းဝေပါးစပ်က ဒါအမှန်ပဲဆိုရင် မင်းကို သတ်မယ်၊ မင်း ငါ့ကိုလိမ်ရင် အသတ်ပဲလို့ တင်တင်ဦးကို ပြောတယ်မဟုတ်လား"ဟု ပြောကာ ထွန်းဝေ၏မျက်နှာကို စိုက်ကြည့်ပြီးလျှင်

"အဲမယ် အခုမှ အိုးတိုးအတ ဟန်မလုပ်နေပါနဲ့၊ နားနဲ့ဆတ်ဆတ် ကြားခဲ့တာပါ၊ ကျွန်မလည်းပြန်ရော ကြံပြီး သတ်လိုက်တာပဲ မဟုတ်လား၊ လူတစ်ယောက်လုံး သေတာများ မတော်တဆရယ်လို့၊ ကျွန်မပြောတဲ့စကား ပုလိပ်ကြားရင် ဘာဖြစ်မယ်ဆိုတာ စဉ်းစားကြည့်"

ဟု ဆိုလေ၏။

ထွန်းဝေသည် ရုတ်တရက်သော် စကားပြန်၍မပြောနိုင်ဘဲ ရှိလေ၏။ ထို့နောက်မှ တုန်လှုပ်ချောက်ချားသွားသော စိတ်ကို အရက်ဖြင့် ငြိမ်သက် ရဲတင်းစေပြီးလျှင်

"အို. . . ဒီလိုမသက်ရင်လည်း အစတုန်းက ချက်ချင်း ပုလိပ်ကို ဘာပြုလို့ မတိုင်သလဲ"

ဟု မေးလိုက်လေ၏။

ညွန့်ခင်မှာ ထိုကဲ့သို့ ထွန်းဝေ၏ မတုန်မလှုပ်ဖြင့် ပြောလိုက်သည့် စကားကိုကြားရ၍ မျက်နှာ အနည်းငယ် ပျက်သွားကာ မည်သို့ ချောက်လှန့်ရပါမည်နည်းဟု အကြံထုတ်ပြန်လေ၏။ ထို့နောက်မှ မျက်နှာကိုပြင်ကာ

"သြော် ကျွန်မနဲ့ ကိုထွန်းဝေဟာ ခင်မင်တဲ့လူတွေပဲ၊ ဒီလိုများ သွားပြောရင် မခက်ပေဘူးလား၊ ကျွန်မကော ကောင်းဦးမလား၊ နောက်ပြီး ဒီအကြောင်းကို ကျွန်မသိတာကိုလည်း မယားလည်းဆုံးကာစမို့ မပြောသေးဘူးလေဆိုပြီး စောင့်လာခဲ့တာ"

ဟု ပြောလေ၏။

"ဒီလိုကြင်နာတဲ့စိတ်ရှိတာ ဝမ်းသာပါတယ်။ နို့ပေမဲ့ စောင့်လာ

www.burmeseclassic.com



ခဲ့တယ်ဆိုတာက ဘာကိုပြောချင်သလဲ"

"ဩော် ကိုထွန်းဝေဟာ ပိုက်ဆံရှိတဲ့ လူတစ်ယောက်၊ ကျွန်မဟာ ဆင်းရဲသူ၊ ဒီအကြောင်း ပုလိပ်ကို ကျွန်မပြောလိုက်ရင် ကိုထွန်းဝေ အနည်းဆုံး ကြိုးပေးမခံရတောင် ပုလိပ်ကို ဆို့ရ ပိတ်ရ လာဘ်ထိုးရနဲ့ အများကြီး ကုန်မယ်မဟုတ်လား၊ ဒီကုန်မဲ့ငွေ ကျွန်မပေးရင် . . ."

"ဘာလဲ ခြိမ်းခြောက်ပြီး ငွေညှစ်တာလား၊ တစ်သက်လုံးမရဘူး၊ မညွန့်ခင်လို မိန်းကလေးတစ်ယောက်က ချောက်လှန့်တာလောက်များ ကြောက်မဲ့အစားထဲက မဟုတ်ဘူး မှတ်ထားလိုက်"

ညွန့်ခင်သည် ထိုသို့အပြောခံရသည့်အတွက် ဒေါသလွန်စွာထွက်လာပြီးလျှင်

"ကိုထွန်းဝေ ကျွန်မကို ဒီလိုပြောသလား၊ ကြည့်နေပါ၊ လူသတ်မှုနဲ့ ကိုထွန်းဝေ အဖမ်းမခံရရင်တော့လား"

ဟု ကြိမ်းဝါးလိုက်လေ၏။

"အို . . . ကျုပ်မှမသတ်ဘဲ၊ အဖမ်းခံရရင်လည်း ခဏပေါ့၊ ကြိုးနဲ့ ကြိမ် နဲ့ တစ်သက်လုံး အဖက်လုပ်ခဲ့တဲ့ကောင်မှ မဟုတ်ဘဲ"

"ဒါပေမဲ့ ကိုထွန်းဝေစကားကို ကျွန်မကြားရပြီမဟုတ်လား'

"ဒါက မညွန့်ခင်က ကျုပ်ကိုစွပ်စွဲတာ၊ အခြားသက်သေဘယ်သူရှိလို့ မညွန့်ခင်စကားကို ရုံးကယုံမှာလဲ၊ မညွန့်ခင်ကိုသာ ခြိမ်းခြောက်မှုနဲ့ အပြစ်ရရှိပဲရှိမယ်"

ညွန့်ခင်သည် အံကိုကြိတ်နေလိုက်ပြီးနောက်

"ဒါပေမဲ့ ကျွန်မစကားကို ယုံတဲ့လူ တစ်ယောက်တော့ ရှိသေးတာပဲ၊ မြတော့ ယုံတာပဲ"

ဟု ပြောပြလေ၏။

"ဘာ . . . မြ . . . မြက ကျုပ် တင်တင်ဦးကို သတ်တယ်လို့ ယုံနေ



သလား"

ဟု အံ့အားသင့်စွာ မေးလိုက်လေ၏။

"ယုံတယ်၊ ယုံလို့တောင် ဒီစကား ပုလိပ်မသိပါစေနဲ့ဆိုပြီး ကျွန်မကို နှုတ်ပိတ်ခ ငွေတစ်ထောင်ပေးသေးတယ်"

ဟု ဖွင့်၍ပြောလိုက်လေ၏။

ထွန်းဝေသည် အရက်ရှိန်ဖြင့် နီရဲနေသော မျက်လုံးကြီးများကို ပြူးကာ ညွန့်ခင်အား စိုက်ကြည့်ရာမှ ရှေ့သို့ထလာပြီး ညွန့်ခင်၏ ပခုံးနှစ်ဘက်ကိုဆုပ်ကိုင်ကာ ရှေ့ထိုးနောက်ငင်ဆွဲလှုပ်ပြီးလျှင်

"ဘာပြောတယ်၊ မညွန့်ခင် ရူးသလား၊ မြမှာ ဘယ်ကငွေရှိလို့ တစ်ထောင်ပေးနိုင်ရမှာလဲ၊ ကျုပ်ကို ဖြီးလို့မရဘူး"

ဟု ဆိုလေ၏။

ညွန့်ခင်သည် ထွန်းဝေဆုပ်ကိုင်ထားသော လက်များကို ရုန်းဖယ်နောက်ဆုတ်လိုက်ပြီးလျှင်

"အို . . . ကိုကျော်အေးတစ်ယောက်လုံး ရှိနေတာပဲ၊ ငွေတစ်ထောင်လောက်တော့ အပျော့ပေါ့၊ သူ့ကိုယ်ကို ငွေတစ်ထောင်နဲ့ အပ်လိုက်ပြီး ကျွန်မကိုပေးတာပဲ၊ ကဲ . . ဘာပြောဦးမလဲ"

ဟု ပမာမခန့်သော မျက်နှာဖြင့် ထွန်းဝေအား ပြောပြလိုက်လေ၏။

ထွန်းဝေမှာ ထိုစကားကိုကြားရလျှင် တစ်ကိုယ်လုံးပူထူ၍သွားပြီး နဖူးမှချွေးစီးများ စိုထွက်ယိုစီးလျက် ကြောက်မက်ဖွယ်ရာ လက်ခြေကို့ရို့ကားယားလုပ်ကာ ညွန့်ခင်အနီးသို့ တိုး၍လာရာ ညွန့်ခင်သည် ကြောက်လန့်ကာ နောက်သို့ ဆုတ်လိုက်ပြန်လေ၏။

"မညွန့်ခင် တကယ်ပြောနေတာလား"

ဟု မေးလိုက်သော ထွန်းဝေ၏ ကွဲအက် နက်နဲသော အသံကြီးသည် ညွန့်ခင်အား ကျောတုန်သွားစေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"တကယ့်ကိုပဲ ဘုရားစူးစေရဲ့၊ သူ့ဆီကငွေမရဘဲနဲ့ ကျွန်မ စပါတ်လမ်းထဲမှာ ဂရင်းနေနိုင်ပါ့မလား"

ဟု ပြောပြလိုက်ရာ ထွန်းဝေသည် ဦးနှောက်ထဲတွင် တွေဝေညစ်မှိုင်းသွားလျက် ဆံပင်ကို လက်ငါးချောင်း ထိုးသွင်း၍ဆုပ်ပြီး မျက်စိမှိတ်၍ မျက်နှာကိုမော့ကာ နောက်ဆုတ် နောက်ဆုတ် နှင့် လျှောက်သွားပြီးလျှင် ဝင်၍တိုးမိသော ကုလားထိုင်ပေါ်တွင် ဖင်ထိုင်လျက် ကျသွားလေ၏။

ထွန်းဝေသည် ကုလားထိုင်ပေါ်တွင် ပစ်၍ထိုင်လိုက်ရာမှ မျက်နှာပေါ်သို့ လက်ဝါးကို တဖြည်းဖြည်းချင်း ချတင်၍အပ်လိုက်ပြီးလျှင် ကုလားထိုင်လက်ရမ်းပေါ်တွင် တတောင်ထောက်၍ ခေါင်းငိုက်စိုက်ချကာ တွေဝေ၍နေလေ၏။ ထွန်းဝေသည် ထိုသို့ အတန်ကြာစွာနေပြီးမှ ဟင်းကနဲသက်ပြင်းရှည်ကြီး ချလိုက်ပြီးလျှင် မျက်နှာကိုဖော်၍ ခေါင်းမော်ပြီး ကြောင်တောင်တောင်ကြီး ငေးစိုက်နေလေ၏။

ထွန်းဝေ၏မျက်နှာမှာ ဖြူဖတ်ဖြူရော်ဖြစ်လျက်ရှိကာ လွန်စွာမချိလှသော ဝေဒနာကို ခံစားနေရသကဲ့သို့ မျက်နှာတွင် ပေါ်လွင်လျက်ရှိလေ၏။ ထိုသို့ငေးစိုက်ရင်း ကြည့်နေရာမှ ထွန်းဝေသည် ညွန့်ခင်ရှိနေသည်ကိုပင် သတိမမူနိုင်။ မည်သူ့ကိုမျှလည်း ဂရုမစိုက်နိုင်၊ စိတ်ကိုမထိန်းနိုင်ဘဲ

"အင်း. . ချစ်တယ်၊ မြဟာ ငါ့အပေါ်မှာ အသက်ပေးပြီး ချစ်ရှာတာပဲကိုး"

ဟု ပါးစပ်မှ တဖွဖွပြောလိုက်မိလေ၏။

ထိုသို့ ပြောလိုက်သည့် စကားသံထဲတွင် စိတ်၌မချိခြင်းကို ပေါ်ပေါက်စေသော်လည်း မြရီသည် မိမိအား ကိုယ်နှင့်ရင်းနှီးကာ ချစ်ရှာပေသည်ဟု သိရခြင်းအတွက် ဝမ်းမြောက်သည့် အခြင်းအရာမှာ ထိုအသံထဲတွင် ပေါ်ထင်လျက်ရှိလေ၏။

ညွန့်ခင်သည် မိမိရှေ့၌ ထွန်းဝေဖြစ်ပျက်နေပုံကို မြင်ရသောအခါ



အနည်းငယ် သနားစိတ် ပေါ်လာမိလေ၏။ သို့ရာတွင် ထိုသို့သနားတတ်သောစိတ်များသည် ညွန့်ခင်၏နှလုံးအတွင်းဝယ် ကြာကြာကိန်းဝပ်၍နေရန် နေစရာမရှိပေ။ ငွေကို လိုချင်မက်မောသော လောဘဇောတိုက်သည့် ရက်စက်သည့်စိတ်များသည် ထိုသို့ ကြင်နာတတ်သောစိတ်ကို အမြဲတွန်းလှန်နှိမ်နင်းလျက်ရှိလေ၏။

ညွန့်ခင်သည် သနားမိရုံမျှသာ မကသေး။ သူလည်း မြအပေါ်မှာ ဒါလောက် စွဲလန်းချစ်လွန်းလို့ မြကလည်း သူ့ကို စွဲပေတာပဲ၊ မြလိုဟာ မပြောနဲ့ ငါတောင်မှပဲ. . . . ဟု မိမိ၏စိတ်ထဲမှာပင် ထွန်းဝေအား ချစ်ကြိုက်ချင်သောဆန္ဒ ဖြစ်ပေါ်လာခြင်းကို ဝန်ခံမိပေ၏။ သို့သော် ညွန့်ခင်သည် အချစ်ဆိုသည့်အရာကိုပင် ဂရုမထား၊ ယောကျ်ားဆိုလျှင် မိမိပျော်မြူးဖို့မဟုတ်။ သုံးရဖြုန်းရအောင် ပေးကမ်းတတ်သည့် သတ္တဝါတစ်မျိုးဟု သဘောထားသူဖြစ်သဖြင့် ထိုစိတ်ကို ချက်ခြင်း ဖယ်ရှားပစ်လိုက်လေ၏။

"ကိုထွန်းဝေ အားလည်းနာပါရဲ့၊ ကျွန်မတောင်းတဲ့ငွေကို ပေးဖို့နဲ့ စက်တိုင်တက်ဖို့ ဘယ်ဒင်းကို ရွေးချယ်ဆုံးဖြတ်လို့ ရပြီလဲ"

ထွန်းဝေသည် မြရီအတွက် စိတ်ထဲတွင် မချိတင်ကဲဖြစ်နေမိရာက ထိုသို့မေးလိုက်သည်ကို ကြားရသဖြင့် အလွန်အမင်းဒေါသဖြစ်ပြီးလျှင်

"မင်း ငါ့ကို ရည်းစားနဲ့ ရှင်ကွဲ‚ကွဲရအောင်၊ မယားနဲ့ သေကွဲ‚ကွဲအောင် တစ်မျိုး ၊ နင်အမျိုးမျိုးကြံလို့မွှေလို့ အားမရနိုင်သေးဘဲ ငါ့ကို အပူကပ်ပြန်ပြီလား"

ဟု တောက်တောက်ခါးခါး ပြောပြီးလျှင်

"ငါ စက်တိုင်တက်မယ်၊ ဒါပေမဲ့ တင်တင်ဦးသေတဲ့ အမှုနဲ့ မဟုတ်ဘူး၊ နင့်ကို ခြောက်လှန့်မှုနဲ့ ပစ်သတ်မှုနဲ့ တက်မယ်"

ဟုဆိုကာ အိမ်တွင်းခန်းသို့ လျှင်မြန်စွာဝင်၍ ပြေးလေ၏။

ထွန်းဝေသည် ဒေါသစိတ်ဖြင့် ဘာမျှမမြင်နိုင်၊ မဆင်ခြင်နိုင်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရကား ခေါင်းအုံးအောက်ရှိ ခြောက်လုံးပြူးကိုဆွဲယူ၍ ညွန့်ခင်အားပစ်သတ်ရန် ထွက်လာခဲ့လေ၏။ သို့ရာတွင် ကံအားလျော်စွာ ညွန့်ခင်မရှိတော့ပြီကို တွေ့ရလေ၏။ အကယ်၍သာလျှင် ညွန့်ခင်ရှိခဲ့ပါမူ ထိုနေရာတွင် လူသတ်မှုဖြစ်မည်မှာ မုချမလွဲပင် ဖြစ်ပေ၏။ သို့သော် ညွန့်ခင်သည် ထွန်းဝေမူးနေသည်ကို လည်းကောင်း၊ အတည်ပြောခြင်းဖြစ်သည်ကို လည်းကောင်း၊ ကောင်းစွာရိပ်မိ၍ အကင်းပါးသူဖြစ်သည့်အတိုင်း ထွန်းဝေအခန်းတွင်းသို့ ဝင်သွားသည်နှင့် တစ်ပြိုင်နက်တည်း လျှင်မြန်စွာဆင်း၍ ပြေးလေတော့၏။

ထွန်းဝေသည် ညွန့်ခင်ကို မတွေ့ရသောအခါ ခဏ္ဍသော် မကျေမချမ်းကြီး ဖြစ်နေမိပြီးမှ မိမိအား ကြောက်လန့်ပြီးပြေးပြီ၊ မိမိကို အရှုံးပေးသွားပြီဟု သိမှတ်ခြင်းဖြင့် တစ်ယောက်တည်း ဟက်ဟက်ပက်ပက် ရယ်မိလေ၏။ ထို့နောက်မှ တစ်ဖန် မြရီကို ချက်ခြင်းပြန်တွေးမိ သတိရလာပြန်ရာ လက်ထဲရှိ ခြောက်လုံးပြူးကို စိုက်၍ ကြည့်နေပြီးနောက် မျက်စိကိုမှိတ် အံကြိတ်လျက် နားထင်သို့ ခြောက်လုံးပြူးပြောင်းဝကို ထိုး၍ချိန်လိုက်လေ၏။

“မြ. . . မြ ကိုကို့ကို မြသိပ်ချစ်တယ်နော်၊ အစက ဒီလိုအရုပ်တွေ မသိရပါကလား မြရယ်၊ ကြားကဝင်ပြီး ရှုပ်နေကြတာသိရင် ကိုကို မြကို အထင်လွဲပါ့မလား၊ ဟိုတစ်ခါကပဲ တင်တင်ဦးကို လက်မထပ်ဘဲ မြကို လက်ထပ်ယူလိုက်မှာပဲ၊ အခုတော့ ကိုကို မြကို ဆုံးပါပေါ့လား၊ ဆုံးပြီ ဆုံးပြီ ချစ်တဲ့လူကို ဆုံးရတဲ့နောက်ကို ကိုကို့ဘဝဟာ ဘာအသုံးကျဦးတော့မှာလဲ၊ လူ့ပြည်မှာရှိနေလို့လည်း မြကို ဆွေးတဲ့စိတ်နဲ့ ပျော်နိုင်တော့မှာမဟုတ်ဘူး မြ မရှိရင် ကိုကို လူ့ပြည်မှာ မနေတော့ပါဘူး”

ဟု ပါးစပ်ကတတွတ်တွတ် ရေရွတ်ပြီးနောက် ခြောက်လုံးပြူးမောင်းကို ဖြုတ်ချလိုက်ရာ ထွန်းဝေမှာ မသေထိုက်သေး၍လားမသိ၊ ခြောက်လုံးပြူးမောင်းကို ပိတ်သော ဂျက်ကိုတင်ထားလျက် ရှိသည့်အတွက်



မောင်းဖြုတ်၍မရဘဲ ရှိလေ၏။

သေချင်လျက်နှင့် ရုတ်တရက်မသေရခြင်းသည် အတော်ပင် စိတ်၌ အခံရခက်သော အရာတစ်ခုပင် ဖြစ်ပေ၏။ ထွန်းဝေသည် ခြောက်လုံးပြူးကို နားထင်မှဖယ်၍ မကျေမချမ်းနိုင်ဘဲ စိုက်၍ ကြည့်ပြီးနောက် ခလုတ်ကို ပိတ်ထားသည်ကို တွေ့ရ၍ ဒေါပွသွားသဖြင့် ခလုတ်ဖွင့်ပြီး မိမိကိုယ်ကို ပြန်၍ပစ်ရန် မကြံရွယ်တော့ဘဲ စိတ်ဆိုးဆိုးနှင့် ခြောက်လုံးပြူးကို ကြမ်းပေါ်သို့ ကိုင်၍ပေါက်လိုက်ရာ အလိုလိုခလုတ်ပြုတ်ပြီး ဖောင်းကနဲပေါက်ကွဲသောအသံ ထွက်ပေါ်၍လာပြီးလျှင် ထွန်းဝေသည် ကြမ်းပေါ်သို့ ပုံ၍လဲကျသွားလေ၏။

ထွန်းဝေသည် မိမိကိုယ်ကို မိမိပစ်သတ်ရန် ကြံရွယ်စဉ်က ဘာမှမဖြစ်၊ ခြောက်လုံးပြူးကို ကိုင်၍ပေါက်လိုက်သည့် အခါကျမှ ကျည်ဆံပွင့်ထွက်သွားကာ ကိုယ်နံဘေးကို ထိမှန်သွားလေ၏။

ထိုသို့ ခြောက်လုံးပြူးနှင့်ပစ်သည့် အသံမြည်ကို ကြားလိုက်ရသဖြင့် အိမ်တွင်းရှိ အစေခံတို့မှာ တုန်လှုပ်ချောက်ချား၍ သွားကြလေ၏။ သို့ရာတွင် ဓားပြဝင်၍ တိုက်လေရော့သလားဟု တွေးထင်ကာ အိမ်ပေါ်သို့ မတက်ရဲဘဲ နောက်ထပ် မည်သည့်အသံများ ကြားရဦးမည်နည်းဟု စောင့်စားနားထောင်၍ နေမိကြလေ၏။

အတန်ကြာသည့်တိုင်အောင် မည်သို့မျှ လှုပ်ရှားသံကို မကြားရမှ

“ဟေ့. . . စောစောက မိန်းမတစ်ယောက်လာတာ တွေ့ရတယ်။ ဆရာလည်း မူးနေတယ်၊ ဘယ်သူ ဘာဖြစ်သလဲ မပြောတတ်ဘူး၊ တက်ကြည့်ကြမှပဲ”

ဟု ဆိုပြီးလျှင် အစေခံများသည် အရဲစွန့်၍ အိမ်ပေါ်သို့ တက်လာခဲ့ကြရာ ကိုယ်တွင် သွေးများပေကျံ၍ လူးလိမ့်နေသော မိမိတို့ ဆရာကို တွေ့ရ၍ အားလုံး ကြက်သေ,သေပြီး ငေးမော ကြည့်ရှုနေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မြရေ. . . မြ. . . ကိုကိုတော့ သေရတော့မှာပဲ၊ မသေခင် မြ မျက်နှာကလေး ဝဝကြီး ကြည့်လိုက်ချင်စမ်းပါဘိ"

ဟု ထွန်းဝေသည် ညည်းတွားတမ်းတရာက ဝေဒနာကို မခံမရပ်နိုင်သကဲ့သို့ "အမယ်လေး အမယ်လေး"ဟု ညည်းညူကာ တစ်ချက်တစ်ချက် ကော့၍ကော့၍ သွား လေ၏။

"ဟော့. . . ကြည့်နေလို့မဖြစ်ဘူး၊ လုပ်ကြပါဦးကွ"

"ဟာ. . . မကိုင်ရဲဘူး၊ အမှုဖြစ်နေဦးမယ်၊ ပုလိပ်ကို အရင်တိုင်မှ"

"မသေသေးပါဘူးကွ၊ ကြည့်နေလို့ ဘယ်ဖြစ်မလဲ၊ ဆေးရုံကို တယ်လီဖုန်းနဲ့ လူနာတင်ကား ခေါ်ခိုင်းစမ်း၊ ပြီးတော့ ဂါတ်ကိုလည်း ဆက်လိုက်"

ထိုအခါမှ ထွန်းဝေကို ကိုင်သူကိုင်၊ တယ်လီဖုန်း ပြောသူပြောနှင့် အလုပ်များ၍ သွားကြလေ၏၊ မကြာမီ ဆေးရုံကား ရောက်လာပြီးလျှင် ပုလိပ်ကို အကြောင်းမကြားသေး၍ မယူနိုင်သေးဟု ငြင်းနေကြသည့် အတွက် ကြာလျှင် အသက်ထွက်သွားလိမ့်မည်ဟု ပြောကာ အတင်းတိုက်တွန်းမှ သယ်ယူကြလေရာ ထွန်းဝေသည် လူနာတင်ကားပေါ်သို့ ရောက်သော အခါ မှော့မှော့သာ ရှိတော့လျက် ညည်းညူသည့်အသံမှာလည်း သေးသိမ် မှေးမှိန်၍သွားသည်ကို ကြားတွေ့ကြရတော့၏။

## အခန်း(၇)

ကျော်အေးသည် ဒဏ်ရာ တဖြည်းဖြည်း သက်သာလာပြီဖြစ်ရာ၊ မြရီမှာ ထိုသို့သိရသည့်အတွက် များစွာ စိတ်မချမ်းမသာဖြစ်လျက် ရှိလေတော့၏။ မြရီသည် ကျော်အေးအား လူကြီးများရှေ့တွင် လက်ထပ်လိုက်ခဲ့သည့်အလျောက် ကျော်အေးကျန်းမာ၍ ဆေးရုံမှဆင်းခဲ့လျှင် မိမိအား မယားအဖြစ် အချိန်မရွေးခေါ်နိုင်ပြီ။ မိမိကိုယ်ကို ယခုပင်လျှင် လေးပုံသုံးပုံခန့် ပိုင်နေချေပြီ။ ဆေးရုံမှဆင်းသည့်အခါ မိမိအား တစ်ကိုယ်လုံး ပိုင်တော့မည်ဟု တွေးတောကာ မြရီသည် ကျော်အေး၏ လက်တွင်းသို့ သက်ဆင်းရမည့် အရေးကို တွေးပူလျက်ရှိလေ၏။

ကျော်အေးသည် တစ်နေ့တခြား လျှင်မြန်စွာကျန်းမာ၍ လာလေရာ၊ ဆေးရုံမှ ဆင်းရမည့်နေ့သို့ ရောက်လာလေ၏။ ကျော်အေးမှာ ယနေ့ညအဖို့ အပျော်ကြီး ပျော်ရတော့မည်ဟု ဝမ်းမြောက်လျက်ရှိချေ၏။ သို့ရာတွင် မြရီသည် မိမိအား အလိုသို့မလိုက်ဘဲ ငြင်းဆန် ကန့်ကွက်နေပြီ

www.burmeseclassic.com



မည်လား ဟူ၍လည်း ပူပင်စိတ်မကင်းဘဲ ရှိနေသေးသည့်အတွက် ယခုနေ့ ညနေတွင် မိမိ ဆေးရုံက ဆင်းရတော့မည့်အကြောင်းကို မြရီအား ပြော မပြရန် သူနာပြုဆရာမများအား မှာကြားထားလိုက်လေ၏။

"ဘာပြုလို့ မသိစေချင်တာလဲ၊ စောစောသိရင် သိပ်ဝမ်းသာမနေ ပေဘူးလားလို့"

ဟု မြရီနှင့် အတူနေသော ဆရာမကလေးက မေးလေ၏။

"အို. . . မသိသေးရင် သာပြီးကောင်းမဲ့ အကြောင်းတစ်ခု ရှိလို့"

ဆရာမကလေးသည် အတန်ကြာတွေဝေနေပြီးမှ

"ဩော် သိပြီ သိပြီ ဖြုန်းကနဲ အံ့အားသင့်ပြီး သိပ်ဝမ်းသာသွား အောင် စောစောက အသိမပေးဘဲ တိတ်တိတ်သွားတွေ့မလို့လား"

ဟု မေးလိုက်လေ၏။

ထိုအခါ ကျော်အေးက "ဟုတ်တယ်"ဟု ဆိုလိုက်ပြီးနောက် "အချစ်နဲ့မကင်းနိုင်တဲ့ လောကကြီးမှာ ဒါကလေးတွေပဲ ပျော်စရာကောင်းနေတာပဲ မဟုတ်လား၊ ဒါကြောင့် ဒီညကို မမြရီ အပြင်မထွက်ပါစေနဲ့၊ ရုပ်ရှင်တို့ ဘာတို့ ကြည့်ချင်တယ် ၊သွားချင်တယ်ဆိုရင်လည်း လိုက်မပို့ဘဲ နောက်နေ့မှသွားလို့ ပြောထားတာပေ့ါ"ဟု မှာလိုက်လေ၏။

ကျော်အေး၏အကြံမှာ မိမိမြရီထံသို့ ညမှသွားရောက်သည် ရှိသော် မြရီသည် မိမိအား ရှောင်လွှဲ၍ ပြေးဖို့အချိန် မရတော့ပြီ။ မိမိမှာ အထင်အရှား လက်ထပ်ယောကျ်ားဖြစ်၍ မိမိအား မငြင်းဆန်နိုင်ပြီ။ မြရီအား ပိုင်ဆိုင်သော အခွင့်အရေး အားလုံးရှိသည့်အတွက် မြရီအား မိမိအလိုသို့လိုက်အောင် ဆွဲဆောင်ခြင်း၌ မိမိတွင် အပြစ်မရှိပြီ။ ယနေ့အဖို့အရာတွင် မိမိသည် လောကလူ့ပြည်တွင် အကြီးအကျယ်ဆုံးသော စိတ်၏ ပျော်ရွှင်ချမ်းသာမှုကို ယနေ့ည၌ တွေ့ကြုံခံစားရတော့မည်ဟု စိတ်ကူးနှင့် ပျော်မြူး၍ မဆုံးနိုင်ဘဲ ရှိလေ၏။



မြရီသည် ကျော်အေးကျွန်းမာလာပြီဟု သိရကတည်းက နေ့စဉ်နှင့်အမျှ ယနေ့ဆင်းမလား နက်ဖြန်မှ ဆင်းမလားဟု စိတ်တပူပူနှင့်ရှိခဲ့ရပြီးလျှင် တစ်ညကုန်၍ သွားတိုင်း သွားတိုင်း ထိုညအဖို့ အေးရပြန်ပြီဟု စိတ်အပူသက်သာရာ ရရှိလေ၏။ သို့ရာတွင် နောက်တစ်နေ့နံနက် ရောက်ပြန်သောအခါ ယနေ့ဆင်းဖို့တန်ပြီ ဆင်းတော့မှာပဲဟု တွေးပြီးပူရပြန်လေ၏။

ထိုကဲ့သို့ စိတ်တထင့်ထင့်နှင့်ပင် ကျော်အေး ဆေးရုံမှ ဆင်းလာမည့်နေ့သို့ ရောက်လေ၏။ မြရီမှာ ထိုနေ့ ကျော်အေး ဆေးရုံမှဆင်းမည်ဟု သေချာစွာမသိရသော်လည်း ခါတိုင်းကဲ့သို့ပင် ပူပန်နေကာ စိတ်အပူသက်သာစေအောင် သတင်းစာဖတ်နေဖို့ရန် နံနက်စောစောအချိန်တိုင်း ရန်ကုန်မြို့မှပို့သည့် ရန်ကုန်မြို့ စတုဋ္ဌနှိပ်ခြင်း သတင်းစာများကိုသာ မျှော်လင့်စောင့်စားနေမိလေ၏။

နံနက် ၁၀-နာရီကျော်လောက်တွင် သတင်းစာရောင်းသော သူငယ်တစ်ယောက် စက်ဘီးနှင့်ရောက်၍ လာလေ၏။ မြရီသည် ပါလာသမျှသော သတင်းစာ အမျိုးမျိုးတို့ကို တစ်စောင်စီ ဝယ်ယူလိုက်ပြီးနောက် သတင်းစာတစ်စောင်ကို ယူ၍ဖတ်ရာ အလယ်ပိုင်းသို့ ရောက်သောအခါတွင် မမျှော်လင့်သော သတင်းတစ်ခုကို တွေ့ရ၍ ရုတ်တရက် အံ့သြတွေဝေနေပြီးမှ မျက်လုံးပြူးလာကာ တစ်ကိုယ်လုံး မွှန်ထူသွားလေ၏။

"သူဌေးကလေးတစ်ဦး သေနတ်မှန်ခြင်း"ဟူသော ကြီးမားမည်းနက်သည့် ခေါင်းစဉ်စာတမ်းအောက်၌ "ကိုယ့်ကိုယ်ကို ပစ်သတ်ခြင်းလော၊ မိမိသေနတ်နှင့် အပစ်ခံရခြင်းလော"ဟူသော စာကြောင်းကလေးများကို တွေ့ရစဉ် မြရီမှာ အံ့သြခြင်းများစွာ မရှိလှသေး။ သတင်းထူးတစ်ခုပဲဟု သိမှတ်ခြင်းဖြင့်သာ ဆက်လက်ဖတ်ရှုလာရာ နံဘေးတွင် သေနတ်ဒဏ်ရာရရှိသူမှာ အထက်တန်းစား ပုဂ္ဂိုလ်များတွင် ထင်ရှားသူတစ်ဦးဖြစ်သော ဗိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆံချမ်းသာကြွယ်ဝသည့် ဦးထွန်းဝေဆိုသူဖြစ်ကြောင်း၊ မကြာမီက လက်ထပ်သည့်ညတွင် ဇနီးဖြစ်သူ သေဆုံးရသည့်အကြောင်း ဤသတင်းစာတွင် ဖော်ပြခဲ့ရာ ထိုသတင်းကို မှတ်မိသူတိုင်း ဦးထွန်းဝေကို သတိရမိကြပေလိမ့်မည်ဖြစ်ကြောင်း၊ ဦးထွန်းဝေမှာ အသက် ၂၈-နှစ်ခန့်မျှသာ ရှိသေးသည်ဟု သိရှိရကြောင်း၊ ဦးထွန်းဝေ သေနတ်ဒဏ်ရာရရှိခြင်းနှင့် ပက်သက်၍ မတော်တဆဖြစ်သည်၊ သေနတ်နှင့် အပစ်ခံရသည်၊ ကိုယ့်ကိုယ်ကို ပစ်သတ်ခြင်းဖြစ်သည်ဟု အမျိုးမျိုး ယူဆပြောဆိုနေကြကြောင်း ဤသေနတ်ပစ်မှုနှင့် ပက်သက်၍ မညွန့်ခင်ဆိုသူ အသက် ၂၄-နှစ်အရွယ်ရှိ ကုန်တိုက်စာရေးမကလေးတစ်ဦးအား မသင်္ကာ၍ ဖမ်းဆီးထားရာ ယခု အာမခံနှင့် လွှတ်ထားသည်ဟု သိရကြောင်း၊ ယခု သတင်းရေးသည့် အချိန်အထိ ဦးထွန်းဝေမှာ သတိကောင်းစွာ မရသေးသဖြင့် မည်သို့ဖြစ်ပျက်သည်ကို ထုတ်ဖော်၍ မပြောနိုင်သေးကြောင်း၊ ဒဏ်ရာမှာ အတော်ပင် စိုးရိမ်ရသည်ဟု သိရှိရကြောင်းဟူ၍ ဖတ်လိုက်ရသောအခါတွင် မိမိမျက်စေ့ရှေ့တွင် ရှိနေသော စာလုံးများသည် အတောင်ပေါက်ကာ ပလူပျံ့ဝဲသကဲ့သို့ ကြွတက်ခုန်ပျံလျက် ရှိနေကြသည်ဟု ထင်မြင်မိလေတော့၏။

မြရီသည် ဤကဲ့သို့ အထင်အရှား ဖော်ပြပါရှိပါလျက် မယုံသလိုလို ဖြစ်မိသေးကာ အခြားသတင်းစာများကို ကြည့်ပြန်ရာ ပို၍ထင်ရှားလာသည့်အပြင် အကျိုးအကြောင်းများကိုလည်း စုံစုံစေ့စေ့ သိရလေ၏။

မြရီသည် ထိုင်ရာမှ ဆတ်ကနဲထလိုက်ပြီးလျှင် မိမိဘာလုပ်ရန် ထမိပါလိမ့်မည်နည်း၊ ဘာလုပ်ရ ကောင်းပါလိမ့်မည်နည်းဟု တွေး၍မရသကဲ့သို့ ကြောင်တောင်တောင်ဖြစ်၍ နေလေ၏။ မြရီမှာ စိတ်နှလုံး မငြိမ်မသက်ရှိကာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေလိုက်၊ ခေါင်းပေါ် လက်တင်ပြီး မျက်နှာကိုမော့ကာ ကျောက်ရုပ်ပမာ တွေဝေငြိမ်သက် ရတက်မအေး ပူဆွေးနေလိုက်နှင့် အရူးတစ်ပိုင်း ဖြစ်၍နေလေ၏။



ဟယ်. . . ငါဒီလိုနေလို့ မဖြစ်ဘူး၊ စာတိုက်ကိုသွားပြီး ရန်ကုန်ဆေးရုံကြီးကို တယ်လီဖုန်းနဲ့ ဆက်ပြီးမေးမှပဲဟု အတွေးပေါ်ပေါက်လာကာ အိမ်ပေါ်မှဆင်း၍ လန်ချားတစ်စီးခေါ်ပြီး စာတိုက်သို့ မောင်းခိုင်းလေ၏။

မြရီမှာ ရောက်လိုသည့်ဇော ရှေ့ပြေးနေသဖြင့် လန်ချားကုလားအား နှေးလှသည်ဟုထင်မိကာ ဒေါပွလျက်၊ ဂျာလတီး ဂျာလတီးပ ခြေနှင့်ဆောင့်ဆောင့်ပြီး အမြန်မောင်းခိုင်းလေ၏။ ထိုသို့ မိန်းမတစ်ယောက် ရေးကြီးသုတ်ပြာဖြစ်နေသည့် အကြောင်းအရာကို လမ်းပေါ်မှ လူများစိုက်၍ကြည့်နေကြလေရာ မြရီသည် ၎င်းတို့အား မြင်ရလျှင် ရှင်တို့ဘာကြည့်နေကြတာလဲ၊ ကျုပ်အချစ်ဆုံး လူတစ်ယောက် သေရတော့မယ်၊ ဒီလိုပဲ ကြည့်နေကြတော့မလား၊ မကယ်နိုင်ဘူးလားဟု အော်လိုက်မည်ကဲ့သို့ သတိကိုမထိန်းသိမ်းနိုင်အောင် ရှိနေမိပြီးမှ ချမ်းသာပါစေ. . . ချမ်းသာပါစေဟု ဆုတောင်းမိလေတော့၏။

စာတိုက်သို့ရောက်လျှင် တော်တော်နှင့် ကြေးနန်းဆက်၍မရသဖြင့် စိတ်ထဲတွင် အားမလိုအားမရဖြစ်ကာ ရန်ကုန်သို့သာ ပြေး၍လိုက်ချင်မိပေတော့၏။

အတန်ကြာမှ ကြေးနန်းဆက်မိသည်နှင့် တစ်ပြိုင်နက် "အခုစကားပြောနေတာ ဘယ်သူလဲ"ဟု မြရီက မေးလိုက်လေ၏။

"ဆရာဝန် ဦးဘသန်းလေ၊ ဘယ်သူ့တွေ့ချင်လို့လဲ"

ဆရာဝန်ကြီး၏ အသံကိုကြားရ၍ မြရီမှာ အားတက်သလိုလို ရှိနေမိပြီးလျှင်

"သေနတ်မှန်တဲ့ ကိုထွန်းဝေ ဘယ့်နှယ်နေသေးသလဲ၊ သတိရပြီလား"

ဟု မေးကာ အဖြေကို အာရုံထက်သန်စွာ နားစွင့်၍နေလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



၏။

မြရီသည် တယ်လီဖုန်း၏ တစ်ဘက်စွန်းမှ ပြောသည့်စကားကို ကြားရခဲလှချည့်ဟု အောက်မေ့လေ၏။ ခဏမျှကြာသောအခါ

"ကိုထွန်းဝေ ရဲ့အခြေအနေဟာ ဘာမျှမပြောင်းလဲသေးဘူး"

ဟု တစ်ဘက်မှ ပြောသံကို ကြားလိုက်ရသဖြင့် အားတက်ရတော့မလိုလို ရှိနေစဉ်

"အခုစကားပြောနေတာ ဘယ်သူလဲ"

ဟု ထပ်မံ၍မေးသံကို ကြားရလေ၏။

"အခု စကားပြောနေတာ မမြရီ"

"ဘာတော်သလဲ"

မြရီသည် ရုတ်တရက် အဖြေရခက်ပြီးလျှင် "သူနဲ့ အခင်မင်ဆုံး မိတ်ဆွေတစ်ယောက်ပါပဲ"ဟု ဖြေလိုက်လေ၏။

အတန်ကြာစွာ တစ်ဘက်သောအစွန်းမှ မည်သည့်အသံကိုမျှ မကြားရဘဲရှိပြီးမှ

"မမြရီ ခဏတယ်လီဖုန်းကို ကိုင်ထားပါဦး၊ အရေးကြီးတဲ့ စကားတစ်ခု ဆရာဝန်ကြီးက ပြောစရာရှိလို့"

ဟု ကြားရလေ၏။

မြရီသည် အရေးကြီးသည်ဟု ဆိုသဖြင့် ထိုစကားကို ချက်ခြင်းပင် ကြားချင်လှမိပေ၏။ သို့ရာတွင် အတန်ကြာသည့်တိုင်အောင် စိတ်ထဲတွင် တစောစောနှင့် စောင့်စား၍နေရလေ၏။ ထို့နောက်မှ ဆရာဝန်ကြီး၏ အသံကို ကြားရလေ၏။

"ထွန်းဝေ ကယောင်ကတမ်း ဖြစ်နေသေးတယ်၊ မကြာမကြာလည်း မြ. . . . မြလို့ သူ့ပါးစပ်က တတွတ်တွတ်ခေါ်နေတယ်၊ အဲဒီ မြ ဆိုတာဟာ အခုစကားပြောနေတဲ့ မမြရီကို ဆိုလိုတာလား"



"ဟုတ်. . . . ဟုတ်လိမ့်မယ်လို့ ထင်ပါတယ်"

ဟု မြရီသည် စကားကိုပင် ဖြောင့်တန်းစွာ မပြောနိုင်လောက်အောင် စမ်းမြောက်သွားမိလေ၏။ ထွန်းဝေသည် မိမိအား ယခုထက်ထိ မေ့ထားမပျက်သေး။ ကယောင်ကတမ်း ဖြစ်နေသည့်အထဲကပင် မိမိနာမည်ကို ခေါ်နေရှာပေသည် ဟုတွေး၍ မြရီ တွင် ကြီးစွာနှစ်သိမ့်ခြင်း ဖြစ်မိပေ၏။

"အခု မမြရီ ဘယ်ကနေပြီး စကားပြောနေတာလဲ၊ မမြရီ အမြန်လာနိုင်မယ်လို့ဆိုရင် အကူအညီ အများကြီးရမယ်လို့ မျှော်လင့်တာပဲ"

"ကျွန်မအခု ပဲခူးကနေပြီး ပြောနေပါတယ်"

"ဩော်. . . အဝေးကြီးပါကလား၊ တကယ်လို့. . . "

"အို ကျွန်မလာဖို့ လိုတယ်ဆိုရင် အမြန်ဆုံး လိုက်ခဲ့ပါ့မယ်၊ အခု ညနေလောက် ရောက်နိုင်ပါလိမ့်မယ်၊ ကျွန်မ ရောက်တဲ့အချိန်အထိ ကိုထွန်းဝေဟာ အခြေအနေဆိုးမလာနိုင်သေးဘူး ထင်ပါရဲ့"

"ဆိုးနိုင်မယ် မထင်ပါဘူး၊ အခုလည်းပဲ အထူးဂရုစိုက် ကုနေကြပါတယ်"

"ကျေးဇူးတင်ပါတယ်"

ဟု ပြောပြီးနောက် မြရီသည် ဖြတ်လိုက်ပြီးလျှင် တယ်လီဖုန်းပြောခ ကျသင့်သလောက် ပေးပြီးနောက် လျှင်မြန်စွာ မိမိ တည်းခိုသောအိမ်သို့ ပြေးခဲ့လေ၏။

မြရီမှာ ပြင်ဆင်ရန် အချိန်များစွာ မရတော့ချေ။ မန္တလေးရထားကြီး ဆိုက်သည့်အချိန်မှာ များစွာမဝေးတော့ပြီ ဖြစ်သည့်အတွက် အဝတ်အစားများကို ကမန်းကတန်း သိမ်းဆည်းထည့်သွင်းရလေ၏။ မိမိသည် ကျော်အေးအား တစ်စုံတစ်ရာ အသိမပေးဘဲ ထွက်သွားရန် မတော်သေး။ သို့သော် မည်သည့်အတွက် သွားသည်ကိုကား အသိပေး၍မဖြစ်ဟု ယူဆကာ စာတစ်စောင်ကို လျှင်မြန်စွာ ကောက်၍ရေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်အေး

ကျွန်မ ကိုကျော်အေးအား နှုတ်မဆက်နိုင်ဘဲ အရေးကြီးသော ကိစ္စတစ်ခုနှင့် ရန်ကုန်သို့ လိုက်ပါသွားပါသည်။ နှုတ်မဆက်ရသည်ကို ဝမ်းနည်းစွာဖြင့် အပြစ်မယူရန် တောင်းပန်ပါသည်။ ကိစ္စမှာ လူတစ်ယောက်သေတော့မည့်ဆဲဆဲ ဖြစ်နေပါသည်။ ကျွန်မအား ခွင့်လွှတ်ပါ။ ကျွန်မ အမြန်ပြန်လာခဲ့ပါမည်။ ဆက်ဆက်လာပါမည်။

မြ

မြရီသည် ထိုနေ့ညတွင် ကျော်အေးဆေးရုံမှ ဆင်းမည်ကို မသိချေ။ ဆင်းနိုင်လိမ့်မည်ဟု မမျှော်လင့်။ ရက်အနည်းငယ် နေရဦးမည်ဟု ထင်မိ၏။ ထိုသို့ ရက်အနည်းငယ်ကြာမှ ဆင်းလျှင် မိမိပြန်လာနိုင်မည့် အချိန်နှင့် အံကိုက်ကျနေမည်ဟု အောက်မေ့မိကာ ထိုစာကို ကျော်အေးထံသို့ ပို့ဖို့ရန် မရည်ရွယ်ဘဲ အကယ်၍ ဤအတောအတွင်း ကျော်အေးဆင်းလာခဲ့လျှင် ပြဖို့ရန်သာ ရည်ရွယ်ပြီးလျှင် တည်းခိုသော အိမ်ရှင်အား ဆရာမကလေး ပြန်လာလျှင် ပေးအပ်ထားရန် မှာကြားခဲ့လေ၏။

မြရီသည် ကျော်အေး၏ လက်ထပ်မယား ဖြစ်နေခဲ့သော်လည်း မိမိကိုယ်ကို သူ့မယားဟု နှလုံးမပြုဘဲ ကတိအလျှောက် သူ့စကားကို လိုက်နာနေခြင်းဖြစ်သည်ဟု ယူဆကာ ထိုကတိကို မြဲစွဲစွာလိုက်နာဖို့ကို စိတ်အမြဲပိုင်းဖြတ်ထားခဲ့မိ၏။ သို့ဖြစ်၍ ကျော်အေးထံ ပြန်လာဖို့ရန် ရည်ရွယ်ပြီးဖြစ်လေရာ မိမိသွားခြင်းကို ကျော်အေးမသိလျှင် သာ၍ကောင်းသည်ဟု အောက်မေ့ကာ စာကို ကျော်အေးထံ လက်ငင်းသွားရောက် မပေးပို့ဖို့ စီစဉ်ခြင်းဖြစ်ပေ၏။

ထိုနေ့ နေ့လည်ချိန်တွင် ပဲခူးမှထွက်သော အမြန်မီးရထားကြီးတွင် မြရီသည် ပါ၍လာခဲ့လေ၏။ မီးရထားကြီးသည် မှန်မှန်ခုတ်မောင်းခဲ့သော်လည်း မြရီ၏စိတ်ထဲတွင် ရောက်နိုင်ခဲလှသည်ဟု အောက်မေ့ကာ ခြေလျင်လျှောက်၍ ပြေးသည်ကပင် ယခုထက်ပို၍ မြန်မည်ဟု အောက်မေ့မိပေ၏။ သို့သော် တစ်မိနစ်ထက် တစ်မိနစ် မိမိသည် ရန်ကုန်သို့ နီးလာပြီဟု နှလုံးပြုကာ အရင်စလို ဖြစ်နေသောစိတ်ကို နှစ်သိမ့်ရလေတော့၏။ ထိုသို့ ရန်ကုန်ဘက်သို့ နီးလာပြီဟု စိတ်ကိုနှစ်သိမ့်ခြင်း ဖြစ်စေကာမူ ထွန်းဝေ အသက်ရှင်မှ ရှင်နိုင်ပါ့မလား ဟူသော ပူပင်ခြင်းကိုမူ ဖြေဖျောက်၍ မရနိုင်ဘဲ ရှိလေ၏။ မြရီမှာ ထိုမေးခွန်း၏ အဖြေကို လွန်စွာသိလိုလှပေ၏။ ထိုသို့ သိလိုချက်လည်း တယ်လီဖုန်းနှင့် ပြောစဉ်က ထိုစကားကို မမေးရဲပေ။ မိမိ လိုလားမျှော်လင့်သည့် အဖြေမျိုး မကြားရဘဲရှိမည်ကို တွေး၍ ကြောက်ရွံ့မိလေ၏။

နေ့လည် ၂-နာရီခွဲ အချိန်ခန့်လောက်တွင် မြရီသည် ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်လာလေ၏။ ရောက်သည်နှင့် တစ်ပြိုင်နက် တစ်အိမ်အိမ်သို့ သွား၍အနားယူရန် စိတ်မကူးနိုင်ဘဲ တက္ကစီတစ်စီးကိုငှားပြီးလျှင် ဆေးရုံကြီးသို့ အမြန်မောင်းခိုင်းလေ၏။

ဆေးရုံကြီးသို့ ရောက်သောအခါတွင် ဆရာဝန် အပြောင်းအလဲရှိနေသဖြင့် မြရီအား မသိကြဘဲ ကြည့်ခွင့်မပေးနိုင်ကြောင်း ပြောကြားတားမြစ်လေရာ မြရီသည် မိမိအား ဆရာဝန်ကြီး မှာကြားလိုက်သဖြင့် ရောက်ရှိလာခြင်းကို ပြောပြမှ ဆရာဝန်ကြီးထံ တယ်လီဖုန်းဆက်၍ ပေးလေ၏။ ဆရာဝန်ကြီးသည် မြရီလာသည်ကို သိရသဖြင့် မိမိ ချက်ခြင်းလာ၍ ကြည့်ပါမည်ဟု ပြောလိုက်မှ မြရီမှာ စိတ်တွင် သက်သာရာရ၍ သွားလေ၏။

မကြာမီ ဆရာဝန်ကြီး ရောက်၍လာပြီးလျှင် "မမြရီဆိုတာလား" ဟု မေးမြန်းနှုတ်ဆက်လေ၏။

"ဟုတ်ကဲ့ ကိုထွန်းဝေ. . . ကိုထွန်းဝေ. . . အသက်"



www.burmeseclassic.com

www.burmeseclassic.com



"မသေနိုင်တော့ပါဘူး သတိရလာပါပြီ"ဟု ပြောလိုက်ရာ မမြရီမှာ လွန်စွာ ရွှင်လန်းအားရ၍သွားကာ "ဒါပေမဲ့. . . "ဟု ဆရာဝန်ကြီးက စကားဆက်လိုက်သည့်အတွက် ထိတ်ကနဲ ဖြစ်၍ သွားလေ၏။

"ဒါ. . . ဒါပေမဲ့ ဘယ်လိုဖြစ်လို့ပါလဲရှင်"

"ထွန်းဝေဟာ သေနတ်ဒဏ်ရာ ရရုံတွင်မကဘူး၊ ဒဏ်ရာရပြီးလဲအသွားမှာ ခေါင်းနဲ့ ကြမ်းပြင်နဲ့ ထိခိုက်မိတယ်၊ ဒီဒဏ်ရာအတွက် အခြေအနေ ပိုပြီး ဆိုးဖို့ဖြစ်နေတယ်၊ ဒီလို ထိခိုက်မိတဲ့အတွက်ကြောင့် ဦးနှောက်ကောင်းကောင်း မရှင်းဘူး၊ အရင်က အဖြစ်အပျက်တွေကို မသိသလို ဖြစ်နေတယ်"ဟု ဆိုပြီးလျှင်၊ "ဒါထက်. . . မမြရီဟာ အပျိုပဲလား"ဟု မေးလိုက်လေ၏။

မြရီမှာ အဖြေခက်ကာ "ဘာပြုလို့လဲ"ဟု ပြန်၍မေးလိုက်လေ၏။

"သူ့စိတ်ထဲမှာ မမြရီ (သူ့မယား)လို့ စွဲလမ်းနေတယ်၊ သူ့မယားပဲလား၊ ဒါမှမဟုတ် တိတ်တဆိတ် လက်ထပ်ထားကြတာလား"

ဟု ထပ်မံ၍မေးလိုက်ရာ၊ မြရီမှာ အဘယ်ကဲ့သို့ ဖြေရပါမည်နည်းဟု တွေဝေ၍ စဉ်း စားနေမိလေ၏။

မြရီသည် "ကျွန်မ သူ့မယားဖြစ်ပါတယ်"လို့ ဖြေဆိုလိုက်ချင်လှပေ၏။ ထိုသို့ ဖြေဆိုလိုက်ချင်ရုံမျှ မကသေး၊ အကယ်ပင် ထွန်းဝေ၏ မယားဖြစ်ရလျှင် ဤနေရာတွင် မိမိသည် ထိုသို့ဖြေဆိုလိုက်ရပါမူ မည်မျှ အားရဖွယ် ရှိပေမည်နည်းဟု တွေးမိကာ မိမိ၏ ဆန်းကြယ်သော နဖူးစာကို တွေးမိပြီး ဝမ်းနည်းမိလေ၏။

ထို့နောက်မှ မြရီသည် ခေါင်းကို ခါလိုက်ပြီးလျှင်

"ကျွန်မ သူ့ မယားမဟုတ်ပါဘူး"

ဟု ပြောလိုက်လေ၏။ မြရီအသံမှာ ဝမ်းနည်းသံ ပါလျက်ရှိလေတော့၏။



"သူ့မယား မဟုတ်ဘူးဆိုတော့ အခြားတစ်ယောက်ရဲ့ မယားဖြစ်နေသလား"

မြရီသည် ရှက်ကြောက်သော အမူအရာဖြင့် ခေါင်းငုံ့ပြီးလျှင် "ဟုတ်ကဲ့၊ ကျွန်မ မကြာခင်ကပဲ လူတစ်ယောက်နဲ့ လက်ထပ်လိုက်ပါတယ်" ဟု ပြောပြလေ၏။

"အို. . . "ဟု ဆရာဝန်ကြီးက ကရုဏာသံနှင့် ပြောလေ၏။

"ဘာပြုလို့လဲ ဆရာ"

"အခက်တွေ့နေတဲ့ အကြောင်းတစ်ခု ရှိနေတယ်၊ ထွန်းဝေဟာ ခေါင်းနဲ့ ကြမ်းနဲ့ ဆောင့်မိတဲ့အတွက်၊ အရင်က အဖြစ်အပျက်တွေဟာ ဘာမှမသိဘူး၊ သူသိတာ မမြရီကို သူ့မယားလို့ပဲ အောက်မေ့နေတယ်၊ ဒါကြောင့် မနက်က ဆရာဝန်များနဲ့ တိုင်ပင်ကြည့်ပြီး မမြရီကို ရှာလို့ရရင် သူ့ရောဂါ သက်သာပြီးမလာမီအတွင်း သူ့မယားလို့ပဲ ဟန်ဆောင်နေခိုင်းမယ်ဆိုရင် မမြရီကို အကြောင်းပြုပြီး ဦးနှောက်ကြည်လင် သတိရလာလိမ့်မယ်လို့ အားလုံးယူဆမိကြတယ်၊ အခုတော့ မမြရီမှာ ယောကျ်ားနဲ့ဆိုတော့"

"အို ဘာဖြစ်လဲ. . . ကျွန်မရှိဖို့လိုရင် နေနိုင်ပါတယ်"

"နို့. . . မမြရီယောကျ်ားက ဘယ်လိုပြောမလဲ၊ မကန့်ကွက်ဘူးလား"

"ဒါ အရေးမကြီးပါဘူး၊ ကိုထွန်းဝေအတွက်နဲ့ဆိုရင် ကျွန်မအသက်ပဲ အသေခံရခံရ၊ ကျွန်မဆောင်ရွက်ပါ့မယ်"

ဆရာဝန်ကြီးသည် အံ့အားသင့်စွာ မြရီအား စိုက်၍ကြည့်နေပြီးမှ သနားသော အမူအရာကိုပြကာ

"နားလည်ပြီ၊ မမြရီရဲ့ အခြေအနေကို တွေးမိပြီ၊ လူ့အဖြစ်ဟာ အင်မတန်ဆန်းတာပဲနော်"

ဟု ပြောလေ၏။ ထို့နောက် ဆရာဝန်ကြီးသည် မြရီအား

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . လာ ထွန်းဝေကို သွားကြည့်ရအောင်"

ဟု ခေါ်သွားသဖြင့် မြရီသည် ဆရာဝန်ကြီး၏နောက်က ထပ်ကြပ်မခွာ လိုက်ပါသွားရာ၊ ပိုက်ဆံရှိသူများသာ တက်ရောက် နေထိုင် နိုင်သော အခန်းကြီး တစ်ခုထဲသို့ ရောက်သွားရာ အင်း. . . ပိုက်ဆံရဲ့ တန်ခိုးအရှိန်ဟာ တယ်ကြီးပါကလား၊ ဒါကြောင့်လည်း အခုလောက် ဂရုစိုက်ကြတာပဲကိုး ဟု တွေးမိလေတော့၏။

ဆရာဝန်ကြီးသည် အခန်းဝတွင် အဝတ်ဖြူစင်စွာ ဝတ်ဆင်ထားသော ကပြားမကလေးတစ်ယောက်ကို မေးမြန်းပြောဆိုပြီးလျှင် မြရီအား "အဆင်သင့်ပဲ နိုးနေတယ်"ဟု ပြောကာ အတွင်းသို့ ခေါ်သွားလေ၏။

မြရီသည် ကုတင်ပေါ်တွင် လဲလျောင်းကာ အသားဖြူဖတ်ဖြူရော် ဖြစ်နေသော ထွန်းဝေကို မြင်ရသည်တွင် ရင်တွင်း၌ ဆို့၍သွားကာ ထိုနေရာ၌ ဆရာဝန်ကြီးသာ မရှိခဲ့ပါမူ ပြေးဖက်၍ ငိုမိမည်ပင် ဖြစ်ပေ၏။

ထွန်းဝေသည် ခြေသံများကို ကြားရသဖြင့် ခေါင်းကိုငဲ့၍ကြည့်လိုက်ရာ ဆရာဝန်ကြီးကို မှတ်မိ၍ ပြုံးလိုက်သော်လည်း မြရီကိုမူ မသိသကဲ့သို့ တွေဝေ၍ ကြည့်နေလေ၏။ မြရီမှာ မိမိအား မြင်ရလျက်နှင့် ထွန်းဝေ၏ မျက်နှာထူးခြားခြင်း မရှိသည်ကို တွေ့ရသောကြောင့် အံ့အားသင့်လျက် ရပ်ပြီး ကြည့်နေလိုက်မိလေ၏။

ဆရာဝန်ကြီးသည် ထွန်းဝေ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီးမှ အနားသို့ကပ်ကာ "မမြရီ လာပြီလေ"ဟု ပြောလိုက်လေ၏။ ထွန်းဝေလည်း မမြရီဟူသောနာမည်ကို ကြားလိုက်ရလျှင်ပင် ပြူးကြောင်၍ကြည့်နေသော မျက်လုံးများသည် တဖျတ်ဖျတ် မျက်တောင်ခတ်လာသည်ကို တွေ့ရပြီးနောက် မြရီအား ကြည့်ရင်းကြည့်ရင်း မျက်နှာအနည်းငယ် ပွင့်လန်းလျက်လာပြီးလျှင် "မြ. . . မြ" ဟု ဝမ်းသာအားရခေါ်ရာက၊ ကုတင်ပေါ်က လက်လှမ်း၍ထရာ မြရီသည် လိမ့်ကျမည် စိုးရိမ်စွာဖြင့် ပြေး၍ဖက်ရင်း



"ကိုကို. . . ကိုကို အားပြတ်သွားမယ်၊ လှဲနေ"ဟု ဆိုကာ အိပ်ရာပေါ်သို့ အသာအယာ ပြန်၍ချထားလိုက်လေ၏။

ဆရာဝန်ကြီးသည် ၎င်းတို့နှစ်ယောက်အား ပြုံးပြုံးကြီးလုပ်၍ ကြည့်နေပြီးနောက် လွတ်လပ်ခွင့်ပေးလိုသည့် သဘောဖြင့် ကပြားမကလေးအား တစ်စုံတစ်ရာ မှာကြားပြီးလျှင် အပြင်သို့ ထွက်သွားလေ၏။

"မြ. . . မြဘာဖြစ်လို့ အခုမှ လာသလဲ၊ ဘယ်သူ တားထားသလဲ"

မြရီသည် ထွန်းဝေ၏ လက်တစ်ဘက်ကိုကိုင်၍ မိမိပါးနှင့်ပွတ်ကာ စကားမပြောနိုင်ဘဲ မျက်ရည်ကျမိလေ၏။

"မြ. . . မြဘာဖြစ်လို့ ငိုနေသလဲ၊ တွေ့ရတာ ဝမ်းမသာဘူးလား"

"ဝမ်းသာပါတယ် ကိုကိုရယ်၊ မြ သိပ်ဝမ်းသာတာပဲ၊ ကိုကို အခုလိုဖြစ်ရတာကိုသာ ဝမ်းနည်းမိလို့ ငိုတာပါ"ဟု ဖြေလိုက်လေ၏။

သို့ရာတွင် မြရီမှာ အမှန်ဖြေဆိုခြင်း မဟုတ်ပေ၊ မိမိသာလျှင် ထွန်းဝေ၏ မယားဖြစ်ခဲ့ပါမူ ဤနေရာ၌ ကိုယ်ဖိရင်ဖိ ပြုစုနိုင်မှာပါကလားဟု တွေး၍ ဝမ်းနည်းမိခြင်း ဖြစ်လေ၏။

ထွန်းဝေသည် မြရီ၏ မျက်ရည်များကို မိမိလက်နှင့် ပွတ်သပ်သိမ်းဆည်းရင်း

"မြ ကိုကို့ကို ချစ်သေးသလား"

ဟု ပြုံးရွှင်စွာ မေးလိုက်လေ၏။ မြရီ၏ မျက်လုံးများသည် တောက်ပကြည်လင်၍လာကာ

"ချစ်တာပေါ့ ကိုကိုရယ်၊ သိပ်ချစ်တာပေါ့၊ အရင်ကလည်း ချစ်တယ်၊ အခုလည်း ချစ်တယ်၊ နောက်လည်း သိပ်ချစ်ဦးမှာပဲ"

ဟု ပြောလေ၏။ ထိုသို့ ပြောလိုက်ပြီးမှ ကျော်အေး၏ မျက်နှာကို ပြေး၍မြင်ကာ စိတ်ထဲတွင် မချိဘဲ ဖြစ်သွားလေ၏။

ထိုအခိုက် ကပြားမကလေး ဝင်ရောက်လာပြီးနောက် မြရီအား

www.burmeseclassic.com

www.burmeseclassic.com



ခေါ်၍ "လူမမာ ဒီအချိန် အိပ်ခွင့်ပေးရဦးမယ်"ဟု တိုးတိုးပြောလိုက်ရာ မြရီမှာ အိပ်မက်ကောင်း မက်နေရာမှ တစ်ဝက်တစ်ပျက်နှင့် လန့်၍နိုးရသကဲ့သို့ အားမလို အားမရကြီး ဖြစ်သွားကာ ဝမ်းနည်းစွာဖြင့် အခန်းထဲမှ ထွက်ခဲ့လေ၏။

ထို့နောက် မြရီသည် ဆရာဝန်ကြီး အခန်းထဲသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ဘလွန်း၏ မျက်နှာကို မြင်လိုက်ရသဖြင့် အံ့အားသင့်၍ သွားလေ၏။ ဘလွန်းသည် ထွန်းဝေအား ကြည့်ရှုရန် ရောက်လာကာ ဆရာဝန်ကြီးထံ ဝင်ရောက်တွေ့ဆုံပြီးလျှင် ထွန်းဝေအား ကြည့်ခွင့်ရမည့် အချိန်ကို စောင့်စား၍နေခဲ့ရာ ဤကဲ့သို့ မြရီအား မမျှော်လင့်ဘဲ တွေ့လိုက်ရသည်တွင် များစွာအံ့အားသင့်၍ သွားရုံမျှမက မြရီအပေါ်၌ မိမိ မတရားပြုခဲ့မိခြင်းကို သတိရကာ မြရီအားတွေ့ရခြင်း၌ မျက်နှာမရဲသကဲ့သို့ ရှိပြီးလျှင် မျက်နှာ ခပ်ပျက်ပျက်ဖြစ်၍ နေလေ၏။

သို့ရာတွင် လူချင်း ဆုံနေမိပြီဖြစ်ရကား ရှောင်လွှဲ၍ မရနိုင်သည့်အတိုင်း မိမိညီ၏ ရောဂါဝေဒနာကို လာရောက်ကြည့်ရှုသည့်အတွက် ကျေးဇူးတင်သည့် သဘောဖြင့် . . . .

"သြော် မမြရီ ကိုထွန်းဝေကို ကြည့်ရအောင် လာသလား၊ ဒီလို သတိရတာ သိပ်ပြီး ဝမ်းသာပါတယ်၊ ကျေးဇူးလည်း အထူးတင်ပါတယ်"ဟု ပြုံးရယ် နှုတ်ဆက်လိုက်လေ၏။

မြရီမူ ပြန်၍မပြုံးဘဲ

"သတိရတာပေါ့ရှင်၊ ကျွန်မ ဘယ်တော့မှ မမေ့ဘူး"

ဟု အဓိပ္ပါယ် နှစ်မျိုးရှိသော စကားကို ပြောလိုက်ရာ ဘလွန်းမှာ ပို၍ မျက်နှာပျက်သွားလေ၏။

ထို့နောက် ဘလွန်းက

"မမြရီ ဆိုလိုတာကို သိပါတယ်၊ အခုနေအခါမှာ ဘုန်းကြီးခေါင်း



ခေါက်ပြီး ကန်တော့ရမဲ့ အဖြစ်မျိုးလိုပဲ မမြရီ၊ ကျုပ် မမြရီအပေါ်မှာ မတရားပြုခဲ့မိပြီ ဒါတွေကို ကျေပါလို့ တောင်းပန်ရတော့မှာပဲ"

ဟု ပြောလိုက်လေ၏။

"လွန်ပြီးတဲ့ ကိစ္စကိုလည်း မကျေဘဲနေလို့ မဖြစ်နိုင်တော့ပါဘူး၊ ကျေပါတယ်"

ဟု မြရီသည် မခံချည့်လှသောစိတ်ဖြင့် ပြန်၍ ပြောလိုက်လေ၏။

ရန်သူတောင် ဝန်ချတောင်းပန်လျှင် ကျေရသည်ဟူသော စကားအလျောက် မြရီသည် ဘလွန်းအား ကျေပါတယ်ဟု ပြောလိုက်ရသော်လည်း ထိုစကားကို အတော်ပင် အားခဲ၍ ပြောလိုက်ရပေ၏။ မိမိအပေါ်၌ ဤမျှစိတ်ညစ် ဆင်းရဲစေပြီးလျှင် ဒုက္ခအမျိုးမျိုးကို ဖြစ်စေအောင် စ၍ဖန်တီးလိုက်သူအပေါ်၌ ကျေပါသည်ဆိုသည့် စကားကလေးတစ်လုံးနှင့် ကျေရမည့် အလုပ်မှာ အတော်ပင် ခက်ခဲသော အလုပ်တစ်ခုပင် ဖြစ်ပေ၏။

"မမြရီကို ဒုက္ခပေးခဲ့တဲ့အပြစ်က ကျေအောင်ဟာ မမြရီအတွက် ကျွန်တော် တတ်နိုင်မဲ့ဘက်က ဆောင်ရွက်ပေးစရာရှိရင် . . ."

"အို . . . မလိုပါဘူး၊ အခုတော့ဖြင့် အချိန်လွန်နေပြီ"

ဟု မြရီက ပြောလိုက်လေ၏။ မြရီမှာ တင်းမာခက်ထန်လျက်ရှိလေ၏။

ထိုအခိုက် ကပြားမကလေး ဝင်ရောက်လာပြီးလျှင်

"လူနာက မမြရီကို ခေါ်နေပြန်ပြီ"

ဟု ဆရာဝန်ကြီးအား ပြောပြလေ၏။

ဆရာဝန်ကြီးသည် အချိန်ကို ကြည့်လိုက်ပြီးလျှင် "မမြရီ ဝန်မလေးရင် သွားပြီး ကြည့်လိုက်ပါဦး"ဟု ပြောလေ၏။

"အို . . . ဘာမှ ဝန်မလေးပါဘူး၊ အမြဲပဲ ကြည့်နေချင်ပါတယ်"

"အင်း မမြရီလည်း ဒုက္ခပဲနော်"ဟု ဘလွန်းက ပြောလိုက်ရာ . . .

www.burmeseclassic.com

www.burmeseclassic.com



မမြရီသည် ထိုင်ရာမှထရင်း "ဒုက္ခဆိုလည်း ဟုတ်တာပဲ၊ သုခဆိုလည်း မှန်တာပဲ"ဟု ပြောပြီး ထွက်သွားလေ၏။

ထိုညတွင် ကျော်အေးသည် ဆေးရုံမှ ဆင်းခဲ့လေရာ မြရီတည်းခိုသည့် ဆရာမကလေးအိမ်သို့ တည့်တည့်မတ်မတ် သွားရောက်လေ၏။ သို့ရာတွင် ထိုအိမ်သို့ ရောက်သောအခါ ဆရာမကလေးသည် စိုးရိမ်ပူပင်ခြင်း မကင်းသောမျက်နှာနှင့် ကျော်အေးအား ဆီးကြို၍ကြည့်နေလေ၏။ ကျော်အေးလည်း ၎င်း၏အမူအရာကို မြင်ရသည်နှင့် တစ်ပြိုင်နက်

"ဘာများ အကြောင်းထူး ရှိနေလို့လဲ"

ဟု မေးလိုက်လေ၏။

ဆရာမကလေးသည် ပါးစပ်ဖြင့် မဖြေဘဲ မြရီရေးခဲ့သည့် စာကိုသာ လက်လှမ်း၍ ပေးလိုက်လေ၏။ ကျော်အေးသည် စိတ်ထဲတွင် ထိတ်ထိတ်ပျာပျာနှင့် စာကို လျင်မြန်စွာ ဖတ်ပြီးနောက် ဖတ်၍ဆုံးသည်နှင့် တစ်ပြိုင်နက် မျက်စေ့ထဲတွင် ပြာဝေ၍သွားကာ စာလုံးများပင် မမြင်ရသကဲ့သို့ ဖြစ်သွားလေ၏။

"သူ ဘယ်သူ့ဆီကို သွားတယ်လို့ ပြောသွားသလဲ"

"ဘာမှ ပြောမသွားဘူး၊ ကိုကျော်အေးလာရင် ဒီစာကို ကျွန်မ တစ်ဆင့် ပေးလိုက်ဖို့ အိမ်ကိုမှာပြီး ထွက်သွားတယ်ဆိုတာ သိရတယ်"

ကျော်အေးသည် မိမိစိတ်ကူးဖြင့် ဆောက်လုပ်ထားသော နန်းပြဿဒ်ကြီး ပျက်စီးသွားခြင်းကိုခံရကာ စိတ်ထဲတွင် အောင့်သက်သက်ကြီး ဖြစ်၍နေရာက၊ အမြန်ဆုံးနည်းနှင့် လိုက်၍ရှာရန် ဆုံးဖြတ်လိုက်လေ၏။

ညွန့်ခင်သည် ထွန်းဝေ၏ သေနတ်ထိမှန်မှုတွင် အရေးကြီးသူတစ်ဦးအဖြစ်ဖြင့် ပါဝင်လေရာ ထွန်းဝေ၏ ရောဂါအခြေအနေကို အမြဲနားစွင့်နေရလေ၏။ ဤအမှုတွင် မိမိမှာ တရားခံဖြစ်နေလေရာ မိမိ အပြစ်မရှိ



သည့်အတွက် အမှန်အတိုင်းစစ်ဆေးလျှင် စိတ်အေးချမ်းစရာ ရှိနေသော်လည်း အကယ်၍ ထွန်းဝေသေသွားခဲ့လျှင် မိမိဘက်က သက်သေထွက်မည့်သူမရှိဟု စိုးရိမ်ကြောင့်ကြမိလေ၏။ ထိုမျှမကသေး ထွန်းဝေသည် ဘာမျှ မမှတ်မိဘဲ ကယောင်ချောက်ချား ဖြစ်နေသည်ဟု ကြားသိရပြန်ရာ၊ မတော်တဆ ထင်မိထင်ရာ ပြောခဲ့လျှင် မိမိမှာ အပြစ်လေးနေမည်ကိုလည်း ပူပန်မိပြန်လေ၏။

သို့အားဖြင့် ညွန့်ခင်သည် နံနက်သတင်းစာများကို ဂရုစိုက်၍ ကြည့်ရှုနေရာ သတင်းစာဖတ်စဉ် မမျှော်လင့်ဘဲ ပြုန်းကနဲ မိမိအခန်းထဲသို့ ကျော်အေး ရောက်လာသည်ကို တွေ့ရသဖြင့် ရုတ်တရက် အံ့အားသင့်သွားရာက လျှင်မြန်စွာ ဟန်ဆောင်နိုင်သူ ဖြစ်သည့်အတိုင်း ချက်ခြင်းပင် ပြုံးရွှင်သော မျက်နှာကို ပြောင်းလဲလိုက်ကာ

"ဘယ့်နှယ့်လဲ ဆရာ၊ ပဲခူးသွားပြီး နှစ်ယောက်သား သိပ်ပျော်ခဲ့ကြတယ် မှတ်တယ်"

ဟု မေးလိုက်လေ၏။

ကျော်အေးသည် ကုလားထိုင်တွင်ထိုင်ကာ ငွေစီးကရက်ဘူးကို ထုတ်၍ အေးအေးလူလူ ညှိသောက်ရင်း ရှက်ပြုံးပြုံးကာ

"ပျော်တယ်ပဲ ဆိုပါတော့၊ ဒါထက် မြတစ်ယောက် ဘယ်ပျောက်သွားတယ် မသိရလို့ ခက်နေတယ်"

ဟု ပြောလိုက်လေ၏။

ညွန့်ခင်သည် ရယ်စရာကောင်းသော ပျက်လုံးတစ်ခု ကြားလိုက်ရသကဲ့သို့ ပြုံးရယ်ကာ "ဩော် ကိုကျော်အေးလက်ထဲက ထွက်ပြေးသလား" ဟု မေးလေ၏။

"ထွက်ပြေးတယ်ဆိုလည်း ဆိုနိုင်တာပဲ၊ သူ့အဆိုကတော့ ဆွေမျိုးထဲကလိုလို လူတစ်ယောက် သေခါနီးဆဲဆဲဖြစ်နေလို့ ရန်ကုန်သွားတယ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာနေတယ်ဆိုတာ သိချင်တာပဲ"

ညွန့်ခင်သည် ကျော်အေး၏စကားကို ကြားရ၍ အကြောင်းစုံ ရိပ်မိသည့်အပြင် ထွန်းဝေ၏ အဖြစ်အပျက်ကို ကျော်အေး မသိရှာသေးဟု တွက်ဆကြည့်မိကာ ငွေရပေါက် ရလမ်းကို အမြဲကြံစည်နေသူ ဖြစ်သည့်အတိုင်း စာလမ်းတစ်ခု ပေါ်ပြန်ပြီဟု နှလုံးပြုလျက် ဘာမျှမသိသကဲ့သို့ ဟန်ဆောင်နေလိုက်ပြီးလျှင်

"ဩော် ဆွေမျိုးထဲက သေခါနီးဆဲဆဲ ဖြစ်နေလို့တဲ့လား"

ဟု ပြန်၍ မေးလိုက်လေ၏။

"ဟုတ်တယ် ဘယ်သူရယ်လို့သာ မသိတယ်၊ ရှာတော့ ရှာရမှာပဲ"

ဟု ကျော်အေးက ပြောလိုက်သဖြင့် ညွန့်ခင်က

"ကျွန်မရှာပေးမယ်၊ ဘာပေး မလဲ"

ဟု မျှော်လင့်သော မျက်နှာနှင့် ပြုံး၍ မေးလိုက်လေ၏။

ကျော်အေးသည် ဤကိစ္စတွင် မိမိမှာ ညွန့်ခင်ကိုသာ အားကိုး စရာရှိတော့သည်ကို မြင်၍နေသည့်အတွက် ကြိုက်တတ်သောအစာကို မပေး၍မဖြစ်ကြောင်း ကောင်းစွာသိသည့် အားလျှော်စွာ မိမိသည် အညှင်း ခံရပြီကိုသိလျက် မချင့်မရဲပြုံးကာ

"ရွှေဖြူလက်ပတ်နာရီ စိန်စီကြိုးကလေးနဲ့ မလိုချင်ဘူးလား"

ဟု မေးလိုက်လေ၏။

ညွန့်ခင်သည် ဝမ်းမြောက်စွာရယ်လျက် ကျော်အေး၏ စီးကရက် ဘူးထဲမှ စီးကရက်တစ်လိပ် ယူ၍သောက်လိုက်ပြီးလျှင်

"သဒ္ဒါလို့ပေးတာ၊ ငြင်းစရာတော့ မရှိပါဘူး"

ဟု ပြောလိုက်လေ၏။

"ဒီလိုဆို ရစေမယ်၊ မြ ဘယ်မလဲပြော"

ညွန့်ခင်သည် မိမိရပေါက်ကို သေချာအောင် မည်သို့လုပ်ရပါ



မည်နည်းဟု စဉ်းစားပြီးမှ

"ညနေကို လာခဲ့လေ၊ ပြောတဲ့ဟာကိုလည်း မမေ့ဘဲ ဆက်ဆက် ယူခဲ့ပါ၊ ဒီနေ့ချက်ခြင်းသိအောင် စုံစမ်းပေးပါ့မယ်"

ဟု ပြောလိုက်သဖြင့် ကျော်အေးမှာ ညနေထိအောင် မစောင့်နိုင် သော်လည်း ညွန့်ခင်၏ စကားကို နားထောင်ရမည့် အခြေသို့ ဆိုက်ရောက် နေသည့်အတွက် ကျေနပ်စွာ နေခဲ့ရလေ၏။

ညွန့်ခင်သည် အတွေးမြန်သူ ဖြစ်လေရာ မြရီ မည်သည့်ကိစ္စနှင့် ရန်ကုန်သို့ လာခြင်းဖြစ်ရမည်၊ မည်သည့်နေရာတွင် မုချတွေ့ရမည်ကို တစ်ထစ်ချ တွေးမိသည့်အတိုင်း ဆေးရုံကြီးသို့ သွားရောက်လေ၏။

ဆေးရုံကြီးသို့ ရောက်သောအခါ အပြင်လူ ကြည့်ခွင့်မပြုနိုင်ဟု တားမြစ်သော်လည်း ညွန့်ခင်သည် နည်းလမ်းကို သိသူဖြစ်သည့်အတိုင်း မိမိ မည်သူမည်ဝါဖြစ်သည်ကို အတိအလင်းမဖော်ဘဲ အမှုနှင့်ပက်သက်၍ အရေးကြီးစွာ တွေ့လိုသည်ဟု ပြောပြလိုက်သည့်အတွက် လွယ်ကူစွာ ကြည့် ခွင့်ရလေ၏။

ညွန့်ခင်သည် ထွန်းဝေ၏ အခန်းဝသို့ ရောက်သည့်အခါတွင် ကုတင်ဘေး၌ ထွန်းဝေ၏ လက်ကိုကိုင်လျက် မြရီကထိုင်ကာ တတွတ်တွတ် ပြောနေကြသည်ကို တွေ့မြင်ရသဖြင့် အတွင်းသို့ ဆက်မဝင်သွားဘဲ ခပ် ကွယ်ကွယ်တွင်ရပ်ကာ နားစိုက်၍ ထောင်လိုက်လေ၏။

"မြ. . . မြ နောက်ကို ဘယ်တော့မှ ကိုကို့ကို ပစ်မသွားနဲ့တော့ နော်၊ ကိုကို့ကို ချစ်တယ်မဟုတ်လား၊ ဟဲ. . . ဟဲ ဒါတွေကြောင့် ကိုယ့်မယား ကလေး အပေါ်မှာ ပိုပြီးချစ်ရသာ"

ညွန့်ခင်သည် ထိုစကားကို ကြားရသည်နှင့် တစ်ပြိုင်နက် ဝင်၍ မသွားတော့ဘဲ နောက်သို့ ဆုတ်လိုက်လေ၏။ ထိုစကားသည် မိမိအား ငွေရလမ်း ထပ်၍ပွင့်ပြန်ပြီဟူ၍ ကျေနပ်သွားလေ၏။ သို့သော် ထွန်းဝေ

www.burmeseclassic.com

www.burmeseclassic.com



သည် အဘယ့်ကြောင့် မြရီအား ပိုင်ပိုင်နိုင်နိုင် ခေါ်နိုင်သနည်းဟု တွေး၍ မရနိုင်ဘဲ ထိုကိစ္စကို ပေါ်အောင်လုပ်ရမည်ဟု နှလုံးပြုပြီးလျှင် ပြန်၍ထွက်လာခဲ့ပြီးနောက် ဆရာဝန်များအား နှုတ်ဆက်၍ ရှင်ပြုံးစွာ ထွက်ခဲ့လေ၏။

ညနေတွင် ကျော်အေးသည် မျှော်လင့်ကြီးစွာဖြင့် ညွှန့်ခင်ထံသို့ လာခဲ့ရာ မိမိကဲ့သို့ပင် မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်စားလျက်ရှိသော ညွှန့်ခင်ကို တွေ့ရလေ၏။

"ဘယ့်နှယ့်လဲ ဆရာကြီး၊ လက်ပတ်နာရီ ပါခဲ့ရဲ့လား"

ကျော်အေးသည် တစ်လုံးမျှ ပြန်၍မပြောသေးဘဲ အိတ်ထဲမှ ကတ္တီပါဘူးကလေးကို ထုတ်၍ဖွင့်လိုက်ပြီးမှ

"ကဲ ကျေနပ်သဘောကျတော် မူပါရဲ့လား ခင်ဗျာ"

ဟု ချိုပြုံးသော မျက်နှာဖြင့်ပြောကာ ပြသလေ၏။

ညွှန့်ခင်သည် ကျော်အေးလက်ထဲမှ နာရီကို လှမ်း၍ယူကာ သေချာစွာ ကြည့်ရှုစစ်ဆေးပြီးနောက်

"ဒီဟာအပြင် နောက်ထပ် ငွေကလေး ငါးဆယ်လောက် အဆစ် မထည့်လိုက်ချင်ဘူးလား"

ဟု ဆိုလေ၏။

"ဘာအတွက်လဲ"

"ဘာအတွက်ဆို မြ အခု ဘယ်မှာရှိတယ်ဆိုတာအပြင် အပို သတင်းထူးတစ်ခုကို ပြောစရာရှိလို့ပဲ"

ကျော်အေးသည် တွေ၍စဉ်းစားနေလေ၏။ မိမိကို နိုင်ပေါက်တွေ့၍ ညှင်းနေတာဟု တွေးမိသော်လည်း ဤနေရာတွင် ငွေကို တွန့်တိုနေ၍ မဖြစ်တော့ပြီဟု အောက်မေ့ကာ

"ငါးဆယ်နဲ့ တစ်ခါတည်း ပြီးရောလား" ဟု မေးလိုက်လေ၏။

"ဆိုပါတော့လေ အပြီးပဲလို့"



ကျော်အေးသည် အိတ်ထဲမှ ငွေစက္ကူများကို ထုတ်နှုတ်ရေတွက်ကာ "ကိုင်း ဆိုစမ်း"ဟု ပြောရင်း ပေးလိုက်လေ၏။

"မြဟာ အခု ဆေးရုံကြီးမှာ ရှိနေတယ်"

"ဘာဖြစ်လို့လဲ"

"အကြောင်းက ကိုထွန်းဝေကို မတော်တဆ သေနတ်မှန်ပြီး ကြမ်းပေါ်လဲအကျ ခေါင်းနဲ့ရိုက်မိလို့ သတိလစ်နေတယ်"ဟု ပြောပြီးလျှင် "အပို အဆစ် သတင်းထူးလေးကတော့ မြဟာ ဆေးရုံကြီးမှာ ကိုထွန်းဝေရဲ့ မယား အဖြစ် ဟန်ဆောင်နေတာတဲ့"ဟု ပြောလိုက်ရာ၊ ကျော်အေးမှာ မျက်လုံးပြူး၍သွားလေ၏။

"ဘာ. . . ဘာပြောတယ်၊ မညွှန့်ခင့် စိတ်မှကောင်းရဲ့လား"

ညွှန့်ခင်သည် ကောက်ကျစ်သော အကြံဖြင့် ရယ်နည်းမျိုးရယ်ကာ

"ကျွန်မ မရူးဘူး၊ အမှန်အတိုင်း ပြောနေတာ၊ ကျွန်မခေါင်းမှာ နားနှစ်ဘက်ရှိတာ အလကားရှိနေတာ မဟုတ်ဘူး၊ ဆေးရုံကြီးကို ကနေ့ ရောက်သွားလို့ သိခဲ့ရတာပဲ၊ သူတို့ကိုတွေ့လို့ တိတ်တိတ် နားထောင်ကြည့်လိုက်တော့ ကိုထွန်းဝေက 'မြ ကိုကို့ကို ဘယ်တော့မှ ပစ်မပြေးနဲ့ တော့နော် ကိုကိုချစ်တဲ့ မယားကလေးရဲ့'

လို့ပြောတာကို နားနဲ့ဆတ်ဆတ် ကြားခဲ့ရတယ်"ဟု ပြောပြလေ၏။

"ဘယ့်နှယ့်မဟုတ်တာ ဖြစ်နိုင်ပါ့မလား၊ မမြရီဟာ ကျုပ်မယားပဲ"

"ဘာ. . . မြဟာ ကိုကျော်အေးမယား. . . မယားဟုတ်လား"

ကျော်အေးသည် ခေါင်းညိတ်ပြပြီး "ပဲခူးမှာ လက်ထပ်ပြီးပြီ"ဟု ဆိုလေ၏။

ထိုအခါ ညွှန့်ခင်က ခေါင်းကို နောက်သို့လန်အောင် ရယ်မောလျက် "အို. . . ဒါနဲ့များ ကိုထွန်းဝေက သူ့မယားလို့ ထင်နေသေးသကိုး၊

www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာကောင်းသေးတော့၊ သိပ် ရယ်စရာ ကောင်းတာပဲ"

"ကျုပ်တော့ ဒါ ရယ်စရာမဟုတ်ဘူးလို့ ယူဆတာပဲ"

"အင်း ဒီလိုဆိုရင်တော့ ကိုထွန်းဝေ ဇာတ်လိုက်မင်းသားကလေး ဒီအရေးကို သိရတဲ့အခါ မျက်ဖြူဆိုက်သွားမှာ မြင်သေးရဲ့"

"မျက်ဖြူဆိုက်ရုံမကအောင် လုပ်ပြရမှာပဲ၊ ကြည့်နေ၊ မကြာခင် တွေ့ရပါလိမ့်မယ်"

ဟု ကျော်အေးက ပြောလိုက်လေ၏။

□ □ □

## အခန်း(၈)

နောက်တစ်နေ့တွင် ထွန်းဝေမှာ သေနတ်ထိမှန်သောဒဏ်ရာ အတော်ပင် သက်သာ၍ လာလေ၏။ ဦးခေါင်းမှာလည်း ပို၍ကြည်လင် ရှင်းလင်းသွားပြီဟု ထင်မြင်ရပေ၏။ မြရီသည် ထွန်းဝေအား ကိုယ်တိုင် လက်ဘက်ရည်တိုက်ရင်း ဤကဲ့သို့ သားမယားအဖြစ်နှင့် ပြုစုရသည်ကို ကြည်နူးလျက် ရှိလေ၏။ တကယ်ပင် မယားအဖြစ်နှင့် ပြုစုရပါမူ မည်မျှ ကြည်နူးစရာ ကောင်းမည်ကို မတွေးမဆနိုင်အောင် ရှိလေ၏။ သို့ရာတွင် ထိုသို့ ကြည်နူးရခြင်းမှာ လျှပ်တပြက် မျက်စိတစ်မှိတ်ကဲ့သို့ ခေတ္တမျှ တည်တံ့သော သုခပင် ဖြစ်ပေတော့၏။

"မြ. . . နားထောင်စမ်းနော်၊ ကိုကို့ခေါင်းထဲမှာ အိပ်မက်လိုလို ဘာလိုလို တရေးရေးထင်ပြီး မရှင်းတာ ရှိနေတယ်၊ အဲဒါ ရှင်းပြီးပြစမ်းပါဦး၊ တစ်ခုနဲ့တစ်ခု ဆက်ပြီးမရလို့၊ မြဟာ ကိုကို့မယားပဲနော်၊ ဒါပေမဲ့ တစ်ညမှာ မြကို ကိုကို့လက်နဲ့ ပွေ့ထားပြီး. . . "

www.burmeseclassic.com

www.burmeseclassic.com



"အို မပြောပါနဲ့ ကိုကိုရယ်၊ ပြီးခဲ့တာတွေ တွေးနေဖို့ မလိုပါဘူး" ဟု မြရီက တားလိုက်လေ၏။ မြရီ၏ စိတ်ထဲတွင် အတိတ်ကို မတွေးရဲပေ။

"အို. . . အချစ်ရယ် အရင်ကချစ်ခဲ့တာတွေ ပြန်ပြီးတွေးလိုက်ရင် ပျော် စရာကြီးပဲ မဟုတ်လား"

"ပျော်စရာကြီးပါ ကိုကိုရယ်၊ ဟုတ်ပါတယ် သိပ်ပျော်စရာပါပဲ"

"ချစ်လိုက်တာ မြရယ်၊ ကိုကို သိပ်ချစ်တာပဲ"

ဟု ဆိုကာ ပွေ့ယူလိုက်စဉ် တံခါးဝမှ ချောင်းဟန့်သံ ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ကပြားမကလေးကို တွေ့ကြရလေ၏။

ကပြားမကလေး၏ မျက်နှာမှာ တုန်လှုပ်ချောက်ချားသော အမူ အရာကို ပြသလျက်ရှိသဖြင့်၊ မြရီသည်မေးရန် အနားသို့ ကပ်သွားရာ

"လူတစ်ယောက် ရှင့်ကို တွေ့ချင်လို့ လာနေတယ်"

ဟု ပြောပြီးလျှင် "ဘယ်လို ပြောရပါမလဲ"ဟု ညည်းညူလေ၏။

မြရီ၏ စိတ်ထဲတွင် မသိုးမသန့်ဖြစ်ကာ "ဘယ်သူလဲ"ဟု မေးလိုက် လေ၏။

"ရှင့်ယောက်ျား ကိုကျော်အေး"

ဟူသော အဖြေကို ကြားရလျှင် မြရီမှာ မျက်နှာတွင် သွေးမရှိတော့ သကဲ့သို့ ဖြစ်သွားကာ ယိမ်းယိုင်၍ မလဲအောင် တံခါးဘောင်ကို လှမ်း၍ ဆွဲလိုက်ရလေ၏။

ထို့နောက်မှ သတိမနည်းထားကာ စိတ်ကို ငြိမ်ဝပ်စေပြီး

"ကျွန်မ ယောက်ျားလား"

ဟု ပြန်၍ မေးလိုက်လေ၏။ ကပြားမကလေးက ခေါင်းကို ညိတ် လိုက်ပြီးလျှင် "ရှင့်ယောက်ျား သိပ် ဒေါသဖြစ်နေပုံရတယ်"ဟု ပြောပြီးနောက် "ဘယ့်နှယ့်လဲ ရှင့်ယောက်ျား တစ်စုံတစ်ခုများ လုပ်နေမလား မသိဘူး၊ ရှင်တော့ ဒုက္ခပဲ၊ ဆရာဝန်ကြီး ကလည်း ဒီနည်းနဲ့ပြုစုမှ သက်သာပြီး သတိရနိုင်မှာမို့



ရှင့်ကို တောင်းပန် တာပဲ၊ တောင်းပန်တဲ့အတိုင်းလည်း သက်သာလာတာပဲ၊ အခုလို သက်သာလာတုန်းအခါမှာ အဖြစ်အပျက်အမှန်ကို သိသွားရင် သိပ်ဆိုးသွားမှာ စိုးရိမ်ရတယ်"ဟု ပြောပြလေ၏။

"ကိစ္စမရှိပါဘူး၊ ကိုထွန်းဝေ မသိအောင် လုပ်ပါ့မယ်"

"နို့ ရှင့်ယောက်ျားကို ဘာမှပြန်ပြီး. . ."

"ကိစ္စမရှိဘူးလေ၊ အခုသွားတွေ့လိုက်မယ်၊ ဘယ်မလဲ"

ကပြားမကလေးသည် အခန်းတစ်ခုဆီသို့ ခေါ်၍သွားလေ၏။ မြရီသည် မျက်နှာကို ဆည်နိုင်သမျှ ဆည်လျက်၊ တင်းထားကာ ခေါင်းကို မတ်မတ်ထားလျက်၊ တံခါးဆီသို့ လျှောက်သွားလေ၏၊ သို့ရာတွင် စိတ်ထဲ ၌ကား တုန်ရီချောက်ချားခြင်း မကင်းဘဲ ရှိချေ၏။ အနားသို့ရောက်ကာမှ မသွားတော့ဘူးဟု စိတ်ကူးမိလေ၏၊ သို့ရာတွင် မသွား၍မဖြစ်။ ကျော်အေး နှင့် မတွေ့၍မဖြစ်။ ထွန်းဝေအတွက် တွေ့မှဖြစ်မည်ပင် ဖြစ်လေ၏။

သို့ဖြင့် မြရီသည် စိတ်ကို ကြိုးစား၍တင်းကာ ထိုအခန်းထဲသို့ ဝင်သွားလေ၏။ အခန်းထဲတွင် ကျော်အေးသည် ထိုင်၍စောင့်လျက်ရှိရာ၊ မြရီ ဝင်လာသည်ကို တွေ့ရလျှင် ဆတ်ကနဲထလိုက်ပြီး တစ်ကိုယ်လုံး တောင့် တင်းစွာထားလျက် စိုက်ကြည့်နေလေ၏။ ၎င်း၏မျက်နှာမှာ ဒေါသဖြင့် နီ မြန်းလျက် ရှိလေတော့၏။

ကျော်အေးမှာ ဒေါသဖြင့် စကားကိုပင် ရုတ်တရက် ပါးစပ်မှ မထွက်နိုင်ဘဲရှိပြီးမှ

"ကဲ မမြရီ ကျုပ် ဘာမှမေးစရာ မလိုဘူးထင်တယ်၊ ကိုယ့်အပြစ် ကိုယ်ဖော်ပေတော့"

ဟု ဆိုလိုက်လေ၏။ မြရီသည် မျက်နှာပျက်ခြင်းမရှိဘဲ

"ကျွန်မမှာ ဘာအပြစ် ရှိသလဲ၊ ကျွန်မ စာထဲမှာ အတိအလင်း ရေးခဲ့တယ်မဟုတ်လား၊ လူတစ်ယောက် သေတော့မလောက် ဖြစ်နေသယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ ဆိုတာ"ဟု ပြောလိုက်သည်တွင်. . .

"ဒါပေမဲ့လည်း မောင်ထွန်းဝေလို့ စာထဲမှာ ပါလို့လား"

ဟု ကျော်အေးက မေးလေ၏။

"ပါတော့ မပါဘူး၊ ဒါပေမဲ့လည်း ကျွန်မမသွားဘဲ မနေနိုင်ဘူး၊ ကိုကျော်အေးရယ် သူ့အသက်ဟာ စိုးရိမ်ရတဲ့အခြေ ရောက်နေပြီ၊ ကျွန်မ သွားမှ ချမ်းသာနိုင်မယ်၊ ကျွန်မကိုပဲ ခေါ်နေရှာတယ်"

"ဒါဖြင့် မမြရီ သူ့ကို ချစ်နေတယ်လို့ ဆိုချင်တာပေါ့လေ"

မြရီသည် ကျော်အေးနှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်တွင် ထိုင်လိုက်ပြီးနောက်

"ဒါကို ကိုကျော်အေးလည်း အသိသားပဲ မဟုတ်လား၊ ကျွန်မ ဘယ်တုန်းက မုန်းခဲ့လို့လဲ"

ဟု မေးလိုက်လေ၏။

ကျော်အေးသည် မြရီနှင့် မျက်နှာချင်းဆိုင်၍ ထိုင်လိုက်ကာ

"ဒါဖြင့် ကျုပ်ကို လက်ထပ်တာ ချစ်လို့မဟုတ်ဘူး ငွေမက်လို့ပေါ့လေ"

ဟု မေးလိုက်လေ၏။

မြရီသည် ဆတ်ကနဲ ထလိုက်၏။ မျက်နှာတွင်လည်း နီမြန်း၍ သွားလေ၏။

"ရှင် ဘာပြောတာလဲ၊ ရှင့်ကို ကျွန်မ ကြိုက်လို့လည်း မဟုတ်ဘူး၊ ငွေလိုချင်လို့လည်း မဟုတ်ဘူး၊ ရှင့်ပါးစပ်ကပဲ လက်ထပ်ပါလို့ပြောတာ မဟုတ်လား၊ ရှင် သေခါနီးပြီထင်လို့ လက်ထပ်လိုက်တာ၊ နို့မဟုတ်ရင် လက်မထပ်ဘူး သိရဲ့လား"

ဟု ပြောလေ၏။

ကျော်အေးမှာ ထိုစကားကို ကြားရသဖြင့် ငြိမ်၍သွားလေ၏။ ကိုယ့်ကိုယ်ကို ပြန်တွေး၍လည်း ရှက်မိလေ၏။



"ကျုပ်ကို နည်းနည်းမှ မချစ်ဘူးပေါ့လေ"ဟု ဆိုပြီးနောက် ကျော်အေးက ဆက်လက်၍ "နေပါဦး၊ ကျုပ်နဲ့ လက်ထပ်ပြီးပြီပဲဟာ၊ ဘာကြောင့် ဒီမှာလာပြီး မောင်ထွန်းဝေရဲ့ မယားအဖြစ်နဲ့ လိမ်ရတာလဲ"ဟု မေးမြန်းလေ၏။

"ကျွန်မ လိမ်လည်ပြီး လာနေတာမဟုတ်ဘူး၊ သူ့မယား မဟုတ်ဘူးဆိုတာလည်း ဆေးရုံတစ်ခုလုံး သိတယ်၊ ကိုထွန်းဝေကသာ သူ့မယား ထင်နေတာ"

"သူကရော ဘာလို့ ဒီလိုထင်နေရတာလဲ"

"သူမမာဘူး၊ ကယောင်ကတမ်း သတိလစ်နေတယ်ဆိုတာ ရှင် မသိဘူးလားလို့၊ ဆရာဝန်တွေကလည်း ကျွန်မရောက်လာလို့ ကိုထွန်းဝေ အတော်စိတ်ပျော်တာ မြင်ရတဲ့အတွက် ရောဂါပျောက်အောင် အခုလို စီစဉ်ရတာပဲ"

ကျော်အေးသည် မခံမရပ်နိုင်သော အမူအရာဖြင့်

"အို ဒီလို လုပ်ချင်တိုင်း လုပ်ကြလို့ ဖြစ်မတဲ့လား၊ ကျုပ် လင် တစ်ယောက်လုံးကို ခေါင်မှာ ချိတ်ထားလို့ ဖြစ်ပါ့မလား၊ သွားပြီး မှန်ရာ အတိုင်း ဖွင့်ပြောလိုက်ပါ၊ အခုချက်ခြင်း မောင်ထွန်းဝေကို ပြောလိုက်ပါ"

ဟု အမိန့်ပေးလေ၏။

မြရီ၏မျက်နှာတွင် စိတ်ပျက်ညှိုးငယ်စွာ တောင်းပန်သည့် အမူအယာ ပေါ်ပေါက်လာကာ

"မပြောပါရစေနဲ့ ကိုကျော်အေးရယ်၊ ဒီလိုပြောရင် သေသွားမှာ တောင် စိုးရိမ်ရတယ်၊ ကျွန်မတော့ဖြင့် မပြောနိုင်ဘူး"

ဟု ဆိုလေ၏။

ထိုသို့ တောင်းပန်သည့်အတွက် ကျော်အေးသည် ပို၍ထန်လာကာ "မမြရီ မပြောနိုင်ရင် ကျုပ်သွားပြောမယ်"ဟု ဆိုကာ ထိုင်ရာမှ ထလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြရီသည် ကျော်အေး၏ လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်လျက် တောင်းပန် တိုးလျှိုးသောမျက်နှာဖြင့် စိုက်ကြည့်ကာ

"တောင်းပန်ပါရစေ၊ မသွားပါနဲ့ ကိုကျော်အေးရဲ့၊ လူမမာ တစ်ဘက်သားကို မသနား မညှာတာတော့ဘူးလား၊ ဒီလိုပြောရင် သေရှာတော့မှာပဲ၊ ကျွန်မပြောတာ မယုံရင် ဆရာဝန်တွေကို မေးကြည့်ပါ"

ဟု ဒေါပြာရှာလေတော့၏။

"အို ဆရာဝန်တွေ ဘာဂရုစိုက်ရမှာတုန်း"

"ကိုကျော်အေးရယ် တစ်ဘက်သားကို သနားညှာတာ စဉ်းစားပါဦး၊ ကိုထွန်းဝေကို ဒါလောက်ပဲ မုန်းဦးတော့၊ ကျွန်မအတွက် ငဲ့ကွက်စေချင်ပါတယ်၊ ကိုကျော်အေး ပြောစေချင်တာကိုလည်း ပြောပါ့မယ်၊ ဒါပေမဲ့ သူ့ရောဂါ သက်သာသည်ထက် သက်သာလာအောင် ရက်နည်းနည်းပေးပါဦး၊ ကျွန်မအပေါ်မှာ သူ့အချစ် မသက်ရောက် မထိခိုက်စေရပါဘူးဆိုတာ ကျိန်ပါ့မယ်၊ အထိမခံပါဘူး"

"ဒီလိုပြောတာနဲ့လည်း ယုံရမှာလား"

"ယုံပါကိုကျော်အေးရယ်၊ ဒီတစ်ခုကို ခွင့်ပြုရင် ကျွန်မ ကိုကျော်အေး အလိုဟူသမျှကို ကြည်ကြည်ဖြူဖြူ လိုက်နာပါတော့မယ်၊ သူသိသွားလို့ ရောဂါကို မထိခိုက်နိုင်တော့ဘူးဆိုတဲ့ အခြေအနေမှ ပြောရအောင် ရက်နည်းနည်းကလေးပဲ ဆက်ပြီးခွင့်ပြုပါတော့ တောင်းပန်ပါတယ်"

ကျော်အေးသည် လေးနက်စွာ စဉ်းစားနေပြီးနောက်

"ဒါကို ခွင့်ပြုရင် ဘာမဆို အလိုလိုက်ခိုင်းတာကို ခွင့်ပြုမလား"

ဟု မေးလိုက်လေ၏။

"လုပ်ပါ့မယ် ကိုကျော်အေးရယ်၊ လုပ်ပါ့မယ်"

ကျော်အေးသည် ဟက်ဟက်ပက်ပက် ရယ်မောပြီးလျှင် "ဒါဟာ ကတိနော်၊ နောက်မှ မဖျက်နိုင်တော့ဘူး၊ ကောင်းပြီ ဒီလိုပြုစုဖို့ သုံးရက်



ခွင့်ပေးလိုက်မယ်၊ ဒီသုံးရက်ကကျော်ရင် မမြရီ ကျုပ်မိန်းမပဲ၊ ကျုပ်တစ်သက်လုံး ရာသက်ပန် ပိုင်တာပဲ"ဟု ပြောလိုက်ပြီးနောက် "လောကမှာ ကျုပ်လောက် သဘောထားကြီး၊ စေတနာကောင်းတဲ့လူ ရှိသေးသလား၊ မယားတောင်ငှားတဲ့လူ၊ ဒါပေမဲ့လေ စေတနာအတွက်ကြောင့် သုံးရက်ကလွန်ရင် အကျိုးထူးခံစားရမှာမို့ မမှားပါဘူး"ဟု ဆိုလေ၏။

မြရီသည် ကတိပေးလိုက်ရသော်လည်း စိတ်ထဲ၌ကား မချိတော့ပြီဖြစ်ပေ၏။ မိမိသည် ထွန်းဝေ၏ အနီးအနား၌ မယားအဖြစ်ဖြင့် သုံးရက်မျှသာလျှင် ပျော်ပျော်ကြီး နေရတော့မည်ကို ယတိပြတ်တွေ့မြင်ကာ ထိုသုံးရက်က ကျော်လွန်လျှင် ကျော်အေး၏ လက်တွင်းသို့ အယူခံမရှိ ကျရောက်သက်ဆင်းရပေတော့မည်ဟု စဉ်းစားမိကာ ငိုချင်မိလေတော့၏။

သို့ရာတွင် မိမိချစ်သူ ကျန်းမာ ချမ်းသာလာအောင် ပြုစုနိုင်ရန် မိမိကိုယ်ကို အနစ်နာခံ၍ အခွင့်အရေးရရှိပြီဟု သိရခြင်းသည် မြရီ၏စိတ်တွင် တစ်မျိုးအားဖြင့် ဝမ်းသာဖွယ်ရာ ရှိလေတော့၏။ သို့ဖြစ်၍ ကျော်အေးထွက်သွားသည့်အခါတွင် မြရီသည် ကြည်လင်သော မျက်နှာ၊ ရွှင်လန်းသောနှလုံးဖြင့် ထွန်းဝေထံသို့ ပြန်ခဲ့လေ၏။

ထွန်းဝေသည် ဝမ်းသာအားရသော အမူအရာဖြင့် "မြ အခုမှ အပြင်က ပြန်လာသလား၊ ကြာလိုက်တာ မြရယ်၊ လာပါဦး"ဟု ဆိုကာ၊ လက်နှစ်ဘက်ကို ရှေ့သို့တိုးဆန့်လျက် မြရီအား ပွေ့ဖက်ရန် အသင့်ပြုနေလေ၏။

မြရီသည် မလှမ်းမကမ်းတွင်ရပ်ကာ

"ဟုတ်ကဲ့ နည်းနည်း ကြာသွားတယ်"

ဟု ပြောရာ၊ ထွန်းဝေက

"တိုးပါမြရဲ့၊ ဖက်ချင်လို့ပါ"

ဟု ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြရီသည် ကျော်အေးအား ထားခဲ့မိသည့် ကတိကို စဉ်းစားမိကာ

"ဒီမှာပဲ ရပ်ပါရစေ ကိုကိုရယ်၊ လူဝင်လာမှဖြင့်"

ဟု ရှက်ဟန်ပြ၍ ပြောလေ၏။

"ဟဲ. . . ဟဲ ကျုပ် မယားကလေး သဘောမတူတာ မလုပ်ပါဘူး နော် . . . . နော်၊ ပျော်သလို နေတာသာ မြင်ချင်တာပဲ"

ဟု ထွန်းဝေက ပြောလိုက်လေ၏။

ထွန်းဝေပြောသကဲ့သို့ပင် မြရီမှာ ပျော်လို့မဆုံး တစ်နေ့ပြီးတစ်နေ့ လုံး ထွန်းဝေအနား၌ နေရခြင်းကို ကြီးစွာသော စိတ်ချမ်းသာခြင်း ဖြစ်မိလေ၏။ သို့ရာတွင် စိတ်ဆင်းရဲခြင်းကား ယှဉ်တွဲ၍နေလေ၏။ မိမိထားခဲ့မိသည့် ကတိအတွက် ထွန်းဝေ၏ အထိအကိုင်ကိုမျှ မခံရခြင်းသည် လည်းကောင်း၊ ထွန်းဝေက ပွေ့ဖက်လိုခြင်းကို ငြင်းဆန်ရခြင်းသည် လည်းကောင်း၊ ကြီးစွာသော စိတ်၏ဆင်းရဲဒုက္ခ ဖြစ်လေ၏။

ထိုကဲ့သို့ ပျော်ရွှင်ချမ်းသာခြင်း၊ စိတ်ညစ်ခြင်းများသည် ယှဉ်တွဲလျက် ရှိလေရာ၊ တစ်နေ့တွင် ပျော်ရွှင်ချမ်းသာခြင်းများသည် ပပျောက်ကင်းစင်၍သွားကာ စိတ်ညစ်ဆင်းရဲခြင်းတို့သာလျှင် ကျန်ရစ်ခဲ့လေ၏။ ထိုနေ့သည်ကား သုံးရက်မြောက်နေ့ပင် ဖြစ်၏။

ထိုနေ့ ထိုညအဖို့သည်ကား မိမိ၏အပျိုဘဝကို စွန့်လွှတ်ကာ တကယ်ဇကန် လက်ထပ်ခြင်း ပြုရတော့မည့်နေ့ပင် ဖြစ်လေ၏။ မြရီမှာ ထွန်းဝေအား မခွဲနိုင် မခွာရက်ဖြစ်လျက် ရှိလေတော့၏။

ထွန်းဝေကား ဒဏ်ရာ လုံးလုံးပျောက်ကင်းပြီဖြစ်၍ အားအင်ယုတ်လျော့လျက် ရှိသေးခြင်းသာလျှင် ကျန်လေတော့၏။ မျက်နှာမှာကား အထူး လန်းဆန်း၍ နေပေတော့၏။ မြရီသည် ထွန်းဝေ၏မျက်နှာအား ဝအီးရအောင် ကြည့်ခဲ့ပြီးနောက် ထွန်းဝေ အိပ်ပျော်သည့် အခိုက်တွင် အခန်းထဲမှ ထွက်ခဲ့လေ၏။ ဆေးရုံမှ ဆင်းလာသောအခါတွင် ဘီလူးရှိရာသို့ အစာခံ



ရောက်ရသလို ကျော်အေးထံ ငါကိုယ်ကို ဆက်သရန် သွားရတော့မှာပါ ကလားဟု တွေးလျက် မျက်ရည်ကျမိလေတော့၏။

တစ်ပါးသူတို့တွင် မိမိတို့၏ စိတ်ဒုက္ခ အချစ်ဒုက္ခအမျိုးမျိုး တွေ့ကြုံလျက် ရှိကြရသော်လည်း ညွန့်ခင်မှာ ၎င်းတို့၏ ဒုက္ခကို မကြည့်နိုင်၊ မငဲ့ညှာနိုင်၊ မိမိလောဘကိုသာလျှင် ပြည့်ဝစေဖို့ အရေးကြီးနေလေရာ၊ ရသာလျှင် ဘနဖူးသိုက်တူးမည်ဟု အမြဲကြံနေသူတစ်ယောက် ဖြစ်လေ၏။ သို့ဖြစ်သည့်အတိုင်း တွေ့သမျှ လူတိုင်းကို သွေးစုပ်လာခဲ့ရာ မိမိ နောက်ဆုံး တွေ့ရသောအမဲမှာ ကျော်အေးပင် ဖြစ်သည့်အတိုင်း ကျော်အေးထံမှ ရနိုင်သမျှ ညှစ်မည်ဟူသော အကြံဖြင့် ကျော်အေးထံသို့ ရောက်ရှိလာခဲ့လေ၏။

"ဟဲလို ကိုကျော်အေး"ဟု နှုတ်ဆက်သံကို ကြားလိုက်ရသည်တွင် ကျော်အေးမှာ ငှက်ဆိုးထိုးသံကို ကြားလိုက်ရသကဲ့သို့ စိတ်မချမ်းသာဘဲ မနှစ်မြို့ခြင်း ဖြစ်မိလေ၏။ ကျော်အေးသည် ညွန့်ခင်ပါးစပ်ဟရုံဖြင့် အူမကို အတိုင်းသား မြင်၍နေလေရာ ညွန့်ခင်၏ လာခြင်းကိစ္စကို ကောင်းစွာရိပ်မိပြီး ဖြစ်လေ၏။ သို့ရာတွင် ကျော်အေးသည် ညွန့်ခင်ကဲ့သို့ ပါးနပ်သူတစ်ဦးဖြစ်လေရာ တစ်ကြိမ်သာလျှင် မလွဲမကင်းသာ၍ ညွန့်ခင်၏ အညှင်းကို ခံရမည် ဖြစ်ပေ၏။ နောက်တစ်ကြိမ် ကျော်အေးထံမှ ညှင်း၍ရနိုင်ဖို့ ရန်မှာ ခဲယဉ်းလှပေ၏။

သို့ဖြစ်၍ ကျော်အေးသည် ညွန့်ခင်အား ကြွေမျက်နှာထားနှင့်ပင် "ဘာအကြောင်းရှိလို့ လာတာလဲ"ဟု မေးလိုက်လေ၏။

ညွန့်ခင်မှာ ထိုသို့ အမေးခံရသည့်အတွက် ဒေါသထွက်မိကာ

"အခုတော့ ပြောမှာပေါ့လေ၊ ကိုယ့်ဆန္ဒ ပြည့်သလောက် ပြည့်သွားမှကိုး"

ဟု ဆိုလိုက်လေ၏။

"မညွန့်ခင် အခြားဟာတွေ ငေါ်တော့တော့ ပြောမနေပါနဲ့၊ ကို

www.burmeseclassic.com

www.burmeseclassic.com



အထူးရှိရင် တိုတိုတုတ်တုတ် ပြောပြစမ်းပါ၊ အထူးမရှိရင် ပြန်ပေဦးတော့၊ ဒီနေ့ ကျုပ် အလုပ်များနေတဲ့အတွက် စကားလက်ခံပြီး မပြောနိုင်ဘူး"

ညွှန့်ခင်သည် ဒေါသနှင့် ပြန်၍ ရန်တွေ့လိုက်မည်ဟု ကြံစည်လေ၏။ ထို့နောက်မှ မိမိလာရသည့် ကိစ္စသည် သူတစ်ပါးနှင့် ရန်ဖြစ်ရန် လာခြင်းမဟုတ်၊ ငွေရအောင်ပြုလုပ်ရန် ဖြစ်သည့်အတွက် သည်းခံမှပဲဟု နှလုံးပြုကာ

"ကိုကျော်အေးကို ကူညီနိုင်တဲ့ ကိစ္စလေး တစ်ခုရှိလို့ လာတာပဲ၊ အကူအညီ မလိုချင်ရင်လည်း ပြန်ရုံပေါ့"

ဟု မက်လုံးတမ်းလိုက်လေ၏။

ကျော်အေးလည်း ပျော့သွားကာ "ဘယ်လို အကူအညီလဲ"ဟု မေးလေ၏။

"မြကို ကိုကျော်အေးလက်ထဲ ပြန်ရောက်အောင် ကူညီမလို့ပါပဲ၊ ကျွန်မနဲ့ သူနဲ့ အင်မတန် ရင်းနှီးနေကြတာ၊ ကျွန်မစကား သူနားထောင် မှာပဲ၊ ကိုကျော်အေးလည်း သူ့ကို ချစ်နေတယ် မဟုတ်လား၊ အဲဒီတော့ ကိုယ်ချစ်တဲ့လူလည်း ရအောင်၊ ကျွန်မတို့လို ဆင်းရဲတဲ့ မိန်းကလေးတစ်ယောက်မှာလည်း ကိုကျော်အေးရဲ့ စေတနာသဒ္ဓါတရားကို ခိုလှုံပြီးတော့ . . ."

"တော်တော့"ဟု ကျော်အေးက စကားကို ပိတ်လိုက်ရာ ညွှန့်ခင်မှာ မျက်လုံးပြူးသွားလေ၏။

ထို့နောက် ကျော်အေးက ဆက်လက်၍

"မညွှန့်ခင် ဒီကိစ္စမှာ အကူအညီပေးဖို့ မလိုပါဘူး၊ ဒီနေ့ညပဲ ကျုပ်မယားအဖြစ်နဲ့ ဒီကို လာရတော့မယ်"

ဟု ဆိုကာ၊ အကျိုးအကြောင်း အနည်းငယ် ပြောပြပြီးလျှင်

"ကဲ ပြန်ချင်ရင် ဟောဒီမှာ လှေကားရှိတယ်"

ဟု လက်ညှိုးညွှန်ပြကာ ပြောလေ၏။



ညွှန့်ခင်သည် ဒေါသကို မထိန်းနိုင်အောင် ရှိသွားကာ

"ရှင် ကျွန်မကို ဒီလိုပြောသလား၊ ကြည့်နေပါ၊ ရှင် မြကို တစ်သက်လုံး မရအောင် ကျွန်မ လုပ်ပြမယ်၊ ညွှန့်ခင်တဲ့ လူပေါ်မှာ ညွှန့်လာတာ၊ ဒီ တစ်ခင်တည်းရှိတယ်"

ဟု ဆိုလေ၏။

"ဟား . . . ဟား ဒီညပဲ ကျုပ်မယားဖြစ်တော့မှာ၊ ကြည့်ရသေးတာပေါ့လေ"

ညွှန့်ခင်သည် ဒေါသဖြင့် ဆောင့်အောင့်၍ ဆင်းခဲ့လေ၏။ ညွှန့်ခင်မှာ မိမိအပေါ်၌ ကျော်အေး ဤသို့ပြုသည့်အတွက် မခံမရပ်နိုင် ရှိရုံမျှမက၊ ဤသို့ အပြုခံရသည့်အတွက်လည်း ရှက်မိလေရာ ပျက်စီးအောင် လုပ်ဖို့ရန် သန္နိဋ္ဌာန်ပြုလိုက်လေပြီ ဖြစ်လေ၏။

အောက်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ညွှန့်ခင်သည် ထွန်းဝေအား ပြေး၍ သတိရမိလေ၏။ ထွန်းဝေသည် မြရီအား မိမိမယားဟု ထင်ရှာသည်။ ယနေ့ည ကျော်အေး၏ မယားဖြစ်ရတော့မည်ကို မသိရှာချေ။ သိလျှင်မူ မြရီအား ထိုအဖြစ်မျိုး မရောက်အောင် ပြုလုပ်တော့မည်ဟု တွေးမိကာ ထွန်းဝေထံသွား၍ သတင်းလွှင့်ရန် ဆုံးဖြတ်လိုက်လေ၏။

ညွှန့်ခင်သည် ဆေးရုံကသူများနှင့် တစ်ကြိမ်တစ်ခါ မျက်မှန်းတည့်သွားပြီ ဖြစ်ရကား ထွန်းဝေအား တွေ့နိုင်ခွင့်ရရန် မခက်ခဲတော့ချေ။ ထွန်းဝေ၏ အခန်းသို့ တည့်တည့်မတ်မတ်ကြီး ရောက်၍လာလေတော့၏။

ထွန်းဝေသည် အိပ်ရာကနိုး၍ မြရီကို မတွေ့ရသောအခါ အခန်းထဲမှ ထလိုက်၊ လျှောက်လိုက်၊ အပြင်ထွက်ကြည့်လိုက်နှင့် ဒေါင်းတောက်၍ နေလေ၏။ ကပြားမကလေးအား မေးကြည့်ရာတွင် အပြင်ခဏထွက်သွားသည်ဟု ဆိုသဖြင့် ယခုပင် လာနိုး၊ တော်တော်ကြာ လာနိုးနှင့် လည်တံရှည်၍ နေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် မိမိအခန်းဆီသို့ လျှောက်လာသော မိန်းမသဏ္ဍာန် တစ်ခုကို တွေ့မြင်ရ၍၊ မြရီပဲဟု ဝမ်းသာအားရ ဖြစ်သွားရာက နီးလေ နီးလေ မဟုတ်မှန်း သိလာရုံမက ထိုမျက်နှာကို မြင်ဖူးသလိုလိုရှိရာက မိမိ၏ ယခင်အဖြစ်အပျက်တို့ကို သတိလစ်နေသော ဦးနှောက်ထဲတွင် စက်ခလုတ် အမှန်ကို ဖွင့်ပေးလိုက်သကဲ့သို့ ဖြုန်းကနဲ ချက်ခြင်းပြောင်းလဲခြင်း ဖြစ်ပွားလာပြီးလျှင် ယခင် မိမိအား သေနတ်မမှန်မီကလေးတွင် ဖြစ်ခဲ့သော ဒေါသများသည် ယခုပြန်၍ အဆက်ဖြစ်ပေါ်လာကာ ယခင်ကစိတ်မျိုး ဖြစ်ပွားဆဲရှိသည့်အလား "ညွန့်ခင်. ... . ညွန့်ခင်"ဟု ဆိုမိပြီးလျှင် "ပေး. . . ပေး သေနတ်ပေး"ဟု ပါးစပ်ကအော်ကာ သေနတ်ရှာသကဲ့သို့ အခန်းထဲတွင် ဟိုဟို ဒီဒီ ပြေး၍နေလေ၏။

ညွန့်ခင်မှာ ကြောက်လန့်သွားကာ နောက်သို့ ဆုတ်မိလေ၏။ ထွန်းဝေသည် ညွန့်ခင်အား ပြေး၍မလွတ်စေရ ဟူသောစိတ်ဖြင့် လိုက်လေရာ၊ ညွန့်ခင်သည် ကြောက်လန့်တကြား အော်၍ပြေးရာတွင် ဆေးရုံ ဆရာဝန်များ၊ ဆရာမများသည် ပြေး၍လာကြကာ တစ်ယောက်စီ တွဲထားကြရလေ၏။

ထွန်းဝေသည် သန်မာသော ဆရာဝန်တစ်ယောက်၏ လက်ထဲမှ မလွတ်နိုင်ဘဲ ရှိရာက ဒေါသမွှန်ပြီး မေ့မျောသွားသလိုလို ဖြစ်သွားလေ၏။ ထို့နောက် မကြာမီအတွင်းမှာပင် ထွန်းဝေသည် သက်ပြင်းချကာ မျက်လုံးများ ဖွင့်ကြည့်လိုက်ပြီးနောက် အံ့အားသင့်သော အမူအရာဖြင့်

"ဟင် ကျွန် တော် ဘယ်ကိုရောက်လာသလဲ"

ဟု မေးလိုက်လေ၏။

ဆရာဝန်များသည် ရုတ်တရက် အံ့အားသင့်သွားကြရာက ထွန်းဝေသည် ဖြုန်းကနဲ သတိပြန်၍ ရလာကာ၊ ဦးနှောက်ကောင်းသွားပြီကို ရိပ်မိသိရှိကြကာ



"ခင်ဗျားကို သေနတ်မှန်လို့ ဆေးရုံရောက်လာတာ၊ အခု အနာပျောက်သွားပြီ"

ဟု ဆရာဝန်တစ်ယောက်က ပြောပြလေ၏။

ထွန်းဝေသည် တွေ၍နေပြီးနောက် ညွန့်ခင်အားကြည့်ကာ

"သူ. . . သူကော ဘာပြုလို့ ရောက်လာတာလဲ"

ဟု မေးလိုက်လေ၏။

ထိုအခါ ဆရာဝန်တစ်ယောက်က "သူဘယ်သူလဲ"ဟု မေးလေ၏။

"ညွန့်ခင်လို့ ခေါ်တယ်၊ ဟိုညက သူ့ကို ကျုပ်ပစ်ချင်တာ သူ့ကို မပစ်ရဘဲ ခြောက်လုံးပြူး လွတ်ကျသွားတယ်"

ထိုအခါမှ ဆရာဝန်များသည် အံ့အားသင့်သွားကာ ညွန့်ခင်တစ်လှည့် ထွန်းဝေတစ်လှည့် ကြည့်နေကြပြီးလျှင်

"ဩော်. . . ဒါဖြင့်ရင် ဘယ်သူကမှ ပစ်တာမဟုတ်ဘူး၊ မတော်တဆ ဖြစ်တာပေါ့"

ဟု မေးလေ၏။

"ကျွန်တော့်သေနတ်နဲ့ ကျွန်တော်မှန်တာပဲ"

"နေပါဦး မညွန့်ခင်က ဒီအမှုနဲ့ပက်သက်ပြီး အဖမ်းခံရသေးတဲ့ သူလား"

"ဟုတ်ကဲ့၊ ကျွန်မကို အခု အာမခံနဲ့ လွှတ်ထားတယ်"

ထိုအခါ ဆရာဝန်တစ်ယောက်က

"ဟာ ဒါဖြင့် ဒီအကြောင်းကို ပုလိပ်ဘက်ကို အမြန် အကြောင်းကြားမှပဲ"

ဟု ပြောလိုက်လေ၏။

ညွန့်ခင်မှာ မိမိအပေါ်တွင် တင်ရောက်နေသော အမှုကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့နေရသည့်ဘေးမှ ဝေးပြီဟု သိရကာ ဝမ်းသာ၍မဆုံးနိုင်ဘဲ ရှိပြီးလျှင် ထွန်းဝေအား ကျေးဇူးတင်မိလေ၏။ ထွန်းဝေ၏ ပါးစပ်မှ ပြောချင်ရာ ပြောလိုက်လျှင် ပြောသည့်အတိုင်း မိမိမှာ ခံရတော့မည် ဖြစ်သောကြောင့် ထွန်းဝေ၏ ကျေးဇူးကိုဆပ်ဖို့ရန် ညွှန့်ခင်၏ တစ်သက်တွင် ရှေးဦးစွာသော စိတ်ကောင်းစိတ်မြတ်တို့ ပေါ်လာခြင်းမျိုးဖြင့် ပေါ်ပေါက်လာလေ၏။

ဆရာဝန်ကြီးသည် ညွှန့်ခင် ရောက်လာသည့်အတွက် ထွန်းဝေဦးနှောက်ကောင်းခြင်းကြောင့် ဝမ်းမြောက်သော်လည်း ၎င်းအား ထွန်းဝေဒေါသထွက်စေသည့်အတွက် ကြာကြာမြင်ရလျှင် ပြန်၍ ဦးနှောက်ပျက်သွားမည်ကို စိုးရိမ်ကာ တခြားသို့ ခေါ်သွားရန် ပြောလေ၏။

"ကျွန်မ ကိုထွန်းဝေကို အရေးကြီးတဲ့ စကားတစ်ခွန်း ပြောစရာရှိလို့ပါ၊ ငါးမိနစ်လောက်ပဲ ခွင့်ပြုပါ၊ နောက်ပြီး သွားပါ့မယ်"

ဆရာဝန်ကြီးသည် ထွန်းဝေအား "နားထောင်လိုသလား"ဟု မေး၍ ထွန်းဝေက ခေါင်းညိတ်လိုက်သည့်အတွက် စိတ်ချပြီး ၎င်းတို့အား စကားပြောခွင့်ပြုကာ ခပ်လှမ်းလှမ်းမှ စောင့်၍ ကြည့်နေလေ၏။

"ဒီနေ့ည မြကို ကိုကျော်အေး အပိုင်ယူတော့မယ်"

"မဟုတ်ဘူး မြဟာ ကျုပ်မိန်းမပဲ ဘာပြုလို့ ယူရမှာလဲ"

"မဟုတ်ဘူး ကိုထွန်းဝေ၊ အဲဒါ ကိုထွန်းဝေ သေနတ်မှန်ပြီး သတိလစ်နေတုန်း သတိရလာအောင် လိမ်တာ၊ မြနဲ့ ကိုကျော်အေး ပဲခူးသွားကြတယ်လို့ ကိုထွန်းဝေ သေနတ်မမှန်ခင်က ကျွန်မပြောတာ မှတ်မိသေးရဲ့လား"

ထွန်းဝေသည် ပြန်၍စဉ်းစားရာ တရေးရေး ပေါ်ပေါက်လာလေ၏။

ထိုအခါမှ ညွှန့်ခင်သည် ပဲခူးထွက်သွားကြသည့် အချိန်မှစ၍



ယခုအထိ ဖြစ်ပုံနှင့်တကွ ကျော်အေး၏ မယားအဖြစ် ပေါင်းသင်းရန် ယခုည မြရီသွားရတော့မည်ကို ဖွင့်၍ ပြောလိုက်လေ၏။

ထွန်းဝေ၏ မျက်နှာမှာ သွေးသားမရှိသကဲ့သို့ ဖြူဖတ်ဖြူရော် ဖြစ်သွားပြီးလျှင် ညွှန့်ခင်အား မျက်လုံးပြူးလျက် စိုက်ကြည့်နေပြီးမှ

"ဘာ. . . သူ့ မယားအဖြစ် သွားပြီလား"

ဟု မေးလိုက်လေ၏။

"အမှန်ပါပဲ၊ မြကိုချစ်ရင် ကိုကျော်အေး လက်ထဲက ကယ်ပါရှင်"

ထွန်းဝေသည် တွေဝေ၍ နေမိလေ၏။ ထိုအတွင်းဝယ် ရှေးကအဖြစ်အပျက်များသည် တစ်ခုပြီးတစ်ခု ထင်ထင်ရှားရှား ပေါ်ပေါက်လာလေ၏။ ဦးနှောက်မှာလည်း ကြည်လင်ရှင်းလင်း လာလေ၏။ မြရီသည် မိမိအား ချစ်လွန်းလှသည့်အတွက် မိမိအဖို့ အမျိုးမျိုး ဒုက္ခခံခဲ့ရရှာလေပြီ။ ယခု မချစ်မနှစ်သက်သူ၏ နိုင်ထက်စီးနင်းပြုခြင်းကို ခံရတော့မည်ဟု တွေးမိကာ တွေဝေနေရာမှ ရုတ်တရက် ဖျတ်ဖျတ်လတ်လတ် ဖြစ်လာပြီးလျှင် အံကိုကြိတ်၍ လက်သီးများဆုပ်လျက် "အခုည အသွားပဲတဲ့လား၊ ဟုတ်လား၊ အို. . . ဒီလိုဆိုရင် ကျုပ် မနေဘူး၊ ချက်ခြင်းလိုက်မယ်"ဟု ဆိုလိုက်လေ၏။

"လိုက်မယ်ဆိုရင် အပြင်မှာ ကျွန်မစီးလာတဲ့ တက္ကစီရှိတယ်၊ ဒါပေမဲ့ ဆေးရုံအဝတ်အစားကြီးနဲ့ အပြင်ကို ဘယ်လိုလုပ်ပြီး ထွက်မလဲ"

ထွန်းဝေသည် အနည်းငယ် စဉ်းစားနေလိုက်ပြီးနောက်

"နေဦး ပုလိပ်ဘက်ကလည်း လာပြီး မေးလိမ့်မယ်၊ သူတို့အပြန်မှာ မညွှန့်ခင် ပြန်သွားပြီး ဘလွန်းကို အဝတ်အစားပို့ဖို့ သွားပြောပါ၊ ကျုပ်တစ်နည်းနည်းနဲ့ ထွက်ပြီးလာခဲ့မယ်"

ဟု ပြောလိုက်လေ၏။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

မြရီသည် ည ၇-နာရီ အချိန်လောက်တွင် ကျော်အေး၏ အိမ်သို့ ရောက်ရှိလာလေ၏။ အိမ်ရှေ့တွင် ရထားရပ်လိုက်သည့်အခါ မြရီမှာ တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထမိလေတော့၏။ သို့ဖြစ်၍ မဝင်ဘဲ ပြန်ပြေးကာ ကတိဖျက်ရင် ကောင်းမည်လား၊ မိမိဘဝကို အဆုံးအပ်လိုက်ရ ကောင်းမည်လားဟု အတန်ကြာ တွေဝေကာ မဆုံးဖြတ်နိုင်ဘဲ ရှိနေစဉ်၊ ရထားမောင်းသူက တံခါးဖွင့်၍ ပေးလိုက်သဖြင့် မိမိ ဘာလုပ်မိသည်ကိုပင် မသိဘဲ ရထားပေါ်မှ ဆင်းလိုက်မိလေ၏။

အိမ်ထဲသို့ ရောက်သည့်အခါ အစေခံတစ်ယောက်က "ဘယ်သူ့ တွေ့ချင်လို့လဲ"ဟု မေးသဖြင့် "ကိုကျော်အေး"ဟု ပြန်၍ ပြောသည့်အတွက် "ဘယ်သူက တွေ့ချင်သလဲ"ဟု မေးလိုက်ရာတွင် မြရီမှာ မိမိပေး



ရမည့်အဖြေကို စိတ်ထဲတွင် များစွာမချမ်းသာဘဲလျက် "သူ့မယားလို့သာ ပြောလိုက်ပါ"ဟု ပြောလိုက်ရလေ၏။

အစေခံလုပ်သူသည် မပွင့်တပွင့်ပြုံးကာ

"အင်း တို့ဆရာလည်း တစ်ယောက်ပြီး တစ်ယောက် ချယ်လှယ်နေတာပဲ၊ ဒီတစ်ယောက်က အားလုံးထက်ပိုတယ်၊ ဆရာကတော်ဆိုပဲ"

ဟု တွေးလျက် အိမ်ပေါ်သို့ တက်သွားလေ၏။ မကြာမီ ကျော်အေးသည် အိမ်ပေါ်မှ လျှင်မြန်စွာ ဆင်းခဲ့ပြီးလျှင် ဝမ်းသာအားရ ပြုံးရယ် နှုတ်ဆက်ခေါ်လျက်

"ဪ. . အချစ် ရောက်လာပြီလား"

ဟု ဆိုပြီးလျှင် အစေခံများအား မြရီ၏ ပစ္စည်းများကို သယ်ပိုးစေပြီးနောက် မြရီအား အပေါ်ထပ်သို့ ခေါ်သွားလေ၏။

အပေါ်ထပ်သို့ ရောက်သောအခါ အခန်းကြီးတစ်ခုထဲသို့ ခေါ်ပြီးလျှင် "အဲဒါ မြနဲ့ တိုကိုတို့ အိပ်ဖို့အခန်းပဲ"ဟု ပြောလိုက်ရာ၊ မြရီသည် ခေတ်ဆန်၍ လှပခန့်ညားသော နှစ်ယောက်အိပ် ကုတင်ကြီးပေါ်တွင် နူးညံ့ပျော့ပြောင်းသော ခေါင်းအုံး၊ မွေ့ယာ၊ ဇာအထပ်ထပ် လွှမ်းထားသည်ကို မြင်ရလျှင် ရင်တုန်၍ သွားလေတော့၏။

"ဘယ့်နဲ့လဲ သဘောကျရဲ့လား"

ဟု မေးလိုက်သည်ကို မမြရီသည် မဖြေဝံ့အောင်ရှိကာ ခေါင်းငုံ့၍ နေလိုက်ရာ၊ ကျော်အေးက မေးကလေး ကိုင်မ,ရင်း "ပြောပါဦး အချစ်ရဲ့"ဟု ဆိုလိုက်လေ၏။

မြရီသည် ကျော်အေး ဤကဲ့သို့ ပြုလုပ်ကိုင်တွယ်ခြင်းကို မုခ်လိုသော်လည်း လင်နှင့်မယား ဖြစ်နေပြီဖြစ်သည်ကို တွေးမိသည့်အလျှောက်၊ ငြိမ်သက်စွာ ပြုသမျှ ခံရရှာလေတော့၏။

ဆို့နောက်မှ ကျော်အေးက

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ရှက်သလား၊ ရှက်စရာ မရှိပါဘူး၊ လောက မမှတာတွေပဲ"

ဟု ဆိုပြီးနောက်

"မြနှယ်နော် စောစော လာရောပေါ့၊ အောက်မှာ ထမင်းစားပွဲ ပြင်ပြီးသား၊ လင်နဲ့မယား အဖြစ်နဲ့ ပထမဦးဆုံး ထမင်း လက်ဆုံစားရ အောင် စောင့်နေတယ်"

ဟု ပြောလေ၏။

"အို. . . မစားချင်တော့ဘူး၊ ကျွန်မ မဆာဘူး"

"ဘယ့်နှယ့် မစားချင်ရတာတုန်း၊ ရှက်စရာ မဟုတ်ပါဘူး၊ ဒီလိုပဲ တစ်သက်လုံး မစားဘဲ နေတော့မှာလား"

ဟု ဆို၍၊ မြရီ၏ ခါးကလေးကို ပွေ့ဖက်လိုက်ရာ မြရီမှာ ငုံ့၍ ခံနေလိုက်ရသော်လည်း ရင်ထဲတွင် တစ်ဆို့ ဆို့ကြီးဖြင့် ဝမ်းနည်းလုံး ဆို့နေလေ၏။

ထိုသို့ မြရီသည် မတွန့်မဆုတ်ဘဲ နေသည့်အတွက် ကျော်အေး သည် ခါး၌ ဖက်ထားသောလက်ကို မလွှတ်ဘဲ၊ လှေကားမှ အတူဆင်း၍ လာပြီးလျှင် လှေကားအလယ်ဆင့်သို့ ရောက်သောအခါ မြရီ၏ ပါးကလေး ကို ကျော်အေးသည် တအားပွေ့၍ နမ်းလိုက်ရာ မြရီသည် ခေါင်းကိုတိမ်း ရုံမျှသာ တိမ်းလိုက်နိုင်ရာ၍ ငြင်းဆန်ရုန်းကန်ခြင်းမှာ မတတ်သာဘဲရှိရ ကား မျက်ရည်များ ယိုစီး၍ ကျလာတော့၏။

"ရှက်မနေပါနဲ့တော့ မြရယ်၊ နောက်တော့ ဒါတွေဟာ ရိုးပြီး အလ ကားဟာလို့တောင် အောက်မေ့နေဦးမှာပါ"ဟု ဆိုပြီးမှ "လာ ထမင်းစားခန်း သွားကြစို့"ဟု ခေါ်ပြီးလျှင် ခါးကို ပွေ့ဖက်လျက်ပင် ခေါ်သွားလေ၏။

ထမင်းစားပွဲသို့ရောက်၍ ထိုင်ကြသောအခါ ကျော်အေးသည် မြရီ၏ မျက်နှာကို စိုက်၍ကြည့်လျက်

"သိပ်ချစ်စရာ ကောင်းတာပဲနော်၊ ဒါတွေကြောင့် မြကို မရဘဲ



မနေနိုင်အောင် ဖြစ်ရတာပဲ"

ဟု ဆိုပြီးနောက် မြရီ၏ လက်ကလေးနှစ်ဘက် ဆွဲ၍ဆုပ်ကိုင်ကာ

"မြ မပျော်ဘူးလား ဟုတ်လား၊ ဘာပြုလို့ ကိုကိုချစ်သလို ပြန်ပြီး မချစ်ရတာလဲ"

ဟု ဆိုရာက စားပွဲကို လှည့်၍လာပြီး မြရီ၏ဘေးတွင် ယှဉ်၍ထိုင်ကာ

"ကိုကို့ကို အားရပါးရ ဖက်ထားစမ်းပါ၊ မြ ဖက်ထားတာ ခံချင် လွန်းလို့ပါ"

ဟု ပြောလေ၏။

မြရီသည် ခေါင်းကိုသာ အသာငုံ့လျက် မလှုပ်မယှက် တွေဝေ၍ နေသဖြင့် ကျော်အေးသည် မြရီ၏ လက်တစ်ဘက်ကိုဆွဲ၍ မိမိ၏ ပခုံးပေါ် သို့တင်ပြီး လည်ပင်းကို ဖက်စေလေ၏။ သို့ရာတွင် မြရီမှာ မိမိယောကျ်ား ပဲ ဟူသောစိတ်ဖြင့် ဖက်ရန်ကြိုးစားသော်လည်း ဖက်၍မဖြစ်နိုင်၊ လက်များ သည် အလိုလို လျော့ကျ၍သာ သွားလေ၏။

ထိုအခါမှ ကျော်အေးသည် အစေခံတစ်ယောက်ကို ခေါ်၍ "ရှန် ပိန် ယူခဲ့စမ်း"ဟု အရက်မှာလိုက်လေ၏။ ကျော်အေးသည် မြရီအား အရှက် ပြေ ပျောက်ကင်းစေရန် အရက်ကိုတိုက်ဖို့ ကြံစည်လေ၏။ မြရီသည် အရက် မှာလိုက်သည်ကို ကောင်းစွာသိသော်လည်း မတားမြစ်နိုင်ရှာပေ။ မိမိမှာ ကျော်အေး၏မယား ဖြစ်နေပြီဖြစ်ရကား သူ၏အလိုသို့ လိုက်ရပေတော့ မည်။ သို့သော် ယခုအတိုင်း စိတ်ကို မည်သို့မှ နှိုးဆော်ခိုင်း၍ မရသဖြင့် ထိုအရက်ကိုပင် သောက်လိုက်ရခြင်းက ကောင်းပေလိမ့်မည်ဟု နှလုံးပြုမိ လေ၏။

သို့ရာတွင် အရက်ရောက်လာ၍ ကျော်အေးက

"စိတ်ပျော်သွားအောင် ဒါကလေး သောက်လိုက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသည့်အတိုင်း သောက်ရန် အတန်တန် ကြိုးစားသော်လည်း ပါးစပ်နားသို့ရောက်တိုင်း လက်ရွံ့၍ သွားလေ၏။

မြရီမှာ ထမင်းကို စား၍လည်း စားရမှန်းမသိ၊ ကျော်အေးအား ပြန်၍ စကားပြောမိ၍လည်း ပြောလိုက်မှန်းမသိဘဲ တွေဝေထိုင်းမှိုင်းနေမိကာ ထမင်းပန်းကန်များကို သိမ်းသွားသည့်အခါကျမှ ထမင်းစားပြီးကြပြီကို သိလေတော့၏။

"ကဲ မြရေ စားပြီးကြပြီ၊ အိပ်ဖို့ပဲ ရှိတော့တယ်၊ ပထမ ညားကာစ ညကလေးရဲ့ အချစ်ဟာ ဘယ်လောက် ကြီးမားတယ်ဆိုတာ သိကြရတော့မှာပဲ၊ မြ ရင်ထဲမှာ တုန်မနေဘူးလား"

မြရီမှာ ဘာလုပ်လိုက်မိသည်ကိုပင် မသိဘဲ ခေါင်းညိတ်ပြမိလေ၏။

ထိုခဏတွင် မိမိဆီသို့ ပြေးလာသော ခြေသံများကို ကြားရသဖြင့် ကျော်အေးသည် ဝင်လာသူကို လှည့်ကြည့်ကာ မျက်လုံးပြူး၍ သွားလေ၏။

အခန်းတံခါးများသည် ပွင့်၍ထွက်လာပြီးလျှင် တံခါးဝတွင် ရပ်နေသော ထွန်းဝေကို မြင်ရလေ၏။

ထွန်းဝေသည် မိမိမျက်မှောက်တွင် တွေ့နေရသည့် အခြင်းအရာကို မယုံကြည်နိုင်သကဲ့သို့ ကျော်အေး၏မျက်နှာကို တစ်လှည့်၊ မြရီ၏မျက်နှာကို တစ်လှည့် စိုက်၍ ကြည့်နေမိလေ၏။

တခဏမျှ တစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ်၍ သွားလေ၏။ ထွန်းဝေသည် ထိုသို့ စိုက်ကြည့်နေရာက မိမိ၏ ချစ်သူအား ဇွတ်အတင်း လက်ထပ်ယူပြီးနောက် ဤလူယုတ်မာသည် မတရား ညှင်းဆဲနေချေပြီဟု သိရှိကာ ရင်ထဲတွင် ဒေါသစိတ်ဖြင့် တဆတ်ဆတ် သွေးခုန်လျက် နဖူးတွင် အကြောကြီးများ ထောင်၍လာပြီးလျှင် လက်သီးများကို တင်းကြပ်စွာ ဆုပ်လိုက်မိလေ၏။



ကျော်အေးမျက်နှာမှာလည်း ဒေါသဖြင့် သပြေရောင် ထ၍နေကာ ထွန်းဝေအား ပြူးကြောင်သော မျက်လုံးများဖြင့် စိုက်၍ ကြည့်နေလေ၏။

"ဟေ့. . . မင်း အခွင့်မရှိဘဲ ငါ့အိမ်ထဲကို ဘာလုပ်မလို့ ကျူးကျူးကျော်ကျော် ဝင်လာရတာလဲ"

"မြကိုတွေ့ချင်လို့"

"ဘာ. . . ငါ့မိန်းမကိုလား"

ထွန်းဝေ၏မျက်နှာတွင် မခံနိုင်သော အမူအရာများပြလျက် "ဟုတ်တယ်"ဟု ပြောလိုက်လေ၏။

"ဒါဖြင့် မြရီဟာ ငါ့မိန်းမ အမှန်ပဲဆိုတာ မင်းသိပြီး ဝန်ခံပြီပေါ့"

ဟု ကျော်အေးကပြော၍ သရော်သောလေသံဖြင့် ရယ်ကာ

"ဒါနဲ့များ မင့် မိန်းမလို့ လုပ်နေကြတာ အံ့ပါသေးရဲ့"

ဟု ဆိုလေ၏။

"သူ ကျုပ်ကိုကယ်တာပဲ၊ ဘာဖြစ်သလဲ၊ သူ့ကို ကျေးဇူးတင်လို့ မဆုံးနိုင်ဘူး"

"ဟဲ ဟဲ သူ့ကို ကျေးဇူးတင်စရာလား၊ ငါ့ကို တင်စရာလား၊ စဉ်းစားပါဦး၊ ငါ့လို သဘောထားကြီးတဲ့လူမို့ ခွင့်ပြုတာ၊ နောက်ဆုံးတော့ ငါဟာ သူ့လင်ပဲ"

"သူ့လင်ဖြစ်တိုင်း ခင်ဗျား ဒီလို မတရား ကျင့်ကြံရသလား"

ကျော်အေးမှာ ဒေါသဖြင့် ဆတ်ဆတ်တုန်၍သွားကာ

"မင်းမှာ ဘာအခွင့်အရေးရှိလို့ ဒီလိုမေးရတာလဲ"

ဟု ဆိုလိုက်၏။

"မိန်းမတစ်ယောက်ကို မတရား လုပ်နေတာမြင်ရင် ဘယ်သူမဆို လူကောင်းမှန်ရင် မေးနိုင်ခွင့်ရှိတယ်" ဆိုပြီးနောက် "ကျုပ်ဟာ သာပြီး မေးနိုင်ခွင့် ရှိသေးတယ်၊ ကျုပ်နဲ့ ချစ်နေတာ"ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



“ဟား. . . ဟား ကာမပိုင် လင်ယောက်ျားရှေ့မှာ ဒီလိုပဲ ပြောလို့ ဖြစ်သကိုး”

“ခင်ဗျားလို လူယုတ်မာမျိုးဟာ ဒီလို မိန်းမပျိုလေးရဲ့ ကာမပိုင် မဖြစ်ထိုက်ဘူး၊ ဒါကြောင့် သူ့ကိုကယ်ရအောင် ကျုပ်လာတာ”

ကျော်အေးမှာ မျက်လုံး ပို၍ပြူးသွားသော်လည်း စိတ်ကို အနိုင်နိုင်ထိန်းလိုက်ရကာ

“ဪ ဒီလိုလုပ်ချင်တိုင်း ဖြစ်သကိုး၊ လင်လုပ်တဲ့လူက အရုပ်မို့ မတုန်မလှုပ် ကြည့်နေရမှာလား”

ဟု မေးလိုက်လေ၏။

“ခင်ဗျား ကြည့်တာ မကြည့်တာ နားမလည်ဘူး၊ ပြောချင်တာ ပြော၊ ကျုပ် မြကို ခေါ်ရအောင် လာတာပဲ”

ဟု ဆိုပြီးလျှင် မြရီဘက်သို့ လှည့်ကာ ပျော့ပြောင်းသော လေသံဖြင့်

“မြ ကိုကို့နောက်ကို လိုက်မလား၊ ကိုကို မြကို ချစ်တယ်၊ ဂရုစိုက်တယ်ဆိုတာ ယုံရဲ့မဟုတ်လား”

ဟု မေးလိုက် လေ၏။

မြရီသည် အဖြေကိုပေးရန် စိတ်ကို တင်းလိုက်ပြီးလျှင်

“လိုက်မယ်၊ ကိုကို ဘယ်သွားသွား သွားလေရာကို လိုက်မယ်”

ဟု ဖြေလိုက်လေ၏။

ကျော်အေးသည် မြရီဘက်သို့ ဒေါသဖြင့် ဆတ်ကနဲလှည့်လိုက်ကာ “ဟေ့. . . မင်းကတိကို မင်းဖျက်တော့မလား၊ မင်းတို့ မိန်းမစားကလေးတွေ ဟာ ဒါမျိုးချည်းပဲလား”

ဟု မေးလိုက်လေ၏။

“ကျွန်မကို ပုတ်ခတ်ပြီး ပြောမနေပါနဲ့၊ ကျွန်မ ဆုံးဖြတ်လိုက်ပြီး



ပြီ၊ အစတုန်းကတော့ ကျွန်မကတိအတိုင်း လိုက်နာတော့မယ်ဆိုပြီး ကျွန်မကိုယ်ကို အပိုင်အပ်ဖို့ လာခဲ့တာပဲ၊ တကယ်လို့ ကျွန်မကို ကြင်ကြင်နာနာ ပြုစုမယ်ဆိုရင် ကိုထွန်းဝေ ဘယ်လိုပဲလိုက်ခေါ်ခေါ် ကျွန်မလိုက်မှာ မဟုတ်ဘူး၊ အခု ရှင် ကျွန်မအပေါ် လုပ်ပုံက လင်ယောက်ျားရဲ့ လုပ်ပုံလား၊ ဒီဟာမျိုးကို ကျွန်မလိုဟာ မပြောနဲ့၊ မကောင်းတဲ့ မိန်းမစားတောင် ခံနိုင်မှာ မဟုတ်ဘူး”

ကျော်အေးသည် စကားတစ်လုံးမျှ ပြန်၍မပြောနိုင်ဘဲ တွေဝေငေးမှိုင်၍ သွားလေ၏။ ထွန်းဝေလည်း မြရီ၏အပြောကို သဘောကျကာ စိုက်၍ နားထောင်နေရာက

“ကဲ. . မြ လိုက်ဖို့အသင့်ပဲ မဟုတ်လား”

ဟု မေးလိုက် သဖြင့် မြရီက “ဟုတ်ကဲ့” ဆိုကာ ရှေ့သို့ ခြေလှမ်းလိုက်သည်တွင် ကျော်အေးက ဆွဲထားလေ၏။

ထွန်းဝေသည် ဒေါသ ချောင်းချောင်းထွက်ကာ

“ဟေ့ အခုလွှတ်လိုက်၊ ပါးစပ်နဲ့ ပြောလို့မရရင် လက်သီးနဲ့ ပြောရလိမ့်မယ်၊ ကျုပ် ဘယ်သူ့မှ မကြောက်ဘူး၊ ယှဉ်ပြီး သတ်ရဲတယ်၊ ခင်ဗျားလို လူလောက်တော့ အသက် ပျောက်သွားမယ်၊ ဒါပေမဲ့ ကျုပ်မမာလို့ ခင်ဗျားက တစ်ပန်းသာတယ်၊ ဘာပဲဖြစ်ဖြစ် သတ္တိရှိရင် အကျႌချွတ်လိုက်”

ဟု ဆိုပြီး ထွန်းဝေသည် မိမိအကျႌကို စ၍ ချွတ်လိုက်လေ၏။

ကျော်အေးသည် မြရီအား လွှတ်လိုက်ပြီး ထွန်းဝေကဲ့သို့ အကျႌချွတ်လိုက်ရာ မြရီသည် ထွန်းဝေအား ပြေးဖက်ကာ

“ကိုကို မမာဘဲနဲ့၊ ဘယ်နှယ့်လုပ်တာလဲ၊ မလုပ်ပါနဲ့”

ဟု တောင်းပန်သော်လည်း. . . .

ထွန်းဝေသည် မြရီအား မိမိ လက်တစ်ဘက်နှင့် ပွေ့ဖက်၍ ကျောနောက်သို့ ဆွဲပို့လိုက်ပြီးလျှင် ကျော်အေးအား ထိုးရန်ပြင်လိုက်လေ၏။

www.burmeseclassic.com



ကျော်အေးသည် ထွန်းဝေအား ခုခံသတ်ပုတ်လိုသော စိတ်များသည် ရုတ်တရက် ကွယ်ပျောက်သွားကာ တွေဝေ၍ ကြည့်နေမိလေ၏။ မိမိအား မြရီသည် လုံးလုံးမချစ်နိုင်ဟု သိရခြင်းသည် စိတ်တွင် မချိဆင်းရဲဖြစ်ရသလောက် မြရီအား မိမိလက်ထဲမှ လွှတ်လိုက်ရမည်ကိုလည်း မခံချိမခံသာ ဖြစ်မိလေ၏။ သို့သော် မိမိအပေါ်၌ မချစ်သူကို ဇွတ်အတင်း မိမိအလိုသို့ လိုက်အောင်ပြုသော်လည်း၊ မိမိတွင် မည်သို့မျှ အချစ်၏အရသာကို ခံစားရတော့မည် မဟုတ်။ မြရီအတွက် တစ်စုံတစ်ခုဖြစ်ရလျှင် မိမိနာမည်ကိုသာ ထိခိုက်ဖွယ်ရာရှိလျက် ရှေ့လမ်းပိတ်တော့မည်ကို စဉ်းစားမိလေ၏။

သို့ဖြစ်၍ ကျော်အေးသည် အင်္ကျီကို ပြန်၍ဝတ်လိုက်ရင်း မချိသွားဖြဲ မျက်နှာနှင့်ပင် သရော်သလိုရယ်ရင်း

"ဟဲ ဟဲ မင်းဟာ **အပျိုစင်ပါပဲရှင်** လို့ပြောနိုင်ပေမဲ့ တရားဥပဒေအရတော့ လင်နဲ့ပေါ့၊ ဒီလို လင်အပေါ်မှာ သစ္စာဖောက်ဖျက် လင့်မျက်မှောက်မှာ ကလိန်းကလက်လုပ်တဲ့ မိန်းမကိုလည်း မယူချင်တော့ပါဘူး"

ဟု ဆိုကာ ထွန်းဝေအား စိုက်ကြည့်လျက်

"မင့် နောက်ကိုမှ သူလိုက်ချင်ရင်လည်း ခေါ်သွားပေတော့၊ ဒီလို မိန်းမမျိုးတစ်ယောက် အတွက်နဲ့တော့ ငါ့လက်သီး အပွန်းမခံဘူး၊ ဖြစ်ချင်းဖြစ်ရင် ဒို့ထက် သာတာနဲ့မှ ဖြစ်ချင်သေးတယ်"

ဟု ပြောလိုက်လေ၏။

"မမြရီ စကားတစ်ခွန်းကို ကြပ်ကြပ်မှတ်သွားပါ၊ မမြရီကို ကျုပ်ကွာရှင်းလိုက်တာ မဟုတ်သေးဘူး၊ တစ်သက်လုံးလည်း မကွာဘူး၊ မမြရီကျုပ်ကိုမချစ်နိုင်ပေမဲ့ အခြားတစ်ယောက်ကိုချစ်ရင် ကျုပ် အပြီးအပိုင် ကွာမယ်ဆို ကွာဦးမယ်၊ ထွန်းဝေနဲ့တော့ တစ်သက်လုံး မညားစေရဘူး၊ ကျုပ်လည်း မကွာဘူး"



ဟု ပြောပြပြီးလျှင် ထွန်းဝေအား

"အဲဒီလို လင်ကြီး ငုတ်တုတ် တစ်ယောက်လုံး ရှိနေလျက်နဲ့မှ မင်းသူ့ကို ယူမယ်ဆိုရင် ရာဇသတ်ဥပဒေအရ မင်းဘယ်လိုဖြစ်မယ် ဆိုတာကို စဉ်းစားကြည့်ပေတော့၊ အမှုတစ်ခုခု ဖြစ်ရင် မင်းနာမည်ဟာ အထက်တန်းစား လူထဲမှာ ဘယ်လောက် ထိခိုက် သွားမယ်ဆိုတာ တွေးမိရဲ့လား၊ မင်းတို့ လင်မယားလည်း လူတောထဲ တိုးနိုင်မှာ မဟုတ်ဘူး၊ သားသမီးရတဲ့အထိ အမေနဲ့အဖေရဲ့ နာမည်ဆိုးကြောင့် သားသမီးကိုတောင် ဘယ်လို ထိခိုက်မယ်ဆိုတာ တရေးရေးစဉ်းစားပြီး ခေါ်သွားပေတော့၊ ငါတော့ ဝဋ်ကျွတ်သွားတာပဲလို့ အောက်မေ့ရကော့မှာပဲ"

ဟု ပြောလေ၏။

ထွန်းဝေသည် ဘာမျှပြန်မပြောဘဲ အဖက်မလုပ်သကဲ့သို့ ချာကနဲ လှည့်ကာ မြရီအား ပွေ့ဖက်လျက် အပြင်သို့ ထွက်သွားလေ၏။

အိမ်ရှေ့တွင် အသင့်စောင့်နေသော ကားပေါ်သို့ရောက်၍ မောင်းနှင်ထွက်ခွာ လာခဲ့ကြသည်အထိ တစ်ယောက်နှင့် တစ်ယောက် စ ကားမပြောဘဲ စဉ်းစားစိတ်ကူးရင်း လိုက်လာခဲ့ကြရာ၊ အတန်ကလေး ဝေး သောအခါ မြရီက

"ဘယ်လိုကြံမလဲ ကိုကို၊ သူကလည်း မကွာသေးဘူး၊ သူနဲ့မြဟာ ပဲခူးမှာ အထင်အရှား လက်ထပ်ခဲ့ကြတာ"

ဟု ပြောပြလေ၏။

ထွန်းဝေသည် ရုတ်တရက် ပြန်၍မဖြေသေးဘဲ နေပြီးမှ

"အို မြ ဒီအတွက် မပူပါနဲ့၊ ဘာမှ မစဉ်းစားနဲ့၊ ကိုကို ကြည့်စီမံမယ်၊ ဒီည မြ အကော်စိတ်ပင်ပန်းပြီ၊ ပျော်ပျော် အိပ်လိုက်ဦး"

ဟု ပြောပြလေ၏။

"ဒီည. . "ဟု မြရီက ပြောပြီးနောက် "မြ ဘယ်မှာ အိပ်ရမှာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ညွန့်နဲ့တော့ ပြန်မနေချင်တော့ဘူး”ဟု ပြောလိုက်ရာ၊ ထွန်းဝေသည် ခေတ္တ စဉ်းစားနေပြီးမှ “ဒီလိုလုပ်၊ ဒီည ဒဘွန်းကုတ်ဟော်တယ်မှာ အိပ်ဖို့စီစဉ်ခဲ့မယ်၊ မနက်ဖြန်စောစောမှ ကိုကိုလာပြီး တိုင်ပင်စရာရှိတာ တိုင်ပင်ကြစို့” ဟု ပြော၍ ဟော်တယ်သို့ မောင်းခိုင်းလေ၏။

❐

နောက်တစ်နေ့ သတင်းစာထဲတွင် လူအများအဖို့၌ တစ်နေ့ တစ်ခဏမျှသာ အာရုံစွဲလမ်း စိတ်ဝင်စားခြင်းကို ဖြစ်စေလျက် ထွန်းဝေနှင့် မြရီတို့အဖို့ “ဟင်းကနဲ. . .” သက်မကြီး ချကြ၍သာ သတင်းထူးတစ်ခုကို ဖတ်ရှုကြရလေ၏။

ထွန်းဝေသည် သတင်းစာတစ်စောင်ကို ဆွဲကိုင်ကာ “မြ ဟောဒီမှာ သတင်းစာထဲမှာ ကြည့်စမ်း၊ ကိုကျော်အေး သူ့ကိုယ်သူ သတ်သေသွားပြီ”ဟု ပြောပြပြီးလျှင် “အင်း အခုမှပဲ လူမိုက်ဇာတ်သိမ်းတော့တယ်”ဟု အားရစွာ ပြောလေ၏။

“ဘာပြုလို့လဲ”

ဟု မြရီသည် စိတ်အားထက်သန်စွာမေးရင်း သတင်းစာကို လှမ်း၍ ယူလိုက်ရာ ထွန်းဝေက

“မြကို မရလို့ ရှက်ရှက်နဲ့ သေတာပဲ ဖြစ်မှာပေါ့”

ဟု ပြောလေ၏။

မြရီသည် သတင်းစာကို ဖတ်၍နေရာက

“ဟာ. . . မဟုတ်ဘူးကိုကိုရဲ့၊ ရှေ့နေတစ်ယောက်ဆီက အမွေမှုကိစ္စနဲ့ ပတ်သက်တဲ့ စာတစ်စောင်၊ အခြားရှေ့နေတစ်ယာက်ဆီက အကြွေးတောင်းတဲ့ နို့တစ်စာတစ်စောင်ကို သေသူ၏ အင်္ကျီအိတ်ထဲတွင် တွေ့ရ



ကြောင်းတဲ့”

ဟု ဖတ်ပြကာ

“ဟာ. . . သိပြီ”

ဟု ဆို၏။

“ဘယ်လိုသိတာလဲ. . . ပြောစမ်းပါဦး”

ဟု မေးလေ၏။

“မန္တလေးမှာ သူ့ဦးလေးတစ်ယောက် မကြာခင်က ဆုံးသွားတယ်၊ အဲဒီအမွေကို သူ့ညီတစ်ဝမ်းကွဲရသွားလို့ ဖြစ်မှာပဲ၊ သူကတော့ သူရပြီးသားလိုလိုလုပ်ပြီး မြကို လက်ထပ်ခိုင်းတာ၊ အခုမှပဲ စဉ်းစားမိတယ်၊ အဟုတ်ပါပဲ၊ အမွေလည်း မရ၊ အမွေရမယ်ထင်ပြီး ယူထားတဲ့ အကြွေးတွေလည်း ဝရမ်းဖမ်းလို့ ဘဝတုန်းပစ်လိုက်တာ ဖြစ်မှာပဲ”

ထွန်းဝေသည် အတန်ကြာ စဉ်းစားနေပြီးမှ

“အစစ်ပဲ၊ ဒီအတိုင်း ဖြစ်မှာပဲ”

ဟု ဆိုပြီးမှ ပြုံးရွှင်သော မျက်နှာဖြင့်

“ကံကောင်းပေလို့ မြရယ်၊ မညွန့်ခင်သာ လာပြီးမပြောရင် အခုလောက်အကြာ မြဟာ တစ်ရက်သာ ပေါင်းလိုက်ရတဲ့ မုဆိုးမကလေး ဖြစ်နေမှာပဲ”

ဟု ဆိုလေ၏။

“ဒီလိုဆိုတော့လည်း အညွန့် မြအပေါ်မှာဆိုးခဲ့၊ ကိုကို့အပေါ်မှာ ဆိုးခဲ့သမျှ ဒီကျေးဇူးနဲ့ ကျေရမှာပဲပေါ့နော်”

“ကဲ. . . ကဲ ဒီမှာ စကားတွေပြောရတာ မိမ်မရဘူး၊ အိမ်ကျမှ အားရပါးရ အချစ်တွေအဲ့တိုးချပြီး ပြောကြစို့၊ လာ. . . အိမ်ကို သွားကြ မယ်”

ဟု ခေါ်ငင်ကာ မကြာမီ ဟော်တယ်မှကားနှင့် ထွက်သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## ကံ့ကော်ဝတ်ရည်တွင် ရရှိနိုင်သော စာအုပ်များ

| | | |
|---|---|---|
| | မိုးတွေရွာမှဖြင့်လျှင်ကွယ် | ဟက္ကသိုလ်ဘုန်းနိုင် |
| ၂။ | နွယ်ဦးမွန်မို့ ချစ်တွင်တင်သည် | တက္ကသိုလ်ဘုန်းနိုင် |
| ၃။ | တန်ခူးလေနှင့် လျောတော့သည် | တက္ကသိုလ်ဘုန်းနိုင် |
| ၄။ | တိမ်ညိုအလွင့် လအမြင့် | တက္ကသိုလ်ဘုန်းနိုင် |
| ၅။ | ပညာရဲ့သဘော | တက္ကသိုလ်ဘုန်းနိုင် |
| ၆။ | ဘုန်းနိုင့်အတွေး ဘုန်းနိုင့်အမြင် | တက္ကသိုလ်ဘုန်းနိုင် |
| ၇။ | ပင်ဒိုရာအိုးပွင့်ပြီး ဟားပီးဗ်တို့ပျံလာချိန် | တက္ကသိုလ်ဘုန်းနိုင် |
| ၈။ | အမြင့်သို့ အာရုံညွှန့်တက်ခြင်း | တက္ကသိုလ်ဘုန်းနိုင် |
| ၉။ | ဝသန်လေချိန်မှန်ကူး | တက္ကသိုလ်ဘုန်းနိုင် |
| ၁၀။ | မိုးညအိပ်မက်မြူ | တက္ကသိုလ်ဘုန်းနိုင် |
| ၁၁။ | နှင်းငွေ့တစ်ထောင့် မိုးတစ်မှောင့် | တက္ကသိုလ်ဘုန်းနိုင် |
| ၁၂။ | မောင့်ဘဝညအလားကွယ် | တက္ကသိုလ်ဘုန်းနိုင် |
| ၁၃။ | မျက်ရည်လောကများ၏ ဟိုမှာဘက် | တက္ကသိုလ်ဘုန်းနိုင် |
| ၁၄။ | နွေကန္တာဦး | တက္ကသိုလ်ဘုန်းနိုင် |
| ၁၅။ | ချစ်သူ့အိမ်အမိုးနောက် လပျောက်ခဲ့ခြင်း | တက္ကသိုလ်ဘုန်းနိုင |
| ၁၆။ | ကမ္ဘာ့ယဉ်ကျေးမှု အနာဂတ်ခရီး | တက္ကသိုလ်ဘုန်းနိုင် |
| ၁၇။ | လွမ်းတေးမဆုံးစေနှင့် စောသခင် | တက္ကသိုလ်ဘုန်းနိုင် |
| ၁၈။ | ဤမြေမှသည် | တက္ကသိုလ်ဘုန်းနိုင် |
| ၁၉။ | တပြည်သူမရှေထား | တက္ကသိုလ်ဘုန်းနိုင် |
| ၂၀။ | ကောလိပ်ဂျင် | ဇဝန |
| ၂၁။ | ဒိုးဝမ်ကီး | ဇဝန |
| ၂၂။ | ဤရွာ | ဇဝန |
| ၂၃။ | ဘုန္ဒ ဘောက် | ဇဝန |
| ၂၄။ | ကားထဲက မိန်းကလေး | ဇဝန |
| ၂၅။ | တို့ကျောင်းသား | ဇဝန |
| ၂၆။ | ဇမ္ဗူတလု | ဇဝန |
| ၂၇။ | သားရွှေစင် | ဇဝန |
| ၂၈။ | ကျွန်တော့်လင် | ဇဝန |
| ၂၉။ | ဇဝနပုံပြင် | ဇဝန |
| ၃၀။ | ဘယ်ကျော် | ဇဝန |
| ၃၁။ | ချစ်နှောင်းသက်လယ် | ဇဝန |
| ၃၂။ | ချစ်ဦးသခင် | ဇဝန |
| ၃၃။ | ဦးဆောက်ပန်း | ခင်နှင်းယု |
| ၃၄။ | ရေချိုတွင်း | ခင်နှင်းယု |
| ၃၅။ | ယဉ်မင်းပိုက် | ခင်နှင်းယု |
| ၃၆။ | ကြာတော်ဦး ရွာသောမိုး | ခင်နှင်းယု |
| ၃၇။ | ကုသိုလ်ကြမ္မာမမီပါခဲ့ | ခင်နှင်းယု |
| ၃၈။ | ချစ်လှချည်ရဲ့ | ခင်နှင်းယု |
| ၃၉။ | ရန်အောင်ရတနာ | သော်တာဆွေ |
| ၄၀။ | သည်မောင့်လက်သံ ဒေါင်ဒေါင်လန် | သော်တာဆွေ |
| ၄၁။ | စက္ကန့်လှုပ်ခတ် | ဆောင်းဝင်းလတ် |
| ၄၂။ | ပင်လယ်ပျော်လှဖေ | ဆောင်းဝင်းလတ် |
| ၄၃။ | ရွှေစင်နှင်းဆီ အက်ဆေးများ | တက်တိုး |
| ၄၄။ | လွင်တီးခေါင်တရွှေ | ကျော်စွာထက် |
| ၄၅။ | ဒီလျှံ | နိုင်ဇော် |
| ၄၆။ | ဓာတ်ခွဲမှူးတစ်ဦး၏ ဒိုင်ယာရီ | မောင်ညိုပြာ |
| ၄၇။ | ပြည်သူ့အတွက် မြန်မာစကားပြေ | မောင်ခင်မင် (ဓနုဖြူ) |
| ၄၈။ | မြန်မာဘာသာစကား ပညာရှင်များနှင့် | မောင်ခင်မင်(ဓနုဖြူ) |
| ၄၉။ | ရွှေသွေးမျက်ရှုပုံပြင်များ | မောင်ခေတ်ထွန်း |
| ၅၀။ | မောင်နွေဦးနှင့် မဖူးဝေ | လယ်တွင်းသားစောချစ် |
| ၅၁။ | ပန်းပေါက်ပွဲ | လယ်တွင်းသားစောချစ် |
| ၅၂။ | အမေရိကန်ခရီးသည် | ဒေါက်တာဇော်သန်း |
| ၅၃။ | စကားပုံအလင်းပြကျမ်း | ကြည်ဦး |
| ၅၄။ | ကောသမ္ဗီထိပ်ထား | ကြည်ဦး |
| ၅၅။ | ငွေစင်ရော်တွေ လက်ယပ်ခေါ်နေတဲ့မြို့ | မိချမ်းဝေ |
| ၅၆။ | နန်းမတော်မယ်နု | မောင်ဖေငယ် |
| ၅၇။ | ကနောင်မင်းသားနှင့်မြင်ကွန်းမြင်းခုံတိုင် | မောင်ဖေငယ် |
| ၅၈။ | အော်ဆွေး | မင်းလူ |
| ၅၉။ | မဟာဆွေဝတ္ထုတိုပေါင်းချုပ် | မဟာဆွေ |
| ၆၀။ | ကံ့ကော်လေးပွင့် | မင်းလူ၊ နိုင်ဇော်၊ |
| ၆၁။ | ကြယ်စင်ငါးပွင့် စီဒီရွှမ် | မောင်ညိုပြာ၊ဆောင်းဝင်းလတ်<br>ဂျူး၊ မင်းလူ၊ နိုင်ဇော်၊<br>ဇူးဇေ ကျော်၊သန်းမြင့်အောင် |